www.burmeseclassic.com

# ဝဏ္ဏအောင်

ဝမ်ကျင်း၏ ဖျောင်းယီတောင်း

# နှင်းဆီသခင်မလေး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဂျာနယ်ကျော်

နှင်းဆီသခင်မလေး

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရီ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၁)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

BURMESE CLASSIC

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။

☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

နွေဦး သုံးလပိုင်း ...။

စိမ်းလန်းစိုပြည်သော မြက်ခင်းများသည် မိုးဖွဲကလေးများ အောက်တွင် ပျော့ပျောင်း၍နေ၏။

ချင်းချင်းသည် ရှည်လျားစွာ ဝဲကျနေသော ဆံကေသာများ ကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထား၏။

ကျန်လက်တစ်ဖက်က ဖိနပ်အား ဆွဲလျက် ခြေထောက် ဗလာဖြင့် မြက်ခင်းပေါ်၌ ပြေးနေ၏။

မိုးဖွဲကလေးများသည် သူမ၏ဆံကေသာများကို စိုရွဲစေ လေသည်။

သို့သော် သူမကား လုံးဝမမှုချေ။

မြက်ခင်းပေါ်မှ မာကျောသောအပင်များက သူမ၏ခြေ ဖဝါးကို ခြစ်မိသောကြောင့် ယားယံလာသည်။

ဤသည်ကိုလည်း သူမအနေဖြင့် မမှုပါ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ယခု သူမသည် လှောင်အိမ်ထဲမှ ပျံသန်းထွက်လာသော ငှက်ကလေးတစ်ကောင်ပမာ မည်သည့်အရာကိုမျှ မှုမည်မဟုတ်တော့ပါ။

သူမသည် ယခုအခါတွင် စိတ်ဆန္ဒတစ်ခုတည်းသာ ရှိနေ၏။ သူမ၏ နွေဦးကြင်ဖော်ကို လိုက်လံရှာဖွေတွေ့ဆုံရန် ဖြစ်လေသည်။

တသွင်သွင်စီးဆင်းနေသော ချောင်းရေသည် အလွန်ကြည်လင်၍နေ၏။

သူမသည် ချောင်းကလေးအတိုင်း အပေါ်သို့ ပြေးတက်သွား၏။

တောင်ကုန်းပေါ်တွင် မက်မန်းပင်တောအုပ်တစ်ခု ရှိသည်။

မက်မန်းပင်များကြား၌ ပန်းနုရောင်အင်္ကျီဝတ်ဆင်ထားသော လူငယ်တစ်ယောက်သည် ခြေထောက်ဖြင့် သစ်ကိုင်းကို ချိတ်ထားပြီး လင်းနို့တစ်ကောင်ပမာ ဇောက်ထိုးမိုးမျှော်ဖြင့် မြေပေါ်တွင် ကျနေသော ပန်းပွင့်ကို ပါးစပ်ဖြင့်ကိုက်ရန် ကြိုးစားနေ၏။

ထိုလူငယ်သည် ဤကဲ့သို့သော လူမျိုးတစ်ယောက် ဖြစ်သည်။ အချိန်ရှိတိုင်း လှုပ်ရှားတတ်၏။ မျောက်တစ်ကောင်ပမာ မည်သည့်အခါမျှ ငြိမ်ငြိမ်သက်သက် နေ၍မရပါ။



သူ၏မျက်နှာသည် သန့်ပြန့်၏။

ယောကျ်ားပီသသည်။

သူ၏မျက်ဝန်းအစုံတွင် ကလေးဆန်သော လှောင်ပြောင်လိုသည့်အရိပ်အယောင်များ ပေါ်လွင်နေသည်။

ချင်းချင်းက ပြုံးလိုက်သည်။ သူမ၏အပြုံးသည် ချိုလွင်၍ လှပနေလေသည်။ သူမ ရောက်ရှိလာချိန်တွင် လူငယ်သည် သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်ပြီ ဖြစ်၏။

သူ၏ပါးစပ်ထဲ၌ ပန်းပွင့်တစ်ပွင့် ကိုက်ထားသည်။ လက်နှစ်ဖက် ခါးထောက်၍ သူမအား စိုက်ကြည့်နေ၏။

သူ့အား တွေ့မြင်လိုက်သည်နှင့် ချင်းချင်းမှာ ဝမ်းသာပီတိ ဖြစ်သွားလေသည်။ သူမသည် ဆုပ်ကိုင်ထားသော ဆံပင်များကို လွှတ်ချလိုက်သည်။

လက်နှစ်ဖက်အား ဝဲယာဆန့်ကာ ပြေးလွှားလာပြီး လူငယ်အား တင်းကျပ်စွာ သိုင်းဖက်လိုက်သည်။

"အို ... ရှောင်ဖုန်းရယ်"

ချင်းချင်းသည် သူ့အား ယခုကဲ့သို့ တင်းကျပ်စွာ သိုင်းဖက်ထားသည့်အချိန်တိုင်းသည် မီးပုံတစ်ပုံအား သိုင်းဖက်ထားမိသကဲ့သို့ ခံစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤတစ်ကြိမ်တွင် သူမ သိုင်းဖက်ထားသော ခန္ဓာကိုယ်သည် အေးစိမ့်၍ တောင့်တင်းနေသည်ဟု ထင်ရ၏။

တုံ့ပြန်မှု လုံးဝမရှိသည်ကို တွေ့ရလေသည်။ ယနေ့သည် သူ့ဖခင်၏အသက်ခြောက်ဆယ်ပြည့် မွေးနေ့မင်္ဂလာပွဲ ကျင်းပသော အချိန် ဖြစ်လေသည်။

အမှန်တွင် သူက အိမ်ထဲ၌ရှိရမည်သာ ဖြစ်သည်။ ဖခင်ကိုယ်စား ကြွရောက်လာသော ဧည့်သည်နှင့် မိတ်ဆွေများအား ဧည့်ခံရမည် ဖြစ်သည်။

သို့သော် သူက ယင်းကဲ့သို့ မဟုတ်ဘဲ ဤနေရာသို့ မိုးအစိုခံ၍ သူမအား လာရောက်စောင့်နေ၏။

ယင်းကဲ့သို့ တွေးမိလိုက်သောအခါ ချင်းချင်း၏ရင်ထဲ၌ နွေးထွေးစွာ ခံစားလိုက်ရလေသည်။

သူ့အား ပို၍တင်းကျပ်စွာ သိုင်းဖက်ထားပြီး သူ၏နားရွက်အား အသာအယာကိုက်၍ မိမိ တမ်းတနေသည့် အကြောင်းများကို တိုးတိုးပြောပြနေ၏။

သို့သော် ယနေ့မှာမူ သူ၏တုံ့ပြန်မှုသည် စိမ်းကားလွန်းလှချေသည်။

"ဖယ်စမ်း"



သူက ငေါက်ငမ်းရင်း တွန်းထုတ်သဖြင့် ချင်းချင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ချင်းချင်းသည် တစ်ခဏအကြာ ကြောင်အမ်းအမ်းဖြစ်ပြီးနောက် သူ့ထံသို့ ချဉ်းကပ်သွား၏။

"နင် ဘာဖြစ်သွားတာလဲဟင်"

ရှောင်ဖုန်းက ပါးစပ်ပိတ်ထား၏။

ချင်းချင်းက သူ့မျက်နှာအား အကဲခတ်ကြည့်လိုက်သည်။

"နင်က ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲ"

ရှောင်ဖုန်းက ခေါင်းခါလိုက်၏။ ချင်းချင်းက နှုတ်ခမ်းကိုက်ထားလိုက်သည်။

"နင် အပြင်မှာ မိန်းမတွေနဲ့ ရှုပ်ထွေးနေပြန်ပြီလား"

ရှောင်ဖုန်းက မထီမဲ့မြင် ပြုံးလိုက်၏။

"ငါ့ပါဟာငါ ဘယ်မိန်းမနဲ့ရှုပ်ရှုပ် ... နင်နဲ့ ဘာဆိုင်လို့လဲ"

ချင်းချင်း၏ခန္ဓာကိုယ် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။ မျက်ရည်များလည်း ဝဲလာလေသည်။

"ကျွန်မမှာ ရှင့်ရင်သွေး ရှိနေပြီဆိုတာ ရှင် မေ့နေပြီလား"

ရှောင်ဖုန်း ရုတ်တရက် ထခုန်လိုက်၏။

'ဖြန်း'

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ဝါးသည် ချင်းချင်း၏နုနယ်သော ပါးပြင်သို့ ရိုက်ချလိုက်လေသည်။

"ဒါ ငါ့ရင်သွေးလို့ ဘယ်လိုလုပ်ပြောနိုင်မှာလဲ၊ ငါသိထားတာက နင်ဟာ ငါတို့မိသားစုရဲ့ အိမ်ဖော်တစ်ယောက်ပဲ"

ချင်းချင်းသည် သူ့အား စိုက်ကြည့်ရင်း နောက်သို့ တစ်လှမ်းချင်း ဆုတ်သွားမိလေသည်။

သူမသည် မိမိလက်ရှိ ရင်ဆိုင်နေရသောသူမှာ လူစိမ်းတစ်ယောက်ဟု ရုတ်တရက် ထင်မှတ်မိလိုက်၏။

တိရစ္ဆာန်ထက်ပင် ယုတ်မာနေသော လူစိမ်းတစ်ယောက်ဟုပင် ထင်မှတ်မိလေသည်။

ရောင်ဖုန်းက ချင်းရီကွာ လဲလျောင်းလိုက်သည်။ ချင်းချင်းကို ရှိသည်ဟုပင် ထင်မှတ်ပုံ မရတော့ချေ။

"နင် ... အမြန်ဆုံး ထွက်သွားရင် ကောင်းမယ်ထင်တယ်၊ ဝေးဝေးသာထွက်သွားပါ။ ငါ့မှာ တခြားမိန်းကလေးတွေနဲ့ ချိန်းထားတာ ရှိသေးတယ်"

ချင်းချင်းသည် သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေ၏။ ထို့နောက် သူမ၏နှုတ်ဖျားမှ တုန်ယင်လှိုက်လှဲသော စကားသံများ တစ်လုံးချင်း ထွက်ပေါ်လာလေသည်။



"ကျွန်မ သွားမှာပါ ... စိတ်ချ၊ နောင်ဆိုရင် ဘယ်တော့မှ ရှင့်ကို မတွေ့တော့ပါဘူး။ ဒါပေမဲ့ ကျွန်မ ကျိမ်းကျိန်ရဲတယ် ... တစ်နေ့ ရှင် နောင်တအကြီးအကျယ်ရစေရမယ်"

စကားဆုံးသည်နှင့် ချင်းချင်းသည် ရုတ်တရက် နောက်သို့ လှည့်ပြီး ပြေးလွှားသွားလေသည်။

ရောင်ဖုန်းက ဟန့်တားခြင်းမရှိပါ။ သူမကိုလည်း လှည့်ကြည့်ခြင်း မရှိတော့ပါ။

❄

ခန်းမထဲ၌ မီးရောင်များ ထိန်ထိန်လင်းနေ၏။

တဖွဲဖွဲရွာနေသော မိုးဖွဲသည် ရပ်တန့်သွားပြီ ဖြစ်လေသည်။

ရောင်ဖုန်းသည် ခြံဝင်းထဲသို့ လှမ်းဝင်လိုက်သည်။

ခန်းမထဲသို့ ဝင်ရောက်သွားပြီး နောက်ဆုံး၌ သူသည် ထိုင်ခုံတစ်လုံးအနီး၌ မှီ၍ ရပ်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ရယ်ရယ်မောမော ပြောပြောဆိုဆို

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စားသောက်နေကြသော ဧည့်သည်များကို အေးစက်စွာ ကြည့်နေ၏။

ခဏကြာသောအခါ ...

စားသောက်နေကြသော လူများသည် သူ့အား တွေ့ရှိသွားကြလေသည်။ ဧည့်ပရိသတ်ထဲမှ လူတစ်ယောက်က အရက်ခွက်ကိုင်၍ ထရပ်လိုက်ပြီး ...

"ဟိုမှာ ရှောင်ဖုန်း ပြန်လာပါပြီ"

ထိုလူ၏စကားကြောင့် အခြားပရိသတ်များကလည်း အရက်ခွက်ကိုယ်စီ မြှောက်ကာ ...

"ရှောင်ဖုန်း ... လာလေ၊ မင်း ဘယ်သွားနေတာလဲ"

ရှောင်ဖုန်းက သူတို့အား အေးတိအေးစက်ကြည့်၍ ...

"ခင်ဗျားတို့ အခုထိ သောက်လို့မပြီးနိုင်သေးဘူးလား၊ အရင်းပြန်ရအောင် သောက်နေကြတာလား"

ရယ်မောသံများ ရုတ်တရက် ရပ်တန့်သွား၏။ ရှောင်ဖုန်း၏ စကားကြောင့် အားလုံး ကြောင်အမ်းအမ်း ဖြစ်ကုန်ကြသည်။

ပရိသတ်ထဲမှ လူတစ်ယောက်သည် ရုတ်တရက် ထရပ်လိုက်၏။ သူသည် လှည့်၍ပင်မကြည့်တော့ဘဲ တံခါးရှိရာသို့ လျှောက်သွားလေသည်။



ရှောင်ဖုန်း၏မျက်နှာပေါ်တွင် ဟန်မူရာ ကင်းမဲ့နေ၏။ သူသည် အနီး၌ ရပ်နေသော အဘိုးအိုတစ်ယောက်အား ...

"လောက်စိန် ... တံခါးဖွင့်၊ ဧည့်သည်ကို လိုက်ပို့စမ်း"

ထိုအခါ ...

ဧည့်ပရိသတ်များသည် တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားကြလေသည်။

နောက်ဘက်ခန်းသို့ အနားယူရန် ခေတ္တပြန်သွားသော လုချိဖုန်းသည် ထိုသတင်းကို ကြားရသောအခါ ကမန်းကတန်း ထွက်လာလေသည်။

ဒေါသထွက်လွန်း၍ သူ၏မျက်နှာတစ်ခုလုံး ညိုမည်းနေ၏။ ရှောင်ဖုန်းသည် ဖခင်ထွက်လာသည်ကို တွေ့မြင်လိုက်သောအခါ ကမန်းကတန်း ပြေးသွားပြီး သူ့အား ပုဆွားကွယ်သို့ ဆွဲခေါ်သွားလေသည်။

လုချိဖုန်းမှာ ဒေါသထွက်လွန်း၍ အသံပင် တုန်လာလေသည်။

"မင်း ငါ့ကို အရှက်ခွဲလိုက်တာလား"

ရှောင်ဖုန်း ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်း ရူးနေသလား"

"မရူးပါဘူး"

လုချိုဖုန်း သားဖြစ်သူ၏ရင်ဘတ်အင်္ကျီကို ဖမ်းဆုပ်လိုက်ပြီး ...

"ဒါဖြင့် ငါ့မျက်နှာကို မထောက်ဘဲ ဘာကြောင့် အခုလို အရှက်ကွဲအောင် လုပ်ရတာလဲ"

ပုဏ္ဏားကွယ်နောက်မှ ချောင်းကြည့်လိုက်ရာ ဧည့်ပရိသတ်များ ကုန်သလောက်ပင် ရှိနေပြီ ဖြစ်၏။

ချောင်ဖုန်းက စကားကို တစ်လုံးချင်း ပြောလိုက်သည်။

"ကနေ့ည ဘယ်သူတစ်ဦးတစ်ယောက်မှ ဒီမှာမရှိစေချင်ဘူး ... ဒါကြောင့်ပါ"

လုချိုဖုန်း မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"သူတို့ ရောက်လာတော့မှာ"

ထိုစကားကြောင့် လုချိုဖုန်း၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားလေသည်။

"မင်း ... ဘယ်သူ့ကို ပြောနေတာလဲ"

ချောင်ဖုန်း စကားမပြောတော့ပါ။



သူ၏ရင်ဘတ်ထဲမှ ဝှက်ထားသော အရာဝတ္ထုကို ထုတ်ပြလိုက်၏။ လက်ကောက်ဝတ်အထိ တိခနဲပြတ်နေသည့် လက်တစ်ဖက် ဖြစ်သည်။

လက်ဖမိုးပေါ်တွင် ဆေးမင်ကြောင်ထိုးထားသော နှင်းဆီပန်းတစ်ပွင့်ကို တွေ့ရလေသည်။

ထိုအရာကို မြင်တွေ့လိုက်ရသည်နှင့် လုချိုဖုန်း၏မျက်နှာ တစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

ချောင်ဖုန်းသည် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသော လုချိုဖုန်းအား တွဲ၍ ပုဏ္ဏားကွယ်မှ ထွက်လိုက်သည်။

ထိုအချိန်၌ မိခင်ဖြစ်သူကလည်း သတင်းကြား၍ ရောက်ရှိလာသည်။

သူမသည် ထိုခြောက်သွေ့နေသော လက်တစ်ဖက်အား မြင်တွေ့လိုက်သည်နှင့် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားရပြန်လေသည်။

သူမသည် သိုင်းလောက၌ ကျော်ကြားသော သိုင်းပညာရှင် တစ်ယောက် ဖြစ်၏။ အစဉ်အမြဲ သတိရှိ၏။

ထို့ကြောင့် သူမသည် ခဏမျှသာ တွေဝေသွား၏။ ထို့နောက် အရေးပေါ်အစီအစဉ်များကို ချမှတ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"လောက်စိမ်း"

အားအထားရဆုံးသော အိမ်တော်ထိန်းအား ခေါ်လိုက်လေသည်။

လောက်စိမ်းသည် အကြောင်းရင်းကို တိတိကျကျ မသိသေးသော်လည်း လုရှိုဖုန်းတို့မိသားစုတွင် အလွန်ကြီးမားသော အန္တရာယ်တစ်ခုနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ချက်ချင်းပင် ခန့်မှန်းမိလေသည်။

သူသည် ကမန်းကတန်း ပြေးလွှားရောက်ရှိလာပြီး ...

"ရှိပါတယ် သခင်မ"

သခင်မက လောက်စိမ်းအား လေးနက်တည်ကြည်စွာ ကြည့်လိုက်သည်။

"ငါပြောတဲ့စကားကို သေသေချာချာ နားထောင်စမ်း"

"အမိန့်ရှိပါ သခင်မ"

"အိမ်ထဲမှာရှိတဲ့လူတွေ တစ်ယောက်မကျန် ဒီကထွက်သွားဖို့ စီစဉ်ပေးပါ၊ သူတို့ကို ဘဝတစ်သက်တာ စားနိုင်လောက်တဲ့ ရွှေငွေတွေကိုလည်း ခွဲဝေပေးလိုက်ပါ"

လောက်စိမ်းမှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။ တစ်စုံတစ်ရာ ပြန်ပြောရန် ဟန်ပြင်လိုက်စဉ် ...



"ဘာမှပြန်မမေးနဲ့ ဒီကိစ္စကို ခုချက်ချင်း အမြန်ဆုံး ဆောင်ရွက်ပါ"

"ဟုတ်ကဲ့ပါ"

လောက်စိမ်းသည် စောဒက မတက်နိုင်တော့ဘဲ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားသည်။ လုရှိုဖုန်းက သူ၏ဓားကို အသင့်ပြင်ထားလိုက်၏။

ဇနီးဖြစ်သူကလည်း သူမ၏နှစ်ပေါင်းများစွာ အသုံးမပြုခဲ့သော ဓားနှစ်လက်အား ပြန်လည်ထုတ်ယူလိုက်လေသည်။

သူတို့သည် ရန်သူနှင့်ရင်ဆိုင်ရန် အသင့်ပြင်နေစဉ် လောက်စိမ်း ပြန်လည်ရောက်ရှိလာလေသည်။

သူ့နောက်တွင် ယောကျ်ား၊ မိန်းမ၊ အိမ်ဖော် စုစုပေါင်း ခြောက်ဆယ်ကျော်တို့ အထုပ်အပိုးကိုယ်စီဖြင့် ရောက်ရှိလာကြလေ၏။

သူတို့၏မျက်နှာများပေါ်၌ ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ အထူးထင်ရှားစွာ ပေါ်လွင်လျက် ရှိသည်။

သူတို့အားလုံး ဒူးထောက်၍ ဂါရဝပြုကြလေသည်။

လုရှိုဖုန်းက ...

"မင်းတို့ အမြန်ဆုံး ထွက်သွားကြ၊ ဝေးနိုင်သလောက်

www.burmeseclassic.com

www.burmeseclassic.com



ဝေးအောင် သွားကြမှ အသက်အန္တရာယ် လုံခြုံလိမ့်မယ်"

သူက လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

"သွားတော့ ... သွားကြတော့"

ထိုလူများသည် ရှိန်းကန်တော့ပြီးနောက် အသီးသီးထွက်ခွာသွားကြလေသည်။

❋

ကျယ်ဝန်းလှသော ခန်းမကြီးတွင် လုရှိဖုန်းတို့ သားအဖ သုံးယောက်သာ ကျန်ရှိလေတော့သည်။ သို့ရာတွင် လောက်စိမ်းကား ထွက်ခွာသွားခြင်းမရှိဘဲ ရပ်နေ၏။

"လောက်စိမ်း"

သခင်မက ခေါ်လိုက်သည်။

လောက်စိမ်းသည် ကပျာကယာပင် သူတို့ရှေ့သို့ ရောက်ရှိသွားလေသည်။ သခင်မကြီးက သူ့အား စိုက်ကြည့်လိုက်၏။

"နင် မသွားသေးဘူးလား"

လောက်စိမ်းက ခေါင်းငုံ့ထားရင်း ...



"ကျွန်တော် မသွားပါရစေနဲ့"

သူ၏စကားမဆုံးမီ သခင်မက အော်ငေါက်လိုက်၏။

"နင် ထွက်မသွားဘူးဆိုရင် ငါကိုယ်ငါ သတ်သေလိုက်မယ်"

လောက်စိမ်းမှာ ဘာမျှ မပြောသာတော့ဘဲ ဒူးထောက်လိုက်၏။ သူသည် နဖူးနှင့်ကြမ်းခင်းကို သုံးကြိမ်တိတိ တိုက်ပြီးနောက် မတ်တတ်ရပ်လိုက်လေသည်။

သူသည် ထွက်ခွာမသွားဘဲ မနေဝံ့တော့ပါချေ။ တံခါးဝ အပြင်ဘက်၌ မှောင်မည်းနေ၏။ သူသည် လေးကန်သော ခြေလှမ်းများဖြင့် အမှောင်ထုထဲသို့ တိုးဝင်သွားသည်။

လုရှိဖုန်းတို့သည် အမှောင်ထဲသို့ တိုးဝင်သွားသော လောက်စိမ်းကို ငြိုငင်တွကြည့်ရင်း သူတို့၏ရင်ထဲ၌ နာကြည်းသော ဝေဒနာများ ခံစားလိုက်ရလေသည်။

ထိုအချိန်တွင် အမှောင်ထုထဲ၌ အလင်းရောင်တစ်ချက် ဝင်းလက်သွား၏။

လောက်စိမ်းသည် အမှောင်ထုမှ ခန်းမထဲသို့ ရုတ်တ ရက် လွင့်စဉ်လာပြီး ပက်လက်လန် လဲကျသွားလေသည်။

သူ၏ခန္ဓာကိုယ်သည် သွေးခြင်းခြင်းနီရဲပြီး အသက်မရှိ တော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် အပြင်ဘက် အမှောင်ထုထဲမှ စူးရှသော အော်သံများသည် အဆက်မပြတ် ထွက်ပေါ်လာလေတော့သည်။

လုချိန်ဖုန်းက လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

သူသည် အမှောင်ထုထဲ၌ ရောက်ရှိနေသော လူသတ်သမားနှင့် ရင်ဆိုင်ရန် ပြေးထွက်လိုက်၏။

ရှောင်ဖုန်းက ဖခင်၏လက်ကို ဆွဲထားလိုက်လေသည်။

"ထွက်မသွားပါနဲ့ ဖေဖေ"

အမှောင်ထုထဲမှ ရယ်မောသံ ရုတ်တရက် ထွက်ပေါ်လာလေသည်။

"ဟား ... ဟား ... ဟား ... ဟား"

ထိုရယ်မောသံသည် လူတစ်ယောက်၏ရယ်မောသံနှင့်မတူဘဲ ငရဲပြည်မှလာသော မကောင်းဆိုးဝါး၏ရယ်မောသံနှင့် တူနေလေသည်။

ထိတ်လန့်ဖွယ်ရာ ရယ်မောသံနှင့်အတူ တံခါးပေါက်ဝ၌ လူတစ်ယောက် ထွက်ပေါ်လာလေသည်။

အဝါရောင် အဝတ်အစားပေါ်၌ အနက်ရောင် နှင်းဆီပွင့်ပုံ ဖော်ထားသော ဝတ်စုံကို ဆင်မြန်းထားသည်။



ညာဘက်လက်ကောက်ဝတ်ပေါ်၌ အဖြူရောင်အဝတ်ဖြင့် စည်း၍ လည်ပင်းပေါ်၌ ချိတ်ထားလေသည်။

သူ၏မျက်နှာပေါ်တွင် ကြေးမျက်နှာဖုံးတစ်ခု တပ်ဆင်ထားလေသည်။ မျက်နှာဖုံးက ကြောက်ရွံ့ဖွယ်ရာမရှိပါ။

ကြောက်ရွံ့ဖွယ်ရာကောင်းသည်မှာ မျက်နှာဖုံးနောက်ကွယ်မှ ပေါ်ထွက်နေသော မျက်လုံးအစုံ ဖြစ်လေသည်။

ထိုမျက်လုံးအစုံသည် ရှောင်ဖုန်း၏မျက်နှာပေါ်သို့ စိုက်ကြည့်ရင်း တဖြည်းဖြည်း လှမ်းဝင်လာလေသည်။

ခန်းမတစ်ခုလုံး၌ လုချိဖုန်းတို့ သားအဖသုံးယောက်တည်းသာ ရှိ၏။ ခန်းမတစ်ခုလုံးသည်လည်း သုသာန်တစ်ခုပြင်ကဲ့သို့ ချောက်ချားဖွယ်ရာ ကောင်းနေပေတော့သည်။

ရှောင်ဖုန်းတို့သည် အားကိုးရာမဲ့ မျှော်လင့်ချက် ကင်းစွာဖြင့် စုရုံးနေကြလေသည်။

ထိုလူသည် ရှောင်ဖုန်းရှေ့သို့ ရောက်ရှိလာပြီးနောက် ခြေလှမ်း ရပ်တန့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ရှောင်ဖုန်းအား စိုက်ကြည့်နေလေသည်။ အတန်ကြာတော့မှ သူက ပြတ်နေသောလက်ကို မြှောက်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းလား"

ရှောင်ဖုန်းက ခေါင်းညိတ်ပြလိုက်သည်။ ထိုလူကလည်း ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ ဒါ့လက်ပြန်ပေး"

သူ၏အသံသည် အေးစက်နေ၏။

သို့သော် သူ၏မျက်ဝန်းအစုံသည် ငရဲပြည်မှ မီးတောက်မီးလျှံနှင့် တူလှပေသည်။ ရှောင်ဖုန်းသည် ထိုလူ၏မျက်လုံးအား ကြည့်ပြီး ရုတ်တရက် ရယ်မောလိုက်၏။

"ဒီလက်က လူကို သတ်လို့မှ မရတော့ဘဲ၊ ခင်ဗျား လိုချင်ရင် ပြန်ယူ"

သူသည် လက်ပြတ်ကို ပြန်ပစ်လိုက်လေသည်။

ထိုလူသည် မိမိ၏ဘယ်ဘက်လက်ဖြင့် ထိုလက်ပြတ်အား ဖမ်းယူလိုက်၏။ သူသည် ခေါင်းငုံ့၍ လက်ပြတ်ကို စိုက်ကြည့်လိုက်သည်။ ထို့နောက် အနွေးဓာတ်ပေးသည့် မီးဖိုဆီသို့ သွားကာ လက်ပြတ်ကို ပစ်ထည့်လိုက်၏။

"အခု ဒီလက်ကို ဘယ်သူကမှ ယူသွားလို့ မရတော့ပါဘူး"

ထိုလူက ပြောလိုက်၏။ ရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။



"ဟုတ်ကဲ့ ... ဘယ်သူကမှ ယူသွားလို့ မရပါဘူး"

ထိုလူ ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်"

သူသည် နောက်ထပ် စကားတစ်ခွန်းမျှ မပြောတော့ဘဲ နောက်သို့ ဖြည်းညင်းစွာ လှည့်လိုက်သည်။ ထို့နောက် ဖြည်းဖြည်း လျှောက်သွား၏။ ရှောင်ဖုန်းက ဟန့်တားခြင်း မရှိပါ။

ထိုလူသည် လေတွင် လွင့်မြောသွားသော ကြက်တောင်မွေးပမာ ဖြည်းညင်းလေးကန်စွာ လျှောက်လှမ်းသွားလေသည်။

❄

လုရှီဖုန်းသည် ထိုလူ ထွက်သွားသည်အထိ ကြည့်နေ၏။ သူက လုံးဝ ဟန့်မတားလိုက်ပါ။

တစ်ဆယ့်သုံးနှစ်လုံးလုံး စောင့်မျှော်ခဲ့ပြီးဖြစ်ရာ သူ့အနေဖြင့် စိတ်ရှည်လက်ရှည် စောင့်နိုင်သော အလေ့ရှိနေပြီဖြစ်သည်။ သူက တိုက်ခိုက်မည်ဆိုလျှင် တစ်ချက်တည်းနှင့် မြွေ၏ဦးခေါင်းအား ထိအောင် တိုက်ခိုက်ရမည်သာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် မြွေက ပြန်လည်ပေါက်ခြင်းကို ခံရပေမည်။ ထို လူသည် အမှောင်ထုထဲသို့ နစ်မြုပ်ပျောက်ကွယ်သွားပြီဖြစ်၏။

တစ်ခဏအကြာတွင် ကြိုးတန်းလေးခုသည် ခန်းမထဲသို့ ပစ်ဝင်လာလေသည်။ ကြိုး၏ထိပ်များ၌ ဓားတစ်လက် ပါရှိ၏။

'တောက် ... တောက် ... တောက် ... တောက်'

ကြိုးထိပ်ဖျားမှ ဓားသည် ခန်းမ၏ထုပ်တန်းပေါ်သို့ စိုက်ဝင် သွားလေသည်။ ထို့နောက် လူလေးယောက်သည် ကြိုးတန်းပေါ်မှ လျှောကျလာလေသည်။

သို့သော် ထိုလူလေးယောက်ကား သက်ဝင်လှုပ်ရှားနိုင်သူ များ မဟုတ်ကြပေ။

လူသေအလောင်း လေးလောင်းသာ ဖြစ်မြေသည်။

✻ ❄ ✻



## အခန်း (၂)

နှစ်ပေါင်းအတန်ကြာက ...

သေဆုံးပြီသော လူသေအလောင်းများ ဖြစ်ကြလေသည်။

အလောင်းများသည် သွေးသား ခြောက်ခန်းနေပြီ ဖြစ်သော် လည်း ဆေးဝါးများဖြင့် အထူးစိမ်ထားသောကြောင့် အလောင်းများ ပကတိ ကောင်းမွန်နေသေး၏။

ထိုလူများသည် နှစ်ပေါင်း တစ်ဆယ့်သုံးနှစ်လုံးလုံး သေဆုံး ခဲ့ကြသောလူများ ဖြစ်ကြသည်။

လုရှိုဖုန်းသည် သူတို့၏မျက်နှာပေါ်၌ တပ်ဆင်ထားသော ကြေးမျက်နှာဖုံးပေါ်၌ပါရှိသော အမှတ်အသားတို့အားကြည့်၍ သူတို့ အား ကောင်းစွာမှတ်မိလိုက်လေသည်။

ထိုလူသေအလောင်း လေးလောင်းအနက် အလောင်းတစ်ခု မှာ နှင်းဆီပန်းသခင်မလေး၏အလောင်းဖြစ်သည်။

အကြောင်းမှာ ကြေးမျက်နှာဖုံးတစ်ခုပေါ်တွင် အနီရောင်

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းတစ်ပွင့် အမှတ်အသား ရှိနေသောကြောင့် ဖြစ်၏။

နှင်းဆီသခင်မလေးအား သုတ်သင်ရှင်းလင်းသူမှာ လုရှိုဖုန်းဖြစ်ကြောင်း သိုင်းလောကတွင် မသိသူ မရှိသလောက်ပင် ဖြစ်သည်။

သို့သော် နှင်းဆီပန်းသခင်မလေးအား သုတ်သင်ရသည်မှာ မည်မျှကြီးမားသော အဖိုးအခ ပေးဆပ်ခဲ့ရသည်ကို သိရှိသူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ချေ။

နှင်းဆီသခင်မလေးအား လုရှိုဖုန်း သွားရောက်တိုက်ခိုက်ခဲ့စဉ်က သူနှင့်အတူ ထိပ်တန်းသိုင်းသမား ဆယ့်တစ်ဦး ပါဝင်ခဲ့၏။

အသက်ရှင်ပြီး ပြန်လာနိုင်သူမှာ သူတစ်ယောက်တည်းသာ ဖြစ်လေသည်။ လုရှိုဖုန်းသည် သားဖြစ်သူ ရှောင်ဖုန်း၏ပခုံးအား တစ်ချက် ပုတ်လိုက်သည်။

မိမိ၏သားသည် နှင်းဆီသခင်မလေး အသက်ရှိစဉ်တုန်းက မတွေ့ခဲ့သည်ကို ဝမ်းသာနေရသည်။

နှင်းဆီသခင်မလေး အသက်ရှင်လျက် ရှိနေစဉ်အချိန်တွင် သူမ၏မျက်နှာအား မြင်တွေ့ရသော လူငယ်မှန်သမျှ အသက်ခံရမည် ဖြစ်သည်။ နှင်းဆီသခင်မလေး၏ရယ်မောသံ ကြားလိုက်ရရုံနှင့် ငရဲပြည်သို့ ထိုးကျသွားနိုင်၏။



သေဆုံးနေသော နှင်းဆီသခင်မလေးသည် ယခု မရယ်နိုင်တော့ပါ။ လုရှိုဖုန်း စိတ်သက်သာရာ ရသွားလေသည်။

သူက သက်ပြင်းတစ်ချက် ချလိုက်သောအခါ သူ၏တစ်ကိုယ်လုံး လည်ပတ်နေသော သွေးများသည် ရုတ်တရက် ခဲသွားသည့်အလား ခံစားလိုက်ရလေ၏။

"ဟား ... ဟား ... ဟား ... ဟား"

❋

"ဟား ... ဟား ... ဟား ... ဟား"

တစ်စုံတစ်ယောက်၏ရယ်မောသံကို လုရှိုဖုန်းကြားလိုက်ရလေသည်။

ထိုရယ်မောသံသည် မည်ကဲ့သို့ ရှိသည်ကို မည်သူကမျှ ပြောမပြနိုင်ပါ။ ထိုရယ်မောသံသည် လူသောအလောင်းမှ ထွက်ပေါ်လာသော ရယ်မောသံမဟုတ်ပါ။

ငရဲပြည်မှာသာ ဤကဲ့သို့ ရယ်မောသံမျိုးကို ကြားရမည်ဖြစ်သည်။ လုရှိုဖုန်းက အော်ဟစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူလဲ"

ရယ်မောသံက ရုတ်တရက် ရပ်တန့်သွားသည်။ ထို့နောက် မိန်းမပျိုတစ်ဦး၏စကားသံ ထွက်ပေါ်လာ၏။

"ရှင် ကျွန်မကို မေ့သွားပြီလား၊ ကျွန်မကတော့ ရှင့်ကို မမေ့ပါဘူး။ လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်ရဲ့ ညတစ်ညက ရွက်ဝါတောထဲမှာ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲဟာ မေ့ကောင်းစရာမှ မဟုတ်ဘဲ"

"မင်းက သူမဟုတ်ဘူး။ ငါ့ကို လိမ်မနေနဲ့၊ သူ သေသွားပြီ"

"ဟုတ်တယ်၊ လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်ကတည်းက ကျွန်မ သေသွားခဲ့တာပါ၊ ဒါကြောင့် ကျွန်မရဲ့အသက်ကို ပြန်တောင်းဖို့ လာတာ"

အခြားလူသေအလောင်း သုံးလောင်းကလည်း ပြိုင်တူ အသံထွက်လာကြလေသည်။

"ငါ့အသက်ပြန်ပေး ... ငါ့အသက်ပြန်ပေး"

အသံများသည် ရေပွက်သည့်အလား ဆူညံသွားလေတော့သည်။

❄



လေတစ်ချက် တိုက်ခတ်လာသည်။ ကြိုးပေါ်မှ အလောင်းများသည် ယိမ်းယိုင်နေ၏။

ရှောင်ဖုန်းက ရှေ့သို့ ခြေတစ်လှမ်း လှမ်းလိုက်ပြီး ဖခင်ရှေ့၌ ရပ်လိုက်လေ၏။ သူ၏အသံမှာလည်း တည်ငြိမ်လှပေသည်။

"လက် ပြန်ပေးလို့ရတယ်၊ အသက်ကို ပြန်မပေးနိုင်တာ ဝမ်းနည်းပါတယ်"

ကြေးမျက်နှာဖုံးပေါ်၌ နှင်းဆီပန်းတစ်ပွင့် အမှတ်အသား ရှိသော လူသေအလောင်းက ...

"ဒါဖြင့်လည်း ရှင်တို့မိသားစုနဲ့ အိမ်ဖော်ပေါင်း ကိုးဆယ့်ခုနစ်ယောက်ရဲ့အသက်နဲ့ လျော်ရမယ်"

သခင်မက သူမအား စိုက်ကြည့်လိုက်သည်။

"အသက်ပြန်ပေးလို့ ရပါတယ်၊ ဒါပေမဲ့ ..."

နှင်းဆီသခင်မလေးအလောင်းကောင်က ...

"ဒါပေမဲ့ ဘာဖြစ်သလဲ"

သခင်မလေးက ပြန်မဖြေဘဲ မေးခွန်းပြန်ထုတ်၏။

"ကျွန်မ စကားတစ်ခွန်း မေးချင်သေးတယ်"

နှင်းဆီသခင်မလေး၏အလောင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"မေးပါ"

"လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်ရဲ့ ညတစ်ညမှာ ရှင်တို့ ရွက်ဝါတော အုပ်ထဲမှာ ဘာတွေဖြစ်ခဲ့ကြတာလဲ"

သခင်မက မေးရာ နှင်းဆီသခင်မလေးအလောင်းကောင်က တစ်စစ် ရယ်မောလိုက်၏။

"လူမြင်မခံနိုင်တဲ့ ကိစ္စရှိလို့ပေါ့။ နားလည်မှုရှိတဲ့ ဧနီးတစ်ယောက်က ဒီလို မမေးသင့်ဘူးထင်တယ်"

သခင်မက လုရှိုဖုန်းဘက်သို့ လှည့်လိုက်သည်။ သူမ၏ မျက်နှာတစ်ခုလုံး သွေးရောင်ပင် မရှိတော့ပါ။

"ရှင် ကျွန်မကို လိမ်နေတာကိုး၊ သူ … သူ့ကို ရှင်က မသတ်ဘဲ ကျွန်မကို လိမ်ခဲ့တာကိုး"

လုရှိုဖုန်း၏မျက်နှာ ခက်ထန်သွားသည်။

"မင်း သူ့စကားကို ယုံသလား။ ငါ့စကားကို ယုံ့ ယုံသလား"

"ကျွန်မ အမှန်တရားပဲ ယုံတယ်"

သခင်မက ပြောလိုက်၏။

လုရှိုဖုန်းက …

"မင်းနဲ့ငါ ပေါင်းသင်းခဲ့တာ အနှစ်သုံးဆယ် ရှိခဲ့ပြီ၊ အခုထိ မင်းက ငါ့ကို သံသယဖြစ်တုန်းပဲလား"



သခင်မ၏မျက်နှာ သုန်မှုန်နေ၏။

"နှစ်ပေါင်းရှစ်ဆယ် ပေါင်းသင်းခဲ့တဲ့ လင်မယားလည်း သံသယဖြစ်စရာရှိရင် ဖြစ်ရမှာပဲ"

"မင်း ရန်ရှာချင်လည်း အခုလို အချိန်မျိုးမှာ မရှာသင့်ဘူး"

လုရှိုဖုန်းက စိတ်ပျက်ဟန်ဖြင့် ပြောလိုက်၏။

သခင်မက …

"ဘယ်အချိန်ပဲဖြစ်ဖြစ် ကျွန်မ နားမလည်ဘူး။ အမှန်အတိုင်း ပြောမပြနိုင်ရင် ရှင့်ကို ခွင့်မလွှတ်နိုင်ဘူး"

မိန်းမတစ်ယောက်သည် သဝန်တိုစိတ်များ ဖြစ်ပေါ်လာလျှင် မည်သည့်အရာကိုမျှ ဂရုစိုက်နိုင်မည် မဟုတ်တော့ပါ။

လုရှိုန်ဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကောင်းပါပြီ၊ ငါ ပြောပြပါတော့မယ်၊ အဲဒီညမှာ …"

လုရှိုဖုန်းသည် ပြောရင်း သူ့ဧနီးအား မျက်တောင်တစ်ချက် ခတ်ပြလိုက်သည်။ အေးအတူပူအမျှ သေအတူရှင်မကွာ ဧနီးမောင်နှံတို့သည် ရုတ်တရက် ပြိုင်တူလှုပ်ရှားလိုက်ကြလေသည်။

မားနှစ်လက်သည် တစ်ချိန်တည်း နှင်းဆီပန်း အမှတ်အသားရှိသော ကြေးမျက်နှာဖုံး တပ်ဆင်ထားသော အမျိုးသမီးထံသို့ တိုက်ခိုက်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီသခင်မလေး၏ခန္ဓာကိုယ်သည် ကြိုးပေါ်၌ တန်းလန်းဆွဲထားရာ လုချိုဖုန်းတို့ ဓနီးမောင်နံ့၏တိုက်ခိုက်မှုအား ခုခံသည့်နည်းနှင့်မျှ ရှောင်တိမ်းနိုင်လိမ့်မည်မဟုတ်ပါ။

သို့သော် ထိုအချိန်၌ ကြိုးက လှုပ်ခါသွား၏။

နှင်းဆီသခင်မလေးနှင့်အပေါင်းပါ လူသေအလောင်းသုံးလောင်းတို့သည် နောက်သို့ ပြိုင်တူ ခုတ်သွားကြလေသည်။

တစ်ခဏအကြာတွင် သူမတို့သည် အပြင်သို့ရောက်ရှိသွားပြီး အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

"လိုက်ကြမယ်"

သခင်မက ပြောရင်း ပြေးထွက်ရန် ဟန်ပြင်လိုက်၏။

လုချိုဖုန်းနှင့်ရှောင်ဖုန်းက ပြိုင်တူ ဟန့်တားလိုက်၏။

"လိုက်လို့ မဖြစ်ဘူး"

"မလိုက်နဲ့"

မီးပုံးအိမ်မှ မီးရောင်သည် ယိမ်းနွဲ့လှုပ်ယမ်းနေ၏။

ကြိုးတန်းပေါ်မှ ချိတ်ထားသော လူလေးယောက်တို့သည် ရုတ်တရက် လျှင်မြန်စွာ ပြန်လည်ရောက်ရှိလာပြန်လေသည်။

ထိုလူလေးယောက်၏နောက်ကျောမှာ ကြိုးတန်းနှင့်တပ်ဆင်ထားသော ဘီးကလေးများ ရှိရမည်မှာ သေချာသည်။



သခင်မက မဲ့ပြုံးပြုံးပြီး ဓားတစ်ချက် ဝှေ့ယမ်းလိုက်သည်။ ဓားရောင်များ ဝင်းလက်သွား၏။

ဤတစ်ကြိမ်၌ နှင်းဆီသခင်မလေးက ရှောင်ရှားခြင်း မပြုပါ။ သခင်မ၏ဓားသည် သူမ၏ကိုယ်ပေါ်သို့ ခုတ်မိသွားလေသည်။

'ဖုတ်'

နှင်းဆီသခင်မလေး၏ခန္ဓာကိုယ်သည် ထက်ခြမ်းကွဲသွားလေသည်။ အနီရောင် မီးခိုးများ ပန်းထွက်လာလေသည်။

သခင်မက တစ်ဖက်လူ၏အကြံအစည်ထဲသို့ တိုးဝင်မိသွားသည်ကို သိလိုက်ရသောအခါ လွန်စွာ နောက်ကျသွားပြီဖြစ်သည်။ ဘာမျှမတတ်နိုင်တော့ဘဲ သတိလစ်ကာ မြေပေါ်သို့ လဲကျသွားလေသည်။

ထိုနှင်းဆီသခင်မလေးမှာ အသက်ရှိသော လူတစ်ယောက်မဟုတ်ပါ။ လူသေအလောင်းလည်း မဟုတ်ပါ။

သူမသည် အပြင်ဘက်သို့ ခုတ်ခွာသွားသောအခါ အဆိပ်ငွေ့ပါသောအရုပ်နှင့် လဲလိုက်ခြင်းသာ ဖြစ်လေသည်။

❄

www.burmeseclassic.com

www.burmeseclassic.com



လူရိုးဖုန်း၏ဓားသည် အခြားလူတစ်ယောက်၏ကိုယ်ပေါ်သို့ ခုတ်မိရန် အလိုတွင် ဖုန်းဖြစ်သူ၏အခြေအနေအား မြင်တွေ့သွားသည်။

ထို့ကြောင့် မခုတ်မိရန် ဓားကို အရှိန်သတ်လိုက်လေသည်။ သို့သော် ထိုလူသည် လူသေအလောင်း မဟုတ်သလို အတုလည်း မဟုတ်ပါ။

လူရိုးဖုန်းက ဓားကို အရှိန်သတ်လိုက်သောအခါ ထိုလူသည် လူရိုးဖုန်း၏လက်ကောက်ဝတ်ကို အလစ် ဖမ်းဆုပ်ထားလိုက်၏။

လူရိုးဖုန်း၏ခန္ဓာကိုယ်တစ်ခြမ်းမှာ ထုံကျဉ်သွား၏။ ရှောင်ဖုန်းက လျင်မြန်စွာ ပြေးလွှားလာသည်။

ကြိုးတန်းတစ်ချက် လှုပ်ခါလိုက်ရာ ကြိုးရှပေါ်မှ တန်းလန်း ချိတ်ဆွဲထားသော ကျန်လူနှစ်ယောက်၏ခြေထောက်သည် ရှောင်ဖုန်းထံသို့ ပြိုင်တူကန်လိုက်လေသည်။

ရှောင်ဖုန်းက လက်ဝါးဖြင့် ရိုက်ချလိုက်ရာ ခြေထောက်တစ်ဖက် ကွဲအက်သွားပြီး အနီရောင် မီးခိုးများ ပန်းထွက်လာလေသည်။

ထိုလူနှစ်ယောက်မှာ တစ်ယောက်က လူအစစ်ဖြစ်ပြီး တစ်ယောက်က အတုဖြစ်လေသည်။



အခြေအနေမဟန်မှန်း သိလိုက်သည်နှင့် ရှောင်ဖုန်းသည် လေထဲသို့ ခုန်ထွက်သွားပြီး နောက်သို့ ဆုတ်သွားသည်။

သူက ကြမ်းပေါ်သို့ ခြေချလိုက်သောအခါ သူ၏ဖခင်မှာ ရန်သူ့လက်ဝယ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

“ဟား ... ဟား ... ဟား ... ဟား”

ရန်သူသည် ရယ်မောရင်း လူရိုးဖုန်းအား ဆွဲခေါ်သွားရန် ဟန်ပြင်လိုက်၏။

ဤတွင် အလင်းရောင်တန်းနှင့် ကြယ်ပွင့်များသည် ထိုလူထံသို့ ရုတ်တရက် ပစ်လွှင့်လာလေသည်။ လက်နက်များစွာတို့သည် ထိုလူ၏ကိုယ်ပေါ်သို့ ရောက်ရှိသွားလေ၏။

ထိုလူသည် အော်ပင် မအော်နိုင်တော့ဘဲ သေဆုံးသွားလေသည်။ အစိမ်းရောင် အကျႌဝတ်ဆင်ထားသော အိမ်ဖော်သုံးယောက်တို့သည် ခန်းမထဲသို့ လှမ်းဝင်လာကြလေသည်။

သူတို့သည် ခါးတွင် လက်နက်ပုန်းထည့်ထားသော သားရေအိတ်တစ်အိတ် ကိုယ်စီ ချိတ်ထားကြလေသည်။

သူတို့သည် သခင်မက မောင်းထုတ်လိုက်သော အိမ်ဖော်များအနက် ညီအစ်ကိုသုံးယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ထွက်ပြေးသွားခြင်းမရှိဘဲ တစ်နေရာတွင် ပုန်းအောင်း၍ အခြေအနေကို အကဲခတ်ကြည့်နေခဲ့ကြခြင်း ဖြစ်၏။

ရန်သူက လုချိုဖုန်းအား ဖမ်းခေါ်သွားတော့မည်ကို တွေ့မြင်လိုက်သည်နှင့် ယခုကဲ့သို့ ဝင်ရောက်တိုက်ခိုက်ကြခြင်း ဖြစ်လေသည်။

"ဖေဖေ"

ရှောင်ဖုန်းက ဓားတစ်လက် ပစ်ပေးလိုက်သည်။ လုချိုဖုန်းက နောက်ဆုံးကျန်ရှိသော လူတစ်ယောက်၏ခြေထောက်ကို ခုတ်ချလိုက်သည်။

"အား"

စူးရှစွာ အော်လိုက်သောအသံနှင့်အတူ သွေးများပန်းထွက်လာသည်။ ခြေနှစ်ဖက်သည် တိခနဲ ပြတ်ကျသွားလေ၏။

ကြိုးတန်းတစ်ချက် လှုပ်ရှားလိုက်ရာ ခြေပြတ်သောလူသည် ကြိုးတန်းမှ ပြန်လည်ဆုတ်ခွာသွားလေသည်။

သွေးများသည် ကြမ်းပေါ်သို့ လွင့်စဉ်ကျလာလေသည်။

✳ ❃ ✳



အခန်း (၃)

ရှောင်ဖုန်းသည် မိခင်ထံသို့ ပြေးသွားသည်။

သခင်မ၏မျက်နှာမှာ ညိုမည်းလာသည်။

လုချိုဖုန်းမှာ လှမ်းမေးလိုက်သည်။

"ဘယ့်နှယ်နေသလဲ"

ရှောင်ဖုန်းက အံကို တင်းတင်းကြိတ်ထားသည်။ သူ၏နဖူးပေါ်မှ သွေးကြောများ ထောင်ထလာသည်။ မခံမရပ်နိုင်အောင် ဒေါသထွက်နေကြောင်း သိသာလှသည်။

အစိမ်းရောင်အင်္ကျီဝတ်ဆင်ထားသော လူသုံးယောက်သည် ရှောင်ဖုန်းတို့သားအဖသုံးယောက်ရှေ့သို့ လျှောက်လာပြီး တန်းစီ၍ ရပ်လိုက်ကြလေသည်။ အမှောင်ထုထဲမှ ရယ်မောသံများ ထွက်ပေါ်လာပြန်လေသည်။

"မိုးလုံးပြည့် လက်နက်ပုန်း ကျားညီနောင်တို့ပါလား၊ ရှင်တို့ ဘယ်တုန်းက သူများရဲ့ ကျေးကျွန်တွေ ဖြစ်နေကြပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအစိမ်းရောင်အင်္ကျီဝတ်ဆင်ထားသော လူသုံးယောက်မှာ ကျားညီနောင်သုံးယောက်ဖြစ်သည်။

ထိုအချိန်က သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော လက်နက်ပုန်းသိုင်းသမားများ ဖြစ်ကြလေသည်။

အမှောင်ထဲမှ ရယ်မောသံက ထွက်ပေါ်လာပြန်လေသည်။

"ဩော် ... သနားစရာ ကောင်းလိုက်တာ၊ နာမည်ကျော်ကျားညီနောင်က ဒီမှာလာပြီး ကျေးကျွန်လုပ်နေတာကို၊ ဘယ်သူက ယုံမှာတဲ့လဲ"

ကျားညီနောင်သုံးယောက်၏ မျက်နှာပေါ်တွင် ဟန်မူရာလုံးဝကင်းမဲ့နေ၏။ ခံစားချက် လုံးဝမရှိသော ကျောက်ဆစ်ရုပ်များနှင့် တူနေလေသည်။

"ဟား ... ဟား ... ဟား ... ဟား"

ရယ်မောသံများသည် အဆက်မပြတ်ထွက်ပေါ်လာပြန်၏။

"လုချိုဖုန်း ... ရှင် အတော်ကံကောင်းတယ်၊ မြေခွေးအိုတစ်ကောင်လို့တောင် ဘွဲ့ပေးသင့်ပါတယ်၊ ကျားညီနောင်ကို အိမ်ထဲခေါ်ပြီး ခိုက်နိုင်တာ ကျွန်မ ချီးကျူးပါတယ်ရှင့်"

သူမ၏ရယ်မောသံများသည် ချိုလွင်၍ သာယာနာပျော်ဖွယ် ကောင်းလှသော်လည်း လုချိုဖုန်းက နားမထောင်ပါ။



သူ၏စိတ်အာရုံတစ်ခုလုံးသည် သူ၏ဇနီးပေါ် ရောက်နေ၏။ သူ့အဖို့ လောကပေါ်တွင် မည်သည့်အသံကမှ ဇနီး၏အသက်ရှူသံထက် အရေးကြီးမည် မဟုတ်ပါ။

သခင်မ၏အသက်ရှူသံမှာ မျှင်မျှင်ကလေးမျှသာ ရှိသည်။ ရှောင်ဖုန်းက သူ့ဖခင်အား ခေါင်းမော့ကြည့်လိုက်သည်။

လုချိုဖုန်းသည် ဇနီးသည်၏အနီး၌ ဒူးထောက်လိုက်သည်။ သူမနားကပ်၍ တိုးတိုးပြောလိုက်လေသည်။

"နှင်းဆီ သခင်မလေးက လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်လောက်က သေဆုံးသွားပါပြီ၊ အခုလာတာက အတု"

သခင်မ၏မျက်နှာပေါ်မှ ကြွက်သားများ တောင့်တင်းလာပြီဖြစ်သည်။ သို့သော် သူမ၏အကြည့်သည် ပျော့ပျောင်းလှပပေသည်။

လုချိုဖုန်းသည် သူမ၏ခင်ပွန်းကောင်းတစ်ယောက် ဖြစ်ရုံမက အေးအတူပူအမျှ ကောင်းတူဆိုးတူ သူငယ်ချင်းများလည်း ဖြစ်သည်။

သူမသည် သူ့အပေါ် လုံးဝယုံကြည်စိတ်ချသည်။ ယခုသူမသည် သူ့အား ခွဲခွာသွားရတော့မည်ဟု သိထားသည်။ လုချိုဖုန်းသည် သူမ၏လက်ကို အသာအယာ ဆုပ်ကိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်လုံးများသည် သားဘက်သို့ ရောက်ရှိသွားလေသည်။ သူမ၏လည်ချောင်းထဲမှ အသံထွက်လာ၏။ စွမ်းအားတစ်ခုကြောင့် အသံထွက်လာနိုင်ခြင်း ဖြစ်ဟန်တူပေသည်။

ဤစွမ်းအားမှာ မိခင်၏မေတ္တာဖြစ်သည်။

"သား ... မင်း မသေရဘူး။ ချင်းချင်းကို တွေ့အောင်ရှာရမယ်၊ သူက လိမ်မာပါတယ်၊ ငါတို့မိသားစုအတွက် မျိုးဆက်ပွားပေးမှာပါ"

ရှောင်ဖုန်းသည် မိခင်၏ရင်ဘတ်ပေါ်၌ ခေါင်းချလိုက်၏။

"ကျွန်တော် သူ့ကို တွေ့အောင် ရှာနိုင်ပါတယ်၊ သူက သူ့ကလေးခေါ်ပြီး မေမေ့ကို လာကြည့်မှာပါ"

သခင်မ၏ပျော့ပျောင်းသော မျက်ဝန်းအစုံတွင် ပြုံးယောင်သမ်းလာလေသည်။

သူမသည် သားလေးအား သိုင်းဖက်၍ လက်မြှောက်ဟန်ပြင်လိုက်သည်။ သို့သော် လက်ကို မမြှောက်ဖြစ်တော့ပါ။

မည်သည့်အခါမျှလည်း မြှောက်ဖြစ်တော့မည် မဟုတ်ပါ။

မိခင်ဖြစ်သူ၏ရင်ဘတ်မှာ အေးစိမ့်လာပြီဖြစ်သည်။ ရှောင်ဖုန်းမှုကား ဤအတိုင်း ဒူးထောက်လျက် မလှုပ်မယှက် ဒူးထောက်နေဆဲ ဖြစ်ပေသည်။



မိခင်၏ရင်ဘတ် အေးစိမ့်သွားသောအခါ သားဖြစ်သူ၏ အသည်းနှလုံးလည်း အေးစိမ့်သွားလေသည်။

ကျားညီနောင်သုံးယောက်တို့သည် မျက်ရည်များ ဝဲလာကြလေသည်။

သို့သော် သူတို့က လှည့်မကြည့်ကြပါ။ လှည့်ကြည့်၍လည်း မရပါ။

သူတို့သည် ရန်သူအတွက် အခွင့်အလမ်း ရသွားစေမည့် အခြေအနေ အခွင့်အရေးမျိုးကို မည်သည့်အခါမျှ ပေးအပ်လိမ့်မည် မဟုတ်ပေ။

ရန်သူကို မျည်ခြည်မပြတ် အလစ်မပေးဘဲ နီးကြားစွာ အကဲခတ်လျက် ရှိနေ၏။

❋

ကြိုးတန်းပေါ်၌ လူလေးယောက်သည် တဖြည်းဖြည်း လျှောဆင်းလာကြပြန်လေသည်။

ဤတစ်ကြိမ် ရောက်လာသော လူလေးယောက်မှာ လူ

www.burmeseclassic.com

www.burmeseclassic.com



သားအစစ်လား လူသေအလောင်းလားဟု မည်သူကမျှ သိကြမည် မဟုတ်ပါ။

ကျားညီနောင်တို့သည် အချိန်မရွေး လက်နက်ပုန်းများ ပစ်ခတ်ရန် အသင့်ပြင်ထားကြသည်။

သို့သော် သူတို့က လှုပ်ရှားခြင်း မပြုသေးပါ။ ဒူးထောက်ပြီး ခေါင်းငုံ့နေသော ရှောင်ဖုန်းက ရုတ်တရက် မိခင်၏ခေါင်းအား ကောက်ယူလိုက်သည်။

ထို့နောက် လေထဲသို့ ခုန်တက်သွားသည်။ ဓားရောင်တစ်ချက် ဝင်းလက်သွားပြီး ကြိုးတန်းလေးချောင်းစလုံး တိခနဲပြတ်တောက်သွားလေသည်။

"ဝုန်း"

ကြိုးတန်းပေါ်မှ လူလေးယောက် မြေပေါ်သို့ လဲကျသွား၏။ လှုပ်ပင် မလှုပ်ပါ။

ထိုလူလေးယောက်မှာ အတုများ ဖြစ်ကြလေသည်။ ကျားညီနောင်တို့သည် တိုက်ခိုက်ခြင်း မပြုသေးဘဲ တိုက်ခိုက်ရန် အသင့်ပြင်ထားကြ၏။

မြေပေါ်သို့ ကျသွားသော လူလေးယောက်တို့သည် တုတ်တုတ်မျှ မလှုပ်ဘဲ လဲလျောင်းနေသည်။



ထိုအချိန်မှာပင် ခန်းမထဲမှ မီးအိမ်များသည် ရုတ်တရက် ငြိမ်းတူ ငြိမ်းသွား၏။

အမှောင်ထုက လွှမ်းမိုးသွားသည်။ ထိုအချိန်မှာပင် ... စူးရှသော အော်သံများသည် အဆက်မပြတ် ထွက်ပေါ်လာလေသည်။

ခန္ဓာကိုယ်ပေါ်သို့ ဓားဖြင့် ခုတ်မိသော အသံ၊ အရိုးများ အက်ကွဲကြေမွသွားသောအသံ၊ လည်မျိုအား ညှစ်သတ်သော အသံများ ထွက်ပေါ်လာ၏။

စူးရှသော အော်သံများ ထွက်ပေါ်လာသောအခါ အခြားအသံအားလုံးတို့သည် ရပ်တန့်သွားလေသည်။

ထိုကြောက်မက်ဖွယ်ရာကောင်းသောအသံများက အဘယ်ကြောင့် ငြိမ်သက်သွားသည်ကို မည်သူကမျှ မသိပေ။

အခန်းတစ်ခုလုံးမှာ တိတ်ဆိတ်ခြင်းမကႈတိတ်ဆိတ်သွားလေသည်။

အခန်းတစ်ခုလုံး အသက်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိတော့သလို ငြိမ်သက်တိတ်ဆိတ်သွားခြင်းမျိုး ဖြစ်လေသည်။

❄

www.burmeseclassic.com

www.burmeseclassic.com



မည်မျှအချိန်ကြာသွားမှန်းမသိ ...

အမှောင်ထုထဲ၌ မီးအိမ်တစ်လုံး လင်းလာလေသည်။

စိမ်းဖန့်ဖန့်မီးရောင်သည် တံခါးအပြင်ဘက်မှ လွင့်မြော၍ လာနေ၏။ မီးအိမ်အား ကိုင်ဆောင်ထားသော လူမှာ ခန္ဓာကိုယ် အလွန်ကြေ့ရှင်းသော ရှားရောင်အင်္ကျီ ဝတ်ဆင်ထားသည့် မိန်းက လေးတစ်ယောက် ဖြစ်သည်။

မီးရောင်သည် ခန်းမတွင်းရှိ မြင်ကွင်းအား ထင်ဟပ်ထိုးချ လိုက်၏။ လက်ထဲ၌ ကိုင်ဆောင်ထားသော မီးပုံးအိမ်သည် အောက် သို့ ပြုတ်ကျသွားသည်။ မီးပုံးအိမ် လောင်ကျွမ်းသွား၏။

မီးအိမ်သယ်ဆောင်လာသော မိန်းကလေးသည် ခါးကို ကုန်း၍ စတင် အော့အန်လေတော့သည်။

မည်သူမဆို ခန်းမအတွင်းရှိ မြင်ကွင်းကို မြင်တွေ့လိုက်ပါ က မအော့အန်ဘဲ နေနိုင်မည် မဟုတ်ပါ။

ခန်းမတစ်ခုလုံးမှာ အသက်ရှင်သောလူဟူ၍ တစ်ယောက် မှ မရှိတော့ချေ။ အားလုံးပင် အတုံးအရုံးဖြင့် အသက်ပျောက်လျက် ရှိနေချေပြီ။

❄



...လောင်ကျွမ်းနေသော မီးတောက်များသည် ကျားညီနောင် သုံးကောင်တို့၏ မျက်နှာပေါ်သို့ ထိုးကျရောက်နေ၏။

သူတို့၏မျက်နှာပေါ်တွင် အလွန်ထူးဆန်းသော ဟာန်မူရာ များ ဖြစ်ပေါ်နေ၏။

သူတို့သည် သူများ၏လက်နက်ပုန်းဖြင့် သေဆုံးရလိမ့်မည် ဟု သေသွားသည်အထိ မယုံကြည်နိုင်သော ဟာန်မူရာမျိုးဖြစ်ပေါ်နေ သည်။

သူတို့၏ခန္ဓာကိုယ်ပေါ်၌ စိုက်ဝင်နေသော လက်နက်ပုန်း များမှာ ဝိတုန်းအဆိပ်အပ်ကဲ့သို့ လက်နက်ပုန်းမျိုး ဖြစ်၏။

လုချိဖုန်းက လဲကျသွားသောအခါ သူ၏လက်ထဲတွင် ငှက် ခါးရောင်ဓားကို ကိုင်လျက် ဓားသွားမှာ ယိုင်နေ၏။

သူသည် သူ၏ဓနီးနံဘေးတွင် လဲကျနေခြင်း ဖြစ်လေသည်။ သူသည် သေဆုံးသွားသည့်တိုင်အောင် သူ့ဇနီးနှင့် မခွဲခွာတော့ပါ။

❄

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းသည် သွေးအိုင်ထဲ၌ လဲကျနေ၏။

သွေးများ၏အရောင်မှာ နီရဲခြင်းမရှိဘဲ မည်းနက်နေလေသည်။

အဆိပ်သင့်သော သွေးများဖြစ်သည်။ နောက်ဆုံးကြိုးတန်းပေါ်မှ ကျလာသော လူလေးယောက်သည် သူတို့မှုလကျသောနေရာ၌ မရှိတော့ပါ။

သူတို့သည် အတုမဟုတ်ကြပါ။ သို့သော် ယခုမှာမူ လူသေအဖြစ်သို့ ပြောင်းလဲသွားလေသည်။

နောက်ထပ် လူသေအလောင်း မည်မျှရှိမည်ကို မည်သူကမျှ မကြည့်ပါ။

လောင်ကျွမ်းနေသော မီးအိမ်က ငြိမ်သွားပြီဖြစ်၏။

သို့သော် ထိုအချိန်တွင် အပြင်ဘက်၌ မီးများ စတင်တောက်လောင်လာလေသည်။

မီးများသည် ပြတင်းပေါက်များသို့လည်းကောင်း၊ အဆောက်အအုံသို့လည်းကောင်း ပျံ့နှံ့လာလေသည်။

ကျူပင်ခုတ် ကျူငုပ်မကျန်ဟူသော ဆောင်ပုဒ်သည် နှင်းဆီသခင်မလေးတို့အဖွဲ့၏ ဆောင်ပုဒ်ဖြစ်ဟန်တူ၏။



မီးတောက်မီးလျှံကသာ အားလုံးကို လောင်ကျွမ်းပျက်စီးနိုင်စေမည် မဟုတ်ပါလော။

❋

နောက်ထပ်အတန်ကြာသွားသောအခါ ယိမ်းယိုင်နေသော မီးရောင်အောက်တွင် လူရိပ်တစ်ခု ထပ်မံထွက်ပေါ်လာလေသည်။

ကြော့ရှင်းသော ခန္ဓာကိုယ်ပိုင်ရှင် မိန်းကလေးတစ်ယောက်ဖြစ်၏။ သူမ၏မျက်နှာပေါ်၌ ကြေးမျက်နှာဖုံးတစ်ခု အစ်ဆင်ထားလေသည်။ ကြေးမျက်နှာဖုံးပေါ်၌ အနီရောင် နှင်းဆီပန်းတစ်ပွင့်ပါရှိနေ၏။

နှင်းဆီသခင်မလေး ...

သူမသည် တံခါးဝ၌ တိတ်ဆိတ်စွာ ရပ်နေ၏။

သူမသည် ပြန့်ကျဲနေသော လူသေအလောင်းနှင့် အိုင်ထွန်းနေသော သွေးများကို အေးတိအေးစက် ကြည့်နေ၏။

သူမသည် ထိုအကျည်းတန်လှသော မြင်ကွင်းအား မြင်တွေ့လိုက်ရသော်လည်း အော့အန်ခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဇရုံပြည်မှ တစ်ခေါက်ပြန်လာပြီး ရန်ကြွေးကို ဆောင်းနေသော မိန်း[illegible]

သူမသည် ခန်းမထဲသို့ ဖြည်းညင်းစွာ လှမ်းဝင်လိုက်၏။

သူမလက်ထဲတွင် အရောင်တလက်လက်တောက်ပနေသော ဓားတစ်လက်ကိုင်ဆောင်ထား၏။

သူမ၏မျက်လုံးအစုံသည် ခန်းမထဲသို့ လှည့်ပတ်ရှာဖွေကြည့်ရှုနေ၏။ ထို့နောက် မျက်တောက်မခတ် သေဆုံးနေသော လုချိုဖုန်း၏ဦးခေါင်းပေါ်သို့ ရောက်ရှိသွားသည်။

ဤသည်မှာ သူမရန်သူ၏ဦးခေါင်းဖြစ်သည်။ ထိုဦးခေါင်းအား ဖြတ်ယူ၍ မိခင်အတွက် ရှိုးကိတ်တော့ရန် ဖြစ်၏။

ရန်ငြိုးဟူသည် မီးတောက်မီးလျှံထက်ပို၍ ကြောက်မက်ဖွယ်ရာ ကောင်း၏။

သူမသည် လုချိုဖုန်းထံသို့ တစ်လှမ်းချင်း လှမ်းသွားလေသည်။ လောကပေါ်၌ သူမအား ဟန့်တားနိုင်သောလူတစ်ဦးတစ်ယောက်မျှ မရှိတော့ပါဟု ထင်မှတ်ဖွယ်ဖြစ်သည်။

သို့သော် လူတစ်ယောက်ကား ရှိနေသေး၏။ လုံးဝထင်မှတ်မထားသော လူတစ်ယောက်ကား အမှန်ပင် ရှိနေခဲ့ပေသည်။

✻✻✻



## အခန်း (၄)

သွေးအိုင်ထဲမှ လူတစ်ယောက်က ရုတ်တရက် မတ်တတ်ရပ်လိုက်လေသည်။ သူ၏သွားလမ်းကို ပိတ်ထားလိုက်သည်။

ထို့နောက် သူမအား စိုက်ကြည့်လိုက်၏။ ထိုလူ၏မျက်နှာတစ်ခုလုံး နီရဲ၍နေသည်။

သွေးများဖြင့် ပေကျံနေသော မျက်နှာ ဖြစ်လေသည်။ သွေးများသည် သူ၏ရုပ်သွင်အား ဖုံးကွယ်ထားသည့်အပြင် သူ၏ခံစားမှု၊ သူ၏အတွေးအခေါ်များကိုလည်း ဖုံးလွှမ်းထား၏။

သူသည် လူသေတစ်ယောက်ပမာ ရပ်၍ သူမအား စိုက်ကြည့်နေ၏။ သူမ၏မျက်နှာအား မမြင်မတွေ့ရသော်လည်း သူမ၏မျက်နှာဖုံး၌ရှိနေသော နှင်းဆီပွင့်အမှတ်အသားကိုတော့ မြင်တွေ့နိုင်ပေသည်။

သူမ၏မျက်လုံးအိမ် ကျုံ့သွား၏။ အတန်ကြာမှ သူမ၏ ကြည်လင်သောအသံ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩလိုက်တာ၊ ရှင်က မသေသေးဘဲကိုး"

ထိုသူကား အခြားသူမဟုတ်ပါ။ ရှောင်ဖုန်းဖြစ်၏။

ရှောင်ဖုန်း မသေသေးပါ။

"ရှင့်မိဘအားလုံး သေကုန်ပြီပဲ၊ ရှင် အသက်ရှင်နေတော့ကော ဘာအဓိပ္ပာယ်ရှိမှာလဲ၊ သေသွားတာပဲ ကောင်းမယ်"

သူမသည် သူ့အား သိရှိနေ၏။ သို့သော် သူသည် မည်သို့သော လူစားမျိုးဖြစ်ကြောင်း မသိပေ။

သွေးများသည် သူ၏မျက်နှာပေါ်မှ တဖြည်းဖြည်း စီးဆင်းကျသွား၏။

သူ၏မျက်နှာပေါ်တွင် မျက်ရည်မရှိဘဲ သွေးများသာ ရှိ၏။ သူ၏ခန္ဓာကိုယ်အတွင်း၌ မသွေးများ မရှိတော့ပါ။

ယခု သူ့သွေးကြောထဲ၌ စီးဆင်းနေသည်မှာ လက်စားချေရန် အင်အားသာ ရှိနေတော့၏။

မီးတောက်မီးလျှံတို့သည် ပို၍ အရှိန်ကောင်းလာလေသည်။ အဆောက်အအုံတစ်ခုလုံး မီးစွဲလောင်နေပြီ ဖြစ်၏။

သူမ သက်ပြင်းလေး အသာအယာ ချလိုက်သည်။

"ရှင် မသေချင်သေးရင် သွားပါတော့၊ ကျွန်မ ဒီကိုလာကတည်းက ရှင်နဲ့တွေ့ဖို့ မဟုတ်ဘူး"



သူမသည် စကားမဆုံးမီပင် ရုတ်တရက် လှုပ်ရှားလိုက်လေသည်။

သူမ၏လက်ထဲမှဓားသည် ရှောင်ဖုန်း၏ရင်ဘတ်ထဲ ထိုးသွင်း ဝင်ရောက်လေ၏။

ရှောင်ဖုန်း နည်းနည်းကလေးမျှ မလှုပ်ပါ။ ရှောင်တိမ်းခြင်းလည်း မရှိပေ။

ဓားသွားသည် သူ၏နံရိုးကြားထဲသို့ တိုးဝင်သွားပြီး နံရိုးက ဓားသွားအား ညှပ်ထားမိသောအခါ သူက စတင်လှုပ်ရှားလိုက်လေသည်။

'ဖျောက်'

သူ၏နံရိုး ကျိုးသွားစဉ်အခိုက်မှာပင် သူမ၏လက်ကောက်ဝတ်အား ရှောင်ဖုန်း၏လက်က ဖမ်းဆုပ် ချိုးလိုက်သောအချိန်နှင့် တစ်ပြိုင်နက် ဖြစ်ပေါ်လာလေသည်။

ဤသည်မှာ သိုင်းပညာမဟုတ်ပါ။

လောကပေါ်၌ ဤကဲ့သို့သောသိုင်းပညာမျိုးဟူ၍လည်း မရှိပါ။

ဤသည်မှာ တောရိုင်းတိရစ္ဆာန်အချင်းချင်း အပြန်အလှန် သတ်ပုတ်သောအဖြစ်မျိုးနှင့် တူလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောရိုင်းတိရစ္ဆာန်များဖြစ်မှင် ရက်စက်၏။

လူသားများ သည် တစ်ခါတစ်ရံ တောတိရစ္ဆာန်များထက် ပို၍ရက်စက်တတ်ကြသည် မဟုတ်ပါလော။

ယခုမှ သူမ၏မျက်ဝန်းအစုံတွင် ကြောက်ရွံ့သည့် အရိပ်အယောင်များ ဖြစ်ပေါ်လာရလေသည်။

"ရှင် ကျွန်မကို သတ်မလို့လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့"

"ကျုပ်မိဘအတွက် လက်စားချေတာ"

မိန်းကလေး မဲ့ပြုံး ပြုံးလိုက်သည်။

"ရှင် မတရားဘူးထင်တယ်"

"ဘာမတရားတာလဲ"

မိန်းကလေးက ...

"ရှင်ကတော့ ရှင့်မိဘအတွက် လက်စားချေနိုင်ခွင့် ရှိတယ်၊ ကျွန်မကျတော့ ကျွန်မိဘအတွက် လက်စားချေခွင့် မရှိဘူးလား"

သူမက စကားဆက်လိုက်၏။

"ကျွန်မရဲ့လုပ်ရပ်ဟာ မှားတယ်ဆိုရင် ရှင့်ရဲ့လုပ်ရပ်ကကော မှန်တယ်လို့ ဆိုနိုင်သလား"



သူမ၏စကားသည် ထက်မြက်သောဓားတစ်လက်ပမာ ရှောင်ဖုန်း၏ အသည်းနှလုံးထဲသို့ စူးဝင်သွား၏။

ရှောင်ဖုန်းက သူမ၏အရိုးကျိုးနေသော လက်အား တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။

သူမသည် ပြင်းပြင်းထန်ထန် နာကျင်သောဝေဒနာအား ခံစားလိုက်ရသဖြင့် သူမ၏ခန္ဓာကိုယ်သည် တုန်တုန်ယင်ယင် ဖြစ်လာလေသည်။

သို့သော် သူမသည် အံကိုကြိတ်၍ တောင့်ခံထား၏။ သူမအဖို့ ဒုက္ခဆင်းရဲခြင်း၊ နာကျင်ခြင်း စသည်တို့ကို ခံစားရသည်မှာ ရင့်ကျက်နေပြီ ဖြစ်သည်။

"ကျွန်မ ဘယ်သူ့ကိုမှ မသတ်သေးဘူး၊ ကျွန်မရဲ့လက်မှာလည်း ဘယ်သူ့ရဲ့သွေးမှ မစွန်းသေးပါဘူး"

သူမက စကားဆက်လိုက်ပြန်၏။

"ကျွန်မရဲ့မိခင်ဟာ ရှင့်အဖေရဲ့လက်ချက်ကြောင့် သေဆုံးသွားရတာ၊ ရှင့်အဖေရဲ့ဓားက ကျွန်မမိခင်ရဲ့လည်မျိုကို ခုတ်ဖြတ်လိုက်တာ ကျွန်မကိုယ်တိုင် တွေ့ခဲ့ရတာရှင့်"

ရှောင်ဖုန်းက သူမအား စိုက်ကြည့်လိုက်၏။

"နင်ကိုယ်တိုင် မြင်တွေ့လိုက်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းညိတ်လိုက်၏။

"ကျွန်မမျက်နှာကို ရှင် ကြည့်ချင်သေးသလား"

သူမသည် တပ်ဆင်ထားသော ကြေးမျက်နှာဖုံးကို ရုတ်တရက် ဆွဲချွတ်လိုက်လေသည်။

သူမ၏မျက်နှာက ဘွားခနဲ ပေါ်လာလေ၏။

ထိုမိန်းကလေး၏မျက်နှာသည် ပြိုင်ဘက်ကင်းမဲ့သော လှပသည့် မျက်နှာတစ်ခုသာ ဖြစ်သင့်၏။

လောကပေါ်၌ ရှိရှိသမျှ ယောကျ်ားများ မြင်တွေ့လိုက်ပါက ရူးသွားနိုင်သော အလှမျိုးသာ ဖြစ်သင့်သည်။

သို့သော် ယခုမှာမူ ...

ဤမျက်နှာပေါ်တွင် အလွန်အကျည်းတန်သော ဓားဒဏ်ရာ အမာရွတ်များက နေရာယူထားလေသည်။

ထိုဓားအမာရွတ်သည် မျက်လုံးထောင့်မှ နှုတ်ခမ်းထောင့်အထိ ကန့်လန့်ဖြတ် ရှိနေ၏။

အလွန်တန်ဖိုးရှိသော ပန်းချီကားပေါ်သို့ စုတ်ချက်တစ်ချက် ကန့်လန့်ဖြတ် ရေးဆွဲထားသည်နှင့် တူလှပေသည်။

မည်သူမဆို သူမ၏မျက်နှာအား မြင်တွေ့လိုက်သည်နှင့် အလွန်နှမြော တမ်းတကြမည်သာ ဖြစ်၏။



ထိုအမာရွတ်သည် သူ၏အလှကို ဖျက်ဆီးလိုက်သည့်အပြင် သူမ၏ဘ၀ကိုလည်း ဖျက်ဆီးလိုက်ခြင်းပင် ဖြစ်၏။

"ဒီအမာရွတ်ကို ဘယ်သူက ပေးခဲ့သလဲဆိုတာ ရှင် သိသလား။ ရှင့်အဖေပဲ အဲဒီတုန်းက ကျွန်မဟာ အသက်ငါးနှစ်အရွယ် ရှိပါသေးတယ်"

သူမက အံကို တင်းတင်းကြိတ်၍ မဲ့ပြုံးပြုံးလိုက်၏။ ပြီးနောက် ဆက်၍ပြောသည်။

"လှုမ်းလှုမ်းတောက် ကျော်ကြားတဲ့ ဓားသမား လုရှီဖုန်းဟာ အသက်ငါးနှစ်အရွယ်သာ ရှိသေးတဲ့ ကလေးတစ်ယောက်ကို အခုလို ရက်ရက်စက်စက် လုပ်လိမ့်မယ်လို့ ဘယ်သူက ယုံကြည်မှာလဲ"

ရှောင်ဖုန်းက သူမ၏မျက်နှာကို စိုက်ကြည့်နေ၏။

တင်းကျပ်စွာဆုပ်ကိုင်ထားသော သူမ၏လက်ကို လွှတ်ချလိုက်လေသည်။

သူ၏ရင်ထဲ၌ ရုတ်တရက် အော်ကလီ ဆန်လာလေသည်။ သူမက သူ့အား အနီးကပ် စိုက်ကြည့်လိုက်၏။

"အခု ရှင် ကျွန်မကို သတ်ချင်သေးသလား။ ရှင့်မိဘအတွက် လက်စားချေချင်သေးသလား"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းက တစ်ဖက်သို့ လှည့်လိုက်သည်။

သူသည် သူမ၏မျက်နှာအား မကြည့်ရက်တော့ပါ။

“ကျွန်မ အခုလို ပြောပြတာဟာ ရှင့်ရဲ့ဖခင် လုချိဖုန်းဟာ နတ်တစ်ပါး မဟုတ်ဘူးရှင့်၊ အထင်ကြီးလောက်တဲ့ သူတော်ကောင်း လည်း မဟုတ်ဘူးဆိုတာ ပြောပြချင်လို့ပဲ၊ သူ ... ကျွန်မအမေကို သတ်တာကလဲ ...”

သူမ၏စကားမဆုံးမီမှာပင် ရှောင်ဖုန်းက ရုတ်တရက်အသံ ကျယ်လောင်စွာဖြင့် အော်လိုက်လေသည်။

“သွားစမ်း ... အမြန်ဆုံး ထွက်သွား၊ နောင်လည်း ဘယ်တော့မှ ငါ့ကို အတွေ့မခံနဲ့”

သူမက ရယ်မောလိုက်ပြန်လေသည်။ မျက်နှာပေါ်မှ ဖား အမာရွတ်သည် သူမ၏ရယ်မောခြင်းအား လှောင်ပြောင်သည့်အသွင် ရှိနေ၏။

“ရှင်က နားမထောင်ရဲရင်လည်း ကျွန်မက မပြောလို့တော့ ပါဘူး၊ ကျွန်မ ဆက်ပြောရင် ပိုပြီး အော်ကလီဆန်လာမှာမို့ပါ”

သူမသည် ဖြည်းလေးစွာဖြင့် တစ်ဖက်သို့ လှည့်လိုက်၏။ ထို့နောက် အေးဆေးစွာဖြင့် လျှောက်သွားလေသည်။

သူ့ကိုလည်း လုံးဝလှည့်မကြည့်တော့ပါ။



ရှောင်ဖုန်းသည် အသက်ကင်းမဲ့သည့် လူတစ်ယောက်ပမာ မလှုပ်မယှက် ရပ်နေ၏။ မီးတောက်မီးလျှံများသည် ပို၍အားကောင်း လာသည်။

အိမ်တိုင်နှင့် တုပ်တန်းများမှာ တစ်ခုပြီးတစ်ခု ကျလာနေလေသည်။ လောင်ကျွမ်းနေသော ထုပ်တန်းတစ်ခုက သူ၏ခန္ဓာကိုယ် ပေါ်သို့ ကျလာ၏။

သူက ရှောင်တိမ်းရမှန်းလည်း မသိတော့ပါ။

‘ဝုန်း’

ရှောင်ဖုန်း၏ခန္ဓာကိုယ်သည် ပြုတ်ကျလာသော ထုပ်တန်းနှင့်အတူ ပြိုလဲကျသွားလေတော့၏။

❄

မည်းမှောင်အရှိန်ကောင်းသော မီးတောက်မီးလျှံများပင် ဖြစ်ပါစေ နောက်ဆုံး၌ ငြိမ်းသေသွားရမည်သာ ဖြစ်ပေသည်။

ခန့်ညားလှပသော တောင်ကုန်းအဆောက်အအုံတစ်ခုလုံးသည် မီးလောင်မြေဘဝသို့ ရောက်ရှိသွားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိရှိသမျှသော အလောင်းများသည်လည်း မီးလောင်ကျွမ်းမှုကြောင့် ပြောင်သလင်းခါသွားပြီ ဖြစ်၏။

အရာတစ်ခုတည်းသာ ခုတ်၍လည်းမပြတ်၊ မီးလောင်ကျွမ်း၍လည်း မကုန်ပါ။ ထိုအရာသည် လူသားတို့၏ခံစားမှုပင် ဖြစ်လေသည်။

ဒေါသထွက်ခြင်း၊ ဝမ်းနည်းခြင်း၊ သတ္တိရှိခြင်း စသည်တို့မှာ ထိုခံစားမှုမှ ပေါက်ဖွားလာခြင်းပင် ဖြစ်လေသည်။

ယခု မီးတောက်မီးလျှံများ ငြိမ်းသွားပြီဖြစ်သည်။ သို့သော် သူတို့၏စာတ်လမ်းသည် အဆုံးသတ်သွားခြင်း မရှိပါ။ ယခုမှ အစပျိုးသည်ဟု ဆိုရပေမည်။

*❋*



## အခန်း (၅)

ချင်းချင်းသည် ခေါင်းငုံ့ထား၏။ သူမသည် မိမိ၏ခြေထောက်ကို ကြည့်နေသည်။

အလွန်နုနယ်လှပသော ခြေထောက်ပေါ်၌ သွေးစက်များဖြင့် ပေကျံနေ၏။

ဆူးများ၊ ချွန်ထက်သော ကျောက်တုံးများကြောင့် သူမ၏ခြေထောက်နှစ်ဖက်စလုံး နာကျင်နေသည်။

သို့သော် မည်မျှပြင်းထန်သော နာကျင်မှုဝေဒနာကို ခံစားနေရသည်ဖြစ်စေ ရင်ထဲ၌ ခံစားနေရသော ဝေဒနာနှင့် နှိုင်းယှဉ်ပါက ဘာမျှပြောပလောက်သည် မဟုတ်ချေ။

သူမသည် လမ်းတစ်လျှောက်လုံး ပြေးလွှားလာခဲ့ရာ ညနှင့်နေ့ကိုပင် သတိမထားမိတော့ပါ။

သူမ မည်သည့်နေရာရောက်နေသည်ကိုလည်း မသိရှိနိုင်ချေ။ သူမအနေဖြင့် လောကပေါ်၌ ရှိရှိသမျှအရာအားလုံးကို မေ့

www.burmeseclassic.com

www.burmeseclassic.com



ပျောက်နိုင်သည့်တိုင် ရှောင်ဖုန်းကိုမူ လုံးဝမေ့မရပါချေ။

သူမ၏အသည်းနှလုံးများသည် အစိတ်စိတ် အမြွှာမြွှာကွဲအက်သွားသည့်တိုင်အောင် ထိုကွဲအက်သွားသော အစိတ်စိတ်အမြွှာမြွှာတိုင်း၌ ရှောင်ဖုန်း၏ပုံရိပ်က ရှိနေ၏။

အလွန်ချစ်စရာကောင်းပြီး မုန်းစရာလည်း ကောင်းသော ပုံရိပ် ဖြစ်လေသည်။

ယခုအခါ သူမ၏နှလုံးသားပုံရိပ်၌ ချစ်ခြင်းမေတ္တာထက် အမုန်းတရားက ပို၍နက်ရှိုင်းစွာ ထင်ဟပ်နေပြီ ဖြစ်သည်။

"သူက ဘာကြောင့် ငါ့ကို ဒီလိုလုပ်လိုက်ရတာလဲ၊ ဘာဖြစ်လို့ ငါ့ကို ရက်ရက်စက်စက် လမ်းခွဲသွားရတာလဲ"

သူမအနေဖြင့် လုံးဝတွေးတော စဉ်းစား၍မရချေ။

သူမက အလွန်သိလိုလှ၏။

သူ၏အသည်းနှလုံးအား ခွဲထုတ်ပြီး သေချာစွာ ကြည့်လေသည်။ သေချာအောင် ထပ်မံမေးပစ်လိုက်ချင်သည်။ သို့သော် သူမအနေဖြင့် မည်သည့်အရာကိုမျှ မစွမ်းဆောင်နိုင်ပါ။

တစ်ချိန်တုန်းက ကတိသစ္စာဆိုခဲ့သည်ကို ယခုအခါ၌ အသည်းနှလုံး၏ဒဏ်ရာဒဏ်ချက်အဖြစ်သို့ ကူးပြောင်းသွားပြီ မဟုတ်ပါလော။



တစ်ချိန်တုန်းက တပူးတွဲတွဲဖြင့် ချစ်စကားများ တသွင်သွင်ပြောခဲ့သည်များကို ယခုအခါ၌ အနာဂတ်၏အမှတ်တရ ဝေဒနာများအဖြစ် ခံစားကျန်ရစ်နေခဲ့ရပြီ ဖြစ်သည်။

သူမသည် အကယ်၍ သူနှင့်အတူတူ ယခင်ကကဲ့သို့ ချစ်ခင်နေကြဦးမည်ဆိုလျှင် သူမသည် အရာရာအား စွန့်လွှတ်ရန် ဝမ်းနည်းမည် မဟုတ်ပါ။

သို့သော် အတိတ်သည် ပြန်လည်ရောက်ရှိလာတော့မည် မဟုတ်ပါ။ ထို့ကြောင့် သူမသည် အသည်းကွဲအက်မတတ် ခံစားနေရခြင်း ဖြစ်လေသည်။

ယင်းကဲ့သို့ ဝေဒနာမျိုးသည် သူမ၏သွေးထဲ ရိုးတွင်းချဉ်ဆီထဲသို့တိုင် စိမ့်ဝင်နေ၏။

သူမ၏ကိုယ်ပေါ်တွင် ပါးလွှာသော အင်္ကျီတစ်ထည်သာ ဝတ်ဆင်ထားသည်။ ခြေထောက်ဗလာဖြင့် ထွက်လာခဲ့သောကြောင့် သူမတွင် အခြားမည်သည့်အရာမျှ ပါရှိမလာပါ။

သူမသည် သေမှသာလျှင် ဝဋ်ကျွတ်လိမ့်မည်ဖြစ်၏။ သို့သော် သူမအနေဖြင့် မသေလိုသေးပါ။

"တစ်နေ့နေ့တော့ ရှင် နောင်တရအောင် ကျွန်မ အလုပ်ကို လုပ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြီးတော့ အမုန်းကြီးသည်ဟူသော စကားအတိုင်း သူမသည် အသက်မသေလိုသေးဘဲ လက်စားချေရန် ဆန္ဒပြင်းပြနေ၏။

သို့သော် သူမသည် လောလောဆယ်၌ မည်ကဲ့သို့ အသက်ရှင်သန်နေထိုင်ရမည်ကို စဉ်းစားမိလာလေသည်။ မိုးအောက်မြေပြင်တစ်ခွင်၌ သူမအတွက် ခြေတစ်နေရာစာမျှပင် နေထိုင်ရန် မရှိတော့ပြီလော။

သူမသည် မျက်ရည်မကျမိစေရန် စိတ်ကို ထိန်းထား၏။ သို့သော် မျက်ရည်များက စီးဆင်းကျလာလေသည်။

ထိုစဉ် ... သူမ၏အမည်ကို ခေါ်လိုက်သော အသံအား ကြားလိုက်ရလေသည်။

"ချင်းချင်း"

ချင်းချင်းဟူသော ခေါ်သံသည် ရှောင်ဖုန်း အမြဲတမ်းခေါ်လေ့ရှိသော အသံမျိုးဖြစ်၏။

သူမ ရင်ခုန်လာသည်။

ရှောင်ဖုန်းသည် သူမအား လိုက်လံရှာဖွေနေပြီလော။

သူမသည် တွေးရင်း ရင်ထဲ၌ တထိတ်ထိတ် ခုန်လာသည်။ ထိုတစ်ဒင်္ဂအချိန်တွင် သူမသည် ဝမ်းနည်းခြင်းကို မေ့ပျောက်သွား၏။



မှုန်းတီးနေသော စိတ်များကိုလည်း ဖြေဖျောက်ပစ်လိုက်၏။ သူသာ ပြန်လည်ရောက်ရှိလာမည်ဆိုပါက သူမသည် သူ၏အပြစ်အားလုံးကို ခွင့်လွှတ်ပြီး သူ၏ရင်ခွင်ထဲသို့ ပြေးဝင်သွားမည်သာ ဖြစ်လေသည်။ သို့သော် သူမ စိတ်ဓာတ်ကျသွား၏။

လှည့်ကြည့်လိုက်သောအခါ သူမအား ခေါ်နေသူမှာ ရှောင်ဖုန်းမဟုတ်ဘဲ ကျင်းချွမ်း ဖြစ်နေသည်ကို တွေ့မြင်လိုက်ရခြင်း ကြောင့်ပင်။

❄

ကျင်းချွမ်းသည် စာပေပညာရှင်တစ်ယောက်ဖြစ်၏။ သိုင်းလုလင်တစ်ယောက်လည်း ဖြစ်ပေသည်။

သူသည် ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ရှိသော လူငယ်တစ်ယောက်ဖြစ်၏။ သူ၏ဆံကေသာများသည် အမြဲတမ်း ပြောင်လက်အောင် ဖြီးလိမ်းထားလေ့ရှိသည်။

အဝတ်အစားဝတ်ဆင်ရာ၌လည်း အဖိုးတန်သော အဝတ်အစားများသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ရှောင်ဖုန်းတို့သည် အကျင့်စာရိတ္တခြားနားပြီး ဆန့်ကျင်ဘက်ရှိသော လူငယ်များ ဖြစ်ကြလေသည်။

သို့သော် သူတို့သည် အလွန်ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ကြလေသည်။

သူမနှင့်ရှောင်ဖုန်းတို့ ချစ်နေကြသည့် လျှို့ဝှက်ချက်ကို သူ တစ်ယောက်တည်းသာ အသိပေးထားသည်။

ချင်းချင်းသည် သူ့အား တွေ့ဖြစ်သည့်အခါ ပထမတွင် ကြောင်အမ်းအမ်းဖြစ်သွား၏။ ပြီးမှ ...

ရှောင်ဖုန်းက ငါ့ကို လာခေါ်ဖို့ သူ့ကို လွှတ်လိုက်တာများ ဖြစ်နေမလား မသိဘူး။

သူမသည် ထိုသို့တွေးရင်း ရင်ခုန်လာပြန်လေသည်။

"ရှင်က ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ"

ချင်းချင်းက လှမ်းမေးလိုက်သည်။

ကျင်းချွမ်းက ယှဲ့ယှဲ့ပြုံးကာ ...

"နင့်ကို လာတွေ့တာ"

"ကျွန်မကို လာတွေ့တာ ဟုတ်လား"

"ဟုတ်တယ်"

"ကျွန်မ ဒီမှာရှိတယ်လို့ ရှင် ဘယ်လိုလုပ်သိတာလဲ"



"ကျုပ်က တစ်လမ်းလုံး နင့်ကို ကာကွယ်စောင့်ရှောက်ဖို့ လိုက်လာလို့"

ချင်းချင်း ရင်ခုန်လာပြန်လေသည်။

ရှောင်ဖုန်းက ခိုင်းလိုက်ခြင်း ဖြစ်ရမည်ဟု မျှော်လင့်မိပြန်လေသည်။ သို့သော် ကျင်းချွမ်းက ဆက်လက်ပြောပြခြင်း မရှိပါ။

ချင်းချင်းက နှုတ်ခမ်းကိုက်ထားလိုက်သည်။

"ရှင် သူ့ကို တွေ့ခဲ့လား"

ကျင်းချွမ်း ခေါင်းခါယမ်းလိုက်၏။

"ကျွန်မတို့ လမ်းခွဲလိုက်ပြီဆိုတာကော ရှင်သိသလား"

ကျင်းချွမ်းက ခေါင်းခါယမ်းလိုက်ပြန်၏။

ချင်းချင်း၏အသည်းနှလုံးများ လေးလံလာသည်။

သူမသည် ခေါင်းငုံ့ထားလိုက်ပြန်သည်။ အတန်ကြာမှ ခေါင်းမော့လိုက်၏။

ထိုအခါ ကျင်းချွမ်းက သူမ၏ခြေထောက်အား ကြည့်နေသည်ကို သတိပြုမိလိုက်လေသည်။

သူမ၏ခြေထောက်သည် နုနယ်ပြီး မို့နေ၏။ ဆူးများနှင့် ကျောက်တုံးများ၏ဒဏ်ကြောင့် သွေးများ ပေကျံနေသည်မှာ ရှိ၍ သနားဖွယ်ရာကောင်းလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ယောကျ်ားမျိုးမဆို ယင်းသို့ ခြေထောက်မျိုးအား မြင်တွေ့လိုက်ရသောအခါ မကြည့်ဘဲ မနေနိုင်ကြပါ။

အကြောင်းမှာ မိန်းမ၏ခြေထောက်များသည် လျှို့ဝှက်ချက်တစ်မျိုးနှင့် ဆက်စပ်နေလေ့ရှိသောကြောင့်ပင် ဖြစ်သည်။

သူမသည် ချက်ချင်းပင် အင်္ကျီဖြင့် ခြေထောက်အား ဖုံးလွှမ်းထားလိုက်လေသည်။

ထို့နောက် လက်စားချေလိုသော စိတ်သည် ရုတ်တရက် ပေါ်ပေါက်လာလေသည်။

"သူ နောင်တရလာအောင် ငါ လုပ်ကိုလုပ်မယ်၊ သူ့စိတ်ဆင်းရဲလာအောင် ငါ လုပ်ကိုလုပ်ပစ်မယ်"

ချစ်ခြင်းမေတ္တာမှ အမုန်းကြီး မုန်းလာသောအခါ အလွန်ယဉ်ကျေးသိမ်မွေ့ပြီး စိတ်နှလုံးကောင်းသော မိန်းမတစ်ယောက်သည် အလွန်ရက်စက်ကြမ်းကြုတ်သော မိန်းမဆိုးတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားနိုင်သည် မဟုတ်ပါလော။

"နှင် အိမ်မပြန်ဘူးလား"

ကျင်းချွမ်း၏အသံမှာ ပျော့ပျောင်း၍ ချိုလွင်လှ၏။

ချင်းချင်းက ခေါင်းငုံ့သွားပြန်လေသည်။

"ကျွန်မမှာ အိမ်မရှိဘူး"



"ဒါဖြင့် နှင် ဘယ်ကိုသွားမှာလဲ"

ချင်းချင်း၏ ဦးခေါင်းမှာ ပို၍ ငုံ့သွားလေသည်။ သူမသည် ယောကျ်ားတစ်ယောက်၏ကြင်နာမှုရအောင် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို နားလည်ထား၏။

ကျင်းချွမ်း၏မျက်နှာပေါ်၌ သနားကြင်နာသော အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

သူသည် စိတ်ထိခိုက်စွာဖြင့် သက်ပြင်းချလိုက်လေသည်။

"တခြားဟာကို နောက်မှပဲ စဉ်းစားပါ၊ အခု ဘာပဲဖြစ်ဖြစ် အဝတ်အစားလဲဖို့ ထမင်းစားဖို့ ကျုပ် အစီအစဉ် လုပ်ပေးပါရစေ"

ချင်းချင်းသည် လက်စားချေရန်အတွက် မည်သည့်အလုပ်မဆို လုပ်ရန် ဝန်မလေးတော့ပါ။

✳ ❄ ✳

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

မက်မန်းပင်များတွင် ပန်းများ ဖူးပွင့်နေ၏။

မီးကဲ့သို့နီရဲနေသော ပန်းများဖြစ်၏။ ရှောင်ဖုန်း မျက်လုံးဖွင့်လိုက်သောအခါ မီးတောက်မီးလျှံကဲ့သို့ နီရဲသော ပန်းများအားဖြင့် မြင်တွေ့လိုက်ရလေသည်။

လူတစ်ယောက်သည် မက်မန်းပင်အား မှီ၍ ရပ်နေ၏။ ခန္ဓာကိုယ် လှပကြော့ရှင်းသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သူမ၏ကိုယ်ပေါ်၌ အဖြူရောင် ပိုးအင်္ကျီတစ်ထည် ဝတ်ဆင်ထား၏။ သူမ၏မျက်နှာပေါ်တွင် အဖြူရောင်ပဝါတစ်ထည်ဖြင့် ဖုံးအုပ်ထားလေသည်။

ရုတ်တရက် ကြည့်လိုက်လျှင် မိုးပေါ်မှ ကျလာသော နတ်သမီးဟု ထင်မှတ်မှားစရာ ဖြစ်ပေသည်။

ရှောင်ဖုန်းက လူးလိမ့်၍ ထထိုင်ရန် ကြိုးစား၏။ သူ့ကိုယ်ပေါ်မှ ဝတ်ဆင်ထားသော အင်္ကျီသည် နှင်းရည်များဖြင့် စိုရွှဲနေ၏။



သို့သော် သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ခြစ်ခြစ်တောက်ပူလောင်နေလေသည်။ သူသည် လူးလိမ့်၍ ထထိုင်ရန် ကြိုးစားနေသော်လည်း ပြင်းထန်သော နာကျင်မှုကြောင့် ပြန်လည်လဲကျသွား၏။

ထို့နောက် သတိမေ့သွားပြန်လေသည်။

❄

ရှောင်ဖုန်း ထပ်မံသတိရလာသောအခါ အဖြူရောင် ဝတ်ဆင်ထားသော မိန်းကလေးသည် သူ့အနီးသို့ ရောက်ရှိနေသည်ကို တွေ့ရသည်။

သူမ၏မျက်လုံးအစုံသည် ပဝါ၏နောက်ကွယ်မှ သူ့အား စိုက်ကြည့်နေလေသည်။

"ရှင့်ဒဏ်ရာက အတော့်ကိုပြင်းတယ်၊ အကောင်းဆုံးကတော့ ငြိမ်ငြိမ်သက်သက် လှဲနေပါ"

သူမအသံသည် ပျော့ပျောင်းနေသည်။ သို့သော် ငေးစိမ့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းက မျက်လုံးမှိတ်ထားလိုက်သည်။

မနေ့ညက ဖြစ်ပွားခဲ့သော အကြောင်းအရာများကို ပြန်လည် သတိရလာလေသည်။

"ဒါ ... သွေး ... မီး"

သူ နောက်ဆုံး မှတ်မိလိုက်သည်မှာ သူ၏ကိုယ်ပေါ်သို့ မီးလောင်ကျွမ်းနေသော ထုပ်တန်းတစ်ခု ကျလာခြင်းပင် ဖြစ်လေသည်။

သူ၏တစ်ကိုယ်လုံးလည်း လောင်ကျွမ်းသွားသည်ဟု မှတ်မိလိုက်၏။ ယခုမှာမူ မီးလောင်ကျွမ်းခြင်းမရှိဘဲ အေးအေးချမ်းချမ်း လဲလျောင်းနိုင်ခဲ့သည်ကို တွေ့ရ၏။

"ကျုပ် ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ၊ မင်း ငါ့ကို ကယ်လိုက်တာလား"

ရှောင်ဖုန်းက လှမ်းမေးလိုက်၏။ မိန်းကလေးက ခေါင်းညိတ်ပြလိုက်လေသည်။

ရှောင်ဖုန်းက မျက်မှောင်ကြုတ်ရင်း ...

"မင်း ဘယ်သူလဲ"

မိန်းကလေးက အဖြေမပေးဘဲ ခန္ဓာကိုယ် တစ်ချက်လှည့်လိုက်လေသည်။ ရှောင်ဖုန်း အလွန် အံ့အားသင့်သွား၏။



"ဟင် ... နှင်းဆီ သခင်မလေး"

ရှောင်ဖုန်းမှာ ကိုယ့်မျက်စိပင် ကိုယ်မယုံနိုင်အောင် ဖြစ်သွားရသည်။

"ရှင် ကျွန်မကို မှတ်မိလိမ့်မယ်လို့ အစောကြီးကတည်းက ထင်ပြီး သားပါ"

ရှောင်ဖုန်း၏ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားသည်။

"မင်း ... မင်း ... ဘာဖြစ်လို့ ငါ့ကို ကယ်ရတာလဲ"

မိန်းကလေးက ရယ်မောလိုက်၏။

"လူသတ်တာက ဥပဒေကို ကျူးလွန်တာ ဖြစ်တယ်၊ လူတစ်ယောက် အသက်ကယ်တာကို အပြစ်လို့ ဆိုမလား"

သူမသည် ခန္ဓာကိုယ် အသာအယာ လှည့်လိုက်၏။ နောက်တွင် ပစ်ထားသော လက်တစ်ဖက်ကို ထုတ်ပြလိုက်သည်။

အဖြူရောင်အဝတ်ဖြင့် စည်းထားသော လက်ဖြစ်၏။ ရှောင်ဖုန်းက ကျိုးအောင်ချိုးထားသောလက် ဖြစ်လေသည်။

"မင်းရဲ့လက်ကို ရိုက်ချိုးခဲ့လို့ ငါ့လက်ကို အစားလိုချင်လို့လား"

ရှောင်ဖုန်းက ပြောရင်း လက်တစ်ဖက် ဆန့်ထုတ်လိုက်၏။

"မင်းလိုချင်တယ်ဆိုရင် ယူသွားနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မဆီမှာ လက်တစ်ဖက် အကြွေးရှိတယ်၊ အခု တော့ အသက်တစ်ချောင်းပါ အကြွေးရှိလာပြီ"

ရှောင်ဖုန်းက နှုတ်ခမ်းမဲ့ကာ ...

"မင်းလိုချင်ရင် အားလုံးယူသွား"

သူ၏ဟန်မူရာမှာ အကျိုးစုတ်တစ်ထည်ကို စွန့်ကြဲလိုက် သည့်အလား ဘာမျှအရေးထားပုံမရပါ။

မိန်းကလေးက သူ့အား အတန်ကြာ စိုက်ကြည့်လိုက်၏။ ထို့နောက် ထူးဆန်းသော မေးခွန်းတစ်ခု မေးလိုက်ပြန်လေသည်။

"ရှင်ဟာ လုံရှိုဖုန်းရဲ့သားမှ ဟုတ်ရဲ့လား"

"ဟုတ်တယ်"

"ရှင့်အဖေ သေသွားပြီဆိုတာ ရှင်သိရဲ့လား"

ရှောင်ဖုန်းက အံတင်းတင်း တစ်ချက်ကြိတ်လိုက်သည်။

"သိတယ်"

"ရှင့်အိမ် မီးလောင်ကျွမ်းသွားလို့ ပြာပုံဖြစ်သွားပြီဆိုတာ ကော သိသလား"

"သိတယ်"

"ရှင် သိတယ်လို့သာပြောတယ်၊ ရှင့်ရဲ့အမူအရာကို ကြည့် တော့ ဘာမှသိထားပုံမရပါဘူး"



"ဘာလဲ ... ဒါတွေကို ကျုပ်သိတယ်ဆိုတာ ခင်ဗျားသိ အောင် ရင်ဘတ်စည်တီးပြီး ငိုပြရမှာလား"

မိန်းကလေးက သူ့အား အတန်ကြာ စိုက်ကြည့်လိုက်ပြန် လေသည်။

"အခု ... ရှင့်မှာ ဘာမှမရှိတော့ဘူး၊ အသက်တစ်ချောင်းပဲ ကျန်တော့တယ်"

"အဲဒါ ဘာဖြစ်သလဲ"

"ရှင့်အသက်ကို ကျွန်မ အချိန်မရွေး ယူသွားနိုင်တယ်ဆိုတာ ကော ရှင် သိရဲ့လား"

"သိတယ်"

မိန်းကလေး သက်ပြင်းချလိုက်သည်။

"ဒါပေမဲ့ ရှင့်ကိုကြည့်ရတာ ဒါတွေ လုံးဝမသိသလိုပဲ"

"ကျုပ်က ဒီလိုပဲနေတတ်တယ်"

ရှောင်ဖုန်း၏ဟန်မူရာမှာ လွန်စွာအေးစက်စက်နိုင်လှလေ သည်။

"ရှင်က ဘာကိုပဲကြုံရကြုံရ ဒီအတိုင်းပဲလား"

"ကျုပ် ဒီလိုနေတာကို မကြည့်ချင်ရင် ခင်ဗျား မကြည့်နဲ့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က လူမှ ဟုတ်ရဲ့လား"

"ဟုတ်တယ်လို့ ထင်တာပဲ"

မိန်းကလေးသည် သူ့အား အတန်ကြာ စိုက်ကြည့်ပြီးနောက် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထို့နောက် ချာခနဲလှည့်၍ ထွက်ခွာသွားရန် ခြေလှမ်းလှမ်းလိုက်သည်။

"ခဏလေး နေပါဦး"

ရှောင်ဖုန်းက လှမ်းတားသဖြင့် ...

မိန်းကလေးက ခြေလှမ်း ရပ်တန့်လိုက်သည်။

"ဘာလုပ်မလို့လဲ၊ ကျွန်မကို အဖော်အဖြစ် နေခိုင်းမလို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့်"

"ကျူပ်ဆီမှာ အကြွေးရှိရင် ဘာကြောင့်ယူမသွားတာလဲ"

ရှောင်ဖုန်း၏စကားကြောင့် မိန်းကလေးက ရယ်မောလိုက်သည်။

"ရှင့်လိုလူစားမျိုးရဲ့အသက်ကို ရှင်ကိုယ်တိုင်တောင် အလေးအနက်မထားတာ၊ ကျွန်မက ဘာလုပ်ဖို့ ယူသွားရမှာလဲ"

"ဒါပေမဲ့ ..."

ရှောင်ဖုန်း၏စကားမဆုံးမီ မိန်းကလေးက ကြားဖြတ်ပြော လိုက်၏။

"ဒါပေမဲ့ တစ်နေ့ ကျွန်မ စိတ်လိုလာတဲ့အခါ ကျွန်မ လာမှာ၊ ရှင်စောင့်နေပါ"

သူမသည် စကားဆုံးသွားသည်နှင့် ချာခနဲလှည့်ကာ ထွက်ခွာသွားလေသည်။

ရှောင်ဖုန်းသည် သူမ၏ကြော့ရှင်းသော ခန္ဓာကိုယ် ပျောက်ကွယ်သွားသည်အထိ ထိုနေရာတွင် လဲလျောင်းကျန် ရစ်ခဲ့လေသည်။

❄

လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသည်။

ရော်ရွက်များသည် ရှောင်ဖုန်း၏ကိုယ်ပေါ်သို့ တဖြုတ်ဖြုတ်ကြွေကျနေ၏။

သူသည် လုံးဝမလှုပ်ရှားသေးဘဲ ငြိမ်သက်စွာ လဲလျောင်းနေဆဲ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"အခု ရှင့်မှာ အသက်တစ်ချောင်းကလွဲလို့ ဘာမှမရှိတော့ဘူး"

ထိုမိန်းကလေးသည် သူ၏ပိုင်ဆိုင်မှုအားလုံးကို ဖျက်ဆီးခဲ့သည်။ သို့သော် သူ၏အသက်ကိုမူ ကယ်တင်ခဲ့လေသည်။

သူမသည် အဘယ်ကြောင့် သူ၏အသက်ကို ကယ်ခဲ့ရသနည်း။

သူ အသက်ရှင်လျက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်စေရန် တမင် ရည်ရွယ်ခြင်းလော။

"ရှင့်လိုလူမျိုးရဲ့အသက်ကို ရှင်ကိုယ်တိုင်ကတောင် တန်ဖိုးမထားတာ၊ ကျွန်မက ယူသွားပြီး ဘာလုပ်ဖို့လဲ"

အမှန်တော့ သူသည် သူ၏အသက်ကို လုံးဝ အရေးမထားတော့ပါ။ ထိုမိန်းကလေးသည် သူ၏ပိုင်ဆိုင်မှု အားလုံးကို လုယူသွားသည်။ သူ၏ရင်ထဲ၌ ကြည်ညိုလေးစားသော ဖခင်အပေါ် ပုတ်ခတ်ပြောဆိုသွားခဲ့သေး၏။

သူမသည် သူ့ဖခင်၏လျှို့ဝှက်ချက်များကို ပြောပြလိုက်သောအခါ သူသည် သေလိုသည့်ဆန္ဒများ ဖြစ်ပေါ်ခဲ့သေး၏။

ယခုမှာမူ သူသည် စိတ်ငြိမ်သက်သာလာပြီဖြစ်ရာ သေ၍မဖြစ်သေးသည်ကို တွေးမိလာလေသည်။



"သား … မင်းမသေရဘူး၊ ချင်းချင်းကို တွေ့အောင်ရှာရမယ်၊ သူက လိမ္မာတယ်၊ ငါတို့မိသားစုအတွက် မျိုးဆက်ပွားပေးမှာပါ"

သူ၏မိခင် မှာကြားသွားသော စကားများကို ပြန်လည်ကြားယောင်လာလေသည်။

"ချင်းချင်း"

သူ၏နှလုံးသားက ထိုအမည်အား တမ်းတမ်းတတ ခေါ်မိ၏။ ထိုအမည်သည် သူ၏တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည်။ သူ့ဘဝတစ်ခုလုံး၏မျှော်လင့်ချက်လည်း ဖြစ်လေသည်။

❄

ချောင်းရေသည် ကြည်လင်၍ အေးမြနေ၏။

တသွင်သွင်စီးဆင်းနေသော ချောင်းရေပေါ်တွင် ပွင့်ဖတ်ကလေးများ မျောပါသွားနေ၏။

ရှောင်ဖုန်းသည် နာကြည်းမှုကို အံကြိတ်၍ခံရင်း ချောင်းရေထဲသို့ ခုန်ဆင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်သောချောင်းရေသည် သူ၏ခြစ်ခြစ်တောက် ပူလောင်နေသော ခန္ဓာကိုယ်အား အေးစိမ့်သွားစေလေသည်။

သူ၏ဦးနှောက်ကိုလည်း ကြည်ကြည်လင်လင် ဖြစ်လာစေလေသည်။ သူသည် ချောင်းရေထဲ၌ စိမ်နေ၏။

ဖြစ်ပျက်ခဲ့သော အဖြစ်များကို ခေတ္တမေ့ချင်သည်။ သို့သော် မေ့၍မရပါ။ ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးတို့သည် တစ်စုတစ်ဝေးတည်း ပေါ်လာပြန်လေသည်။

သူသည် ရေထဲမှ ခုန်တက်လိုက်သည်။ ထို့နောက် ချောင်းကလေးအတိုင်း အစွမ်းကုန် ပြေးလွှားသွားလေသည်။

ပိန်းစိုက်ခင်းတစ်ခုအား ဖြတ်ကျော်လိုက်သောအခါ တောင်တန်းတစ်ခုကို လှမ်းမြင်လိုက်ရလေသည်။

တောင်ခြေရင်းတွင် ရွာကလေးတစ်ရွာရှိသည်။ ရွာကလေးထဲ၌ သေးငယ်သော အရက်ဆိုင်နှင့် ခေါက်ဆွဲဆိုင်တစ်ဆိုင် ရှိသည်။

ထိုဆိုင်ကလေးမှာ အကောင်းဆုံးနှင့် မွှေးကြိုင်သော ချက်အရက်များ ရှိသည်။ သူသည် ချင်းချင်းအား ခေါ်၍ ဤအရက်ဆိုင်ထဲ၌ သူ၏အရင်းနှီးဆုံးမိတ်ဆွေဖြစ်သော ကျင်းချွမ်းအား စောင့်ခဲ့ဖူးသည်။

ထို့နောက် သူတို့သုံးယောက်သည် လူငယ်များပီပီ ပျော်ရွှင်ရွှင် စားသောက်ပြောဆိုရင်း အချိန်ကုန်ခဲ့လေ၏။



ထိုအချိန်သည် သူတို့၏ဘဝတစ်သက်တာ၌ အပျော်ရွှင်ဆုံးအချိန်ဖြစ်ခဲ့သည် မဟုတ်ပါလော။

"ချင်းချင်းကို ခေါ်ပြီး ဒီအရက်ဆိုင်မှာ ငါ့ကိုစောင့်ပါ။ ဘယ်လောက်ကြာကြာ စောင့်ရစောင့်ရ ငါလာတဲ့အထိ စောင့်ပါ။ သူက သွားမယ်ဆိုလည်း မင်းက အစွမ်းကုန် တားထားပါ"

ဤစကားသည် သူက ကျင်းချွမ်းအား ကြိုတင်မှာကြားခဲ့သော စကားများဖြစ်သည်။

သူသည် ထပ်တာလဲလဲ မှာကြားခြင်း မပြုပါ။

အဘယ်ကြောင့် ယင်းကဲ့သို့ သူ့အား မှာကြားသည်ကိုလည်း ပြောမပြပါ။ ကျင်းချွမ်းလည်း မမေးပါ။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အလွန်စိတ်ချ ယုံကြည်ကြသည့်သူငယ်ချင်းများ ဖြစ်သည်မဟုတ်ပါလော။

❄

တောင်တန်းမှာ ဝေးလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းသည် မြင်းတစ်ကောင်ဖြစ်စေ၊ မြင်းလှည်းတစ်စီးဖြစ်စေ တစ်ခုခုကို ရယူလိုသောဆန္ဒ ပြင်းပြနေ၏။

သို့သော် လမ်းတစ်လျှောက်လုံးတွင် မြင်းလှည်းကိုသာ တွေ့ခဲ့ရပြီး မြင်းလှည်းဆွဲမည့်မြင်းကို လုံးဝမတွေ့ရဘဲရှိ၏။

ထို့ကြောင့် သူသည် အံကို တင်းတင်းကြိတ်၍ ဆက်လက်ပြေးလွှားသွားနေရသည်။ သူ၏မျက်နှာတစ်ခုလုံးမှာ ချွေးများသွေးများဖြင့် ပေကျံလျက် ရှိနေလေသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှ အရိုးများသည် တစ်စစီပြုတ်ထွက်သွားတော့မည့်အလား ထင်မှတ်ရ၏။

သို့သော် မည်မျှဝေးလံသော ခရီးဖြစ်ပါစေ၊ မည်မျှကြမ်းတမ်းသောလမ်းဖြစ်ပါစေ ... ရောက်လိုသောဆန္ဒရှိလျှင် ရောက်နိုင်မည့်အချိန်ရှိမှာ ,သေချာ၏။

နောက်ဆုံး ရှောင်ဖုန်းသည် ရွာကလေးအား မြင်တွေ့လိုက်ရလေသည်။ အရက်ဆိုင်မှ ထောင်ထားသော အဝတ်ဆိုင်းဘုတ်ကိုလည်း တွေ့မြင်လိုက်ရလေသည်။

လမ်းဆုံးလျှင် ရွာတွေ့မည် မဟုတ်ပါလား။

*❄*



## အခန်း (၇)

ဤနေရာသည် ...

ခရီးလမ်းဆုံနေရာ မဟုတ်ပါ။ အလွန် စည်ကားသော ရွာကလေးလည်း မဟုတ်ပါ။

ဤနေရာသို့ လာရောက်၍ အရက်သောက်ကြသော လူများသည် ဤဆိုင်ကလေးမှ ကိုယ်တိုင်ချက်သောအရက်ကို နှစ်သက်၍ လာရောက်သောက်ကြသော လူများသာ ဖြစ်လေသည်။

မက်မန်းရွာကလေးက အရက်သည် ကျော်ကြားသော အရက်ဟုမဆိုသာသော်လည်း ရွာကလေး၏အနီးတစ်ဝိုက် လီပေါင်းတစ်ရာကျော်တွင် နေထိုင်ကြသော လူများက ထိုအရက်ကို သိကြသည်။ ကြိုက်လည်း ကြိုက်ကြလေသည်။

❄

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်များ ဆွတ်ဆွတ်ဖြူဖွေးနေသော ဆိုင်ရှင်အဘိုးအိုသည် အရက်ကောင်တာတွင် ထိုင်၍ ပျံသန်းနေသော ယင်ကောင်များအား ခြောက်နေ၏။

ကောင်တာပေါ်၌ အရက်နှင့်မြည်းရန် ဟင်းလျာပန်းကန်များ ရှိသည်။ အဖြူရောင် ဇာပဝါဖြင့် ဖုံးအုပ်ထားလေသည်။

အေးအေးဆေးဆေး စားသောက်နေကြသော ဧည့်သည်များမှာ အေးအေးချမ်းချမ်း ရှိလှပေသည်။

ဤနေရာသည် အလွန်တိတ်ဆိတ်ပြီး အေးချမ်းလှသော နေရာတစ်ခု ဖြစ်ပေသည်။

သို့သော် အရက်ဆိုင်ထဲသို့ ရှောင်ဖုန်း တစ်ဟုန်ထိုးပြေးဝင်လာသောအခါ ဆိုင်ပိုင်ရှင်နှင့် စားသောက်နေကြသောလူများ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြရတော့၏။

ဝိုင်းကြည့်နေကြသော လူများ၏ဟန်မူရာများကို တွေ့မြင်လိုက်ရတော့မှ မိမိ၏ပုံဟန်မှာ မည်မျှကြောက်ရွံ့ဖွယ်ရာကောင်းနေသည်ကို ရှောင်ဖုန်း သတိပြုမိတော့သည်။

မည်သူက သူ့အား မည်ကဲ့သို့ ထင်သည်ဖြစ်စေ သူက မမှုပါ။



သူအလွန်သိလိုသည်မှာ ချင်းချင်းနှင့်ကျင်းချွမ်းတို့က သူ့အား စောင့်နေခြင်း ရှိမရှိသာ ဖြစ်သည်။

သို့သော် ချင်းချင်းနှင့်ကျင်းချွမ်းတို့အား မတွေ့ရပေ။ သူတို့ မည်သည့်နေရာသို့ ရောက်သွားပါသနည်း။

ရှောင်ဖုန်းသည် ကောင်တာရှိရာသို့ ပြေးသွားသည်။ အရက်ဆိုင်ရှင်က သူ့အား မှတ်မိသွားသည်။

"ဟင် ... မင်း ... မင်း ... ဘယ်လိုဖြစ်လာတာလဲ"

ရှောင်ဖုန်း မဖြေအားပါ။ သူက အလောတကြီး ပြန်မေးလိုက်သည်။

"တစ်နေ့ညတုန်းက ကျွန်တော်နဲ့အတူ မိန်းကလေးတစ်ယောက်နဲ့ မိတ်ဆွေတစ်ယောက် ရောက်လာတာကို မှတ်မိသေးလားဗျ"

"ကောင်းကောင်း မှတ်မိတာပေါ့၊ ကျုပ်ဆိုင်မှာ ဘယ်မိန်းကလေးမှ မရောက်ဖူးပဲ"

"ဒီနေ့ သူတို့ ဒီကို ရောက်လာသေးလား"

"ဟုတ်ကဲ့၊ မနက်တုန်းက ရောက်လာပါတယ်"

"အခုကော သူတို့ ဘယ်မှာလဲ"

"သွားပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းက ဆိုင်ရှင်အဘိုးအို၏လက်ကို ဖမ်းဆွဲလိုက်သည်။ သူ၏အသံမှာလည်း တုန်ခါသွား၏။

"သူများက သူတို့ကို လာခေါ်သွားတာလား"

"မဟုတ်ပါဘူး၊ သူတို့က ဆန်ပြုတ်နှစ်ခွက် သောက်ပြီးတာနဲ့ အရက်တော်ဝင် မသောက်တော့ဘဲ ထွက်သွားကြတာပါ"

"သူတို့ ဘာကြောင့် ထွက်သွားကြတာလဲ၊ ဘာဖြစ်လို့ ကျွန်တော့်ကို မစောင့်ကြတာလဲ"

ဆိုင်ရှင်က သူ့အား ကြည့်လိုက်သည်။ ထိုမေးခွန်းသည် ပေးရန် မလိုအပ်သော မေးခွန်းဖြစ်သည်။

ယနေ့ ရှောင်ဖုန်း၏ပုံဟန်မှာလည်း ရူးသွပ်နေသလားဟု ပင် ထင်မှတ်မှားနိုင်လောက်သည်။

"သူတို့ ဘာမှမပြောဘူး၊ သူတို့ ဘာကြောင့် သွားကြတယ်ဆိုတာလည်း ကျုပ် မသိဘူး"

ရှောင်ဖုန်းသည် ဆိုင်ရှင်၏လက်ကို ပြန်လွှတ်လိုက်ပြီးနောက်သို့ အလိုလို ဆုတ်သွားမိလေသည်။

"သူတို့ ဘယ်အချိန်က ထွက်သွားကြတာလဲ"

"အတော်ကြာသွားပါပြီ၊ ဒီမှာ ခဏလေးပဲ နားပြီးထွက်သွားကြတာ"



"ဘယ်ဘက်ကနေ သွားကြတာလဲ"

ဆိုင်ရှင်က အနည်းငယ် စဉ်းစားပြီးမှ ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ကျုပ် သတိမထားမိဘူး"

"သူတို့ ဘာများမှာသွားခဲ့သေးသလဲ"

"ဘာမှ မှာမသွားပါဘူး"

ရှောင်ဖုန်းသည် စိတ်ပျက်သွားဟန်ဖြင့် စားပွဲတစ်လုံးအနီးသို့ သွားရောက်ထိုင်ချလိုက်သည်။

"သူတို့ ပြန်လာလိမ့်မယ်ထင်တယ်၊ ငါ ဒီကနေ စောင့်လိုက်ဦးမယ်"

သူသည် ယင်းသို့ စဉ်းစားပြီးနောက် အရက်တစ်အိုး မှာကြားလိုက်လေသည်။

သူသည် အရက်သောက်ရင်း စဉ်းစားနေ၏။

"သူတို့ ဘာဖြစ်လို့ ငါ့ကို မစောင့်ကြတာလဲ"

"သူထွက်သွားမယ်ဆိုရင် ကျင်းချွမ်းက တားရမှာပေါ့၊ သူက ဘာကြောင့် မတားတာလဲ"

"ကျင်းချွမ်းက သူစောင့်နေပါ့မယ်လို့ ကတိပေးသွားတယ်"

ဤမေးခွန်းများသည် သူ၏ရင်ထဲ၌ ဖြစ်ပေါ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

သူသည် ကျင်းချွမ်းအပေါ် ယုံကြည်စိတ်ချသည်။

ကျင်းချွမ်းသည် မည်သည့်အခါမျှ ကတိမပျက်ခဲ့ပါ။ သူသည် အရက်ပန်းကန်ယူ၍ သောက်လိုက်လေသည်။

❄

အချိန်သာ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ သူတို့ ရောက်ရှိလာခြင်း မရှိပါ။

ရောင်ဖုန်းသည် အရက်အလွန်အကျွံ သောက်ထားပြီး ဖြစ်သည်။ အရက်မူးခြင်းသည် မည်သည့်ပြဿနာကိုမှ ဖြေရှင်းနိုင်မည် မဟုတ်ပါ။

မည်သည့်အရာကိုမျှလည်း အဆုံးအဖြတ် ပေးနိုင်မည် မဟုတ်ပါ။

ဆိုင်ရှင်အဘိုးအိုက သူ့အား ကြည့်နေ၏။ ကိုယ်ချင်းစာနာသော အကြည့်မျိုး ဖြစ်သည်။

သူ၏အတွေ့ကြုံရင့်ကျက်သော မျက်လုံးအစုံသည် ဖြစ်ပျက်သည့်အခြေအနေအား အနည်းငယ် ရိပ်စားမိလိုက်ပုံရ၏။



"သြော် ... မိန်းမ ... မိန်းမ"

မိန်းမဆိုသည်မှာ ဒုက္ခပေးတတ်သည့်အမျိုးပင် ဖြစ်သည်။

အဘယ်ကြောင့် မိန်းမအတွက်နှင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေကြပါသနည်း။

သူသည် သက်ပြင်းတစ်ချက်ချပြီး စားပွဲရှိရာသို့ လျှောက်သွားလေသည်။

ထို့နောက် ရောင်ဖုန်းရှေ့တွင် ထိုင်ချလိုက်ပြီး ...

"မင်းရဲ့မိတ်ဆွေက ကျင်းချွမ်း ... ဟုတ်လား"

ရောင်ဖုန်းက ခေါင်းညိတ်လိုက်၏။ ဆိုင်ရှင်အဘိုးအိုက ...

"အဲဒီကျင်းချွမ်းဆိုတဲ့ သူငယ်က ရပ်ဝေးက ရောက်လာတာလို့ ကြားတယ်၊ သူက ဒီရွာကိုလာပြီး စာကျက်ဖို့နဲ့ ဓားပညာသင်ဖို့ ဆိုတာ သိရတယ်၊ သူနေတာက ကွမ်ရင်မယ်တော်ရဲ့ဘုံကျောင်း နောက်ဘက်က ပန်းခြံထဲမှာလို့ သိရတယ်"

အဘိုးအိုက ရောင်ဖုန်းကို လှမ်းကြည့်ကာ ...

"ဟုတ်တယ်မို့လား"

ရောင်ဖုန်းက ခေါင်းညိတ်လိုက်၏။ ဆိုင်ရှင်အဘိုးအိုက ...

"သူတို့ ပြန်သွားကြပြီနဲ့ တူတယ်၊ မင်းက အဲဒီကို ဘာ ကြောင့် လိုက်သွားတာလဲ"

www.burmeseclassic.com

ရှောင်ဖုန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဆိုင်ရှင်အဘိုးအိုစကားကြောင့် သူ သတိရလာလေသည်။ ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်၏။

အရက်ဖိုးပင် ပေးမသွားတော့ဘဲ တစ်ဟုန်ထိုး ပြေးလွှားသွားလေတော့၏။ အဘိုးအိုက သူ၏နောက်ကျောကို ကြည့်ရင်း သက်ပြင်းချမိလေသည်။

"ယောကျ်ားနှစ်ယောက်၊ မိန်းမချောလေးတစ်ယောက်"

သူက ခေါင်းတစ်ချက် ခါယမ်းလိုက်၏။ ထို့နောက် နှုတ်မှ တိုးတိုး ရေရွတ်လိုက်လေသည်။

"ပြဿနာမတက်ဘဲ ဘယ်နေပါ့မလဲ"

❄

ကွမ်ရင်မယ်တော် ဘုံကျောင်း။

ကွမ်ရင်မယ်တော် ဘုံကျောင်း နောက်ဘက်တွင် မကျဉ်းမကျယ်သော စိုက်ခင်းတစ်ခု ရှိ၏။ သို့ရာတွင် စိုက်ခင်းထဲ၌ ပန်းပင်များများစားစား မရှိပါ။



သို့သော် ပွင့်နေသော ပန်းများက လှပ၍ ချစ်စရာကောင်းလှပေသည်။ ကျင်းချွမ်းသည် ပညာတတ်တစ်ယောက်ဖြစ်၏။

သူသည် ကဗျာစပ်တတ်၏။ စောင်းတီးတတ်၏။ ထို့ပြင် ပန်းများလည်း စိုက်ပျိုးတတ်သည်။

ပန်းစိုက်ပျိုးခြင်းသည် ပညာတစ်ရပ် ဖြစ်သည်။ ခြံဝင်း၏ တံခါးကို အသာအယာ စေ့ထား၏။

သို့သော် ဝါးအိမ်တံခါးမှာ သော့ခတ်ထားသည်။

တံခါး သော့ခတ်ထားခြင်းသည် အခန်းထဲ၌ လူမရှိကြောင်း ဖော်ပြနေ၏။ သို့သော် ရှောင်ဖုန်းက ဤအချက်ကို မစဉ်းစားနိုင်တော့ပါ။

ပခုံးဖြင့် တံခါးကို ဆောင့်ဖွင့်လိုက်၏။ အခန်းထဲသို့ ဝင်ရောက်သွားသည်။

ဤနေရာသို့ သူရောက်ခဲ့ဖူး၏။ ဤအခန်းသည် သပ်ရပ်သန့်ရှင်းသော အခန်းဖြစ်သည်။

အခန်း၏ညာဘက်ထောင့်၌ ခုတင်ရှိသည်။

ပြတင်းပေါက်ရှေ့၌ စားပွဲတစ်လုံး ရှိနေ၏။ စားပွဲပေါ်၌ စောင်းစစ်တုရင်နှင့် ဆွဲလက်စတန်းလန်း ပန်းချီကားတစ်ချပ် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နံရံပေါ်၌ ဓားတစ်လက် ချိတ်ဆွဲထား၏။ ဤသည်မှာ သူ ယခင်ရောက်ခဲ့စဉ်က တွေ့မြင်ခဲ့ရသော မြင်ကွင်းဖြစ်သည်။

သို့သော် ... ယခု သူက တံခါးဆောင့်တွန်း၍ အခန်းထဲသို့ ဝင်ရောက်သွားသောအခါ ခုတင်တစ်လုံးမှလွဲ၍ ရှိသမျှပစ္စည်းအားလုံး တစ်ခုမျှ ရှိမနေတော့ချေ။

ပြတင်းပေါက်၏ဘောင်ပေါ်၌ မီးပုံးအိမ်တစ်လုံးသာ ရှိ၏။ ရှောင်ဖုန်းက စိတ်ပျက်စွာဖြင့် ထိုင်ချလိုက်သည်။

ခုတင်ပေါ်သို့ ထိုင်ချလိုက်ခြင်း ဖြစ်သည်။ ထို့နောက် ဟာလာဟင်းလင်းဖြစ်နေသော အခန်းကိုကြည့်နေမိ၏။

ယခု သူနားလည်လိုက်သည်မှာ ကျင်းချွမ်း ထွက်ခွာသွားပြီ ဖြစ်၏။ ချင်းချင်းအားခေါ်၍ ထွက်ခွာသွားခြင်း ဖြစ်ပေသည်။

သူ လုံးဝ မယုံကြည်ပါ။ ယုံလည်း မယုံကြည်ချင်ပါ။

သို့သော် လက်တွေ့ကား လက်တွေ့ဖြစ်၏။ မယုံကြည်၍လည်း မရပါ။

သူ၏မျက်ဝန်းအစုံ၌ မျက်ရည်များ စီးဆင်းကျလာလေသည်။

သူသည် မျက်ရည်ကျလွယ်သူတစ်ယောက်ဖြစ်၏။ သို့

www.burmeseclassic.com



လူတစ်ယောက်သည် တကယ်ဝမ်းနည်းပကီလက်ဖြစ်မှသာ မျက်ရည်ကျတတ်သည် မဟုတ်ပါလော။

သူသည် နွေးထွေးသော မိသားစု အသိုက်အဝန်းမှ ကြီးပြင်းလာသူ ဖြစ်၏။

မိဘ၏မေတ္တာအရိပ်အောက်၌ ခိုလှုံခဲ့၏။ အလွန်ချစ်ခင်ဖွယ်ရာကောင်းသော ချစ်သူတစ်ယောက် ရှိခဲ့သည်။

သစ္စာရှိသော မိတ်ဆွေတစ်ယောက်လည်း ရှိခဲ့ဖူး၏။ သို့သော် ယခုအခါတွင် သူ့၌ အသက်တစ်ချောင်းမှလွဲ၍ အခြားဘာမျှ မရှိတော့ချေ။

သူသည် ဖြည်းလေးစွာဖြင့် လဲလျောင်းလိုက်သည်။ မိမိအပေါ် သစ္စာဖောက်သော မိတ်ဆွေတစ်ယောက်၏ခုတင်ပေါ်၌ လဲလျောင်းလိုက်ခြင်း ဖြစ်ပေသည်။

ရှောင်ဖုန်းသည် အတွေးများကို ဖျောက်ဖျက်ပစ်လိုက်၏။ ဘာကိုမျှ တွေးတောစဉ်းစား မနေလိုတော့ပေ။

ဘဝလမ်းခရီးကို ရှေ့ဆက် မည်သို့လျှောက်လှမ်းရမည်ကို မသိလောက်အောင် ဖြစ်နေလေပြီ။

❄

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးသည် စေ့ရုံမျှသာ စေ့ထား၏။

လေတစ်ချက် ဝှေ့ယမ်းတိုက်ခိုက်လာသောအခါ တံခါးပွင့်သွားလေသည်။

တံခါးပွင့်သွားသည်နှင့် တံခါးဝတွင် လူရိပ်တစ်ရိပ် ပေါ်လာလေသည်။ ကိုယ်လုံးသွယ်သွယ်ရှိသော လူရိပ်တစ်ခု ဖြစ်သည်။

သူဝတ်ဆင်ထားသော အင်္ကျီမှာ ဆွတ်ဆွတ်ဖြူဖွေးနေ၏။ ရောင်ဖုန်းက ထင်ရှားထိုင်ခြင်း မရှိပါ။ လှည့်၍လည်း မကြည့်ပါ။ သို့သော် သူမ ရောက်လာနေသည်ကိုတော့ သူက သိလိုက်၏။ သူမက သူ့ထံသို့ လျှောက်လာသည်။

ခုတင်ရှေ့၌ ရပ်၍ သူ့အား စိုက်ကြည့်နေ၏။

လရောင်သည် သူမ၏မျက်နှာပေါ်တွင် ဖုံးအုပ်ထားသော ဇာပဝါပေါ်သို့ ထိုးကျနေသည်။

ရောင်ဖုန်းသည် သူမ ရောက်ရှိနေပြီဟု သိထားသော်လည်း လုံးဝ သတိပြုမိဟန် မပေါ်ပါ။

သူ၏ရင်ထဲ၌ တသွင်သွင် ခေါ်နေသည်မှာ ချင်းချင်း၏ အမည်သာ ဖြစ်သည်။



သူသည် ချင်းချင်းအပေါ် အပြစ်မတင်ပါ။

သူမ အလွန်စိတ်ထိခိုက်သွားသည်ကို သူ ကိုယ်ချင်းစာနာမိ၏။ ထို့ကြောင့် သူမအနေဖြင့် မည်သည့်အမှားကို ကျူးလွန်ခဲ့သည် ဆိုစေဦးတော့ သူက ခွင့်လွှတ်မည်သာ ဖြစ်သည်။

သူက ဝမ်းနည်းခြင်းမက ဝမ်းနည်းမိသည်မှာ သူ အဘယ်ကြောင့် သူမအား ရက်ရက်စက်စက် မောင်းထုတ်လိုက်သည်ကို သူမ သိမသွားခြင်းအတွက် စိတ်ထိခိုက်မိခြင်း ဖြစ်သည်။

သူက ယင်းကဲ့သို့ ရက်ရက်စက်စက် မောင်းထုတ်လိုက်ခြင်းမှာ သူမအပေါ် အလွန်ချစ်မြတ်နိုးသောကြောင့် ဖြစ်လေသည်။

ဤအကြောင်းကို သူမသာ သိနိုင်မည်ဆိုလျှင် သူသည် မည်မျှပင် ဒုက္ခရောက်စေကာမူ စိတ်ကျေနပ်မိမည်သာ ဖြစ်သည်။

ဇာပဝါနှင့် မိန်းကလေးက ခုတင်ပေါ် ထိုင်ချလိုက်သည်။ သူမ၏လက်ထဲတွင် ယခုမှ ခူးထားသော ပန်းကလေးတစ်ပွင့်ကို ကိုင်ထား၏။

သူသည် ပန်းကိုမကြည့်ဘဲ သူမအား စိုက်ကြည့်နေသည်။ သူမက မေးလိုက်သည်။

"ရှင့်လို ယောကျ်ားမျိုးမှာ ချစ်သူတော့ ရှိပြီးပြီပေါ့၊ သူက ဘယ်သူလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်း ပါးစပ်ပိတ်ထား၏။ မျက်လုံးသည် မှိတ်ထားလိုက်လေသည်။ သူမက ပြုံးလိုက်သည်။

"သူ ဘယ်သူလဲဆိုတာ ကျွန်မ မသိပေမယ့် ရှင်က သူ့ကို ဒီရွာကလေးမှာ ချိန်းထားတယ်ဆိုတာတော့ သိတယ်"

"မင်း ဘာကို သိထားသေးသလဲ"

"သိတာပေါ့၊ သူဟာ အခုဒီမှာ ရှင့်ကို စောင့်မနေဘူး၊ ဘာဖြစ်လို့လဲဆိုရင် ရှင့်မှာ အလွန်ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်ရှိသေးတယ်"

သူမက စကားဆက်လိုက်၏။

"အခု ရှင့်ရဲ့ချစ်သူက ရှင့်ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းနဲ့ အတူတူ ထွက်သွားကြပြီ၊ သူတို့ ဘယ်မှာရှိကြမလဲဆိုတာကို ရှင် ဘယ်တော့မှ သိရမှာ မဟုတ်တော့ဘူး"

ရှောင်ဖုန်းက မျက်လုံးဖွင့်လိုက်သည်။

"သူတို့ ဘယ်မှာ ရှိတယ်ဆိုတာ မင်း သိလို့လား"

"မသိဘူး၊ သိလည်း ရှင့်ကို ပြောပြမှာ မဟုတ်ဘူး"

ရှောင်ဖုန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်း ဘယ်တော့မှ ပြောပြမှာ မဟုတ်ပါဘူး"

မိန်းကလေးက ...



"အခု ရှင့်မှာ ဘာတွေရှိသေးလဲ"

"အသက်တစ်ချောင်း"

"ဒီအသက်တစ်ချောင်းဟာ ကျွန်မ ပိုင်တယ်ဆိုတာ ရှင် မမေ့သင့်ဘူး၊ ရှင်းရှင်းပြောရမယ်ဆိုရင် ရှင့်မှာ အသက်တစ်ချောင်း ကျန်တာမဟုတ်ဘူး၊ အသက်တစ်ပိုင်းပဲ ကျန်တော့တာ"

"ဘာဖြစ်လို့လဲ"

မိန်းကလေးက ...

"ရှင့်မှာ နံရိုးနှစ်ချောင်း ကျိုးထားတယ်၊ ကိုယ်ပေါ်မှာ ရရှိထားတဲ့ ဓားဒဏ်ရာနဲ့ မီးလောင်ထားတဲ့ ဒဏ်ရာတွေဟာ ဘယ်လောက်များသလဲဆိုတာ မသိဘူး၊ အခုထိ ရှင် အသက်ရှင်နိုင်နေသေးတာ တော်တော်ထူးတယ်"

ရှောင်ဖုန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါလိမ့်မယ်"

မိန်းကလေး၏အသံမှာ ပို၍ပျော့ပျောင်းလာလေသည်။

"ကျွန်မသာ ရှင်ဖြစ်ခဲ့ရင် လူပေါင်းတစ်သောင်းက ကျွန်မကို ဒူးထောက်ပြီး တောင်းပန်ရင်တောင် ကျွန်မ ဆက်ပြီး အသက်ရှင်ချင်တော့မှာ မဟုတ်ဘူး"

ရှောင်ဖုန်းက နှုတ်ခမ်းတစ်ချက် မဲ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါမဟုတ်ဘူး၊ ငါလည်း မင်းမဟုတ်ဘူး"

"ရှင် အသက်ရှင်ပြီး နေသွားချင်သေးသလား"

"နေချင်တယ်"

"အသက်ရှင်နေတော့ကော ဘာအဓိပ္ပာယ်များ ရှိမှာလဲ"

"ဘာအဓိပ္ပာယ်မှ မရှိပါဘူး"

"အဓိပ္ပာယ်မှမရှိရင် ဘာဖြစ်လို့ အသက်ရှင်ချင်နေရသေးသလဲ"

"ကျုပ်က အသက်ရှင်နေသေးတာပဲ၊ လူတစ်ယောက်ဟာ မသေသေးရင် အသက်ဆက်လက်ရှင်နေမှာပေါ့"

သူ့အသံသည် အလွန်တည်ငြိမ်လှပေသည်။ မိန်းကလေးသည် သူ့အား အတန်ကြာစိုက်ကြည့်လိုက်ပြန်လေသည်။ ထို့နောက် သက်ပြင်းတစ်ချက် ချလိုက်၏။

"ရှင့်ကို စကားတစ်ခွန်းထပ်ပြီး မေးချင်သေးတယ်"

"မေးပါ"

"ရှင်ဟာ လူတစ်ယောက်မှ ဟုတ်သေးရဲ့လား၊ အသက်ရှင်နေတဲ့လူ ... တစ်ယောက်မှ ဟုတ်သေးရဲ့လား"

ရှောင်ဖုန်း သက်ပြင်းချလိုက်သည်။

"အခု မဟုတ်တော့ပါဘူး"



"ဒါဖြင့် ရှင်က ဘယ်သူလဲ"

ရှောင်ဖုန်းက မျက်လုံးပြူး၍ ခေါင်းမိုးပေါ်သို့ ကြည့်နေ၏။ ထို့နောက် စကားတစ်လုံးချင်း ပြောချလိုက်သည်။

"ဘာမှမဟုတ်ဘူး"

မိန်းကလေးက မျက်မှောင်ကြုတ်သွား၏။

"ဘာမှမဟုတ်ဘူး"

"အင်း"

"အဲဒါက ဘာအဓိပ္ပာယ်လဲ"

"အဓိပ္ပာယ်ကတော့ နင် ငါ့ကို ဘာပြောချင်တာလဲ၊ ငါက အဲဒါပဲ ဖြစ်မယ်"

မိန်းကလေးက ပြုံးလိုက်၏။

"ကျွန်မက ရှင့်ကို တိရစ္ဆာန်လို့ ပြောရင်"

"ဒါဖြင့် ငါက တိရစ္ဆာန်ပဲ"

သူသည် ရုတ်တရက် သူမ၏လက်အား ဆွဲလိုက်လေသည်။ တအားဆွဲလိုက်ခြင်း ဖြစ်သည်။ သူမ လဲကျသွား၏။ သူ့ရင်ခွင်ထဲသို့ လဲကျသွားခြင်း ဖြစ်လေသည်။

❄

www.burmeseclassic.com

www.burmeseclassic.com



လရောင်သည် ပြတင်းပေါက်မှတစ်ဆင့် ခုတင်ပေါ်သို့ ထိုးကျနေ၏။

ဝန်းကျင်တစ်ခုလုံးမှာ လှပသာယာပြီး ကဗျာဆန်လှပေသည်။ မိန်းကလေးသည် ရှောင်ဖုန်း၏ရင်ခွင်ထဲသို့ ရောက်ရှိနေသည်။

ရှောင်ဖုန်းက ရုတ်တရက် သူမအား တွန်းဖယ်၍ မတ်တတ်ရပ်လိုက်၏။ ယခု အခြေအနေမျိုးမှာ သူက မတ်တတ်ရပ်ရမည့် အခြေအနေမျိုး မဟုတ်ပါ။

ထွက်သွားရန် သင့်သည့်အချိန်မျိုးလည်း မဟုတ်ပါ။ သို့သော် သူက ရုတ်တရက် နောက်သို့လှည့်ပြီး ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေသည်။

မိန်းကလေးက သူ့အားး ကြောင်၍ကြည့်နေ၏။

"ရှင် သွားတော့မလို့လား"

"ဟုတ်တယ်"

မိန်းကလေးက မျက်မှောင်ကြုတ်ရင်း ...

"ဘာဖြစ်လို့လဲ"



ရှောင်ဖုန်းက လှည့်မကြည့်ဘဲ တစ်လုံးချင်း ပြောချလိုက်လေသည်။

"မင်းမျက်နှာပေါ်က အမာရွတ်ကိုကြည့်ပြီး ငါ အန်ချင်လို့"

မိန်းကလေး ဆတ်ခနဲ ရပ်လိုက်ပြီး ...

"ရှင်က လူမှမဟုတ်ဘဲ၊ တိရစ္ဆာန်"

"ဟုတ်တယ်၊ ကျုပ်က တိရစ္ဆာန်"

ရှောင်ဖုန်းသည် ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် အခန်းထဲမှ ထွက်ခွာသွားလေတော့၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

လေနုကလေးများသည် ရှောင်ဖုန်း၏ရင်ဘတ်၌ရှိနေသော ဒဏ်ရာများကို တဖျှဉ်းဖျှဉ်း တိုက်ခတ်နေ၏။

လေတိုက်ခတ်မှုသည် ဒဏ်ရာများကို ဓားနှင့်ခြစ်လိုက်သည့်အလား တဖျဉ်းဖျဉ်း နာကျင်စေသည်။

သို့သော် ရှောင်ဖုန်းက ရင်ကိုကော့နေ၏။

သူသည် ယခုထိ အသက်ရှင်နိုင်ပြီး ယခုကဲ့သို့ ရင်ကိုကော့၍ လမ်းလျှောက်နိုင်ခြင်းမှာ အလွန်ထူးဆန်းနေ၏။ မယုံကြည်နိုင်ဖွယ်ရာ ကောင်းနေသည်။

ရှောင်ဖုန်းသည် ကွမ်ရင်မယ်တော် ဘုံကျောင်းရှေ့သို့ ဖြတ်လျှောက်သွား၏။

သူသည် နတ်သိကြားရှိသည်ဟု မယုံကြည်ပါ။

ယနေ့အချိန်ထိ မိုးအောက်မြေပြင် ရှိရှိသမျှသော နတ်အားသူ့အနေဖြင့် ယုံကြည်ခြင်း မရှိခဲ့ပါ။



သို့သော် ယခုမှာမူ နတ်တို့၏တန်ခိုးနှင့် မိမိအသက် ဆက်လက် တည်တံ့ရန်ပင် ဆုတောင်းနေမိတော့သည်။

ရှောင်ဖုန်းသည် ခေတ္တခဏ ရပ်တန့်လိုက်ပြီး ကွမ်ရင်မယ်တော်ထံသို့ သွားရောက်ဆုတောင်းရန် စိတ်ကူးပေါက်လာလေသည်။

ထို့ကြောင့် သူသည် ကွမ်ရင်မယ်တော် ဘုံကျောင်းဘက်သို့ ခြေလှမ်း လှမ်းလိုက်သည်။

ကွမ်ရင်မယ်တော်ဘုံကျောင်းခန်းမထဲ၌ အမွှေးတိုင်မှ တလူလူထွက်နေသော မီးခိုးများကို မပီမပြင် မြင်တွေ့နေရ၏။

ကွမ်ရင်မယ်တော်ရုပ်တုသည် တည်ကြည်ခန့်ညားရှိ ကြည်ညိုဖွယ်ရာ ကောင်းလှပေသည်။

ရုပ်တုအား မြင်တွေ့လိုက်သည်နှင့် ရင်ထဲ၌ အလိုလို အေးချမ်းကြည်နူးသွားလေသည်။

သူသည် ကွမ်ရင်မယ်တော် ရုပ်ဆင်းတုရှေ့၌ ဒူးထောက်လိုက်လေသည်။

မိဘနှစ်ပါးမှလွဲ၍ ဤတစ်ကြိမ်သည် သူ့အဖို့ ပထမဆုံးအကြိမ် ဒူးထောက်နေခြင်း ဖြစ်လေသည်။

သူဒူးထောက်လိုက်သောအခါ မျက်ရည်များ စီးဆင်းကျလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ သူဆုတောင်းမည့်အရာသည် သူ၏ဘဝတစ်လျှောက်လုံး မည်သည့်အခါမျှ ရနိုင်မည့်အရာမဟုတ်ဟု သိထားသောကြောင့် ဖြစ်လေသည်။

သူ ဆုတောင်းသည့်အရာမှာ ပစ္စည်းဥစ္စာ မဟုတ်ပါ။ ကံကောင်းစေလို၍လည်း မဟုတ်ပါ။

ရင်ထဲ၌ အေးချမ်းသာယာလိုသော ဆန္ဒမျှသာ ဖြစ်သည်။ သို့သော် သူ့အနေဖြင့် စိတ်ချမ်းသာမှုကို မည်သည့်အခါမျှ ရရှိနိုင်တော့မည် မဟုတ်ပါ။

ကွမ်ရင်မယ်တော် ရုပ်တု၏မျက်လုံးအစုံက သူ့အား စိုက်ကြည့်နေသည်ဟု ထင်ရလေသည်။

သို့သော် ဤနေရာတွင် ထိုမျက်လုံးတစ်စုံကသာ သူ့အား စိုက်ကြည့်နေခြင်း မဟုတ်ပါ။

သူ၏ကျောပြင်တစ်ခုလုံး အလွန်ထူးဆန်းသော ချမ်းစိမ့်မှုကို ရုတ်တရက် ခံစားမိလိုက်လေသည်။

ယင်းကဲ့သို့ ခံစားချက်မှာ ယခုမှ ခံစားခဲ့ဖူးသည် မဟုတ်ပါ။

သူသည် ပထမဆုံးအကြိမ် ဤကဲ့သို့ ခံစားမှုကို ခံစားခဲ့ရစဉ်အခါက သူ့အသက် ခုနစ်နှစ်အရွယ်မျှသာ ရှိသေးသည့်အချိန်၌ ဖြစ်သည်။



ထိုစဉ်က အလွန်အဆိပ်ပြင်းသော မြွေတစ်ကောင်က သူ့နောက်တွင်ရှိသော မြက်ခင်းထဲမှ တဖြည်းဖြည်း ထွက်လာပြီး သူ့ထံသို့ ဦးတည်လာနေသည်။

သူသည် ထိုမြွေအား မတွေ့ပါ။ မည်သည့်အသံကိုမျှလည်း မကြားပါ။ သို့သော် သူသည် ရုတ်တရက် အလွန်ကြောက်ရွံ့လာလေသည်။ အော်ဟစ်ငိုကြွေးလောက်အောင် ကြောက်ရွံ့ခံစားလာရသည်။

သို့တိုင်အောင် သူသည် အံကို တင်းတင်းကြိတ်၍ ချုပ်တည်းထားလေသည်။ ထိုမြွေက သူ၏ခြေထောက်သို့ ရောက်ရှိလာတော့မှ သူက အရဲစွန့်၍ မြွေ၏လည်မျိုကို ဖမ်းချုပ်၍ သတ်လိုက်ရလေသည်။

ထို့နောက် သူသည် ယင်းသို့ ခံစားမှုမျိုး အကြိမ်ပေါင်းများစွာ ခံစားခဲ့ဖူး၏။

အသက်အရွယ်ရာယ် ကျရောက်လာသည့်အခါတိုင်း သူသည် ယင်းကဲ့သို့ ခံစားမှုမျိုး ခံစားလာတတ်ပေသည်။

ထို့ကြောင့် ယနေ့တိုင် သူ အသက်ရှင်လျက် ရှိနေသေးခြင်း ဖြစ်ပေသည်။

❄

www.burmeseclassic.com

www.burmeseclassic.com



ယခု သူ့ထံသို့ရောက်ရှိလာသည်မှာ မြွေတစ်ကောင် မဟုတ်ပါ။ လူသုံးယောက် ဖြစ်သည်။

ထိုလူသုံးယောက်အနက် မီးခိုးရောင် ဝတ်ဆင်ထားသော လူတစ်ယောက်သည် မြွေထက်ပင် ကြောက်ရွံ့ဖွယ်ရာ ကောင်းလှပေသည်။

ထိုလူသုံးယောက်၏ အလုပ်အကိုင်များမှာ လူသတ်ခြင်း ဖြစ်လေသည်။

သူတို့ကား သိုင်းလောကတွင် ကျော်ကြားသော ကြေးတန်းစား လူသတ်သမားများ ဖြစ်ကြလေသည်။

သူတို့သည် မည်သည့်နေရာသို့ ရောက်သည်ဖြစ်စေ၊ ရောက်ရှိသော နေရာတိုင်း၌ ရည်ရွယ်ချက် တစ်ခုတည်းသာ ရှိ၏။ ထိုရည်ရွယ်ချက်မှာ လူကိုသတ်ခြင်း ဖြစ်သည်။ လူသတ်ခြင်းသည် သူတို့အဖို့ ထမင်းရေသောက်ပမာ သာမန်လုပ်ရိုးလုပ်စဉ်တစ်ခုသာ ဖြစ်ပေသည်။

ယခု သူတို့သည် ဤနေရာသို့ အဘယ်ကြောင့် ရောက်လာကြပါသနည်း။



မျက်လုံးသုံးစုံသည် အေးစက်စွာဖြင့် ရှောင်ဖုန်းအား ကြည့်နေ၏။

သူတို့၏ကြည့်ပုံမှာ ရှောင်ဖုန်းအား လူသေအလောင်း တစ်လောင်း ကြည့်နေသည့်အလား ရှိ၏။

ရှောင်ဖုန်းက သူတို့အား တွေ့မြင်လိုက်သည်နှင့် သဘောပေါက်နားလည်လိုက်လေသည်။

သူသည် အကြောအချဉ်များကို အတတ်နိုင်ဆုံး လျှော့ချလိုက်လေသည်။

"လူကြီးမင်းတို့က ကျုပ်ကိုသတ်ဖို့ အကူရောက်လာတာ ထင်ပါရဲ့"

မီးခိုးရောင်ဝတ်ဆင်ထားသောလူသည် ကျန်ရှိသော လူများနှင့် အကြည့်ချင်း ဖလှယ်လိုက်သည်။ ပြီးနောက် ...

ထိုလူသုံးယောက်အနက် တစ်ယောက်က ...

"မသေချာသေးပါဘူး"

ဟု ပြောလိုက်၏။

ရှောင်ဖုန်း မျက်မှောင်ကြုတ်သွား၏။

"မသေချာဘူး"

မီးခိုးရောင်အင်္ကျီ ဝတ်ဆင်ထားသူက ...

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က မင်းကိုသတ်ဖို့ မဟုတ်ဘူး"

"ဒါဖြင့် ဘာလုပ်မလို့လဲ"

"မင်းကို ပြန်ခိုင်းမလို့ပါ"

ရှောင်ဖုန်း ပို၍ အံ့အားသင့်သွားရ၏။

"ပြန်ခိုင်းမလို့ ... ဘယ်ကို ပြန်ရမှာလဲ"

"မင်း ခုတုန်းက ထွက်လာတဲ့အိမ်ကို ပြန်သွားဖို့"

"ကျုပ်က ဘာပြန်လုပ်ရမှာလဲ,"

"လူတစ်ယောက်ကို သွားစောင့်ရမယ်"

"ဘယ်သူ့ကို စောင့်ရမှာလဲ"

"ငွေပေးတဲ့လူတစ်ယောက်"

ရှောင်ဖုန်း မျက်မှောင်ကြုတ်သွားပြန်လေသည်။

"ခင်ဗျားတို့ကို ငွေပေးလိုက်တဲ့လူလား"

"ဟုတ်တယ်"

"ကျုပ်က သူ့ကို ဘာလုပ်ဖို့ စောင့်ရမှာလဲ"

"မင်းကိုသတ်ဖို့"

"သူက ကျုပ်ကို ကိုယ်တိုင်သတ်ချင်လို့လား"

မီးခိုးရောင်အင်္ကျီနှင့်လူက နှုတ်ခမ်းတွန့်ရုံ တစ်ချက်ပြုံးလိုက်သည်။



"ဟုတ်တယ်၊ နို့မဟုတ်ရင် အခု မင်း သေနေပြီ"

ရှောင်ဖုန်းက ရယ်မောလိုက်လေသည်။

"သူ လာသတ်ဖို့ ကျုပ်က ဘာဖြစ်လို့ စောင့်နေရမှာလဲ"

"တို့က မင်းကို စောင့်ခိုင်းရင် မင်းက စောင့်ရလိမ့်မယ်"

"ခင်ဗျားတို့က အကိုင်တွက်ထားကြတာကိုး'

မီးခိုးရောင်အင်္ကျီနှင့်လူက "မထီမဲ့မြင်ဟန်ဖြင့် ...

"ကိုင်ပါတယ်၊ အထူးသဖြင့် မင်းလိုလူစားမျိုးကို ပိုတောင်ကိုင်သေးတယ်"

"ကျုပ်က ဘယ်လိုလူစားမျိုးမို့လဲ"

"တို့ထက် ယုတ်မာတဲ့လူစားမျိုး"

"ဗျာ"

ရှောင်ဖုန်းမှာ အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရတော့၏။

"ဟုတ်တယ်၊ တို့က ဘယ်လိုပဲ ယုတ်မာပေမယ့် မိတ်ဆွေအပေါ် သစ္စာမဖောက်ဘူး။ မိတ်ဆွေက ယုံကြည်လို့ အပ်ထားတဲ့ ငွေရှစ်သိန်းကိုလည်း ခိုးပြီး ထွက်မပြေးဘူး"

ရှောင်ဖုန်းက ရုတ်တရက် ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား"

www.burmeseclassic.com



သူသည် လောကမြေပေါ်၌ ရယ်စရာ အကောင်းဆုံးသော ဖြက်လုံးတစ်ခုအား ကြားလိုက်ရသည့်အလား အားရပါးရ ရယ်မောလိုက်သည်။

မီးခိုးရောင်အင်္ကျီနှင့်လူက သူ့အား အေးစက်စွာဖြင့် ကြည့်လိုက်သည်။

"မင်းကိုသတ်ဖို့ ငါတို့ကို ခိုင်းလိုက်တဲ့လူ ဘယ်သူလဲဆိုတာ မင်း သိရောပေါ့"

ရှောင်ဖုန်းက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။ မီးခိုးရောင်အင်္ကျီနှင့်လူက ...

"ကဲ ... မင်း ပြန်သွားမှာလား၊ မပြန်ဘူးလား"

ရှောင်ဖုန်း ခေါင်းခါယမ်းလိုက်၏။

မီးခိုးရောင်အင်္ကျီနှင့်လူ၏အသံက ခက်ထန်လာ၏။

"ငါတို့က မင်းကို ထမ်းသွားရမှာလား"

ရှောင်ဖုန်းက ခေါင်းခါယမ်းနေ၏။

သူသည် ခေါင်းခါယမ်းရင်း ရုတ်တရက် ထခုန်လိုက်လေသည်။

စကားအများဆုံးပြောနေသော မီးခိုးရောင်အင်္ကျီနှင့်လူထံသို့ ခုန်အုပ်လိုက်ခြင်း ဖြစ်သည်။



မီးခိုးရောင်အင်္ကျီနှင့်လူသည် ဓားကို ကမန်းကတန်း ဆွဲထုတ်လိုက်သည်။

သို့သော် သူက နှောက်ကျသွားလေပြီ။

ရှောင်ဖုန်းက သူ့အား လက်သီးဖြင့် တိုက်ခိုက်လိုက်ခြင်း မဟုတ်ပါချေ။

သူသည် ရှိသမျှခွန်အားကို စုစည်း၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူ၏ဦးခေါင်းသည် သံဖုတစ်ခုပမာ မီးခိုးရောင်အင်္ကျီနှင့်လူ၏ရင်ဝသို့ ဝင်ဆောင့်လိုက်ခြင်း ဖြစ်သည်။

ထိုလူ့လက်ထဲမှ ဓားသည် လွတ်ကျသွားကာ သူ၏ကိုယ်ခန္ဓာလည်း ပက်လက်လန် လဲကျသွားလေသည်။

သို့သော် ရှောင်ဖုန်းမှာ ရှိသမျှခွန်အားကို အသုံးပြုလိုက်သောကြောင့် အကင်းမသေသေးသော ဒဏ်ရာများသည် အက်ကွဲကာ သွေးများ စီးဆင်းကျလာလေသည်။

ပြင်းထန်လှသော ဝေဒနာခံစားမှုကြောင့် သူ၏လှုပ်ရှားမှုမှာ တစ်ဒင်္ဂမျှ နှေးကွေးသွား၏။

ထိုအခါ ... ဓားတစ်လက်က ကြက်ခြေခတ်အနေအထားဖြင့် သူ၏လည်မျိုသို့ ညှပ်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်သောဓားရဲ့အငွေ့အသက်သည် သူ၏အရေပြား၌ ကြက်သီးမွေးညင်းများပင် ထလာစေသည်။

မြေပေါ်သို့ လဲကျနေသောလူသည် အသက်ရှူ ရပ်တန့်သွားပြီ ဖြစ်လေသည်။ သူ့နောက်၌ ရပ်နေသောလူထံမှ အသံ ထွက်လာ၏။

အသံလည်း ခက်ထန်သွားလေသည်။

"မင်း ပြန်သွားမလား"

ရှောင်ဖုန်းက ခေါင်းမာစွာပင် ခေါင်းခါယမ်းလိုက်၏။

သို့သော် သူ၏လည်ပင်းပေါ်၌ ဓားနှစ်လက်က ကြက်ခြေခတ်အနေအထား ထင်နေသောကြောင့် ခေါင်းခါယမ်းလိုက်ပါက လည်ပင်းပြတ်သွားနိုင်သည်။ ထို့ကြောင့် အနည်းငယ်မျှသာ လှုပ်ယမ်းနိုင်ပေသည်။

အခြားလူတစ်ယောက်က အေးစက်စွာ ရယ်မောလိုက်လေသည်။

"ဒီတစ်ခါ သူ ခေါင်းခါဦးမလားဆိုတာ ကြည့်ရသေးတာပေါ့"

ဤတစ်ကြိမ်တွင် ရှောင်ဖုန်းက ခေါင်းခါယမ်းခြင်းမပြုတော့ပါ။



သို့သော် သူက ရယ်မောရင်း ပြန်ပြောလိုက်၏။

"ခင်ဗျားတို့ ပြန်နိုင်းတိုင်း ကျုပ်ပြန်ရမှာလား"

သူ့နောက်မှ လူတစ်ယောက်က ...

"မင်း ပြန်မသွားရင် သေရမယ်"

ဓားတစ်လက်သည် သူ၏လည်ပင်းမှ ဖယ်ရှားလိုက်သည်။ သို့သော် သူ၏ခြေသလုံးအား ထိုးလိုက်၏။

နာကျင်သောဝေဒနာကြောင့် ရှောင်ဖုန်းမှာ ခြေတစ်ဖက်ဒူးထောက်လိုက်ရလေသည်။

သူ့နောက်မှ လူတစ်ယောက်၏အသံ ထွက်ပေါ်လာ၏။

"မင်း ပြန်မလား၊ မပြန်ဘူးလား"

"မပြန်ဘူး"

နောက်တစ်ယောက်၏အသံ ထွက်ပေါ်လာ၏။

"မင်း သေချင်တယ်ပေါ့"

ရှောင်ဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

ထိုလူ၏ဓားသည် သူ၏လည်ကုပ်သို့ ထောက်ထားလိုက်လေသည်။

"ငါ သတ်လိုက်ရမလား"

တခြားလူတစ်ယောက်က ...

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို မသတ်နဲ့၊ သူ မပြန်ချင်ရင် ပြန်ရအောင် လုပ်ကို လုပ်ရမယ်"

ထိုလူက ပြောပြီး ဓားဖြင့် သူ၏နောက်ကျောသို့ အသာအယာ ထိုးစိုက်လိုက်လေသည်။

နာကျင်သော ဝေဒနာကြောင့် ရှောင်ဖုန်း ခါးကုန်းသွားရလေသည်။

"ဟား ... ဟား ... ဟား ... ဟား"

ရယ်မောသံများက ဆူညံစွာ ထွက်ပေါ်လာလေသည်။

"မင်း ဘယ်လောက် ခေါင်းမာနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့"

ထိုလူ၏စကားဆုံးသွားသည်နှင့် ဓားကို အနည်းငယ် အားပြုလိုက်ရာ ဓားဖျားသည် ရှောင်ဖုန်း၏ကျောပြင်ထဲသို့ စူးဝင်သွားလေသည်။

ယခု ရှောင်ဖုန်းသည် မြေကြီးပေါ် မှောက်လျက် ဖြစ်နေ၏။ သူ၏ပါးစပ်သည် သဲများ၊ မြေကြီးများ ပေကျံ၍ နေလေပြီ။

"မင်း ပြန်မလား၊ မပြန်ဘူးလား"

ရှောင်ဖုန်းက မြေကြီးများကို ထွေးထုတ်လိုက်၏။

"မပြန်ဘူး"



ကြေးစားလူသတ်သမား နှစ်ယောက်တို့သည် မည်ကဲ့သို့ ဆက်၍လုပ်ရမှန်းမသိအောင် ဖြစ်သွားကြ၏။

"ငါ စိတ်မရှည်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် သတ်လိုက်တော့မယ်"

ဓားဖြင့် ထောက်ထားသောလူက စိတ်မရှည်နိုင်ဟန်ဖြင့် ယင်းသို့ ပြောပြီး ဓားကို အားပြုမည်အပြုတွင် သူ၏အဖော်က ဟန့်တားလိုက်သည်။

"မသတ်နဲ့၊ ငါတို့ကို ငွေပေးတဲ့လူက အရှင်လတ်လတ် လိုချင်တာ မင်းမေ့နေပြီလား"

"စိတ်ချ၊ သူ ရုတ်တရက် သေမသွားနိုင်ပါဘူး"

ဒုတိယလူက ခေါင်းခါယမ်းလိုက်၏။

"မင်း ဒီအတိုင်း လုပ်သွားရင် တော်ကြာ သေသွားမှာပဲ"

ပထမလူက ရယ်မောလိုက်၏။

"ဒီလောက်ခေါင်းမာတဲ့လူကို ကျုပ် စိတ်မရှည်နိုင်တော့ဘူး၊ ဟူ၊ သူ့ကို သတ်"

သူ၏စကားက တစ်ပိုင်းတစ်စ ရပ်တန့်သွားသည်။

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းနှစ်ကောင်သည် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရောက်ရှိလာကြလေသည်။

မြင်းတစ်ကောင်က သူတို့နှင့် ဝါးသုံးရိုက်ခန့်အကွာ၌ အရှိန်ကို တဖြည်းဖြည်း လျှော့လိုက်လေသည်။

ကျန်မြင်းတစ်ကောင်ကမူ အရှိန်လုံးဝ မလျှော့ဘဲ သူတို့ထံ မောင်းနှင်ဝင်ရောက်လာလေ၏။

မြင်းပေါ်မှလူသည် ဆံပင်ဖြူဖွေးသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

သူ၏မြင်းသည် ခြံဝင်းထဲသို့ ရောက်ရှိသွားသည်နှင့် လည်တစ်ချက်ဆန့်၍ ရှည်လျားစွာ ဟီးပြီး ...

ရပ်တန့်သွားလေတော့သည်။ အဘိုးအိုသည် မြင်းပေါ်၌ တည်ငြိမ်စွာ ထိုင်နေလေသည်။

သူ၏လက်ထဲ၌ ရွှေရောင်ဝင်းနေသော လှံတံတစ်လက်ကို တွေ့ရ၏။ မြင်းရပ်တန့်သည်နှင့် အဘိုးအိုက လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ ...

'တောက်'

လှံတံသည် မြေကြီးထဲသို့ စိုက်ဝင်သွား၏။ ထိုအချိန်တွင် အခြားမြင်းနှစ်ကောင်လည်း ထပ်မံရောက်ရှိလာလေသည်။



၎င်းတို့အား မြင်တွေ့လိုက်ရသည့်အခါ ကြေးစားလူသတ်သမားနှစ်ယောက်တို့မှာ စိတ်သက်သာရာ ရရှိသွားကြလေသည်။

"သူတို့ ရောက်လာကြပါပြီ"

အဘိုးအိုက လှမ်းအော်မေးလိုက်၏။

"သူ့ကို တွေ့ပြီလား"

"ဟုတ်ကဲ့ တွေ့ပါပြီ"

"ဘယ်မှာလဲ"

"ဒီမှာ"

အဘိုးအိုသည် မြေပေါ်၌ ကွေးကွေးလေး လဲလျောင်းနေသော ရှောင်ဖုန်းကို စိုက်ကြည့်လိုက်သည်။

"သေသလား၊ ရှင်သလား"

"ခင်ဗျားက အရှင်လိုချင်တယ်ဆိုလို့ ကျုပ်တို့က အရှင်ဖမ်းလာတာ"

အဘိုးအိုက မြင်းပေါ်မှ ဆင်းလိုက်၏။

ထို့နောက် ရှောင်ဖုန်းအား ခြေထောက်ဖြင့် ကန်လိုက်သည်။

ရှောင်ဖုန်း၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွား၏။

အခြားမြင်းပေါ်မှ လူတစ်ယောက်က ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှောင်ဖုန်းထံသို့ လျှောက်သွားကာ လည်ကုပ်မှ ဆွဲ၍ မျက်နှာကိုကြည့်လိုက်သည်။

ရှောင်ဖုန်း၏မျက်နှာအား မြင်တွေ့သည်နှင့် သူ၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။ နှုတ်မှလည်း အလန့်တကြား လွှတ်ခနဲ ရေရွတ်လိုက်၏။

"ဟာ ... ဒုက္ခပဲ၊ မှားကုန်ပါပြီ"

ထိုလူမှာ သိုင်းလောက၌ အလွန်ကျော်ကြားသော အာမခံ ဌာနမှူး အိုယန်ကျိုဖြစ်သည်။ သူ၏စကားကြောင့် အဘိုးအို မျက်မှောင်ကြုတ်သွားလေသည်။

"ဘာတွေမှားကုန်တာလဲ"

အိုယန်ကျိုက ခေါင်းတွင်တွင်ခါယမ်းရင်း ...

"လူမှားနေပြီ"

ကြေးစားလူသတ်သမားက ...

"မမှားဘူး၊ ဒီလူတစ်ယောက်တည်းသာ အဲဒီအိမ်က ထွက်လာခဲ့တာ၊ အဲဒီအိမ်ထဲမှာ တခြားယောက်ျားဆိုလို့ တစ်ယောက်မှ မရှိပါဘူး"

အိုယန်ကျိုက ရှောင်ဖုန်း၏လည်ကုပ်ကို အပေါ်သို့ ဆွဲတင်လိုက်သည်။



"မင်း ဘယ်သူလဲ၊ ဘာကြောင့် ကျင်းချွမ်းရဲ့အိမ်ထဲ ရောက်နေရတာလဲ၊ သူကော ဘယ်ရောက်သွားသလဲ"

သွေးများ ပေကျံနေသော ရှောင်ဖုန်း၏မျက်နှာပေါ်၌ ဟန်မူရာကင်းမဲ့နေလေသည်။

သူ၏မထုံတတ်တေး အမူအရာကြောင့် အိုယန်ကျို စိတ်တိုလသည်။

"မင်း ပြောမလား၊ မပြောဘူးလား"

ရှောင်ဖုန်းက သူ့အားကြည့်ရင်း ရုတ်တရက် ရယ်မောလိုက်သည်။

"ခင်ဗျားတို့က လူမှားတာလား၊ ကျုပ်က လူမှားတာလား"

အိုယန်ကျို ပါးစပ်ပိတ်ထားလိုက်သည်။ ရှောင်ဖုန်းက ...

"ခင်ဗျားတို့က မှားရင် ကျုပ်ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံရမှာပေါ့၊ ဘာကြောင့် အခုလို ရိုင်းစိုင်းနေတာလဲ"

အိုယန်ကျိုက သူ့အား ကြည့်ရင်း လက်လွှတ်လိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် သူက မင်းရဲ့မိတ်ဆွေပဲ ဖြစ်ရမယ်"

"ဟုတ်တယ်၊ ခင်ဗျားကော သူ့မိတ်ဆွေ မဟုတ်ဘူး"

အိုယန်ကျို ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ခြေနှစ်လှမ်း အလိုအလျောက် ဆုတ်သွားလေသည်။ ကြေးစား လူသတ်သမားက သူ့ရှေ့သို့ လက်ဝါးဖြန့်လိုက်လေသည်။

"ပေးပါ"

အိုယန့်ကျိုက မျက်မှောင်ကုတ်ကာ ...

"ဘာကိုပေးရမှာလဲ"

"ငွေတစ်သောင်း"

အိုယန့်ကျို မကျေမနပ် ဖြစ်သွားလေသည်။

"လူလည်း မှားသေးတယ်၊ ငွေတစ်သောင်းလည်း တောင်းချင်သေးသလား"

"မှားတာက ခင်ဗျားတို့ ကျုပ်တို့ မဟုတ်ဘူး၊ ခင်ဗျားက ဒီအိမ်ထဲက အလိုရှိတယ်ဆိုလို့ ကျုပ်က ခေါ်ခဲ့တယ်၊ ခင်ဗျားက အရှင်လတ်လတ် လိုချင်တယ်ဆိုလို့ ကျုပ်တို့က အသက်ရှင်တဲ့လူပဲ အပ်တာ၊ ဒါကြောင့် ကျုပ်တို့ဘက်က တာဝန်ကျေတယ်"

"ဒါပေမဲ့"

အိုယန့်ကျိုက တစ်စုံတစ်ရာ ပြန်ပြောရန် စကားစလိုက်စဉ် အဘိုးအိုက ကြားဖြတ်လိုက်၏။

"သူ့ကိုပေးလိုက်"



အိုယန့်ကျိုမှာ ဘာဝင်မကျနိုင်အောင် ဖြစ်သွားရလေသည်။

"ကျောင်းချွမ်းကို ရှာလို့လည်း မတွေ့သေးဘူး၊ ဘာလို့ သူတို့ကို ငွေတစ်သောင်းပေးရမှာလဲ"

အဘိုးအိုက စိတ်မရှည်ဟန်ဖြင့် ...

"စကားမများနဲ့ သူ့ကိုပေးလိုက်"

အိုယန့်ကျိုမှာ မတတ်နိုင်တော့ဘဲ သူ၏ခါးတွင်ပတ်ထားသော ငွေထုပ်ကလေးတစ်ထုပ်ကို ဖြုတ်၍ လှမ်းပေးလိုက်ရသည်။

ကြေးစားလူသတ်သမားက လက်သန်းကလေးများဖြင့် ချိတ်ယူလိုက်လေသည်။ ပြီးနောက် ...

ရှောင်ဖုန်းအား တစ်ချက်ကြည့်လိုက်၏။

"ဒီလူက ခင်ဗျားတို့ အလိုရှိတဲ့လူ ဟုတ်လား"

"မဟုတ်ဘူး"

အိုယန့်ကျို ပြောလိုက်ခြင်း ဖြစ်သည်။

ကြေးစား လူသတ်သမားက ...

"မဟုတ်ရင် ဒီလူကို ကျုပ်တို့ ခေါ်သွားပါ့မယ်"

"ဘာဖြစ်လို့လဲ"

ကြေးတန်းစား လူသတ်သမား၏နှုတ်ခမ်းတွင် ကောက်ကျစ်စဉ်းလဲသော ပြုံးယောင်သမ်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူက ကျုပ်တို့လူကို သတ်သွားတဲ့အတွက် ကျုပ်တို့က သူ့ကို သတ်ရလိမ့်မယ်"

"ဒီလူကို အသက်ရှင်လျက်အတိုင်း ထားရမယ်"

ကြေးစား လူသတ်သမားက ဆတ်ခနဲ ခေါင်းမော့လိုက်လေသည်။

"ဘယ်သူက ပြောတာလဲ"

အဘိုးအိုက ...

"ကျုပ်ပြောတာ"

ကြေးစားလူသတ်သမားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ လုံးစုရဲပြောတဲ့ စကားကို ဘယ်သူကမှ ငြင်းလို့မရဘူးလို့ သိုင်းလောကမှာ အဆိုရှိပါတယ်"

အဘိုးအို၏အမည်မှာ လုံးစုရဲဖြစ်၏။

လုံးစုရဲက နှာခေါင်းရှုံ့လိုက်သည်။

"ဟင့်"

ကြေးစားလူသတ်သမားက ...

"ဒါပေမဲ့ ... သူက ကျုပ်တို့လူကို သတ်လိုက်တဲ့အတွက် ဒီလူဟာ မသေလို့ မဖြစ်တော့ဘူး"

လုံးစုရဲ၏မျက်နှာ ခက်ထန်သွားသည်။



"ဒီစကား ဘယ်သူပြောတာလဲ"

ကြေးစား လူသတ်သမားက ...

"ကျုပ်တို့ခေါင်းဆောင်က ပြောတာ၊ ခင်ဗျားက ဒီလူကို ကျုပ်တို့လက်ထဲ မအပ်ဘူးဆိုရင် ကျုပ်တို့က ခေါင်းဆောင်ကြီးကို ဘယ်လိုလုပ် ပြန်ပြောရမှာလဲ"

"ဒါဖြင့် ဘာလုပ်ပေးရမှာလဲ"

လုံးစုရဲက ပြန်မေးလိုက်ခြင်းဖြစ်၏။

ကြေးစားလူသတ်သမားက အနည်းငယ် စဉ်းစားလိုက်၏။

တစ်ခဏအကြာတွင် ...

"ခင်ဗျားရဲ့အသက်ကို ယူသွားမှဖြစ်မယ်"

ပြောရင်း လေထဲ ခုန်တက်ကာ ဓားဖြင့် လုံးစုရဲအား တိုက်ခိုက်လိုက်လေသည်။

လုံးစုရဲက တစ်ဖက်သူ၏ဓား ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရသော်လည်း တုတ်တုတ်မျှမလှုပ်ဘဲ ရှိနေ၏။

ကြေးစားလူသတ်သမား သူ့အနီးသို့ ရောက်ရှိလာမှ မြေပေါ်၌စိုက်ထားသော လှံတံကို ရုတ်တရက် ဆွဲပြီး လျှပ်တစ်ပြက် ပစ်လွှင့်လိုက်လေသည်။

'ဗိုး'

www.burmeseclassic.com

www.burmeseclassic.com



ဖွေးလက်နေသော လှံသွားသည် ကြေးစားလူသတ်သမား၏ဓားနှင့် ပြင်းထန်စွာ ထိတွေ့သွားလေ၏။

'ခြွမ်း'

အသံနှင့်အတူ မီးပွားများ ပွင့်ထွက်သွားလေသည်။ ကြေးစားလူသတ်သမား၏ဓား လွင့်စဉ်သွား၏။

သူသည် ကိုယ်ဟန်အနေအထား ပျက်ကာ မြေပေါ်သို့ ပစ်လဲကျသွားလေသည်။

'ဝုန်း'

သူသည် ရုတ်တရက် မထနိုင်ဘဲ ဖြစ်သွား၏။ လုံးစုရဲက သူ့အား ကြည့်လိုက်သည်။

"အခု မင်းပြန်သွားလို့ ရပြီလား"

ကြေးစား လူသတ်သမားသည် စကားတစ်ခွန်းမျှပင် မပြောတော့ချေ။ မြေပေါ်သို့ ကျနေသောဓားကို ကောက်ယူလိုက်၏။

တစ်ဆက်တည်းပင် ထိုဓားဖြင့် ရှောင်ဖုန်းထံသို့ ထိုးသွင်းလိုက်လေတော့သည်။

ရှောင်ဖုန်းမှာ တစ်ကိုယ်လုံး လှုပ်ရှား၍မရဘဲ ခွေခွေကလေး လဲလျောင်းနေ၏။



ကြေးစားလူသတ်သမား၏ဓားကို ရှောင်တိမ်းနိုင်သော အခြေအနေ မရှိပေ။

ထိုအချိန်၌ လုံးစုရဲ၏လှံတံသည် လျှပ်တစ်ပြက် လှုပ်ရှားသွားကာ ကြေးစားလူသတ်သမား၏ဓားကိုင်ထားသော လက်မောင်းသို့ ထိုးစိုက်လိုက်သည်။

တစ်ဆက်တည်းမှာပင် ခြေဖြင့် ကန်လိုက်ရာ ကြေးစားလူသတ်သမား၏ခန္ဓာကိုယ် အပေါ်သို့ မြောက်တက်သွားပြီး နံရံအပြင်ဘက်သို့ ကျသွား၏။

လုံးစုရဲသည် ကျန်ရှိနေသော ကြေးစားလူသတ်သမားတစ်ယောက်ကို လှည့်ကြည့်လိုက်သည်။

"မင်းကကော ပြန်လို့ရပြီလား"

ထိုကြေးစား လူသတ်သမားသည် စကားတစ်ခွန်းမျှ မပြောဘဲ သေဆုံးသွားသော သူ့အဖော်၏အလောင်းကို ပခုံးပေါ် ထမ်း၍ ခြံဝင်းထဲမှ ထွက်ခွာသွား၏။ အိုယန်ကျိုက ချာခနဲလှည့်၍ ဟန့်တားရန် ဟန်ပြင်လိုက်သည်။

"သူ့ကို မတားနဲ့"

လုံးစုရဲက လှမ်းပြောလိုက်ခြင်း ဖြစ်၏။

အိုယန်ကျို စိုးရိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို လွှတ်လိုက်လို့ ဖြစ်ပါ့မလား"

"သတ်သင့်တဲ့လူကို သတ်ပြီး မသတ်သင့်တဲ့လူကို လွှတ်မှ တရားရောကျတော့မှာပေါ့"

"ဒီလူတွေကို လွှတ်လိုက်တဲ့အတွက် ပြဿနာတော့ ရင်ဆိုင်ရဦးမှာပဲ"

အိုယန့်ကျိုက ခပ်ညည်းညည်းရေရွတ်ရာ ...

လုံးစုရဲက ရယ်မောလိုက်သည်။

"မင်းနဲ့ငါ လက်တွဲပြီး သိုင်းလောကထဲ ရောက်လာတာ ဘယ်သူ့ကို ကြောက်ခဲ့ဖူးလို့လဲ"

တစ်ဆက်တည်းပင် ...

လုံးစုရဲက အိုယန့်ကျိုအား ဆက်ပြောလိုက်၏။

"ဒီမိတ်ဆွေကိုလည်း တစ်ပါတည်း ခေါ်သွားမယ်၊ သူ မနားဘူး၊ သေလည်း မသေစေရဘူး"

ရှောင်ဖုန်းသည် တစ်စုံတစ်ယောက်က သူ့အား ဆွဲထူလိုက်သည်ကို ခံစားလိုက်ရလေသည်။

❉



"ဒီလူက သတ္တိခဲတစ်ယောက်ပဲ"

"ဟုတ်တယ်၊ သူ့ရဲ့ရင်ထဲမှာ တော်တော်လေး ခံစားနေရတဲ့ ဝေဒနာ ရှိလိမ့်မယ်"

ဤသည်မှာ ရှောင်ဖုန်း နောက်ဆုံးကြားလိုက်ရသော စကားများပင်။ ထိုစကားကို လုံးစုရဲက ပြောလိုက်ခြင်း ဖြစ်သည်။

ရှောင်ဖုန်း၏ရင်ထဲ၌ နွေးထွေးမှုနှင့် ကျေးဇူးတင်မှုတစ်ရပ် လှိုက်လှဲစွာ ဖြစ်လာလေသည်။

မိမိအား လောကကြီးက စွန့်ပစ်မသွားသေးကြောင်း ရှောင်ဖုန်း နားလည်လိုက်သည်။

လောကပေါ်၌ မိမိအပေါ် နားလည်မှုရှိသောလူများ ရှိနေသေးပါလားဟု ကျေနပ်မိသည်။

ထို့ကြောင့် သူသည် စိတ်ဓာတ်တက်ကြွလာသည်။ အားရှိလာသည်။ အမှောင်ထုက မည်မျှထူထပ်စေကာမူ မည်မျှ အချိန်ကြာရှည်စေကာမူ အလင်းရောင်သည် အနွေးနှင့်အမြန် မုချရောက်လာလိမ့်မည်ဟု သူ အခိုင်အမာ ယုံကြည်လာလေသည်။

❋ ❉ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ချင်းချင်းသည် ခေါင်းငုံ့ထားသည်။ သူမ၏ရင်ခုန်သံကို နား ထောင်နေ၏။

ကျောင်းချွမ်းလည်း ရင်ခုန်နေ၏။ သူမထက်ပင် ရင်ခုန်မြန်နေ၏။ ချင်းချင်းသည် ကျောင်းချွမ်း ရင်ခုန်နေသည်ကို သိလိုက်သည်။ ဦးခေါင်းထဲ၌ မည်သို့ ကြံစည်နေသည်ကိုလည်း သိသည်။

ဤနေရာသည် အလွန်ခေါင်လွန်းပြီး အေးချမ်းသော တည်းခိုခန်းငယ် တစ်ခု ဖြစ်သည်။

တည်းခိုခန်းက ငယ်ပင်ငယ်သော်လည်း အလွန်သန့်ရှင်း သပ်ရပ်သည်။ ပြတင်းပေါက်မှ ကြည့်လိုက်လျှင် စိမ်းလန်းစိုပြည်သော တောင်တန်းအား လှမ်းမြင်နိုင်လေသည်။ လေထဲမှ သယ်ဆောင်လာသော ပန်းရနံ့ကိုလည်း ရှူရှိုက်နိုင်မည် ဖြစ်လေသည်။

အထူးသဖြင့် ညနေဆည်းဆာအချိန်မှာ ပြတင်းပေါက်အနီးတွင်ထိုင်၍ ညအမှောင်ထု တဖြည်းဖြည်း ကျရောက်လာသည်ကို



ကြည့်ရှုခံစားနိုင်သည်။

ကြယ်ကလေးများ ထွက်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုအခါ ဤလောကကြီးမှာ မည်မျှလှပနေသည်ကို ခံစားနိုင်မည်ဖြစ်သည်။

တစ်ကိုယ်ရေတစ်ကာယသမားဖြစ်နေသော ယောက်ျားတစ်ယောက်က အဖော်မဲ့သော မိန်းကလေးတစ်ယောက်အား ဤနေရာသို့ ခေါ်ဆောင်လာနေခြင်းမှာ သူ၏ရင်ထဲ၌ မည်သို့သဘောရှိသည်ကို ထင်ရှားစွာ သိသာနိုင်ပေသည်။

"ဒီနေရာက အေးချမ်းတယ်၊ ခင်ဗျား ကောင်းကောင်းအနားယူလိုက်ပါ"

"ကျုပ်လည်း ဒီမှာပဲနေပါ့မယ်၊ ဒါမှလည်း ခင်ဗျားကို အချိန်မရွေး စောင့်ရှောက်နိုင်မှာ"

ကျောင်းချွမ်းပြောလိုက်သောစကားများသည် အမြဲတမ်းပျော့ပျောင်းပြီး ကြင်နာယုယမှု လွှမ်းနေ၏။

ချင်းချင်း ခေါင်းငုံ့ထားလိုက်သည်။ သူမ၏မျက်ဝန်းအစုံတွင် ကျေးဇူးတင်သည့်အရိပ်အယောင်များ ပေါ်လွင်နေ၏။

သို့သော် သူမ၏ရင်ထဲ၌ ရယ်ချင်နေ၏။

သူမသည် ကလေးငယ်တစ်ယောက် မဟုတ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားများ၏ရင်ထဲ၌ မည်သို့သောသဘောရှိသည်ကို သူမက အခြားမိန်းကလေးထက် ပို၍နားလည်သိရှိလေသည်။

❄

ည ...။

အမှောင်ထုက တစ်လောကလုံးကို လွှမ်းခြုံရစ်သိုင်းထားသည်။

အခန်းထဲ၌ မီးထွန်းလိုက်ပြီ ဖြစ်သည်။ ထို့ကြောင့် အမှောင်ထုများ လွင့်ပါးပျောက်ပြယ်ကုန်သည်။

ကျင်းချွမ်းသည် စားပွဲအနီးရှိ မီးပုံးအိမ်အောက်တွင် စာဖတ်နေ၏။

သူသည် စာအုပ်အပေါ် အလွန်စိတ်ဝင်စားနေပုံရသည်။ သို့သော် စာအုပ်ပေါ်တွင် မည်သည့်အရာများ ရေးသားထားသည်ကို ကျင်းချွမ်းက သိမည်မဟုတ်ဟု ချင်းချင်းက အခိုင်အမာ ပြောရဲသည်။

သူက စာအုပ်အပေါ် စိတ်ဝင်စားပုံ ဟန်လုပ်နေခြင်းမှာ



ဤအခန်းထဲ၌ အချိန်ကြာကြာနေလိုသောကြောင့် ဖြစ်ရမည်။

အချိန်များများ ရလာသည်နှင့်အမျှ အခွင့်အရေးက ပို၍ ရလာနိုင်မည် မဟုတ်ပါလော။

မည်သို့ဆိုစေ ချင်းချင်းသည် မသိဈောင်ဟန်ဆောင်လိုက်သည်။ သူ့အားလည်း နှင်မထုတ်ပါ။ အကြောင်းမှာ ယခု သူမသည် သူ့အား အသုံးချရန် စိတ်ကူးထားပြီး ဖြစ်သောကြောင့်တည်း။

❄

ချင်းချင်း ခေါင်းငုံ့ထားသည်။

သူမသည် အင်္ကျီကို အပေါက်ဖာနေ၏။

ထိုအင်္ကျီသည် သူမအင်္ကျီမဟုတ်ပါ။ ကျင်းချွမ်း၏အင်္ကျီ ဖြစ်သည်။ ထိုအင်္ကျီသည် နဂိုက အပေါက်အပြဲ မရှိပါ။

သူမက အဝတ်အစား သိမ်းဆည်းခဲ့စဉ်က အသာကလေး ဆုတ်ဖြဲထားခဲ့ခြင်း ဖြစ်သည်။

မိန်းမတစ်ယောက်က ယောကျ်ားလေးတစ်ယောက်အား သူမ၏ရင်ထဲမှ ဖြစ်ပေါ်နေသော မေတ္တာစေတနာကို ဖော်ပြရာ၌

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အင်္ကျီချုပ်ဖာပေးခြင်းထက် လွယ်ကူပြီး ထိရောက်သည့် လုပ်ရပ် မရှိတော့ပါ။

သူမသည် မိမိက အင်္ကျီဖာပေးနေသည်ကို ကျင်းချွမ်းက မသိမသာ ခိုးကြည့်နေသည်ကို သိထားသည်။

သူမသည် ကျင်းချွမ်းအတွက် အားပေးအားမြှောက်ပြုရာ ရောက်မည့် အပြုအမူကို ပြုလုပ်ပေးရန် ရည်ရွယ်ထားသည်။

ယခု အခွင့်အရေး ကြုံလာပြီ ဖြစ်သည်။

မီးရောင်သည် သူမ၏မျက်နှာပေါ်သို့ ကျရောက်ထင်ဟပ်နေ၏။ သူမ၏မျက်နှာသည် ရှက်သွေးဖျန်းသွားလေသည်။ အမှန်တော့ ရှက်သွေးဖျန်းသယောင် ဟန်လုပ်လိုက်ခြင်း ဖြစ်သည်။

သူက သူမအား ခိုးကြည့်နေသည်ကို သူမက တွေ့ရှိသွားကြောင်းကို သူ့အား သိစေလို၍ ဖြစ်သည်။

သူမက မျက်နှာရှက်သွေးဖျန်းသွားရုံမက ရင်တုန်သွားပြီး အပ်ကလေးက သူမ၏လက်ချောင်းကလေးအား မတော်တဆ ရှုးဝင်သွားပြန်လေသည်။

သူမ အကွက်ဆင်ထားသည့် အတိုင်းပင် ကျင်းချွမ်းက စာအုပ်ကို ပစ်ချလိုက်ပြီး သူမထံ ပြေးလာသည်။

သူ၏ပုံဟန်မှာ စိုးရိမ်ပြီး အလွန်ဂရုစိုက်သည့် ဟန်ပန်ဖြစ်



၏။ အလွန်ဂရုစိုက်သောကြောင့်လားမသိ သူသည် သူမ၏လက်ကို ဆွဲ၍ ဆုပ်ကိုင်ထားလိုက်သည်။

"ကြည့်စမ်း ... သတိမှမထားဘဲ၊ တော်တော်နာသွားသလားဟင်"

ချင်းချင်းက ခေါင်းခါယမ်းလိုက်သည်။ သူမ၏မျက်နှာက ပို၍နီရဲသွားသည်။

"မနာဘဲ နေပါ့မလား။ သွေးတောင်ထွက်လာပြီ"

"သွေးနည်းနည်းပဲ ထွက်ပါတယ်၊ အရေးမကြီးပါဘူး"

သူမက လက်ကို ရုန်းလိုက်သည်။ သို့သော် အားပြု၍ မရုန်းဘဲ ဟန်လုပ်ရုန်းလိုက်ခြင်း ဖြစ်သည်။ ကျင်းချွမ်းက ပို၍တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။

"ကျုပ်အင်္ကျီအပေါက်ကို ဖာပေးလို့ အခုလိုဖြစ်ရတာ၊ ကျုပ် ဘယ်စိတ်ကောင်းပါ့မလဲ"

သူသည် ရုတ်တရက် ခေါင်းငုံ့ပြီး သူမ လက်ချောင်းထိပ်မှ သွေးဥလေးကို စုပ်လိုက်လေသည်။

သူမ၏တစ်ကိုယ်လုံး ပျော့ခွေသွားသည်ဟု ထင်ရသည်။ မျက်ရည်ဥများသည် သူမ၏ပါးပြင်မှ လက်ဖမိုးပေါ်သို့ စီးကျလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းချွမ်းက အံ့ဩစွာဖြင့် ခေါင်းမော့လိုက်သည်။

"ခင်ဗျား ငိုနေတယ်၊ ဘာဖြစ်လို့လဲ"

"ကျွန်မ တွေးမိနေလို့ပါ"

"ဘာကို တွေးမိတာလဲ"

"သူ့အတွက် ကျွန်မရဲ့လက်တစ်ဖက်ပြတ်သွားလည်း ဂရုစိုက်မှာ မဟုတ်ဘူးဆိုတာ တွေးမိလို့ပါ"

ကျင်းချွမ်းက သက်ပြင်းချလိုက်လေသည်။

ချင်းချင်း နှုတ်ခမ်းကိုက်ထားသည်။ မျက်ရည်များ စီးဆင်းကျလာပြန်လေသည်။

"ရှင်မှမသိဘဲ၊ သူကသာ ရှင်နဲ့ကျွန်မအပေါ် တစ်စက်လောက်ပဲ ကြင်နာမယ်ဆိုရင် သူ့အတွက် ကျွန်မ လက်နှစ်ဖက်စလုံး ပြတ်သွားလည်း ကျေနပ်နေမှာပဲ"

"ငါသိတယ်၊ ငါသိပါတယ်"

ကျင်းချွမ်း၏အသံမှာလည်း တုန်တုန်ယင်ယင်ဖြစ်လာလေသည်။ သူက ရုတ်တရက် အသံကျယ်လိုက်သည်။

"ဒါပေမဲ့ ... ခင်ဗျား သိသလား မသိဘူး၊ ခင်ဗျားက သူ့အပေါ်ထားတဲ့ မေတ္တာ ကျုပ်ကို တစ်ဝက်လောက် ပေးမယ်ဆိုရင် ခင်ဗျားအတွက် ကျုပ်အသက် သေပျော်ပါတယ်ဗျာ"



သူသည် ပြောရင်း ပြောရင်း စိတ်ကို မထိန်းနိုင်တော့ဘဲ ဒူးထောက်လိုက်သည်။ သူမ၏ခြေထောက်နှစ်ဖက်အား တင်းကျပ်စွာ ဖက်ထားလိုက်လေသည်။

သူမ၏ခန္ဓာကိုယ်သည် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။ အသက်ရှူမောလာသည်။

"မလုပ်ပါနဲ့၊ ဒီလိုမလုပ်ပါနဲ့ရှင်"

ကျင်းချွမ်းက ပို၍တင်းကျပ်စွာ ဖက်ထားသည်။ စိတ်လှုပ်ရှားမှုကြောင့် အသံပင် တုန်ခါနေ၏။

"ဘာဖြစ်လို့လဲ၊ အခုထိ ခင်ဗျားက သူ့ကို သတိရနေတုန်းလား၊ ငါတို့က သူ့ကို ဘာကြောင့်မေ့မပစ်ချင်ရတာလဲ"

သူ၏အသံသည် ပို၍ကျယ်လောင်လာသည်။ ပို၍တုန်ခါလာသည်။

"ငါတို့က ဘာဖြစ်လို့ သူ့အတွက် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်နေချင်ရတာလဲ"

သူမသည် သူ့အား တွန်းဖယ်ရန် ဟန်ပြင်လိုက်ပြီးမှ ရုတ်တရက် သူ့ကိုယ်ပေါ်သို့ မှောက်လျက် ငိုကြွေးလိုက်လေသည်။

ကျင်းချွမ်းက သူမ၏ဆံကေသာများအား လက်ဖြင့် အသာကလေး ယုယစွာ ပွတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသာ လက်ခံမယ်ဆိုရင် ငါတို့ ပျော်ပျော်ရွှင်ရွှင်နေနိုင်မယ်၊ အတိတ်က အဖြစ်အပျက် အတိတ်က ဝေဒနာတွေ အားလုံး မေ့ပျောက်လိုက်ကြပါစို့"

ချင်းချင်းက မျက်လုံးမှိတ်ထားလိုက်သည်။

"ကျွန်မ ကျွန်မ လက်ခံမယ်၊ ကျွန်မ သဘောတူပါတယ်"

သူမက စိတ်မထိန်းနိုင်သည့်အလား သူ့အား လက်နှစ်ဖက်ဖြင့် ဖက်ထားလိုက်လေသည်။

ကျင်းချွမ်း၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားသည်။ သူမ၏မျက်နှာအား လက်နှစ်ဖက်ဖြင့် မ,တင်လိုက်သည်။

သူမ၏မျက်ရည်စအား ယုယစွာ သုတ်ပေးလိုက်သည်။

"ကျုပ် ကိုနိပြောပါရစေ ... ဒီဘဝတစ်သက်တာမှာ ကျုပ်က ခင်ဗျားကို အမြဲတမ်း ယုယမယ်၊ ကြင်နာမယ်၊ မျက်ရည်တစ်စက်မှ မကျစေရပါဘူးလို့"

ချင်းချင်း၏မျက်နှာမှာ ခြစ်ခြစ်တောက် ပူလာသည်ဟု ထင်ရသည်။ ကျင်းချွမ်း၏နှုတ်ခမ်းသည် တဖြည်းဖြည်းချဉ်းကပ်လာသည်။

သူမ၏နှုတ်ခမ်းအား လိုက်လံရှာဖွေနေ၏။ ချင်းချင်း၏ နှုတ်ခမ်းကလည်း ပူလောင်လာသည်ဟု ထင်ရသည်။



သို့သော် သူမက ရုတ်တရက် ထရပ်လိုက်သည်။ သူ့အား တအားတွန်းလိုက်လေသည်။

ကျင်းချွမ်းမှာ ဖင်ထိုင်ကျသွားသည်။ သူမအား အံ့ဩစွာ ကြည့်မိလေသည်။

"ခင်ဗျား ... ဘာဖြစ်သွားပြန်တာလဲ၊ စိတ်ပြောင်းသွားလို့လား"

ချင်းချင်းက ခေါင်းငုံ့ထားသည်။

"ကျွန်မ စိတ်မပြောင်းပါဘူး"

"ဒါဖြင့်"

"ကနေ့ည ... ကနေ့ည ... မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မတို့ နောင်ဆိုရင် အတူတူနေရတော့မှာ၊ ကျွန်မဟာ မိန်းမပျော့တစ်ယောက်လို့ အထင်မခံချင်ဘူး"

သူမက မျက်ရည်များ စီးဆင်းကျလာပြန်လေသည်။

"ရှင်က ကျွန်မအပေါ် တကယ်မေတ္တာရှိတယ်ဆိုရင် ကျွန်မရဲ့သဘောကို နားလည်ပါလိမ့်မယ်"

ကျင်းချွမ်းက သူမအား ကြည့်လိုက်သည်။ အတန်ကြာ ကြည့်ပြီးမှ ခေါင်းညိတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက မခိုးပြုံးပြုံး၍ …

"ခင်ဗျားရဲ့သဘောကို ကျုပ် နားလည်ပါပြီဗျာ"

"ကျွန်မကို စိတ်ဆိုးသွားသလားဟင်"

ကျင်းချွမ်းက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားက ကျုပ်တို့ရှေ့ရေးကို မျှော်ပြီး စဉ်းစားတဲ့ကိစ္စပဲ၊ ကျုပ်က ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ"

ချင်းချင်း၏မျက်နှာ ပြုံးပန်းပွင့်သွားလေသည်။

"ကျွန်မရဲ့မေတ္တာကို နားလည်မယ်ဆိုရင် ကျွန်မရဲ့ခန္ဓာကိုယ်ကို တစ်နေ့တော့ ရှင်ပိုင်မှာပါ"

သူမက ပြောရင်း သူ၏ဆံပင်များအား ကုန်း၍နမ်းလိုက်လေသည်။ ထို့နောက် ကြင်နာသောအသံဖြင့် …

"ကျွန်မ အိပ်ချင်ပြီ၊ ရှင့်အခန်း ရှင်ပြန်ရင် မကောင်းဘူးလား၊ မနက်ဖြန်စောစော ကျွန်မ လာနှိုးပါ့မယ်"

ကျင်းချွမ်းက ခေါင်းညိတ်ပြလိုက်သည်။ သူမ၏လက်ကိုဆွဲ၍ နုနယ်ဖြူဖွေးသော လက်ဖမိုးအား အသာအယာပွတ်လိုက်လေသည်။

ထို့နောက် အခန်းထဲမှ တိတ်ဆိတ်စွာ ထွက်လာသည်။ အခန်းတံခါးကို အသာအယာ ဆွဲပိတ်လိုက်လေသည်။



သူသည် သူမအား အတင်းအကျပ် မပြုပါ။ သူသိထားသည်မှာ မိန်းတစ်ယောက်၏ခန္ဓာကိုယ်နှင့်အသည်းနှလုံးကို လိုချင်လျှင် တစ်ခါတစ်ရံ စိတ်ရှည်ရှည် စောင့်တတ်ရမည် ဖြစ်လေသည်။

အကယ်၍ အတင်းအကျပ် ပြုလုပ်ပါက သူမ၏ခန္ဓာကိုယ် ရရှိနိုင်မည် ဖြစ်သော်လည်း သူမ၏မေတ္တာကို ရနိုင်မည်မဟုတ်ပါ။

ယနေ့ သူ၏ရရှိသော အကျိုးအမြတ်က ကြီးမားသည် မဟုတ်သော်လည်း လုံလောက်နေပြီဖြစ်သည်။

❄

ကြယ်ကလေးများသည် ဝင်းလက်တောက်ပနေ၏။

ညသည် အေးချမ်းပြီး သာယာလှပေသည်။

သူသည် ပထမဆုံးအကြိမ် နေဦး၏အလှကို ခံစားဖူးလာလေသည်။ သူက ရယ်မောမိလေသည်။

သူ၏ဖြူဖွေးသော သွားများသည် ဝံပုလွေတစ်ကောင်၏ သွားကဲ့သို့ အရောင်တောက်ပနေ၏။

ချင်းချင်းက ခေါင်းငုံ့ထားသည်။ အခန်းထဲမှ ကျင်းချွမ်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်ကို ကြည့်နေ၏။

အခန်းတံခါး ပြန်ဆွဲပိတ်သွားသည်ကို ကြည့်နေ၏။ သူမသည် ထိုယောကျ်ားသားက မိမိထောင်ထားသော ပိုက်ကွန်ထဲသို့ တစ်လှမ်းပြီးတစ်လှမ်း ဝင်ရောက်လာသည်ကို သိလိုက်လေသည်။

သူမ၏စိတ်ထဲ၌ ရယ်ချင်နေသော်လည်း ရင်ထဲ၌ အော်ကလီဆန်လာလေသည်။ အကြောင်းမှာ သူမသည် သူ့အပေါ် အလွန်အထင်သေးလာမိခြင်းကြောင့် ဖြစ်လေသည်။

ကိုယ်အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်၏ဇနီးအပေါ် ယခုကဲ့သို့ ကြံစည်သည်မှာ မိတ်ဆွေအပေါ် သစ္စာဖောက်ရာ ရောက်သည်မဟုတ်ပါလား။

ထို့ကြောင့် သူမသည် သူ့အား အထင်လုံးဝမကြီးတော့ပါ။ သို့သော် သူမသည် အသက်ရှင်သန်နေရဦးမည် ဖြစ်သည်။

ရှောင်ဖုန်းအပေါ် လတ်စားချေလိုသေးသည်။ ထို့ကြောင့် သူမသည် သူ့အပေါ် အထင်သေးသော်လည်း သည်းခံ၍ ညည်းရုံးထားရဦးမည် မဟုတ်ပါလော။

✳ ❄ ✳



## အခန်း (၁၀)

"ဒီလူက သတ္တိခဲ"

မှန်ပါသည်။ သို့သော် သတ္တိခဲဖြစ်လာရန်မှာ မည်မျှကြီးမားသော၊ အဖိုးအခ ပေးခဲ့ရသည်ကို မည်သူကမျှ မသိပါ။ သိရှိနိုင်မည် မဟုတ်ပါ။

ရှောင်ဖုန်းသည် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ အခန်းတစ်ခုလုံး နေရောင်ခြည်များ လင်းထိန်နေသည်ကို တွေ့ရ၏။

လုံးစုရဲ၏ဖြူဖွေးသော ဆံပင်များသည် နေရောင်ခြည်အောက်၌ ငွေရောင်သမ်းနေ၏။

သူ၏မျက်လုံးထောင့်တွင် ပါးရေတွန့်သည့်အရာများကို တွေ့ရလေသည်။

သူ၏မျက်နှာပြင်ပေါ်ရှိ အမှတ်အသားများမှာလည်း ပင်ပန်းနွမ်းနယ်ပုံ ရနေ၏။ သို့ရာတွင် နေရောင်ခြည်အောက်တွင် ထိုင်နေသောအခါ သူ၏တစ်ကိုယ်လုံးမှာ သန်မာဖျတ်လတ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အခါမျှ အိုမင်းရင့်ရော်မည်မဟုတ်ဟု ထင်ရလေသည်။ သူ၏မျက်လုံးများသည် အိုမင်းခြင်း မရှိသေးပါ။

ရှောင်ဖုန်းအား စိုက်ကြည့်နေ၏။ အတန်ကြာ စိုက်ကြည့်ပြီးမှ ရုတ်တရက် မေးလိုက်၏။

"မင်း အခု စကားပြောနိုင်ပြီလား"

ရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

"ပြောနိုင်ပါပြီ"

"မင်းနာမည်က ရှောင်ဖုန်းမဟုတ်လား"

"ဟုတ်တယ်"

"ကျင်းချွမ်းရဲ့နာမည်ရင်းကို မင်းသိသလား"

ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

"ဒါပေမဲ့ သူက မင်းရဲ့မိတ်ဆွေ မဟုတ်လား"

"ဟုတ်တယ်"

"သူ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ မသိဘဲ၊ သူ့ကို မိတ်ဆွေလို့ အသိအမှတ်ပြုထိုက်သလား"

ပြုထိုက်ပါတယ်။ လုံးစုရဲက မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"



"ကျုပ်က သူ့ကို ပေါင်းတာပဲ၊ သူ ဘယ်သူလဲ၊ နာမည် ဘယ်လိုခေါ်သလဲဆိုတဲ့အပေါ်မှာ ပေါင်းတာမှမဟုတ်ဘဲ"

ရှောင်ဖုန်းက ပြန်ပြောလိုက်၏။ လုံးစုရဲက ...

"သူ အရင်က ဘာတွေလုပ်ခဲ့သလဲဆိုတာ မင်း အရေး မထားတော့ဘူးလား"

"အရင်ကအကြောင်းက အတိတ်မှာ ကျန်ခဲ့ပြီလေ"

"အခုကော သူက မင်းရဲ့မိတ်ဆွေ ဖြစ်တုန်းပဲလား"

ရှောင်ဖုန်း ခေါင်းညိတ်လိုက်၏။

"ဖြစ်တုန်းပါပဲ"

လုံးစုရဲက ရှောင်ဖုန်းကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"သူက မင်းအပေါ် မကောင်းတာလုပ်ခဲ့ရင်တောင် မင်းက သူ့ကို မိတ်ဆွေလို့ပဲ အသိအမှတ်ပြုဦးမှာလား"

"ပြုရမှာပေါ့"

"ဘာဖြစ်လို့လဲ"

"သူက ကျုပ်ရဲ့မိတ်ဆွေ ဖြစ်နေလို့"

လုံးစုရဲသည် ရှောင်ဖုန်းကို အနည်းငယ် အံ့ဩသောအကြည့်ဖြင့် ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် သူ ဘာပဲလုပ်လုပ် မင်းက သူ့ကို ခွင့်လွှတ်တယ်ဆိုတဲ့ သဘောပေါ့"

ရှောင်ဖုန်းက မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။

"သူ့မှာ မလွှဲမရှောင်သာနိုင်တဲ့ အခက်အခဲတွေ ရှိချင်လည်း ရှိမှာပေါ့"

လူတိုင်းလူတိုင်းသည် မလွှဲမရှောင်သာသော အခက်အခဲများ ရှိတတ်ကြသည် မဟုတ်လား။

"တကယ်လို့ သူက မင်းကို သစ္စာဖောက်မယ်, မင်းရဲ့ အမြတ်နိုးဆုံးပစ္စည်းကို လိမ်ညာယူသွားမယ်ဆိုရင် မင်း ခွင့်လွှတ်နိုင်မလား"

လုံးစုရဲ မေးလိုက်သော စကားလုံးများသည် သူ၏လှံတံကဲ့သို့ ချွန်ရှထက်မြက်၏။ အတန်ကြာအောင် ငေးကြောင်တွေဝေနေပြီးမှ —

"ခင်ဗျား ကျုပ်ကို မေးတဲ့အမေးတွေကို အမှန်တော့ ကျုပ်က တစ်ခုမှ အဖြေပေးဖို့ မလိုအပ်ပါဘူး"

လုံးစုရဲက ခေါင်းညိတ်လိုက်၏။

"ငါ သိပါတယ်"

"ကျုပ် ခင်ဗျားမေးတာကို ဖြေနေတာက ခင်ဗျားကို ကြောက်လို့လည်း မဟုတ်ဘူး၊ ကျုပ်ရဲ့အသက်ကယ်ခဲ့လို့ ကျေးဇူးတင်တာလည်း မဟုတ်ဘူး"



"ဒါဖြင့် မင်းက ဘာဖြစ်လို့ ဖြေနေတာလဲ"

"ခင်ဗျားဟာ လူတစ်ယောက်ပီသတယ်လို့ ကျုပ်က ယူဆမိလို့ပါ"

လုံးစုရဲက သူ့အား အတန်ကြာ စိုက်ကြည့်လိုက်ပြီးမှ —

"အခု ကျုပ်မေးမယ့် မေးခွန်းတွေကို မင်း မဖြေချင်တော့ဘူးဆိုပါတော့"

"ခင်ဗျားမေးတာ များလွန်းနေပါပြီ"

လုံးစုရဲက ရှောင်ဖုန်းကို စိုက်ကြည့်လိုက်သည်။

"ကျုပ်က ဘာကြောင့် မင်းကို ဒီလောက်များများ မေးနေရသလဲဆိုတာ သိလား"

"မသိဘူး"

"ငါလည်း မင်းလိုပဲ သူသစ္စာဖောက်တာကို ခံလိုက်ရတာပဲ"

လုံးစုရဲ၏စကားကြောင့် ရှောင်ဖုန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ လုံးစုရဲက ဆက်၍ပြောလိုက်၏။

"ဒါကြောင့် ကိုယ်အယုံကြည်ရဆုံးဖြစ်တဲ့ မိတ်ဆွေတစ်ယောက်က သစ္စာဖောက်သွားတာကို ခံရတဲ့အခါ ဘယ်လိုရင်နာ

www.burmeseclassic.com

www.burmeseclassic.com



ရသလဲဆိုတာကို ငါ နားလည်ထားပါတယ်"

ရှောင်ဖုန်း ပါးစပ်ပိတ်ထားလိုက်၏။

လုံးစုရဲက ဆက်၍ပြောသည်။

"ကျုပ် မင်းကိုမေးနေတာ မင်းလည်း ငါ့လို ရင်နာမလား ဆိုတာ သိချင်လို့ပါ"

သူသည် ရှောင်ဖုန်းအား စိုက်ကြည့်ပြီး ရှည်လျားစွာ သက်ပြင်းချလိုက်လေသည်။

❄

စားပွဲပေါ်၌ အရက်ကရားရှိသည်။

လုံးစုရဲသည် အရက်တစ်ခွက်ငှဲ၍ မော့သောက်လိုက်လေသည်။ ပြီးနောက် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ငါ့ကိုယ်ငါ သဘောထား အတော်ပြည့်ဝတယ်လို့ ထင်ခဲ့တယ်၊ ကနေ့ မင်းကို တွေ့လိုက်တော့မှ ငါ့ရဲ့သဘောထားဟာ ကျဉ်းမြောင်းသေးတယ်ဆိုတာ ငါ သိလိုက်ရပြီ၊ မင်းပြောသလို သူ သစ္စာဖောက်သွားတာဟာ ဖွင့်မပြောနိုင်တဲ့ အခက်အခက်တွေ ရှိကောင်း



ရှိလိမ့်မယ် ထင်ပါရဲ့"

"အခုကော"

ရှောင်ဖုန်းက မေးလိုက်၏။ လုံးစုရဲက ...

"သူများကို ခွင့်လွှတ်နိုင်မယ်ဆိုရင် ကိုယ့်ရဲ့စိတ်ဓာတ်က လည်း ကြည်ကြည်သာသာ ဖြစ်နိုင်မယ်၊ ဖြစ်ခဲ့တဲ့ လောဘ, ဒေါသ ရန်ငြိုးထားနေတဲ့ စိတ်အားလုံး ပျောက်ကွယ်သွားနိုင်တယ်ဆိုတာ နားလည်လိုက်ပါပြီ"

ရှောင်ဖုန်းက သူ့အား အတန်ကြာ ကြည့်လိုက်သည်။

"ခင်ဗျား အရင်တုန်းက မှားခဲ့တယ်လို့ ထင်မိသလား"

"အင်း ... ထင်မိသလိုပဲ"

ရှောင်ဖုန်းက ခေါင်းခါလိုက်၏။

"ခင်ဗျား မမှားပါဘူး"

လုံးစုရဲ အံ့အားသင့်သွား၏။ ရှောင်ဖုန်းက ဆက်ပြောလိုက်၏။

"ကိုယ်အယုံကြည်ရဆုံး မိတ်ဆွေတစ်ယောက်က သစ္စာဖောက်သွားတာဟာ အခံရခက်တဲ့ မေ့လို့မရတဲ့ ဝေဒနာတစ်ခုပါ၊ ဒါပေမဲ့ တချို့က ထုတ်ဖော်မပြောဘဲ ရင်ထဲ အသည်းထဲမှာ သိမ်ဝှက်ထားလိုက်ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



လုံးစုရဲက သူ့အား အတန်ကြာကြည့်ပြီး စကားမပြောနိုင်ဘဲ ဖြစ်နေ၏။ ရှောင်ဖုန်းက စကားဆက်လိုက်သည်။

"လူတစ်ယောက်ဟာ သူများရှေ့မှာ ကိုယ့်အမှားနဲ့ ခံစားရတဲ့ဝေဒနာကို ထုတ်ဖော်ဝန်ခံနိုင်တယ်ဆိုတာ လွယ်ကူတဲ့ အလုပ်တစ်ခု မဟုတ်ပါဘူး။ ဒီလိုလူမျိုးဟာ စိတ်နေသဘောထား ပြည့်ဝတဲ့အပြင် သူမတူနိုင်တဲ့ သတ္တိလည်း ရှိရပါမယ်"

လုံးစုရဲက တိတ်ဆိတ်နေလိုက်ပြန်လေသည်။ အတန်ကြာတော့မှ သူက ပြောလိုက်လေသည်။

"ဒီစကားကို မင်းပြောဖို့ မလိုအပ်ပါဘူး"

"ဟုတ်ပါတယ်၊ ကျုပ် မပြောသင့်ပါဘူး"

"စိတ်သဘောထား မပြည့်ဝရင် သတ္တိမရှိရင် ဒီလိုစကားမျိုး ပြောနိုင်မှာ မဟုတ်ဘူး"

လုံးစုရဲက ပြောလိုက်၏။ ရှောင်ဖုန်းက ခေါင်းယမ်းလိုက်သည်။

"ခင်ဗျား ကျုပ်အပေါ် အထင်လွဲနေပြီနဲ့တူတယ်"

လုံးစုရဲက ရုတ်တရက် ထရပ်လိုက်၏။

"မင်းကို ငါ အထင်လွဲနေတယ် ဟုတ်လား"

သူက ခေါင်းခါယမ်းလိုက်သည်။



"ငါ လူကဲခတ် မညံ့ပါဘူး။ မင်းလို မိတ်ဆွေတစ်ယောက်ကို ရရှိမယ်ဆိုရင် သေပျော်ပါပြီကွာ"

ရှောင်ဖုန်းက အေးတိအေးစက်အသံဖြင့် —

"ကျုပ်တို့ မိတ်ဆွေ မဟုတ်ပါဘူး"

"အခု မဟုတ်သေးပေမယ့် နောင်တော့ ..."

"နောင်ဆုတာ မရှိတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

ရှောင်ဖုန်းက အေးစက်စက်ဖြင့် —

"လူအချို့ဟာ နောင်ဆိုတာ လုံးဝမရှိတော့လို့ပါ"

လုံးစုရဲက ခြေလှမ်းကျဲကျဲဖြင့် သူ့ထံသို့ လျှောက်သွား၏။ သူက လက်နှစ်ဖက်ဖြင့် ရှောင်ဖုန်း၏လက်မောင်းနှစ်ဖက်ကို အားရှိပါရှိ ဆုပ်ကိုင်ထားလိုက်၏။

"မင်းဟာ အသက်ငယ်ငယ်ရွယ်ရွယ်ရှိပါသေးတယ်၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ဒီလောက်တောင် စိတ်အားငယ်နေရတာလဲ၊ ငါက မင်းကို ညီအစ်ကိုလို ခင်ပါတယ်ကွာ"

"ကျုပ်ကလည်း ခင်ဗျားရဲ့ ညီအစ်ကို မဟုတ်ပါဘူး"

ရှောင်ဖုန်း၏မျက်နှာတစ်ခုလုံးမှာ ဟန်မူရာ ကင်းမဲ့သွားပြန်လေသည်။ ထိုနေရာမှ ထွက်ခွာသွားရန် ရန်းကန်ကြိုးစားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



လုံးစုရဲက သူ၏ပခုံးကို လက်ဖြင့် ဖိထားလိုက်သည်။

"ထားပါတော့လေ၊ ဒါပေမဲ့ ဒီမှာ နေလိုက်ပါဦး"

"နောင်လည်း သွားရမှာပဲ၊ ဘာဖြစ်လို့ နေရမှာလဲ"

"မင်းကို ငါ ပြောစရာရှိသေးတယ်"

ရှောင်ဖုန်းသည် အတန်ကြာ စဉ်းစားပြီးနောက် ပြန်လည် လဲလျောင်းလိုက်လေသည်။

"ကောင်းပြီ၊ ခင်ဗျား ပြောပါ။ ကျုပ် နားထောင်ပါ့မယ်"

လုံးစုရဲသည် အတန်ကြာ စဉ်းစားပြီးမှ ...

"ကျင်းချွမ်းရဲ့အကြောင်းကို မင်းသိအောင် ကျုပ်ပြောပြပါ့မယ်"

ရှောင်ဖုန်းက နားထောင်နေ၏။

လုံးစုရဲက ဆက်၍ပြောလိုက်သည်။

"ကျင်းချွမ်းရဲ့ နာမည်အရင်းဟာ ကျင်းယို့ဝူ ဖြစ်တယ်၊ ကျင်းစန်းကိုးရဲ့ တစ်ဦးတည်းသော သားဖြစ်တယ်၊ ကျင်းစန်းကိုး သေဆုံးသွားတဲ့အခါ ..."

လုံးစုရဲ၏စကားမဆုံးမီမှာပင် ရှောင်ဖုန်းက ကြားဖြတ်လိုက်၏။

"ခင်ဗျားနဲ့သူနဲ့ ဘယ်လိုပတ်သက်သလဲဆိုတာ ကျုပ်



အားလုံး သိထားပြီးပါပြီ"

"ဟုတ်လား"

ရှောင်ဖုန်းက ဆက်ပြောလိုက်၏။

"ခင်ဗျားဟာ ကျူးဂုမ်းနယ်က အကြီးဆုံး အာမခံဌာနလေးခုရဲ့ ဌာနချုပ်မှူး ဖြစ်ပါတယ်၊ ကျင်းချွမ်းနဲ့ အိုယန်ကျိုတို့ဟာ ခင်ဗျားရဲ့ အားအထားရဆုံး လက်ဝဲရံ လက်ယာရံများ ဖြစ်ပါတယ်၊ တစ်ချိန်က သူဟာ သိန်းရှစ်ဆယ်တန်တဲ့ပစ္စည်းကို နေပြည်တော်ကနေ ကူးရှုးနယ်ကို ပို့ပေးရပါတယ်၊ လမ်းတစ်ဝက်မှာ အလုယူခံရပြီး ပါသွားတဲ့လူအားလုံး အသတ်ခံခဲ့ရပါတယ်၊ သူက ခင်ဗျားကို မျက်နှာမပြရဲတာနဲ့ ဒီနေရာမှာလာပြီး နေထိုင်ခဲ့တာပါ"

လုံးစုရဲက နားထောင်နေ၏။

ရှောင်ဖုန်းက ဆက်၍ပြောလိုက်သည်။

"ဒါပေမဲ့ ခင်ဗျားတို့က ဒီငွေတွေကို သူက လိမ်ပြီး ထွက်ပြေးသွားတယ်လို့ ထင်ခဲ့တယ်၊ သူက ခင်ဗျားအပေါ် သစ္စာဖောက်တယ်လို့ ထင်ခဲ့တယ်၊ ဒါကြောင့် သူ့ကို ခင်ဗျားတို့က သတ်မယ်လို့ ကြေညာခဲ့တာ မဟုတ်လား"

လုံးစုရဲက မချိပြုံး ပြုံးလိုက်လေသည်။

ရှောင်ဖုန်းက စကားဆက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ အိုယန်ကျိုက အမှတ်မထင် သူ ဒီကိုရောက်နေတာကို တွေ့သွားတယ်၊ သူက ခင်ဗျားကို ပြန်ပြီး အကြောင်းကြားရင် သူထွက်သွားမှာကို စိုးရိမ်လို့ ငွေကုန်ခံပြီး ကြေးစားလူသတ်သမားတွေကို ခိုင်းလိုက်တာ ဖြစ်ရမယ်၊ ဒါပေမဲ့ အဲဒီလူတွေ ရောက်လာတဲ့အခါမှာ သူက မရှိတော့ပါဘူး"

သူ၏အသံသည် တည်ငြိမ်၍ အေးချမ်းနေ၏။ သူ ပြောပြနေသည့် အကြောင်းအရာများသည် သူနှင့် လုံးဝမပတ်သက်သည့် အလား အေးတိအေးစက် နိုင်လှပေသည်။

သို့သော် သူသည် ပြောရင်း ခံစားနေရသော ဝေဒနာများက မျက်လုံးထဲ၌ ပေါ်လွင်လာလေသည်။ လုံးစုရဲက သူ့အား စိုက်ကြည့်လိုက်၏။

"ဒီကိစ္စကို သူက မင်းကို ပြောပြလိုက်လို့လား"

ရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လုံးစုရဲက သက်ပြင်းတစ်ချက် ချလိုက်၏။

"သူက ဒီလျှို့ဝှက်ချက် မင်းကို ယုံယုံကြည်ကြည် ပြောပြလိုက်တဲ့အတွက် မင်းက သူ့ကို မိတ်ဆွေရင်းချာလို သဘောထားနိုင်ခဲ့တာပေါ့"



သူကပင် စကားဆက်လိုက်သည်။

"ဒီလိုဆိုရင် ကြေးစားလူသတ်သမား သုံးယောက်က မင်းဆီကို လာတဲ့အချိန်မှာ သူတို့လူမှားနေပြီဆိုတာ မင်းသိပြီးပြီပေါ့"

ရှောင်ဖုန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"မင်း ဘာဖြစ်လို့ သူတို့ကို မဖြေရှင်းတာလဲ"

ရှောင်ဖုန်းက မဲ့ပြုံး ပြုံးလိုက်၏။

"သူတို့ကို ဖြေရှင်းပြဖို့ မတန်ပါဘူး"

"ဒါဖြင့် ဘယ်လိုလူမျိုးမှ တန်တာလဲ"

ရှောင်ဖုန်းက ...

"တချို့လူဟာ မွေးလာကတည်းက လားလိုစိတ်ဓာတ်မျိုး ရှိကြတယ်၊ သူတို့ဟာ အကြိမ်ပေါင်းတစ်ထောင် အထင်လွဲခံရရင်လည်း ခံမယ်၊ ဘာတစ်ခုမှ မဖြေရှင်းချင်ဘူး"

ထိုအချိန်တွင် လူတစ်ယောက်၏ကျယ်လောင်သောအသံကြားလိုက်ရ၏။

"ဒါဆိုရင် ဒီလူက လားမဟုတ်ဘူး၊ အလွန်အသုံးမကျတဲ့ မြည်းပဲဖြစ်မယ်"

ထိုစကားမဆုံးမီ အိုယန့်ကျို ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လုံးစုရဲရှေ့၌ ခြေလှမ်း ရပ်လိုက်ပြီး ...

"သူ ခင်ဗျားကို သစ္စာဖောက်တယ်ဆိုတာ ဒီလောက်ထင်ရှားနေတာပဲ၊ ဘာဖြစ်လို့ သူ့စကားကို ယုံကြည်နေရတာလဲ"

ရှောင်ဖုန်းက မျက်မှောင်ကုတ်ကာ ...

"သူက ကျုပ်ကို သစ္စာဖောက်တယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ် သိလိုက်သလဲ၊ ခင်ဗျား မြင်လိုက်လို့လား"

အိုယန့်ကျိုက ပါးစပ်ပိတ်ထားလိုက်သည်။

ရှောင်ဖုန်းက ဆက်ပြောလိုက်၏။

"ခင်ဗျားကိုယ်တိုင် တွေ့မြင်သည့်တိုင်အောင် ဟုတ်ချင်မှလည်း ဟုတ်မယ်၊ ထားပါတော့လေ ... သူက ကျုပ်ကို သစ္စာဖောက်တယ်ပဲထား၊ ခင်ဗျားတို့ ငွေသိန်းရှစ်ဆယ်ကို သူလိမ်သွားပါတယ်လို့ ဘယ်လိုလုပ် ပြောနိုင်သလဲ"

အိုယန့်ကျိုက အတန်ကြာတွေဝေသွားပြီးနောက် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"တချို့လူတွေဟာ လားလိုစိတ်ဓာတ်မျိုး ရှိတယ်ဆိုတာ ကျုပ် ယုံကြည်ပါပြီ"

❋ ❉ ❋



## အခန်း (၁၁)

တည်းခိုခန်း၏ခြံဝင်းအတွင်း၌ အာမခံဌာန တွန်းလှည်းများ ပြည့်နှက်စွာ ရပ်နားလျက် ရှိနေသည်။

ငွေသေတ္တာများသည် လက်တွန်းလှည်းပေါ်မှ ချထားလိုက်ပြီး အရှေ့ဘက်၌ ရှိနေသော အခန်းသုံးခန်းထဲသို့ စုပုံချထားလေသည်။

အတွေ့အကြုံ ရင့်ကျက်သော အာမခံဌာနမှူးနှင့် အဖွဲ့ဝင်သုံးဆယ့်သုံးယောက်တို့သည် အဆိုင်းသုံးဆိုင်းခွဲ၍ နေ့ညအချိန်မလပ် အလှည့်ကျစောင့်ကြပ်နေ၏။

တည်းခိုခန်း၏တံခါးပေါက်၌ အာမခံအလံလေးလက် စိုက်ထူထား၏။

အရောင်လေးရောင်ရှိသော အလံများ ဖြစ်ကြ၏။

အလံပေါ်၌ ရွှေရောင်နဂါးတစ်ကောင် ပုံဖော်ထားသည်။

လေတိုက်၍ အလံလွင့်နေသောအခါ အလံပေါ်မှနဂါးသည်

www.burmeseclassic.com

www.burmeseclassic.com



မိုးပေါ်သို့ ပျံသန်းသွားတော့မည့်အလား ထင်မှတ်မှားရလေသည်။

ဤသည်မှာ တစ်ချိန်က အဖြူရောင်နှင့်အမည်းရောင် သိုင်းသမားတို့ ကြည်ညိုလေးစားနေရသော ရွှေနဂါးအလံဖြစ်လေသည်။

သို့သော် ...

ဌာနမှူးဖြစ်ကြသော ယင်းအေ့ာနှင့်ကျန်းစန်းတို့သည် ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားကြပြီဖြစ်ရာ ယခုအခါ၌ လုံးစုရဲ တစ်ယောက်သည်သာ အသက်ထင်ရှားကျန်ခဲ့လေသည်။

သို့သော် ယခုအခါ၌ လုံးစုရဲသည်လည်း အိုမင်းရင့်ရော်လာပြီ ဖြစ်သည်။

သူ၏အားမာန်သည် ကျဆင်းသွားခြင်း မရှိသေးသော်လည်း သေဆုံးသွားသောရဲဘော်များအား သတိရတိုင်း သူသည် လှိုက်လှဲစွာ ခံစားနေရလေသည်။

❁

ညဉ့်နက်နေပြီ ဖြစ်သည်။



အရှေ့ဘက်၌ရှိသော အခန်းများ၏တံခါးနှင့် ပြတင်းပေါက်များကို အလုံပိတ်ထား၏။

မီးရောင်များမှာလည်း မလင်းတလင်းဖြင့် ပိုးတဝါးနိုင်လှပေသည်။

တစ်ခါတစ်ရံ ဓားသွားချင်း ထိတွေ့သံများ ထွက်ပေါ်လာသည်မှအပ အခြားအသံများ မကြားရပေ။

နွေဦး၏ညဖြစ်သော်လည်း မြို့ဝင်းတစ်ခုလုံး၌ တိတ်ဆိတ်၍ အေးချမ်းနေ၏။

အာမခံဌာန တာဝန်ကို ထမ်းဆောင်နေကြသောလူများသည် သူတို့ ထမ်းဆောင်ရသော တာဝန်မှာ မည်မျှခက်ခဲ၍ အန္တရာယ်များလှသည်ကို မည်သူကမျှ သိကြမည် မဟုတ်ပါ။

တစ်နှစ်ပတ်လုံးပင် သာမန်ဟူသော အချိန်ကာလတွင် သူတို့၏သားမယားနှင့် အေးအေးချမ်းချမ်း စိတ်ချလက်ချ နေနိုင်သော အချိန်ကား လွန်စွာနည်းပါးလှပေသည်။

သို့သော် အချို့လူများမှာမူ အန္တရာယ်များလှသော ဘဝကို ခုံမင်တတ်ကြပေ၏။

ညဉ့်နက်ပြီဖြစ်သည်။ တည်းခိုခန်း၏အနောက်ဘက် အခန်းတစ်ခန်းမှာ ပြတင်းပေါက် ဖွင့်ထားသေး၏။

www.burmeseclassic.com

www.burmeseclassic.com



လုံးစုရဲနှင့် အိုယန့်ကျိုတို့သည် ပြတင်းပေါက်နားတွင်ရှိသော စားပွဲအနီး၌ ထိုင်၍ အရက်သောက်နေကြ၏။

သူတို့နှစ်ယောက်စလုံး အရက်သောက်ထားသည်မှာ မနည်းလှတော့ပါ။ သူတို့ရင်ထဲတွင် များစွာသော ခံစားမှုများ ရှိနေကြ၏။

သူတို့သည် စကားတစ်ခွန်းမျှမပြောဘဲ အတွေးကိုယ်စီဖြင့် တိတ်ဆိတ်စွာ အရက်သောက်နေကြလေသည်။

အိုယန့်ကျိုသည် ခြံဝင်းထဲ တန်းစီ၍ ရပ်နေသော လက်တွန်းလှည်းများကို လှမ်းကြည့်လိုက်သည်။ ထို့နောက် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကျုပ်တို့ ဒီနေရာမှာ သောင်တင်နေတာ လေးရက်တောင် ရှိသွားပြီ"

လုံးစုရဲက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ လေးရက်တောင် ရှိနေပြီ"

"ဒီအတိုင်းသာ ဆက်ပြီး နေသွားမယ်ဆိုရင် ကျုပ်တို့ ညီအစ်ကိုတွေ ပျင်းတွဲတွဲ ဖြစ်ကုန်ကြလိမ့်မယ်"

အိုယန့်ကျိုက ပြောလိုက်၏။

လုံးစုရဲက ပြုံးလိုက်သည်။



"တခြားလူတွေဟာ မင်းလိုပဲ စိတ်မြန်လက်မြန် ဖြစ်နေတယ်လို့ ထင်နေသလား"

"အာမခံထားတဲ့ ငွေတွေရောက်အောင် မပို့နိုင်မချင်း ကျုပ်တို့ညီအစ်ကိုတွေရဲ့ ပခုံးပေါ်မှာ တင်နေတဲ့ ဝန်ထုပ်ကြီးကို ချနိုင်မှာ မဟုတ်ဘူး၊ သူတို့ကလည်း မြန်မြန်ရောက်ချင်ပါပြီ၊ မပြောသာလို့ မပြောကြတာ"

အိုယန့်ကျိုက ပြောရင်း အရက်ထပ်မံ သောက်လိုက်၏။

"ကာယကံရှင်က လမကုန်မီပို့နိုင်းတဲ့နေရာကို အရောက်ပို့ပေးရမယ်လို့ တိတိကျကျ ပြောထားပါတယ်၊ တစ်ရက်နောက်ကျရင် ငွေသုံးထောင် ဒဏ်ခတ်ခြင်း ခံရမယ်တဲ့၊ အခုဆိုရင် ခရီးနောက်ကျသွားတာ လေးရက်တောင် ရှိသွားပြီ၊ ငွေတစ်သောင်း ပေးရတာနဲ့ ပေါင်းလိုက်ရင် ဒီတစ်ကြိမ် ကျုပ်တို့ အရှုံးပေါ်လိမ့်မယ်ဗျ"

လုံးစုရဲက ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာတွေကို ငါ အားလုံး နားလည်ပါတယ်၊ ဒါပေမဲ့ ..."

အိုယန့်ကျိုက ကြားဖြတ်ပြောလိုက်သည်။

"ဒါပေမဲ့ ... ရှောင်ဖုန်းရဲ့ဒဏ်ရာ မပျောက်သေးလို့ သူ့ဒဏ်ရာ ပျောက်သွားတဲ့အထိ ကျုပ်တို့ နေရဦးမယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



လုံးစုရဲက သက်ပြင်းတစ်ချက် ချလိုက်၏။

"သူ အခုလို ဖြစ်ရတာဟာ ငါတို့ကြောင့်ဆိုတာ မင်း မမေ့သင့်ဘူး"

အိုယန်ကျိုက သက်ပြင်းချ၍ မတ်တတ်ရပ်လိုက်လေသည်။

"သူ့ရဲ့ဒဏ်ရာက အတော်လေး ပျောက်နေပါပြီ၊ သွားမယ်ဆိုလည်း သွားလို့ရပြီ၊ ဘာဖြစ်လို့ ..."

အိုယန်ကျို၏စကားမဆုံးမီ လုံးစုရဲက ကြားဖြတ်လိုက်၏။

"မင်း စိတ်ချ၊ သူက မသွားချင်လို့နေတဲ့ လူတစ်ယောက် မဟုတ်ဘူး။ သူသွားတော့မယ်ဆိုရင် ငါတို့ တားလို့တောင် ရမှာ မဟုတ်ဘူး"

အိုယန်ကျို စိတ်တိုသွား၏။

"ကျုပ် နားလည်ပါပြီ၊ ကျုပ်တို့က ကျေးစူးအရင်ဆပ်မယ်၊ နောက်မှ လက်စားချေမယ်"

လုံးစုရဲက စားပွဲကို တစ်ချက်ပုတ်လိုက်သည်။

"ဟုတ်တယ် ... ဒါမှ တကယ့်ယောကျ်ား"

❋



နှုတ်ဆက်ခြင်း မပြုပါ။

ကျေးစူးတင်ခြင်းလည်း မရှိပါ။

စကားတစ်ခွန်းမျှပင် မှာကြားခြင်းမရှိဘဲ ရှောင်ဖုန်းသည် တည်းခိုခန်းမှ ဤအတိုင်း ထွက်ခွာသွားလေသည်။

သူသည် တည်းခိုခန်းထဲမှ ထွက်လာသောအခါ အမှောင်ထုက သူ့အား ကြိုဆိုနေ၏။

သို့သော် သူသည် တောင်ခြေရင်းအောက်သို့ ဆင်းမိသောအချိန်၌ အလင်းရောင် ထပ်မံရောက်ရှိလာ၏။

နီနှစ်ရောင် ထွေထပ်သော နှင်းထုများက မိုးအောက်မြေပြင် တစ်ခွင်လုံး ဖွေးဖွေးလှုပ်အောင် ကြွေဆင်းနေလေသည်။

တောင်ထိပ်ပေါ်၌ ရွှေဝါရောင်နေရောင်ခြည်သည် ပေါ်ထွက်လာလေသည်။

ရှောင်ဖုန်းသည် ရင်ကိုကော့ကာ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားလေသည်။ ဓားဒဏ်ရာများက ကောင်းစွာ မပျောက်သေးပါ။

နာကျင်သောဝေဒနာကို တစ်ချက် တစ်ချက် ခံစားလာရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ချောင်းကလေးအတိုင်း ဆက်လက်လျှောက်သွားလေသည်။

သို့သော် ထိုနေရာတွင် ချုံးချုံးတစ်ယောက် မရှိတော့ပါ။ မက်မန်းပင်တောမှ ဖြတ်ကျော်လိုက်သောအခါ သူနေထိုင်သော ခြံဝင်းကို လှမ်းမြင်ရသည်။

ယခုအခါတွင် ခြံဝင်းတစ်ခုလုံးမှာ ပြာပုံဘဝသို့ ပြောင်းလဲရောက်ရှိနေပြီဖြစ်သည်။ ထိုနေရာသို့ သူ မပြန်လိုတော့ပါ။ ပြန်လည်း မပြန်ချင်ပါ။ သို့သော် မပြန်၍မရပါ။

ကျရောက်လာမည့်အန္တရာယ်ကို ပြေးတွေ့လိုက်သည်မှာ အကောင်းဆုံးဖြစ်သည်။

သူသည် တဖြည်းဖြည်းဖြင့် ခြံဝင်းရှိရာသို့ ရောက်ရှိလာလေသည်။ သူ့မိတ်မျှားဏ်အလောင်းများသည် မီးလောင်ကျွမ်းမှုကြောင့် ရှာ၍တွေ့နိုင်ပါတော့မည်လား။

ရှောင်ဖုန်း စိတ်လှုပ်ရှားနေမိသည်။

သို့သော် ... ယခု သူသည် လက်တွေ့ရောက်ရှိလာသောအခါ မီးလောင်ပြင်အား သန့်ရှင်းထားသည်ကို တွေ့ရလေသည်။

ထိုနေရာ၌ မြေပုံအသစ် တစ်ဆယ့်လေးငါးခုခန့် ရှိနေသည်ကို တွေ့ရ၏။



ဆံပင်ဖြူဖွေး၍ ခါးကုန်းသော အဘိုးအိုတစ်ယောက်သည် မြေပုံ၏ရှေ့တွင် ရှိခိုးကန်တော့နေသည်ကို တွေ့ရ၏။

ရှောင်ဖုန်းက ကြောင်အမ်းအမ်းဖြင့် ရပ်တန့်သွားသည်။ ဤကဲ့သို့ ပြုလုပ်သွားသောလူသည် မည်သူများ ဖြစ်ပါသနည်း။

ထိုလူပြုလုပ်ထားသော ကျေးဇူးများအား သူက မည်ကဲ့သို့ ဆပ်ရမည်နည်း။

အဘိုးအိုက ခြေသံကြားလိုက်၍လားမသိ နောက်သို့ လှည့်ကြည့်လိုက်၏။ ရှောင်ဖုန်းသည် သူ့အား မြင်တွေ့လိုက်သည်နှင့် အံ့အားသင့်သွားလေသည်။

ထိုအဘိုးအိုမှာ အရက်ဆိုင်ပိုင်ရှင် ဖြစ်နေခြင်းကြောင့်ပင်။ ရုတ်တရက် သူသည် ဆိုင်ရှင်အဘိုးအိုအား မည်ကဲ့သို့ ကျေးဇူးတင်ရမည်ကို ပြောမပြနိုင်ဘဲ ဖြစ်သွားရသည်။

အဘိုးအိုက သူ့ထံသို့ လျှောက်လာ၏။ သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ဝဲနေသည်။

သူသည် ရှောင်ဖုန်း၏ပခုံးအား အသာပွတ်လိုက်လေသည်။

"မင်း ... ပြန်လာပြီကိုး ... ကောင်းတယ်"

ရှောင်ဖုန်းက အံကို တင်းတင်းကြိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်"

အဘိုးအိုက လက်ကာပြလိုက်သည်။

"မင်း ဘယ်လို ခံစားနေရသလဲဆိုတာ ငါ နားလည်ပါတယ်၊ ဒါကိုလည်း ကျေးဇူးတင်စရာမလိုဘူး။ ဒါတွေကို ငါက မင်းအတွက် လုပ်ပေးနေတာ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူ့အတွက် လုပ်ပေးနေတာလဲ"

အဘိုးအိုက ...

"သူက မင်းကို မသိစေချင်ဘူး။ သူ့ကို ကျေးဇူးတင်ဖို့လည်း မလိုဘူး။ ဒါပေမဲ့ ငါက မနေနိုင်ဘူး"

အဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်လေသည်။ ပြီးမှ စကားဆက်လိုက်၏။

"ဒီလို စိတ်ကောင်းနှလုံးကောင်းရှိတဲ့ သိုင်းလောက သူရဲကောင်းမျိုးကို ကျူပ် မမြင်မတွေ့ခဲ့ဖူးတာ ကြာပါပြီ၊ ဒါပေမဲ့ ကျူပ်က ပြောမပြရင် မင်း ဒီလိုမိတ်ဆွေကောင်းတစ်ယောက်ကို လက်လွှတ်သွားမှာ စိုးရိမ်လို့ပါ"

ရှောင်ဖုန်းက သူ၏ပခုံးအား လှမ်းကိုင်လိုက်၏။

"ဒီလူက ဘယ်သူလဲ"

"လုံးစုရဲ"



အဘိုးအို၏စကားကြောင့် ရှောင်ဖုန်းမှာ ကြောင်အမ်းအမ်းဖြင့် လက်ကိုပြန်ချထားလိုက်မိ၏။

"ဪ ... သူကိုး"

"ဟုတ်တယ်"

"ကျူပ်အကြောင်းကို သူ ဘယ်လိုလုပ် သိသွားတာလဲ"

ရှောင်ဖုန်းက မေးလိုက်၏။

အဘိုးအိုက ...

"သူက ကျူပ်ဆိုင်မှာ လာအရက်သောက်ရင်း စကားစပ်မိလို့ ကျူပ်က ပြောပြလိုက်တာ"

သူက စကားဆက်လိုက်သည်။

"အမှန်တော့ သူက မင်းကို ပြောမပြပါနဲ့လို့ အကြိမ်ကြိမ် မှာခဲ့သေးတယ်၊ ဒါပေမဲ့ ကျူပ်က ပြောမပြရင် သူ မင်းအပေါ် ဘယ်လောက်ကောင်းခဲ့သလဲဆိုတာ မင်း သိမှာမဟုတ်ဘူးလို့ ပြောပြတာ"

ရှောင်ဖုန်း ခေါင်းမော့လိုက်သည်။

"သူ ဘာဖြစ်လို့ ဒီလိုလုပ်ချင်ရတာလဲ"

"သူက မင်းကို သတ္တိကောင်းတဲ့ ယောကျ်ားတစ်ယောက်ဆိုပြီး မိတ်ဆွေအဖြစ် အသိအမှတ်ပြုချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းက လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။ ရင်ထဲ၌ ဖြစ်နေသော လှုပ်ရှားမှုများကို ကြိုးစား၍ ထိန်းချုပ်ထားလိုက်သည်။

အတန်ကြာတော့မှ သူသည် သူ၏မိဘအမည်ရှိသော မြေပုံဆီသို့ လျှောက်သွားလေသည်။

ထို့နောက် ဒူးထောက်၍ ရှိခိုးကန်တော့လိုက်လေသည်။ သူ၏လက်သီးနှစ်ဖက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားကာ အံကို တင်းတင်းကြိတ်ထား၏။

သို့သော် မျက်ရည်မကျပါ။ အဘိုးအိုက သူ့ပခုံးကို ပုတ်လိုက်၏။

“ဒီလိုမလုပ်နဲ့ ငိုပစ်ပါ၊ အားရပါးရ ငိုချလိုက်စမ်းပါ”

သို့သော် ရှောင်ဖုန်း၏မျက်ရည်များသည် မျက်ဝန်းထဲ၌သာ ရှိနေ၏။ စီးဆင်းကျလာခြင်း မရှိပါ။

လေတစ်ချက် တိုက်ခတ်လာသည်။

အဘိုးအိုသည် မျက်ရည်များကိုသုတ်ရင်း တစ်ဖက်သို့ လှည့်ကြည့်လိုက်၏။ သူ၏မျက်လုံးအစုံသည် မီးလောင်ပြင်ပေါ်သို့ ရောက်ရှိသွား၏။

လေသည် ပန်းရနံ့အား သယ်ဆောင်လာသည်။



အခေါးမှ မျိုးစေ့များကိုလည်း သယ်ဆောင်လာလေသည်။

နောင်လာမည့်နှစ်၊ ဤအချိန်မျိုး ရောက်ရှိလာသောအခါ မီးလောင်ပြင်ပေါ်၌ ရှက်နုစိမ်းကလေးများ အစီအရီပေါက်လာလိမ့်မည်ဟု အဘိုးအိုက ခန့်မှန်းမိ၏။

“မကြာပါဘူးကွာ၊ ဒီနေရာမှာ ပန်းတွေ ဝေဝေဆာဆာ ဖူးပွင့်ဦးမှာပါ”

လောကပေါ်၌ လေရှိမည်ဆိုလျှင် မြေကြီးလည်း ရှိမည်ဆိုလျှင် လူသားများအဖို့ မျှော်လင့်ချက်များစွာ ရှိဦးမည်သာ ဖြစ်သည်။

ထိုအရာကို မည်သည့်ကြောက်မက်ဖွယ်ရာကောင်းသော အင်အားကမျှ ဖျက်ဆီးနိုင်မည် မဟုတ်ပါ။

❋

ညဉ့်အတော်နက်ပြီ ဖြစ်သည်။

တောင်ပေါ်၌ လူမရှိတော့ပါ။

ညလေထဲတွင် ဝမ်းနည်းကြေကွဲသော ငိုသံများက ကြားရှိလာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဝမ်းနည်းပက်လက် ငိုရှိုက်သံများသည် ဝံပုလွေတစ်ကောင်၏အော်သံနှင့် တူလှပေသည်။

ဆိုင်ရှင်အဘိုးအိုသည် တောင်ခြေရင်း၌ တစ်ကိုယ်တည်းရပ်နေ၏။ သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ဝဲနေလေသည်။

သူသည် ထိုခေါင်းမာသော လူငယ်အပေါ် လုံးဝနားမလည်နိုင်ဘဲ ဖြစ်နေ၏။ ထိုလူငယ်သည် တစ်ချိန်လုံး မငိုဘဲ တောင့်ခံထားသည်။

ယခုမှာမူ သူမျိုသိပ်ထားသော ဝမ်းနည်းကြေကွဲမှုကို ဤကဲ့သို့ လူသူမရောက်သောနေရာသို့ လာရောက်၍ ငိုနေခြင်းဖြစ်၏။

သူက သက်ပြင်းတစ်ချက် ချလိုက်၏။

"ဩော် ... ကလေးရယ် မင်းက-ဘာဖြစ်လို့ အခုလို လူသူမရှိတဲ့နေရာမှာ လာပြီး ငိုနေရတာလဲကွယ်"

* ❄ *



## အခန်း (၁၂)

ချင်းချင်း ခေါင်းငုံ့ထား၏။ သူမသည် အရက်ခွက်ထဲမှ အရက်ကို အနည်းငယ်မျှ သောက်လိုက်သည်။

ပန်းနုရောင် မီးပုံးအိမ်၏အလင်းရောင်သည် ခပ်ဖျော့ဖျော့ဖြာထွက်နေ၏။

အလင်းရောင်သည် သူမ၏ပါးလွှာသော အင်္ကျီပေါ်သို့ ထင်ဟပ်ကျရောက်နေရာ ကျင်းချွမ်း၏မျက်လုံးအစုံက သူမ၏ခန္ဓာကိုယ်ပေါ်မှ မခွာနိုင်ဘဲ ဖြစ်နေလေတော့သည်။

ယခု သူသည် သူမအား ခိုးကြည့်ရန် မလိုတော့ပါ။ သူကြည့်လိုသော နေရာအား စိတ်ကြိုက်ကြည့်နိုင်သည်။

သူသည် ဤအခန်းတွင် နေထိုင်သည့်အခါ၌ ပို၍ပို၍ ကြာရှည်လာလေသည်။

ချင်းချင်းအနေဖြင့်လည်း သူ့အား မောင်းထုတ်ရန် မလိုသေးတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူမအား သူ၏ကိုယ်ပိုင်ပစ္စည်းသဖွယ် သဘောထားလာလေတော့သည်။ ချင်းချင်းက ခေါင်းငုံ့ထား၏။

သူမ၏ကိုယ်ပေါ်၌ ဝတ်ဆင်ထားသော အင်္ကျီအား ကြည့်နေ၏။ ထိုအင်္ကျီသည် ကျင်းချွမ်း ဝယ်ပေးလိုက်သောအင်္ကျီ ဖြစ်သည်။

အလွန်တန်ဖိုးရှိသော အင်္ကျီတစ်ထည်လည်း ဖြစ်သည်။ ဤရက်များအတွင်း သူမသည် စားသည့် အစားအစာ၊ ဝတ်သည့် အဝတ်အထည်၊ သုံးသော အသုံးအဆောင်ပစ္စည်း စသည့်အရာအားလုံးသည် ကျင်းချွမ်းဝယ်ပေးထားသောပစ္စည်းများချည်း ဖြစ်လေသည်။

ထို့ကြောင့် ချင်းချင်းသည် မိမိ၏သဘောတစ်ခုတည်းနှင့် မပြီးတော့ပြီဟု နားလည်လိုက်မိ၏။

အထူးသဖြင့် ကနေ့ညမှာ သူက ဤအခန်းထဲ၌ နေထိုင်တော့မည်ဟု ဆုံးဖြတ်ထား၏။

ထို့အပြင် သူလည်းပဲ အရက် အတော်များများ သောက်ထား၏။ မည်သူမဆို ရယူလိုလျှင် အဖိုးအခ ပေးရလိမ့်မည်သာ ဖြစ်၏။

အထူးသဖြင့် မိန်းမတစ်ယောက်သည် ယောကျာ်းအပေါ် အသုံးချလိုပါလျှင် မိမိလည်း အနစ်နာခံရမည်သာ ဖြစ်၏။



ချင်းချင်း၏ ရင်ထဲ၌ စိုးရိမ်ပူပန်နေ၏။ သူမအနေဖြင့် အနစ်နာခံရမည့်အချိန်သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ယင်းကဲ့သို့ အနစ်နာခံသင့်မသင့် သူမက စဉ်းစားချင့်ချိန်နေ၏။

မီးပုံမှ ဖြာထွက်လာသော မီးရောင်သည် ကျင်းချွမ်းမျက်နှာပေါ်သို့ ထိုးကျနေသည်။

အမှန်မှာ ကျင်းချွမ်းသည် အလွန်ကြည့်ကောင်းသော ယောကျာ်းတစ်ယောက် ဖြစ်၏။

ရုပ်ရည်ချောမောသည်။

ယောကျာ်းပီသ၏။

မိန်းကလေးအပေါ် ကြင်နာယုယတတ်သည်။

သို့သော် သူ၏ချောမောသော ရုပ်ရည်နှင့်ခန္ဓာကိုယ်တွင် အလွန်ယုတ်မာသော စိတ်နေသဘောထားရှိနေခြင်းက လွန်စွာ အကျည်းတန်လှပေတော့သည်။

ချင်းချင်း မတွေးဝံ့ပါ။

များများတွေးလိုက်လျှင် အောကလီ ဆန်လာမည်ဖြစ်၏။

ယခု သူမအနေဖြင့် အရေးတကြီး ချင့်ချိန်နေသည်မှာ ...

"ဒီယောကျာ်းက တကယ်အားကိုးလို့ ရရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အပေါ်မှာ တကယ်ပဲ မေတ္တာစစ် မေတ္တာမှန် ရှိရဲ့လား"

"သူ့ရဲ့မျိုးရိုးဇာတိကကော ကောင်းရဲ့လား"

သူမ၏မျက်လုံးအစုံသည် သူ၏ခါးပေါ်၌ ချိတ်ထားသော သားရေအိတ်ကို တိတ်တဆိတ် ကြည့်လိုက်၏။

ဤရက်များတွင် သူတို့သုံးစွဲနေသော ငွေများမှာ ဤသားရေအိတ်ထဲမှ နှိုက်ယူသုံးစွဲနေသော ငွေများ ဖြစ်သည်။

သူ့အား ကြည့်ရသည်မှာ နမြောတတ်သော လူတစ်ယောက် မဟုတ်ပါ။ သို့သော် ထိုသားရေအိတ်ထဲ၌ ငွေမည်မျှကျန်ပါသေးသနည်း။

ဤအကြောင်းကို တွေးမိလျှင် သူမသည် ပို၍ အော်ကလီဆန်လာလေသည်။ သို့သော် သူမက မစဉ်းစား၍ မရပါ။

သူမကိုယ်တိုင် အရေးမဟုတ်သော်လည်း သူမ၏ဗိုက်ထဲ၌ ရှိနေသော ရင်သွေး၏ရှေ့ရေးကို ထည့်၍ စဉ်းစားရမည် မဟုတ်ပါလော။

ကလေးငယ်အတွက် အားကိုးအားထားလောက်သည့် ဖခင်တစ်ယောက်ရှိရန် လိုအပ်မည်သာ ဖြစ်သည်။

အကယ်၍သာ ရှောင်ဖုန်းဖြစ်နေပါလျှင် သူမသည် ယခုကဲ့သို့ ရှည်ရှည်ဝေးဝေး စဉ်းစားနေတော့မည် မဟုတ်ပါ။



သူတို့နှစ်ယောက်သည် အေးအတူပူအမျှ လက်တွဲ၍ ဘဝလမ်းကို ရဲရဲဝံ့ဝံ့လျှောက်လှမ်းမည်သာ ဖြစ်၏။

မိန်းမတစ်ယောက်သည် သူမ၏ချစ်သူအတွက်ဆိုလျှင် မည်မျှဒုက္ခရောက်ခဲ့သည်ဖြစ်စေ၊ အနစ်နာခံရမည်ဖြစ်စေ ကျေကျေနပ်နပ် ရှိတတ်ကြသည် မဟုတ်ပါလော။

အကယ်၍သာ ...

သူမချစ်သော ယောကျ်ားတစ်ယောက် မဟုတ်ခဲ့လျှင် သူမအနေဖြင့် အနစ်နာခံမည် မဟုတ်ပါ။

ဤကဲ့သို့အချိန်မျိုးတွင် မိန်းမတစ်ယောက်၏ စဉ်းစားဆင်ခြင်ခြင်းသည် ယောကျ်ားများထက် စေ့စပ်သေချာသည်။ ရက်စက်တတ်ပေသည်။

❄

ချင်းချင်းက ခေါင်းငုံ့ထားသည်။ သူမသည် လက်ထဲမှ အရက်ခွက်အား စိုက်ကြည့်နေ၏။ ကျင်းချွမ်းက သူမအား ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာကို စဉ်းစားနေတာလဲ၊ ကျုပ်ကို မောင်းထုတ်ဦးမလို့လား"

ချင်းချင်း၏ငုံ့ထားသော ဦးခေါင်းသည် ပို၍ ငုံ့သွားလေသည်။

"ရှင့်ကို ကျွန်မက မောင်းထုတ်ပါ့မလား၊ ဒါပေမဲ့ ... "

ကျင်းချွမ်းက ...

"ဒါပေမဲ့ ... ဘာဖြစ်သလဲ"

"အိမ်ထောင်ပြုတဲ့ကိစ္စကို အခုလို လောလောလတ်လတ် မပြုလုပ်သင့်ဘူးလို့ ထင်လို့ပါ"

ချင်းချင်းက သွေးတိုးစမ်းသလို လေသံဖြင့် ပြောလိုက်သည်။

ကျင်းချွမ်းက ...

"နို့ ... ခင်ဗျားက ဘာလုပ်ချင်လို့လဲ"

"အနည်းဆုံးတော့ ရှင့်မိဘဆီ ခွင့်တောင်းသင့်ပါတယ်"

ကျင်းချွမ်း ပါးစပ်ပိတ်ထားသည်။

ချင်းချင်းက စကားဆက်လိုက်သည်။

"ရှင့်အနေနဲ့ကတော့ ကျွန်မက အချိန်ဆွဲနေတယ်လို့ ထင်ကောင်း ထင်ပါလိမ့်မယ်၊ ဒီလိုမဟုတ်ပါဘူး၊ ရှင်ပဲ စဉ်းစားကြည့်လေ၊



ကျွန်မဟာ အထီးကျန်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ ဆွေမျိုးမရှိ မိတ်ဆွေမရှိ၊ ကျွန်မက မဆင်မခြင် လက်ခံလိုက်ရင် နောင်တစ်နေ့ ရှင်က ကျွန်မကို ပစ်သွားရင်"

သူမ၏မျက်နှာ နီရဲလာလေသည်။

"ရှင်က ကျွန်မကို အနိုင်ကျင့်ခဲ့ရင် ကျွန်မမှာ လုံခြုံမှုရှိဖို့ လိုတာပေါ့"

သူမ၏အဓိပ္ပာယ်မှာ ရှင်းလှ၏။

သူမ ဆိုလိုသည်မှာ ကျင်းချွမ်းက လူကြီးမိဘနှင့် တောင်းရမ်းစေချင်၏။

ကျင်းချွမ်းသည် အတန်ကြာ ဆိတ်ဆိတ်နေပြီးမှ ...

"ကျုပ်ရဲ့အကြောင်း ပြောမပြသေးဘူး ထင်တယ်"

"ဟုတ်ကဲ့၊ ပြောမပြရသေးပါဘူး"

ကျင်းချွမ်းက ...

"ကျုပ်ရဲ့ဘဝလည်း ခင်ဗျားနဲ့ မခြားပါဘူး၊ ကျုပ်မှာ မိဘမရှိ၊ ဆွေမျိုးမရှိ သူငယ်ချင်း အပေါင်းအသင်းလည်း အင်မတန်နည်းတယ်"

ချင်းချင်း၏ရင်ထဲ၌ လေးလံသွားလေသည်။ ကျင်းချွမ်းကော သူမအားကြည့်၍ ပြုံးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အပြုံးသည် ကောက်ကျစ်စဉ်းလဲသော အပြုံးမျိုးဖြစ်သည်။

"ခင်ဗျားနဲ့ကျုပ်နဲ့ဟာ ဘဝရှင်း အတူတူပါပဲ၊ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် အားကိုးရမယ်၊ ချစ်ခင်ရမယ် မဟုတ်လား"

ချင်းချင်းသည် မည်ကဲ့သို့ ပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရလေသည်။ ထိုအချိန်တွင် အပြင်ဘက်မှ မြင်းခွာသံများ ကြားလိုက်ရလေသည်။

မြင်းပေါ်မှ တပ်ဆင်ထားသော ခြူသံများလည်း တချွမ်းချွမ်း ဖြစ်နေ၏။ ချင်းချင်း ရင်ခုန်သွားသည်။

ယခုရောက်လာသူမှာ မည်သူမည်ဝါဖြစ်သည်ကို သူမက သိလိုက်လေသည်။

ကနေ့ညနေ ...

သူမတို့သည် လမ်းဘေး၌ အနားယူပြီး ရေနွေးသောက်နေစဉ် သူတို့လူစုအား တွေ့မြင်ခဲ့လေသည်။

တိတိကျကျပြောရလျှင် ချင်းချင်းက သူတစ်ယောက်တည်းကိုသာ မြင်သည်။ ထိုလူသည် အသက်မကြီးသေးပါ။

အခြားလူထက် ငယ်ရွယ်သည်။



သို့သော် မည်သူမဆို သူသည် ထိုလူစုများ၏ ဦးဆောင်သူဖြစ်ရမည်ဟု အကဲခတ်မိကြမည် ဖြစ်သည်။

သူမက လူတစ်ယောက်တည်း စိတ်ဝင်စားမိသည်မှာ ထိုလူ၏ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အဝတ်အစားမှာ အခြားလူထက် တန်ဖိုးရှိခြင်းကြောင့် မဟုတ်ပါ။

သူ၏မြင်းပေါ်၌ တပ်ဆင်ထားသော ရွှေဖြင့် ပြုလုပ်ထားသည့် ရွှေခြူကြောင့်လည်း မဟုတ်ပါ။

သူ၏မြင်းကုန်းနှီးခုံပေါ်၌ ချိတ်ဆွဲထားသော အဖိုးတန် ဓား တစ်လက်ကြောင့်လည်း မဟုတ်ပါ။

သူမ စိတ်ဝင်စားခြင်းမှာ ထိုလူ၏ဥပဓိရုပ်နှင့် သူ၏ပုံဟန် ဖြစ်သည်။ အချို့လူများသည် မွေးဖွားလာကတည်းက သူများထက် အစစအရာရာ သာလွန်သည်။

ထိုလူသည် ဤကဲ့သို့ လူမျိုးဖြစ်သည်။ လူအများကြားမှာ နေလျှင်လည်း ကြက်အုပ်ထဲမှာ ရောက်နေသော ဖျိုင်းကဲ့သို့ ထူးခြားသော လက္ခဏာများ ရှိနေ၏။

သူ၏မျက်နှာသည် သန့်ပြန့်သည်။ သူ၏လှုပ်ရှားမှုများလည်း စည်းကမ်းရှိသည်။ သို့သော် သူ၏မျက်နှာထားမှာ မာန်မာန အလွန်ကြီး၍ မည်သူ့ကိုမျှ မမှုသော ဟန်မူရာမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ၏အရောင်တဖိတ်ဖိတ် တောက်ပသော မျက်လုံးအစုံသည် သူမအား မြင်တွေ့လိုက်သည့်အချိန်ကစပြီး သူမ၏ကိုယ်ပေါ်မှ မခွာတော့ပါ။

သူ၏ကြည့်ပုံမှာ မည်သူ့ကိုမျှ ဂရုမပြုဘဲ ရဲရဲဝံ့ဝံ့ကြည့်နေခြင်းဖြစ်သည်။

ဤကဲ့သို့အကြည့်မျိုးဖြင့် ကြည့်တတ်သော လူတစ်ယောက်သည် သူအလိုရှိသောအရာကို လက်လွှတ်စံမည် မဟုတ်ပါ။

သူသည် သူမအား လိုချင်နေ၍လော။

သူမ၏ရင်ခုန်နှုန်းမှာ ပို၍မြန်လာလေသည်။

ထိုလူစုများသည် အခြားဘက်သို့ ထွက်ခွာသွားသည်ကို သူမက သေသေချာချာ တွေ့လိုက်သည်။

ယခု သူတို့သည် ဤနေရာသို့ အဘယ်ကြောင့် ပြန်လာကြပါသနည်း။ .

သူမအတွက် ပြန်လာကြသည်လော ...'

အပြင်ဘက်မှာ ထွက်ပေါ်လာနေသောအသံများကို ကျင်းချွမ်းလည်း ကြားမိလိုက်သည်။

သူသည် ထိုင်ရာမှထပြီး ပြတင်းပေါက်ရှိ ဝါးယင်းကာကို ချထားလိုက်သည်။



အခန်းတံခါးကိုလည်း မင်းတုပ်ချလိုက်လေသည်။ သူ၏မျက်နှာမှာ အနည်းငယ် ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

ချင်းချင်းက ညနေမှဖြစ်ခဲ့သော အဖြစ်အပျက်ကို ရုတ်တရက် သတိရလိုက်သည်။ ကနေ့ညနေ သူတို့သည် လမ်းဘေးဆိုင်၌ အနားယူ စားသောက်နေစဉ် ထိုလူရောက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် ကျင်းချွမ်း၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်ကို သတိထားမိခဲ့သည်။

ထို့နောက် သူက သူမ၏လက်ကိုဆွဲကာ မြင်းလှည်းပေါ်သို့ အမြန်ဆုံး တက်ခိုင်းပြီး ထွက်လာခဲ့လေသည်။

ကျင်းချွမ်းသည် ထိုလူ့အား အနည်းနှင့်အများ ကြောက်ရွံ့နေသည်လော။

ထိုလူသည် မည်သူနည်း။

ချင်းချင်းက စဉ်းစားနေရင်း ထိုလူစုက သူ့အား 'မြို့စားလေး' ဟု ခေါ်လိုက်သောအသံကို ကြားလိုက်သည်ဟု မသဲမကွဲ သတိရလာလေသည်။

ထိုလူ၏ရိုက်ထားသော ဓားအိမ်ပေါ်၌ ရွှေစာလုံးဖြင့် 'ရွက်' ဟူသော စာလုံးတစ်လုံး ရှိသည်ကိုလည်း အမှတ်မထင် သတိရလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှ ထွက်ပေါ်လာသောအသံများသည် ငြိမ်သက်သွားလေပြီ။

ထိုအခါကျမှ ဖြူဖပ်ဖြူရော် ဖြစ်နေသော ကျင်းချွမ်း၏မျက်နှာသည် သွေးရောင်ပြန်လည်သမ်းလာလေသည်။

သူက အရက်တစ်ငုံ သောက်ပြီး ချောင်းတစ်ချက် ဟန့်လိုက်သည်။

“ကျုပ်ပေးတဲ့စကားကို ခင်ဗျားက ဘာဖြစ်လို့ အဖြေမပေးတာလဲ”

ချင်းချင်းမှာ နှုတ်ဆိတ်နေ၏။

ကျင်းချွမ်းက ...

“ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ ဘဝတူတွေပါ။ ကျုပ်လို ခင်ဗျားအပေါ် ယုယကြင်နာမယ့်လူ ရှိမှာမဟုတ်ဘူး။ ကျုပ် အခု ခင်ဗျားအပေါ် ဘယ်လိုကြင်နာတယ်၊ ယုယတယ်၊ ချစ်မြတ်နိုးတယ်ဆိုတာ ခင်ဗျားလည်း သိလောက်ပါပြီ၊ အဲဒါကို ဘာဖြစ်လို့ စိုးရိမ်ကြောင့်ကြနေရတာလဲ”

ချင်းချင်းမှာ မည်ကဲ့သို့ ပြန်ပြောရမှန်း မသိတော့ပါ။

“ကျွန်မ”

ကျင်းချွမ်း၏လက်သည် သူမ၏လက်ကို ဆုပ်ကိုင်ထား



လိုက်လေသည်။ သူမက ရုန်းခြင်းမပြုပါ။ သူ့အပေါ် ပစ်ပစ်ခါခါလုပ်၍ မဖြစ်သေးမှန်း သူမ နားလည်ထားသည်။

သို့သော် သူ၏တစ်ကိုယ်လုံးလည်း ချဉ်းကပ်လာလေသည်။ သူ၏ကျန်ရှိသော လက်တစ်ဖက်က သူမ၏ခါးသို့ ရောက်ရှိလာပြီး ဖက်ထားလိုက်လေသည်။

“ကျုပ် ခင်ဗျားကို ပထမဆုံး မြင်တွေ့တဲ့ အချိန်ကစပြီး ခင်ဗျားကို ချစ်မိနေပြီဆိုတာ ခင်ဗျား သိသလား”

သူ၏အသံသည် ပျော့ပျောင်းပြီး သာယာလှ၏။

“အဲဒီနေ့ကစပြီး ကျုပ်က ခင်ဗျားကို မေ့လို့မရတော့ဘူး။ အိပ်မက်ထဲမှာတောင် မင်းကို မက်မိတယ်၊ ငါ့ရဲ့စိတ်ထဲမှာ တကယ်လို့ ...”

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

နွေဦး ညအခါ ...

သန့်ရှင်းပြီး သပ်ရပ်သော အခန်းထဲ ...

ပန်းနုရောင် ဖြာထွက်နေသော မီးရောင် ...

ထိုပတ်ဝန်းကျင်တွင် ...

ယောကျ်ားတစ်ယောက်၏ချိုလွင်သောစကားကို ကြားလိုက်ရသောအခါ မည်သည့်မိန်းကလေးကမျှ ငြင်းဆန်နိုင်ကြမည် မဟုတ်ပါ။

သို့သော် ချင်းချင်းမှာမူ ချိုလွင်သော စကားကို ကြားဖြတ်လိုက်လေသည်။

"ကျွန်မနဲ့ရှောင်ဖုန်း အမြန်ဆုံး လွဲပါစေ၊ ဒါမှ ရှင် ကျွန်မကို ရမယ်လို့ အမြဲတမ်း ဆုတောင်းခဲ့တယ် မဟုတ်လား"

ကျင်းချွမ်း၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

သို့သော် ဟန်မပျက် ပြုံးကာ ...



"သူ့အကြောင်း မပြောတော့ပါဘူး၊ သူ့ကို ဘယ်တော့မှ မစဉ်းစားတော့ပါဘူးလို့ ခင်ဗျား ကျုပ်ကို ကတိပေးခဲ့တယ် မဟုတ်လား"

ချင်းချင်း၏ပျော့ပျောင်းသော မျက်နှာထားသည် ရုတ်တရက် အေးစိမ့်လာလေသည်။

"ကျွန်မ သူ့ကို သတိမရချင်ပါဘူး၊ ဒါပေမဲ့ ... ရှင့်ကို မြင်လိုက်တာနဲ့ သူ့ကို သတိရလာတယ်၊ ဘာဖြစ်လို့လဲဆိုရင် သူနဲ့ရှင်ဟာ အင်မတန် ရင်းနှီးကြတဲ့ သူငယ်ချင်းတွေဖြစ်လို့၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် ရှင် ကျွန်မကို ဒီလိုစိတ်ထားမျိုးတောင် မထားသင့်ပါဘူး"

ကျင်းချွမ်း၏မျက်နှာ လုံးဝပျက်သွားလေသည်။ သူ၏ပါးပြင်အား ပြင်းပြင်းထန်ထန် အရိုက်ခံလိုက်ရသည့်အလား မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

ချင်းချင်းက သူ့အား မဲ့ပြုံးပြုံး၍ ကြည့်နေ၏။ အမှန်တော့ သူမသည် ဤစကားကို ပြောဖြစ်မည် မဟုတ်ပါ။

သူမ၏စားဝတ်နေရေး၊ လောကပေါ်သို့ ရောက်လာမည့် ကလေးအတွက် သူမသည် အနစ်နာခံရန် စိတ်ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လား။ ငါက ဘာကြောင့် နင့်ကို အဲ့လို ဆက်ဆံလာရတယ်ဆိုတာ နင် သိလား"

ချင်းချင်းက ...'

"ဘာကြောင့်လဲ"

"နင်က ငါ့ကို ဒီလိုဆက်ဆံလာရအောင် ဖြားယောင်းလိုက်လို့ပဲ"

ချင်းချင်းက မဲ့ပြုံးပြုံးလိုက်လေသည်။

အကယ်၍ သင်က ဦးနှောက်ရှိသော ယောကျ်ားတစ်ယောက်ဖြစ်လျှင် သင်၏စကားကို မိန်းမက မဲ့ပြုံးပြုံး၍ အဖြေပေးပါက သူမနှင့် အမြန်ဆုံးဝေးအောင် ရှောင်ထွက်သွားသင့်သည်။

ဝေးနိုင်သလောက် ဝေးအောင် ရှောင်သွားသည်မှာ အကောင်းဆုံးဖြစ်သည်။

ကျင်းချမ်းသည် ဤသဘောကို နားလည်ပုံမရပါ။

"နင်က ငါ့ကို ဖြားယောင်းတာ မဟုတ်ရင် ဘာဖြစ်လို့ ငါ့ အင်္ကျီကို တိတ်တိတ်ကလေး ဆုတ်ဖြဲပြီးမှ ငါ မြင်အောင် ဖာပေးရတာလဲ"

သူက ပြောရင်း ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား"



သူသည် ချင်းချင်းကို လက်ညှိုးထိုး၍ အားရပါးရ ရယ်မောလိုက်သည်။

"ငါ မသိဘူးလို့ နင်က ထင်နေသလား၊ ငါ့ကို လူအလို့ ထင်နေသလား၊ နင်ဆင်ထားတဲ့ကျော့ကွင်းထဲ ငါရောက်နေပြီလို့ နင်က ထင်နေသလား ... ဟား ဟား ဟား"

သူမက သူ့အား အတန်ကြာစိုက်ကြည့်နေ၏။

သူမသည် သူ့အား တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဖူးသော လူစိမ်းတစ်ယောက်ကို မြင်တွေ့နေရသလို ရုတ်တရက် ခံစားလာမိလေသည်။

ယခုမှ သူမသည် သူ့အကြောင်းကို သိရလေတော့သည်။

ထိုလူ၏ချောမောပြီး ယောကျ်ားပီသသော ရုပ်ရည်၏ခန္ဓာကိုယ်ထဲ၌ ကိန်းအောင်းနေသော စိတ်နေသဘောထားသည် သူမ ထင်ထားသည်ထက် ယုတ်မာပြီး ရက်စက်ကြမ်းကြုတ်နေပေသည်။

အလွန်ဟန်ဆောင်ကောင်းသော လူယုတ်မာတစ်ယောက်ဖြစ်သည်ဟု သူမက နားလည်လိုက်လေသည်။

ယခုအခါ သူသည် ဟန်ဆောင် မျက်နှာဖုံးအား အဘယ်ကြောင့် ခွာချလိုက်ပါသနည်း။ အရက် အလွန်အကျွံ သောက်မိ၍လော။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာတစ်ခုလုံးမှာ ရှုမ္မက်ဖောက လွှမ်းမိုးနေ၏။ ချင်းချင်းက ရှန်းကန်ရင်း အော်ဟစ်နေ၏။

"လွှတ် လွှတ် … ကျွန်မကို ဖမ်းမထားနဲ့"

ရုတ်တရက် အခန်းတံခါး ပွင့်သွားလေသည်။ တံခါးကို သေချာစွာ မင်းတုပ်ချထားခဲ့သည်ကို ကျင်းချွမ်းက ကောင်းစွာ မှတ်မိသည်။

ယခုမူ တံခါးပွင့်သွားလေပြီ။

စားပွဲပေါ်မှ မီးရောင်သည် တံခါးဝသို့အထိ ထိုးကျနေ၏။ တံခါးပွင့်သွားသောအခါ ထိုမီးရောင်သည် လူတစ်ယောက်၏ကိုယ်ပေါ်သို့ ထိုးကျလာလေသည်။

ထိုလူသည် တံခါးဝ၌ မားမားမတ်မတ် ရပ်နေ၏။

သူ၏ကိုယ်ပေါ်တွင် အဖြူရောင်အင်္ကျီရှည် ဝတ်ဆင်ထားသည်။ သူ၏ခါးတွင် အဖြူရောင် ခါးပတ်တစ်ခုသာ ပတ်ထားသည်။

ထို့ပြင် အခြားပစ္စည်း တစ်ခုမျှ မရှိပါ။ သူကဲ့သို့လူမျိုးသည် ဆင်ယင်ထုံးဖွဲ့ခြင်း ပြုမထားသည့်တိုင်အောင် ကျက်သရေရှိပြီးသား ဖြစ်သည်။

သူသည် လက်နှစ်ဖက်နောက်ပစ်ပြီး တံခါးဝ၌ ငြိမ်သက်စွာ ရပ်နေ၏။ အေးစက်တည်ငြိမ်စွာဖြင့် ကျင်းချွမ်းအား ကြည့်နေ၏။



သူ၏အကြည့်မှာ အထင်သေးခြင်း၊ ရွံမုန်းခြင်း ပါဝင်နေ၏။ ထို့နောက် သူက အေးဆေးစွာ ပြောလိုက်သည်။

"သူ့ပြောနေတာ မင်း မကြားဘူးလား"

ကျင်းချွမ်းသည် ထိုလူအား တွေ့မြင်လိုက်သည်နှင့် မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

သူ၏တစ်ကိုယ်လုံးလည်း တောင့်တင်းသွားသည်။ အတန်ကြာတော့မှ သူက ခေါင်းညိတ်လိုက်သည်။

ချင်းချင်း ရင်ခုန်နေ၏။

သူမ မုန်းဆထားသည်မှာ မှန်ကန်နေလေပြီ။ ထိုလူသည် သူမအတွက်ကြောင့် ပြန်ရောက်လာရခြင်း ဖြစ်သည်။

ယခုလည်း အချိန်မီ ရောက်လာသည်။ သူက ယခုကဲ့သို့ ရောက်လာပြီး ဤအခြေအနေကို တွေ့မြင်သွားလျှင် မိမိအား ချဉ်းကပ်လိမ့်မည်မှာ မလွဲပေ။

"မြို့စားလေး"

ဟူသောဘွဲ့အမည်ကို ကြားလိုက်ရုံနှင့် ဆွဲဆောင်မှုအပြည့် ရှိနေသည် မဟုတ်ပါလော။

ဤဘွဲ့အမည်သည် မိန်းကလေးတိုင်းက မက်မောစေနိုင်သော စကားလုံးဖြစ်သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် သူသည် အလွန်ချောမောသော ယောကျ်ားချော တစ်ယောက် ဖြစ်သည်။

ချင်းချင်း မျက်လုံးမှိတ်ထားလိုက်သည်။ သူမ၏တောင့်တ ချက်မှာ နီးကပ်လာလေပြီ။

သူမ၏ဘဝတစ်သက်တာတွင် ယခုအချိန်သည် ဆုတောင်း ပြည့်လုနီးနီး အချိန်ပင် ဖြစ်၏။

သို့သော် အဘယ်ကြောင့်မှန်းမသိ သူမသည် မျက်လုံးများ မှိတ်လိုက်သောအခါ လူတစ်ယောက်၏ပုံရိပ်က ပေါ်လွင်လာလေ သည်။

ခေါင်းမာသည်၊ မာနမာနကြီးသည်။ မည်သည့်အခါမျှ အရှုံးပေးမည့် လူတစ်ယောက်မဟုတ်။ သူကား အခြားသူမဟုတ်။ ရှောင်ဖုန်းပင်တည်း။

သူမသည် လောက၌ ရှိသမျှစည်းစိမ်ဥစ္စာများ လက်ဝယ် ပိုက်ထားနိုင်သည့်တိုင်အောင် ရှောင်ဖုန်းကသာ လက်ယပ်ခေါ်မည် ဆိုလျှင် သူမသည် အားလုံးကို စွန့်လွှတ်ပြီး ကမ္ဘာအစွန်းအထိ လိုက် သွားမည်သာ ဖြစ်သည်။

သူ့အပေါ် ထားရှိခဲ့သော ချင်းချင်း၏ အရိုးအချဉ်အထိ ချစ် နေသောစိတ်သည် မည်သည့်နည်းနှင့်မျှ မပျောက်နိုင်မည်မဟုတ်။



သူမက ခေါင်းတစ်ချက် ဆတ်လိုက်သည်။

"မတွေးပါနဲ့တော့၊ သူ့ကို တမ်းတ သတိရရမယ့်အချိန် မဟုတ်တော့ပါဘူး၊ အခု အခွင့်အရေးပေါ်လာပါပြီ၊ မလွှတ်တမ်းမိ အောင် ဖမ်းထားမှ ဖြစ်တော့မယ်"

သူမသည် ယင်းကဲ့သို့ မိမိကိုယ်မိမိ ဖျောင်းဖျနေရသည်။ ကျင်းချွမ်းက လက်လွှတ်သည်နှင့် သူမက ပြေးသွားလေသည်။

ထိုလူ၏နောက်သို့ သွားရောက်ပုန်းလိုက်သည်။

သူ၏လက်မောင်းအား ဖမ်းဆုပ်ထားပြီး အသံတုန်တုန် ယင်ယင်ဖြင့် ...

"သူ့ကို သွားနိုင်းပါရှင်၊ အမြန်ဆုံး သွားနိုင်းပါရှင်"

မြို့စားလေးက ကျင်းချွမ်းအား ကြည့်လိုက်သည်။

"သူပြောတာကို ခင်းကြားသလား"

ကျင်းချွမ်းက အံကို တင်းတင်းကြိတ်ထားသည်။ သူ၏ မျက် နှာပေါ်တွင် ခံမနိုင် ကြိတ်မရသော ဟန်မူရာများ ပေါ်လွင်နေ၏။

သူသည် ခေါင်းကို ညိတ်ပြလိုက်သည်။

မြို့စားလေးက ...

"သူက ဘာပြောလဲ"

ကျင်းချွမ်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ထွက်သွားခိုင်းတာ"

"မင်းက သွားမလို့လား"

ကျင်းချွမ်းက ခေါင်းညိတ်လိုက်သည်။

သူသည် ယခုမှ သစ္စာဖောက်ခံရသည့် ခံစားမှုကို ကောင်းစွာ ခံစားတတ်လာပေတော့သည်။

သူသည် ချင်းချင်းအား ရှုံ့မှုန်းစွာကြည့်ရင်း ခံပြင်းလွန်း၍ တစ်ကိုယ်လုံးပင် တုန်ခါလာသည်။

မြို့စားလေးက သူ့အား ကြည့်လိုက်သည်။

"မင်း ဘာဖြစ်လို့ မသွားသေးတာလဲ"

ကျင်းချွမ်းက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ မြို့စားလေးက ထိုစကားပြောပြီးနောက် သူ့အား လုံးဝမကြည့်တော့ဘဲ ချင်းချင်းအား လှည့်ကြည့်နေ၏။

သူသည် ချင်းချင်း၏မျက်ဝန်းထဲမှ မျက်ရည်စများအား တွေ့မြင်လိုက်ရသောအခါ သူ၏မျက်ဝန်းအစုံသည် ပျော့ပျောင်းနွေးထွေးလာလေသည်။

ချင်းချင်းက မျက်ရည်စီးဆင်းကျနေသည်။

သို့သော် သူမက မည်သူ့အတွက် မျက်ရည်ကျနေသည်ကို မည်သူကမျှ သိမည်မဟုတ်ပါ။



အကယ်၍သာ ရှောင်ဖုန်းက သူမအား ယခုကဲ့သို့ နွေးထွေးယုယစွာ ကြည့်နေမည်ဆိုလျှင် သူမက ဝမ်းသာပီတိဖြစ်နေမည်သာ။

ရုတ်တရက် သူမသည် မြို့စားလေး၏ လက်မောင်းအား တင်းကျပ်စွာ ဖက်၍ ငိုချလိုက်လေသည်။

မြို့စားလေးက သူမဘက်သို့ လှည့်လိုက်သည်။ အိတ်ထဲမှ ပိုးပဝါတစ်ထည် ထုတ်ယူပြီး သူမ၏မျက်ရည်များကို သုတ်ပေးနေ၏။

သူတို့သည် ဤနေရာတွင် အခြားလူတစ်ယောက် ရှိနေသေးသည်ကို သတိမှ ရပါလေစ။

ကျင်းချွမ်းက အံကို တင်းတင်းကြိတ်ထားသည်။ သူသည် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးအား လျှော့ချလိုက်လေသည်။

"ကောင်းပြီ ... ကျုပ်သွားမယ်"

သူသည် ခေါင်းငုံ့၍ သူတို့အနီးမှ ဖြတ်၍ ထွက်သွားလေတော့သည်။

❄

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ကလေးများသည် ကောင်းကင်တစ်ခုလုံး ပြည့်လျက်ရှိနေ၏။

ယနေ့ညသည် ပို၍ မှောင်မိုက်ဟန် တူသည်။ ကြယ်ပွင့်ကလေးများက ခါတိုင်း ညထက် ပို၍ များနေ၏။

ကျင်းရွှမ်းသည် တည်းခိုခန်းမှ ထွက်လာရလေသည်။

လောကစ်သည် အပြောင်းအလဲလျင်မြန်ပြီး မယုံကြည်နိုင်ဖွယ်ရာ ကောင်းလှပေသည်။

လွန်ခဲ့သော တိုတောင်းသည့်အချိန်တွင် သူသည် အားလုံးကို ပိုင်ဆိုင်ခဲ့သည်။

ယခုမှာမူ လက်လွှတ်အရှုံးပေးထွက်လာခဲ့ရပြီ ဖြစ်သည်။

အေးစိမ့်သောလေသည် သူ၏မျက်နှာပေါ်သို့ တိုက်ခတ်နေ၏။

သူသည် လောကတစ်ခုလုံးက စွန့်ပစ်ခြင်းခံရသော လူတစ်ယောက်ကဲ့သို့ ခံစားလာရသည်။

အစွန့်ပစ်ခံရခြင်း၊ သစ္စာဖောက်ခံရခြင်း ဟူသော ခံစားမှုသည် မည်မျှစိတ်ထိခိုက်ဖွယ်ကောင်းကြောင်း ယခုမှ နားလည်လာရတော့သည်။



အကယ်၍ သူသာ ရိုးသားသော လူတစ်ယောက် ဖြစ်ခဲ့လျှင် ယခုကဲ့သို့ ဖြစ်ပျက်ရခြင်းမှာ မိမိကြောင့် ဖြစ်သည်ဟု သံဝေဂရနိုင်မည် ဖြစ်သည်။

မိမိ၏အမှားကို ဆန်းစစ်ပြုပြင်သွားမည်သာ ဖြစ်သည်။

သို့သော် ကျင်းရွှမ်းကား ရိုးသားသူတစ်ယောက်မဟုတ်သောကြောင့် ဤကဲ့သို့ စိတ်ထားမျိုး မရှိပေ။

သူသည် ချင်းချင်းအား မုန်းတီးသွား၏။ လက်စားချေလိုသော ဆန္ဒတစ်ခုသာ သူ့ရင်၌ အမြစ်တွယ်လျက် ရှိနေတော့၏။

❄

မှောင်မည်းသော မြို့ကလေး။

မှောင်မည်းသော လမ်း။

ကျင်းရွှမ်းသည် အမှောင်ထုထဲမှ လျှောက်သွားလေသည်။

မီးရောင်များ လုံးဝမတွေ့ရ။

ကျင်းရွှမ်းသည် လျှောက်ရင်း လမ်းဘေးတစ်နေရာ၌ လက်ဖက်ရည်ဆိုင် တစ်ဆိုင်အား တွေ့ရှိလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ဖက်ရည်ဆိုင်သည် တံခါးမရှိ၍ ပိတ်မထားသော်လည်း ဆိုင်ရှင်နှင့် အလုပ်သမားများမှာ အိပ်စက်နေကြပြီဖြစ်သည်။

ကျင်းချွမ်းသည် ခုံတန်းရှည်တစ်လုံးပေါ်သို့ ဝင်ရောက်ထိုင်ချလိုက်သည်။

"သူများက ငါ့ကို ဘယ်လိုပဲသစ္စာဖောက်ဖောက် ငါ့မှာ"

သူသည် ခါးမှာချိတ်ထားသော သားရေအိတ်အား လက်ဖြင့် အုပ်ထားလိုက်သည်။

"ငါ့မှာ သုံးဖို့စွဲဖို့ ပူစရာ မရှိပါဘူးလေ"

သူက ယင်းသို့ တွေးရင်း ပြုံးမိလေသည်။

သူ၏အိတ်ထဲတွင် ပုလဲလုံးများအပြည့်၊ ငွေလွှဲလက်မှတ်အထပ်လိုက်ရှိနေ၏။ ဤပစ္စည်းများ ရှိနေသရွေ့ သူ့အနေဖြင့် ဘာကိုမျှ ဂရုစိုက်လိမ့်မည် မဟုတ်ပါ။

ဤပစ္စည်းများ၊ ငွေများဖြင့် လောကတစ်ခုလုံး ခေါက်ထိုးမိုးမျှော်လုပ်ပစ်မည်ဟုလည်း သူ့စိတ်ထဲမှ ကြုံးဝါးလိုက်လေသည်။

(ပထမပိုင်း) ပြီး၏။

(ဒု–စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# ဝဏ္ဏအောင်

## နှင်းဆီသခင်မလေး

(ဒု-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၄၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ မိုလ်အောင်ကျော်လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း။
မိုလ်တာစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ရှောင်ဖုန်းသည် မြေပေါ်မှောက်လျက် ငိုကြွေးနေ၏။

မျက်ရည်များပင် ခြောက်ခန်းသွားပြီ ဖြစ်သည်။ သို့သော် သူက ဆက်လက်ငိုကြွေးနေဆဲဖြစ်သည်။ ငိုကြွေးခြင်းသည် ပြင်းထန်သောလှုပ်ရှားမှုတစ်ခုဖြစ်သည်. မဟုတ်ပါလော။

လူတစ်ယောက်သည် တကယ်ခံစား၍ တကယ်ငိုကြွေးမိသောအခါ မျက်ရည်များ စီးဆင်းကျလာရုံမက တစ်ကိုယ်လုံးရှိ အင်အားများသည်လည်း ဆွဲနုတ်ခံရသလို ကုန်ခန်းသွားရလေ့ ရှိပေသည်။

ရှောင်ဖုန်းသည် ပြင်းပြင်းထန်ထန် ငိုကြွေးလိုက်သောကြောင့် တစ်ကိုယ်လုံး ပြင်းပြင်းထန်ထန် လှုပ်ရှားလာရလေသည်။

ခန္ဓာကိုယ်တစ်ခုလုံး ပြင်းပြင်းထန်ထန် လှုပ်ရှားလာသောကြောင့် သူ၏အကင်းမသေသေးသောဒဏ်ရာများက ပြန်လည်အက်ကွဲကာ သွေးများ စီးဆင်းကျလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ အဘယ်ကြောင့် ငိုကြွေးနေရသနည်း။ သူသည် တော နိုင်းတိရစ္ဆာန် မဟုတ်ပါ။ သစ်တုံးတစ်တုံးလည်း မဟုတ်ပါ။

ကိုယ့်အဖြစ်ကိုယ် တွေးမိသောအခါ တိရစ္ဆာန်တစ်ကောင် ၏ ကံကြမ္မာထက်ပင် ဆိုးဝါးနေသည်ကို သတိပြုမိ၏။

လေနုကလေးက တညင်းညင်း တိုက်ခတ်လာ၏။ လေထု ထဲ၌ မွှေးကြိုင်သော အနံ့အသက်တစ်ခု ပါရှိလာလေသည်။

ထိုမွှေးကြိုင်သော အနံ့အသက်မှာ သူ့ထံသို့ တဖြည်းဖြည်း နီးကပ်လာ၏။ ခေါင်းမော့ကြည့်လိုက်ရာ အဖြူရောင်အကျႌဝတ်ဆင် ထားသော မိန်းကလေးတစ်ယောက်သည် မြေပုံရှေ့၌ ငြိမ်သက်စွာ ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူမသည် ခပ်လှမ်းလှမ်း၌ ရပ်တန့်ကာ သူ့အား အေးစက် စွာဖြင့် စိုက်ကြည့်နေလေသည်။ ရှောင်ဖုန်းက ခေါင်းမော့၍ သူမအား ကြည့်နေသည်ကို တွေ့မြင်လိုက်မှ ...

"ရှင် ငိုလို့ အားရပြီလား"

ဟု အေးစက်စက်လေသံဖြင့် မေးလိုက်သည်။ ရှောင်ဖုန်း သည် သစ်တုံးတစ်တုံး ဖြစ်သွားရပြန်လေသည်။ မိန်းကလေးက ...

"ငိုလို့ အားရပြီဆိုရင် ထရပ်ဖို့ သင့်ပြီ"

ရှောင်ဖုန်းက မတ်တတ်ရပ်လိုက်၏။



ယခု သူ၏ခွန်အားသည် မွေးကင်းစ ကလေးငယ်တစ်ဖာ အား အင် လုံးဝမရှိပါ။ သို့သော် သူ ကြိုးစား၍ ထရပ်လိုက်လေသည်။

မိန်းကလေးက ရယ်မောလိုက်၏။

"တိရစ္ဆာန် ငိုတတ်တယ်ဆိုတာ ဒီတစ်ခါပဲ တွေ့ဖူးတော့ တယ်"

ရှောင်ဖုန်း ခေါင်းညိတ်လိုက်၏။

"တိရစ္ဆာန်က ငိုတတ်ရင် ခွေးမလည်း ငိုတတ်မှာပေါ့"

"ခွေးမ ဟုတ်လား"

"ကျုပ်က တိရစ္ဆာန်ဆိုရင် ခင်ဗျားက ခွေးမပေါ့"

မိန်းကလေး၏မျက်နှာ ကွက်ခနဲ ဖျက်သွားသော်လည်း စိတ်ဆိုးခြင်း မရှိပါ။ သူမက ရယ်မောလိုက်လေသည်။

"ရှင်သိထားတဲ့ မိန်းမတွေဟာ အားလုံး ခွေးမဖြစ်မယ်ဆို ရင် ရှင် အခုလို ဝမ်းနည်းပက်လက် ငိုကြွေးမှာ မဟုတ်တော့ပါဘူး"

သူမ ဆိုလိုသည့်စကားကို ရှောင်ဖုန်း သဘောမပေါက်နိုင် ဘဲ ဖြစ်နေ၏။

မိန်းကလေးက ပြုံး၍ စကားဆက်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ခွေးမ‌‌တွေက သစ္စာရှိပါသေးတယ်၊ အနည်းဆုံး ကတော့ သူဟာ သူများအခေါ်တိုင်း လိုက်မှာမဟုတ်ဘူး"

www.burmeseclassic.com



ရှောင်ဖုန်း၏မျက်အိမ် ကျုံ့သွားလေသည်။ သူမထံသို့ တစ်လှမ်းချင်း လှမ်းသွား၏။ ထို့နောက် လက်နှစ်ဖက်ဖြင့် သူမ၏လည်မျိုအား ညှစ်လိုက်လေသည်။ မိန်းကလေးက ရှောင်တိမ်းခြင်း မပြုပါ။ ရုန်းကန်ခြင်းလည်း မပြုပါ။

သူမက မဲ့ပြုံးပြုံး၍ အေးတိအေးစက်သော အသံဖြင့် ...

"ရှင်က ကျွန်မလက်တစ်ဖက်ကို ချိုးလိုက်တယ်၊ ကျွန်မကိုလည်း စော်ကားတယ်၊ အခု ကျွန်မကို လည်ပင်းညှစ်ပြီး သတ်ချင်နေပြန်ပြီ"

ရှောင်ဖုန်း၏နဖူးပေါ်၌ ချွေးများ စီးဆင်းကျလာသည်။ မိန်းကလေးက အေးစိမ့်သောလေသံဖြင့် ...

"ရှင်က ကျွန်မရဲ့လက်ကို ရိုက်ချိုးလိုက်တာ ကျွန်မက လက်စားမချေဘူး၊ ကျွန်မကို စော်ကားခဲ့တာလည်း မတုံ့ပြန်ဘူး၊ အခု ရှင် ကျွန်မလည်ပင်းကို ညှစ်သတ်မှာလည်း ကျွန်မက မခုခံဘူး၊ အဲဒါ ဘာဖြစ်လို့လဲဆိုတာ ရှင် သိသလား"

ရှောင်ဖုန်း အဖြေမပေးနိုင်ပါ။ မိန်းကလေးက ...

"ကျွန်မ အခုလို ညှာတာနေတာ ရှင့်ကို သနားလို့၊ ရှင့်မှာလည်း ကျွန်မကိုယ်တိုင် သတ်ရလောက်အောင် တန်ဖိုးမရှိတော့လို့ပါ"



ရှောင်ဖုန်း၏လက်နှစ်ဖက်သည် ရုတ်တရက် အားပြုလိုက်၏။ မိန်းကလေး၏ နဖူးပေါ်မှ သွေးကြောများက ထောင်တက်လာလေသည်။ သို့သော် မိန်းကလေးက ရယ်မောနေသေးသည်။

သူမ၏ရယ်မောခြင်းမှာ ရှောင်ဖုန်းအပေါ် အထင်အမြင်သေးသော ရယ်မောခြင်းမျိုး ဖြစ်၏။

"ဘယ်သူကမှ ရှင့်ကို မသတ်ချင်တော့ပါဘူး၊ သတ်ဖို့လည်း မလိုတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်ဟာ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးနေလို့ပဲ၊ တခြားလူက ခုတင်ပေါ်မှာ ပျော်ပျော်ရွှင်ရွှင် ရယ်မောနေတဲ့အချိန်မှာ ရှင်က ခွေးဝဲစားတစ်ကောင်လို ဒီနေရာမှာ လာပြီးအူနေတယ်"

မိမိ၏လည်မျိုအား ညှစ်ထားလိုက်သည့်အလား အသက်ရှူပင်ကျပ်သွားရသည်ဟု ရှောင်ဖုန်း ခံစားရသည်။

"မင်း ... မင်း ဘယ်သူ့ကို ပြောနေတာလဲ"

ရှောင်ဖုန်း ထစ်ထစ်ငေါ့ငေါ့ဖြင့် မေး၏။ မိန်းကလေးက...

"သူတို့ ဘယ်သူလဲဆိုတာ ရှင်သိပါတယ်"

သူမသည် မောဟိုက်နေ၏။

မြေပုံအနီးရှိ ကျောက်တုံးတစ်တုံးပေါ် ထိုင်ချလိုက်၏။ သူမ၏နုနယ်သော လက်နှစ်ဖက်သည် ဖြူဖွေးသောလည်မျိုအား ပွတ်

www.burmeseclassic.com

www.burmeseclassic.com



သပ်နေသည်။ အတန်ကြာမှ သူမက ရုတ်တရက် ရယ်မောလိုက်၏။

"သူတို့ကို ကျွန်မ တွေ့ခဲ့ပါတယ်၊ သူသာ ခွေးမတစ်ကောင် ဖြစ်မယ်ဆိုရင် အလွန်ငတ်နေတဲ့ ခွေးတစ်ကောင်ပဲ ဖြစ်ရမယ်"

ရှောင်ဖုန်းက လက်ဝါးမြှောက်လိုက်သည်။ သို့သော် သူမ၏ပါးကို မရိုက်မိ ချာခနဲလှည့်ကာ ထွက်ခွာသွားလေသည်။

မိန်းကလေးသည် သူထွက်သွားသည်ကိုကြည့်ရင်း မျက်ရည်များ စီးဆင်းကျလာလေသည်။

"ရှင် … ကျွန်မကို မုန်းတယ်ဆိုရင်လည်း ကျွန်မနာမည် ဘယ်သူလဲဆိုတာ မေးဖို့သင့်တယ်၊ အခုတော့ …"

သူမသည် မိုးပေါ်သို့ ခေါင်းမော့လိုက်၏။

ကောင်းကင်ပေါ်တွင် လွင့်မျောနေသော တိမ်တိုက်များအား ကြည့်လိုက်၏။ ထို့နောက် အသံကုန် အော်ဟစ်လိုက်လေသည်။

"ကျွန်မလည်း လူတစ်ယောက်ပါ၊ ကျွန်မလည်း နာမည် ရှိပါတယ်၊ ကျွန်မနာမည်က တိန်းယန့်ယန့်ပါ"

သူမ၏အော်သံသည် ဝန်းကျင်အနှံ့ ပဲ့တင်ရိုက်ခတ်သွားလေသည်။

❄



အာမစ်ဗွာန၏အလံများသည် လေထဲ၌ တလူလူလွင့်နေ၏။ ထိုအလံသည် ငါးလံခန့်မြင့်သော သစ်ပင်တစ်ပင်ပေါ်၌ လွင့်ထူထားခြင်းဖြစ်သည်။ လူများနှင့် မြင်းများသည် သစ်ပင်၏အရိပ်အာဝါသအောက်၌ ရပ်နား၍ အနားယူနေကြလေသည်။

ထိုသစ်ပင်၏မျက်နှာချင်းဆိုင်၌ရှိသော စားသောက်ဆိုင်၌ စားပွဲနှစ်လုံးခန့်ကို အာမစ်ဗွာနမှ အဖွဲ့သားများက နေရာယူထားလိုက်ပြီ ဖြစ်လေသည်။

လုံးစုရဲသည် စားသောက်ဆိုင်၏ဝရန်တာအနီးရှိ စားပွဲ၌ထိုင်နေ၏။ သူသည် သူသည် ဝရန်တာကိုမှီ၍ ကောင်းကင်ပေါ်သို့ မော့ကြည့်နေလေသည်။

သူ၏ဟန်မူရာမှာ တစ်စုံတစ်ခုကို စဉ်းစားနေခြင်း ဖြစ်သည်။ အိုယန့်ကျိုသည် သူ၏မူအတိုင်း စိတ်မြန်လက်မြန်ဖြင့် သူ့အဖွဲ့သားများအတွက် ထမင်းဟင်းများ မှာကြားစီစဉ်ပေးနေ၏။

ဆိုင်လုလင်များကလည်း လျင်လျင်မြန်မြန်ဖြင့်ပင် ထမင်းဟင်းများ ချပေးနေ၏။ ထမင်းဟင်းများ စားပွဲပေါ် ချထားလိုက်သောအခါ သူတို့သည် ရှောင်ဖုန်းအား မြင်တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်း၏မျက်နှာပေါ်၌ သွေးများခဲသွားပြီဖြစ်၏။ သူ၏ ရှုပ်ပွနေသော ဆံပင်ပေါ်၌ မြက်ခြောက်ပင်များနှင့် သဲပွင့်များ ရောယှက်ရှုပ်ပွလျက် ရှိနေပေသည်။

သူ့အား ရုတ်တရက်ကြည့်မည်ဆိုလျှင် ဆင်းရဲဒုက္ခအတိ ရောက်နေသော ခိုကိုးရာမဲ့လူတစ်ယောက်နှင့် တူလှပေသည်။

သို့သော် သူ၏မျက်ဝန်းအစုံ၌ ဒူးမထောက် အလျှော့မပေး စတမ်းဟူသော အရိပ်အယောင်များ ပေါ်လွင်ထင်ဟပ်နေ၏။

လုံးစုရဲသည် သူ့အား မြင်တွေ့လိုက်ရသောအခါ မတ်တတ်ရပ်၍ လက်ယပ်ခေါ်လိုက်လေသည်။

"ညီလေး ရှောင်ဖုန်း ... ကျုပ် ဒီမှာရှိတယ်"

ရှောင်ဖုန်းက သူ့ထံသို့ လျှောက်လာ၏။ သူသည် ဝရန်တာ ရှေ့တွင် ခါးကိုမတ်၍ ရပ်လိုက်သည်။

"ကျုပ်က ခင်ဗျားရဲ့ညီ မဟုတ်ဘူး"

ရှောင်ဖုန်း၏စကားက အနည်းငယ် ရိုင်းစိုင်းသော်လည်း လုံးစုရဲက အပြုံးမပျက်ပါ။

"ဟုတ်ပါတယ် ... မင်းနဲ့ငါဟာ ညီအစ်ကိုလည်း မဟုတ်၊ မိတ်ဆွေလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ငါနဲ့အတူလာပြီး အရက် သောက်ရင်တော့ ရမယ်မဟုတ်လား"



ရှောင်ဖုန်းက ထိမထင်တစ်ချက် ပြုံးကာ ...

"ရတာပေါ့"

သူက ခြေလှမ်းကျဲကျဲဖြင့် လုံးစုရဲထံသို့ လျှောက်သွား၏။ ထို့နောက် မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်။

"ကျုပ်က ခင်ဗျားကို လိုက်ရှာနေတာဗျ"

ရှောင်ဖုန်း၏စကားကြောင့် လုံးစုရဲ အံ့အားသင့်သွား၏။

"ငါ့ကို တွေ့ချင်လို့ ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်က သူများ ကျေးဇူးပြုတာကို လက်မခံချင်ပါဘူး"

"မင်း ငါ့ကို ကျေးဇူးတင်စရာမှ မရှိတာ"

ရှောင်ဖုန်းက ...

"ရှိတယ်"

သူသည် ခေါင်းကို ဆတ်ခနဲ မော့လိုက်သည်။

"ကျုပ်မိသားစု သေသွားတဲ့ အလောင်းကို ခင်ဗျား လိုက်ပြီး သင်္ဂြိုဟ်ပေးဖို့ မလိုပါဘူး"

လုံးစုရဲက ခေါင်းခါ၍ မချိပြုံး ပြုံးလိုက်လေသည်။

"ဒီအဘိုးကြီးဆီက ပေါက်ကြားမယ်ဆိုတာ ငါသိသားပဲ"

သူက သက်ပြင်းတစ်ချက် ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"လောကပေါ်မှာ လျှို့ဝှက်ချက်ကို ထိန်းထားနိုင်တဲ့ လူ တစ်နေ့တခြား ရှားပါးလာပါပြီကောလား"

သူ၏စကားမဆုံးမီ အိုယန့်ကျိုက ထခုန်လိုက်၏။

"အဲဒါ ဘာဖြစ်လဲ၊ ရက်စရာကောင်းတဲ့အလုပ်မှ မဟုတ်ဘဲ၊ တကယ်လို့ ကျုပ်တို့မိသားစု သေသွားတာကို မြေမြှုပ်ပေးမယ့်လူ ရှိရင် ကျုပ် လက်ခံရမှာပဲ"

ရှောင်ဖုန်းက သူ့အား လှည့်ကြည့်လိုက်သည်။

"နောက်တစ်ခါ ခင်ဗျားအိမ်က လူဘယ်နှယောက်ပဲ သေ သေ အကြောင်းလာကြားပါ၊ ကျုပ် အားလုံး သင်္ဂြိုဟ်ပေးပါ့မယ်"

အိုယန့်ကျို၏မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

ရှောင်ဖုန်းက ဆက်ပြောလိုက်၏။

"ခက်တာက ကျုပ်က ခင်ဗျားမှ မဟုတ်ဘဲ၊ ဒီလို အလေ့ အထလည်း မရှိပါဘူး"

အိုယန့်ကျိုက ...

"ဒါဖြင့် မင်း ဘာလုပ်ချင်သလဲ၊ ငါတို့အိမ်က လူတစ် ယောက်လောက် သေပေးပြီး မင်းက ပြန်မြှုပ်ရမှ ကျေနပ်မှာလား"

ရှောင်ဖုန်းက သူ့အား လှည့်၍ပင် မကြည့်တော့ပါ။ သူက လုံးစုရဲအား မော့ကြည့်လိုက်၏။



"ကျုပ်အပေါ် တင်ထားတဲ့ အကြွေးဆပ်ဖို့ ကျုပ်မှာ ငွေ အသပြာ ရှစ်ရာရှိရင် ခင်ဗျားကို ပြန်ဆပ်ပါ့မယ်၊ ဒါပေမဲ့ ကျုပ်မှာ ငွေရှစ်ရာ မရှိတဲ့အတွက် ခင်ဗျားဆီကို လာတွေ့တာ"

သူသည် ပြတ်သားသောအသံဖြင့် ဆက်ပြောလိုက်၏။

"ခင်ဗျား ခိုင်းချင်တာခိုင်း ကျုပ် လုပ်ပေးပါ့မယ်"

လုံးစုရဲက အားရပါးရ ရယ်မောလိုက်လေသည်။

"ငါ မင်းအပေါ် ကျေးဇူးရှိသည်ဖြစ်စေ၊ ကျေးဇူးမရှိသည် ဖြစ်စေ ငါနဲ့အတူတူ အရက်ထိုင်သောက်မယ်ဆိုရင်လည်း ငါ ကျေနပ် ပါပြီ"

ရှောင်ဖုန်းက သူ့အား စိုက်ကြည့်လိုက်သည်။ အတန်ကြာ တော့မှ သူက ရုတ်တရက် စားပွဲအား ပုတ်လိုက်၏။

"အရက်ပေးစမ်း"

ဆိုင်လုလင်များက အရက်အိုးကိုယူ၍ လာရောက်ချပေး၏။ ရှောင်ဖုန်းက လက်လည်း မအား၊ ပါးစပ်လည်း မအား အရက် တစ်ဆယ့်သုံးပန်းကန်တိတိ သောက်ချလိုက်လေသည်။

သို့တိုင်အောင် ရှောင်ဖုန်း ဟန်မူရာမပျက်ဘဲ ရှိသည်ကို တွေ့ရသည့်အခါ အံ့အားသင့်ကုန်ကြ၏။ သိုင်းလောကသားများ သည် ဤကဲ့သို့လူမျိုးအား လေးစားချစ်ခင်တတ်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အာမခံဌာနအဖွဲ့သားများသည် စတင်ဝိုင်းရံလာကြလေသည်။ သူတို့၏မျက်နှာပေါ်၌ လေးစားကြည်ညိုသည့် အရိပ်အယောင်များ ပေါ်လွင်လာကြလေသည်။

ထိုအချိန်၌ လူတစ်ယောက်သည် လူအုပ်ကြားမှ တိုးဝင်လာလေသည်။ ဆံပင်များ ဖြူဖွေးနေသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

လက်ထဲတွင် အဝါရောင် ရှည်မျောမျောအထုပ်တစ်ခု ပါရှိလာ၏။ ထိုအထုပ်ထဲတွင် လက်နက်တစ်ခုခု ပါရှိလာလိမ့်မည်ဟု ခန့်မှန်းရ၏။ အာမခံဌာန လူများသည် သူ့လက်ထဲမှအထုပ်အား ကြည့်ပြီး သူ၏သွားလမ်းအား ဟန့်တားလိုက်လေသည်။

"အဘက ဘာလာလုပ်တာလဲ"

အဘိုးအို၏မျက်နှာ ခက်ထန်သွား၏။

"ဒီနေရာကို ကျုပ် မလာရဘူးလား"

အာမခံဌာန အဖွဲ့သားက ...

"ဒီအထုပ်ထဲက ဘာတွေလဲ"

"ဘာရှိရမှာလဲ ... လူသတ်တဲ့လက်နက်ပေါ့"

အဘိုးအို၏စကားကြောင့် အာမခံဌာနအဖွဲ့သားက ရယ်မောလိုက်၏။



"ခင်ဗျားက ပြဿနာရှာဖို့ လာတာကိုး ... ကောင်းပြီလေ"

သူသည် စကားဆုံးသည်နှင့် ရှေ့သို့ ခြေလှမ်းတစ်လှမ်း တိုးပြီး အဘိုးအို၏အကျီကို ဆွဲရန် ဟန်ပြင်လိုက်၏။

သူ လက်ဆန့်ထုတ်လိုက်သည်နှင့် အဘိုးအိုက လက်ထဲမှ အထုပ်ကို ထိုးပေးလိုက်လေသည်။

"ဒါကြောင့် အာမခံဌာနကလူတွေဟာ ဓားပြနဲ့အတူတူပဲလို့ ပြောကြတာ၊ မင်းလိုချင်ရင် ငါပေးလိုက်ပါမယ်"

အဘိုးအိုက ယင်းသို့ အော်ဟစ်ရင်း နောက်သို့လှည့်ကာ ပြေးလွှားထွက်ခွာသွားလေသည်။

အာမခံဌာနအဖွဲ့သားများက အဘိုးအိုနောက်သို့ လိုက်ရန် ခြေလှမ်းပြင်ကြလေသည်။

"မလိုက်ပါနဲ့၊ ဒီအထုပ်ထဲမှာ ဘာတွေရှိသလဲဆိုတာ အရင်ကြည့်လိုက်ပါဦး"

လုံးစုရဲ၏စကားကြောင့် ...

အထုပ်ကို ဖြည်ကြည့်လိုက်သောအခါ သူတို့မျှော်လင့်ထားသလို လက်နက်များ လုံးဝမတွေ့ရပေ။ ပန်းချီကားလိပ်တစ်လိပ်သာဖြစ်၏။ ဖုန်များ ပြည့်နှက်နေသဖြင့် အဖွဲ့သားက ပန်းချီကားလိပ်ကို ခါလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပန်းချီကားကို ကြည့်ရန် ဖြန့်လိုက်ရာ ဖုန်များ နှာခေါင်းထဲသို့ ဝင်သွားလေသည်။

လုံးစုရဲက ပန်းချီကားချပ်ကို လှမ်းယူပြီး တစ်ချက်ကြည့်လိုက်သည်နှင့် မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော် ဖြစ်သွားလေသည်။

ပန်းချီကားပေါ်၌ ဆံပင်ဖြူဖွေးပြီး အစိမ်းရောင် ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်၏ပုံကို ရေးဆွဲထားသည်။

ထိုအဘိုးအို၏လက်ထဲတွင် ဆီစိမ်စတ္တူထီးတစ်လက် ကိုင်ထား၏။ သူသည် တစ်ကိုယ်တည်း တောင်ကြားလမ်း၌ လမ်းလျှောက်နေသည့်ပုံ ဖြစ်သည်။

တောင်းကင်ပေါ်၌ တိမ်မည်းများ ထူထပ်နေ၏။

တိမ်တိုက်ထဲ၌ နဂါး၏ခြေတစ်ဖက်နှင့် နဂါး၏အမြီးပိုင်းကိုသာ တွေ့ရ၏။ ထိုနဂါးမြီးက အဖြတ်ခံလိုက်ရသည့်အလား သွေးစက်များသည် အဘိုးအို၏ထီးပေါ်သို့ တစ်စက်စက်ကျနေသည်။

ထိုအဘိုးအိုမှာမူ အေးဆေးစွာဖြင့် ပြုံး၍ မိုးပေါ်သို့ မော့ကြည့်နေ၏။ ဤသည်မှာ ကားချပ်၌ ရေးဆွဲထားသောပုံဖြစ်လေသည်။ ကားချပ်ထဲမှ အဘိုးအို၏မျက်နှာအား သေချာစွာ ကြည့်မိလိုက်သောအခါ အထုပ်ကလေးအား လာရောက်ပို့သွားသော အဘိုးအို၏ပုံ ဖြစ်နေသည်ကို တွေ့ရသည်။



လုံးစုရဲ၏ မျက်နှာတစ်ခုလုံး ညိုမည်းသွားသည်။ အိုယန့်ကျိ၏မျက်ဝန်းအစုံသည်လည်း နီရဲလာ၏။

သူသည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး...

"ကောင်းတယ်ဟေ့ ... သူ ရောက်လာပြီကိုး၊ တော်တော်စောစော ရောက်လာတာပဲ"

သူ၏စကားမဆုံးမီ ပန်းချီကား ဖြန့်ကြည့်ခဲ့သော အခမဲ့ဌာန အဖွဲ့သားသည် တစ်ချက်အော်ညည်းကာ ဝုန်းခဲ လဲကျသွား၏။

သူ၏မျက်နှာတစ်ခုလုံးလည်း ထိတ်လန့်တုန်လှုပ်သွားပုံရသည်။ အသက်ရှူကျပ်လာသည်ကိုလည်း တွေ့ရ၏။ အိုယန့်ကျိ၏ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"မင်း ဘယ်လိုဖြစ်သွားတာလဲ"

အိုယန့်ကျိက ထိတ်လန့်တကြား မေးလိုက်သည်။

ထိုလူ၏လည်ချောင်းတွင် တဂွီးဂွီး မြည်ဟိန်းသံများ ထွက်ပေါ်လာပြီး စကားလုံးဝမပြောနိုင်တော့ပါ။

"သူ့ကိုကြည့်ရတာ အပူရှပ်တာနဲ့တူတယ်၊ သူ့ကို နေလကောင်းလေသန့်ရှိတဲ့နေရာကို ခေါ်သွားပြီး နှိပ်နယ်ပေးလိုက်ရင် ပျောက်သွားမှာပါ"

လုံးစုရဲက ပြောလိုက်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အိုယန့်ကိုက တစ်စုံတစ်ခုပြောရန် ပါးစပ်ဟလိုက်ရာ လုံးစုရဲက မျက်ရိပ်ပြပြီး ဟန့်တားလိုက်၏။

ထိုအချိန်တွင် ရှောင်ဖုန်းက အရက်သောက်နေ၏။ အခြားကိစ္စများသည် သူနှင့် လုံးဝမပတ်သက်သလို လျစ်လျူပြုထား၏။

လုံးစုရဲက သူ့အား ပြုံးပြလိုက်၏။

"တော်လောက်ပါပြီဗျာ၊ ကျုပ်တို့ လိုက်မသောက်နိုင်တော့ပါဘူး"

သူက ပြုံးနေသော်လည်း မျက်နှာထားက အေးစက်စက်ဖြစ်လာလေသည်။ ရှောင်ဖုန်းက အဖြေမပေးဘဲ အရက်အိုးကို မော့သောက်ပြီး အောက်သို့ ပစ်ချလိုက်၏။

"ဖောက်"

အရက်ထည့်သော မြေအိုးသည် အပိုင်းပိုင်း ကွဲသွားလေသည်။ ထို့နောက် ရှောင်ဖုန်းက မတ်တတ်ရပ်ကာ ဖုန်ခါလိုက်၏။

"ကောင်းပြီ ... သွားကြပါစို့"

လုံးစုရဲက ပြုံးပြလိုက်၏။

"မင်း ကြွနိုင်ပါပြီ"

"ကြွနိုင်ပါပြီဆိုတာ ဘာအဓိပ္ပာယ်လဲ"

လုံးစုရဲက ဟန်လုပ်၍ ပြုံးပြလိုက်၏။



"မင်းသွားမှာက တစ်လမ်း၊ ငါတို့သွားမှာက တစ်လမ်း၊ ဒါကြောင့် မင်းလမ်း မင်းလျှောက်ပါ"

ရှောင်ဖုန်းက သူ့အား စိုက်ကြည့်လိုက်၏။ အတန်ကြာ စိုက်ကြည့်ပြီးမှ ရယ်မောလိုက်သည်။

"လုံးစုရဲဟာ တကယ့်မိတ်ဆွေကောင်း တစ်ယောက်ပါပဲ"

လုံးစုရဲ၏မျက်နှာကား ခက်ထန်သွားသည်။

"မင်းနဲ့ငါ မိတ်ဆွေမဟုတ်ဘူး"

"ခင်ဗျားနဲ့ကျုပ် မိတ်ဆွေပဲဖြစ်စေ၊ မိတ်ဆွေမဟုတ်သည်ဖြစ်စေ ကျုပ်က ခင်ဗျားနဲ့ တစ်လမ်းတည်း သွားမှာပဲ"

ရှောင်ဖုန်းက ဖွတ်တရွတ် ပြောလိုက်ရာ ... လုံးစုရဲက

"မင်းနဲ့ငါ လမ်းချင်းမတူဘူး"

"တူတယ်"

လုံးစုရဲက ရှောင်ဖုန်းအား စိုက်ကြည့်လိုက်၏။

"မင်း ဘာဖြစ်လို့ ငါတို့နဲ့ အတူတူသွားချင်ရတာလဲ"

ရှောင်ဖုန်းက ...

"ကျုပ်ဟာ မွေးလာကတည်းက ခေါင်းမာတဲ့ စိတ်ဓာတ်ရှိနေလို့ပါ"

ရှောင်ဖုန်းသည် အိုယန့်ကို၏ပခုံးအား ပုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်မဟုတ်လား"

အိုယန့်ကို ခေါင်းခါလိုက်၏။

"မဟုတ်ဘူး"

"ဟုတ်တယ်"

"လားလိုစိတ်ဓာတ်မျိုးရှိတာ ဘာများကောင်းလို့လဲ"

လုံးစုရဲက ပြောလိုက်ခြင်း ဖြစ်၏။ ရှောင်ဖုန်းက ...

"အနည်းဆုံး ကောင်းတဲ့ အချက်တစ်ချက်တော့ ရှိတယ်"

"ဘာအချက်လဲ"

ရှောင်ဖုန်းက ...

"သူဟာ မိတ်ဆွေကို သစ္စာဖောက်တတ်ဘူး၊ သူ့မိတ်ဆွေ အန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့အချိန်မှာ သူက ထွက်မပြေးဘူး၊ သူ့ကို ကျားပွတ်နဲ့ ရိုက်ရင်တောင် သူက မသွားဘူး"

လုံးစုရဲက သူ့အား စိုက်ကြည့်လိုက်သည်။

သူ၏မျက်ဝန်းအစုံ၌ မျက်ရည်ပူများ ပြည့်နက်နေ၏။ သူသည် ရှောင်ဖုန်း၏လက်အား တင်းတင်းကျပ်ကျပ် ဆုပ်ထားလိုက်လေသည်။

❋ ❉ ❋



## အခန်း (၁၅)

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသော ဆံပင်ဖြူဖွေးသည့် အဘိုးအိုသည် တစ်ယောက်တည်း တောင်တက်လမ်းအတိုင်း လျှောက်နေ၏။

'ဂျိမ်း'

မိုးခြိမ်းသံများ ဟိန်းထွက်လာသည်။ လျှပ်စီးသည် တိမ်တိုက်မှ ထွက်ပေါ်လာရာ ရွှေရောင်နဂါးတစ်ကောင် ဘွားခနဲ ထွက်ပေါ်လာသည့်အလား ထင်မှတ်ရပေသည်။

မိုးခြိမ်းသံကြောင့် မြင်းများ ထိတ်လန့်ကာ ပဒ်ရပ်လိုက်ကြလေသည်။ အာမခံဌာန၏လက်တွန်းလှည်းများသည် ရုတ်တရက် ရပ်တန့်သွားကြလေသည်။

လုံးစုရဲ၏ဆံပင်များသည် မိုးရေကြောင့် စိုရွှဲကုန်၏။ မိုးသီးကလေးများသည် သူ၏ဆံပင်မှစီးကျပြီး မိုးရေထဲသို့ ရောက်သွား ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြင်းပေါ်၌ ကျောက်တုံးတစ်တုံးပမာ ထိုင်နေ၏။ သူ၏မျက်လုံးအစုံသည် မိမိထံ လျှောက်လာနေသော အစိမ်းရောင် အင်္ကျီနှင့် အဘိုးအိုအား စိုက်ကြည့်နေလေသည်။

အဘိုးအိုသည် အာမခံဌာနမှ လူများအား မမြင်တွေ့လိုက်ရသည့်အလား မိုးပေါ်သို့သာ မော့ကြည့်နေ၏။

"အံ့ပါရဲ့ကွာ ... မိုးပေါ်မှာ နဂါးရှိတယ်လို့ ဘယ်သူက ပြောသလဲ၊ ငါ ဘာမှမတွေ့ရပါလား၊ ဧကန္တ သေနေတဲ့နဂါး ဖြစ်ရမယ်"

အဘိုးအိုက တစ်ယောက်တည်း ရေရွတ်နေခြင်း ဖြစ်သည်။ အိုယန့်ကျိုက လှမ်းအော်ပြောလိုက်သည်။

"နဂါးက မသေပါဘူးဗျ"

ပြောရင်း လက်ထဲမှ ကျာပွတ်ဖြင့် အဘိုးအိုထံသို့ တိုက်ခိုက်လိုက်လေသည်။ ကျာပွတ်အဖျားက အဘိုးအို၏လည်ပင်းသို့ ရစ်ပတ်ရန် တိုးထွက်လာလေသည်။

အဘိုးအိုက ရှေ့သို့ ဆက်လက်လျှောက်နေ၏။ သူ့လက်ထဲမှထီးကို ထောင်ပေးလိုက်သည်နှင့် အိုယန့်ကျို၏ကျာပွတ်ကို တားထားလိုက်လေသည်။

ထို့နောက် ရစ်ပတ်ပြီး ထီးကို ဖွင့်လိုက်ရာ...

'ထုတ် ... ထုတ် ... ထုတ်'



အိုယန့်ကျို၏ကျာပွတ်သည် လေးငါးပိုင်းခန့် ပြတ်သွားလေသည်။ အိုယန့်ကျို၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

လုံးစုရဲလည်း ထိတ်ခနဲ ဖြစ်သွား၏။

အဘိုးအိုက ကျာပွတ်အပိုင်းအစကို ကြည့်ကာ ...

"ဒီနဂါးက သေသင့်ပြီ မဟုတ်လား"

အိုယန့်ကျိုက ...

"ဒါကို ကြည့်စမ်း"

အော်ရင်း မြင်းပေါ်မှ လေထဲသို့ ခုန်တက်သွားသည်။ လေထဲ၌ ခန္ဓာကိုယ်တစ်ချက် လှည့်ပြီး သူ၏ကျောပြင်ချိုင်းအောက် ခြေလက်ထဲမှ အလင်းရောင်တန်းများ ဆယ်ခုမက ပစ်လွှင့်လိုက်လေသည်။ အဘိုးအိုက တုတ်တုတ်မျှမလှုပ်။ သူသည် ဆီစိမ်စက္ကူထီးအား ဖွင့်၍လှည့်လိုက်သည်။

အိုယန့်ကျို ပစ်လွှင့်လိုက်သော လက်နက်ပုန်းများသည် ထီးကို ထိမှန်ကာ အဝေးသို့ လွင့်စဉ်သွားကုန်ကြလေသည်။

အိုယန့်ကျိုက မြင်းပေါ်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ သူသည် အဘိုးအိုအား မျက်လုံးပြူး၍ ကြည့်နေ၏။ ယခု သူသည် အဘိုးအိုကိုင်ဆောင်ထားသောထီးမှာ ဆီစိမ်စက္ကူထီး မဟုတ်မှန်း နားလည်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံးစုရဲက အဘိုးအိုအား ကြည့်လိုက်သည်။

“ခင်ဗျားက မရဏထီးပိုင်ရှင် ဆရာလှံ့ကိုး”

အဘိုးအိုက ရယ်မောလိုက်လေသည်။

“ဘာပဲဖြစ်ဖြစ် လုံးစုရဲက မျက်လုံးစူးရှပါတယ်လေ”

လုံးစုရဲက မဲပြုံးပြုံးလိုက်သည်။

“ဆရာလှံ့က သွေးမိုးဂိုဏ်းကို ရောက်နေတာကိုး၊ မထင်မိပါဘူးဗျာ”

ဆရာလှံ့က ရယ်မောလိုက်သည်။

“ခင်ဗျား မထင်မိတဲ့ကိစ္စတွေ အများကြီး ကျန်ပါသေးတယ်”

သူက လမ်းဘေးရှိ တောင်နံရံအား လက်ညှိုးထိုးပြလိုက်သည်။

“ဟိုမှာ ကြည့်စမ်း … သူက ဘယ်သူလဲ”

တောင်နံရံသည် မတ်စောက်နေ၏။ မြက်ပင်တစ်ပင်မျှ မရှိပါ။ လူသူလည်း မတွေ့ရပေ။

“ဘယ်မှာလဲ၊ ဘာမှမရှိပါလား”

လုံးစုရဲ၏စကားမဆုံးမီ ရုတ်တရက် အသံကြားလိုက်ရသည်။



‘ခြွမ်း’

အရာဝတ္ထုတစ်ခုသည် ပျံသန်းလာပြီး အလွန်မာကျောသော ကျောက်တုံးပေါ်သို့ စိုက်ဝင်သွားသည်။ လုံးစုရဲက ကြည့်လိုက်ရာ ကြီးမားသော ရဲတင်းတစ်လက် ဖြစ်နေသည်။

တစ်ဆက်တည်း တစ်ဖက်တောင်နံရံမှ ကြိုးတစ်ချောင်း တိုးထွက်ပစ်လွှင့်လာပြန်လေသည်။

ထိုကြိုးသည် တန်းတန်းမတ်မတ်ဖြင့် ရဲတင်းပေါ်သို့ ရစ်ပတ်လိုက်လေသည်။ ထိုကြိုးတန်း၏အနေအထားမှာ လမ်းတစ်ခုလုံးကို ပိတ်ဆို့လိုက်သောအနေအထားမျိုး ဖြစ်သွားလေသည်။

လူလေးယောက်သည် ကြိုးတန်းပေါ်မှ လျှောက်လာကြလေသည်။ ပထမလူသည် ရုပ်ရည်ကြမ်းတမ်းသည်။ မုတ်ဆိတ်မွေး ဗရပျစ်နှင့်ဖြစ်သည်။ အင်္ကျီရင်ဘတ် ဟထားသဖြင့် ရင်ဘတ်မွေးများက မည်းနက်၍နေ၏။

ဒုတိယလူသည် ရုပ်ရည်ချောမောပြီး မုတ်ဆိတ်မွေးမရှိ။ သူ၏ခါးတွင် ဓားတစ်လက် ဆောင်ထားသည်။

သို့သော် လမ်းလျှောက်သောအခါ ယိမ်းကာနွဲ့ကာဖြင့် မိန်းမနှင့်တူ၏။ သူ၏အသက်မှာ လေးဆယ်ကျော်ကျော်ရှိမည်ဟု ထင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယလူမှာ ဝိန်ဝိန်ပါးပါး မျက်နှာဝါကျင့်ကျင့်အရောင်ရှိသော လူတစ်ယောက် ဖြစ်သည်။ သူ၏ကျောပေါ်တွင် သရဲဦးခေါင်း ဓားတစ်လက်ရှိသည်။

စတုတ္ထလူမှာ ဝိန်လည်း ဝိန်သည်။ အရပ်လည်း ရှည်သည်။ လူသေအလောင်းနှင့်ပင် တူ၏။ သူတို့အား မြင်တွေ့သည်နှင့် အိုယန့်ကျိုက ရယ်မောလိုက်သည်။

"ရဲပြည်က သရဲငါးယောက်လည်း သွေးမိုးဂိုဏ်းထဲ ရောက်ကုန်ကြပြီကိုး၊ ဂုဏ်ယူပါတယ်ဗျာ"

ဆရာလျှံက ပြုံးလိုက်သည်။

"မရဏာထီးကို တွေ့ရင် မရဏာဓား၊ မရဏာကြိုး၊ မရဏာရဲတင်းနဲ့ မရဏာလှံတံတို့လည်း ရောက်နေပြီလို့ သတိရဖို့ ကောင်းတယ်"

"ဒီနေရာက မရဏာပြည်မှမဟုတ်ဘဲ၊ ခင်ဗျားတို့ ဘာလုပ်ကြမလို့လဲ"

အိုယန့်ကျိုက အရေးမစိုက်ပုံဖြင့် မေးလိုက်၏။ ဆရာလျှံက

"ပြောပြစရာ လိုသေးလား"

"လိုတာပေါ့ဗျာ၊ ခင်ဗျားတို့က လာပြီး စောင့်ရှောက်တာလို့ ထင်ချင်ထင်နေမှာ"



ဆရာလျှံက ရယ်မောလိုက်သည်။

"ရှင်းရှင်းပဲပြောမယ် ... ခင်ဗျားတို့ အာမခံလာတဲ့ပစ္စည်းတွေ လိုချင်လို့"

"ဒါပဲလား ... ဘာများ အလိုရှိသေးသလဲ"

"ခင်ဗျားတို့ရဲ့ပစ္စည်းနဲ့ အလံကိုထားခဲ့ပြီး လူတွေအားလုံးရဲ့ခြေထောက်၊ ဒါမှမဟုတ် လက်တစ်ဖက်ထားခဲ့ရင် ခင်ဗျားတို့နဲ့ သွေးမိုးဂိုဏ်းနဲ့ ဘာမှမပတ်သက်တော့ပါဘူး"

အိုယန့်ကျိုက မျက်မှောင်ကြုတ်ကာ ...

"နို့မဟုတ်ရင်"

"နို့မဟုတ်ရင် ခင်ဗျားတို့လူပေါင်း (၃၆) ယောက်ရဲ့ဦးခေါင်းအားလုံး ထားခဲ့ရပါလိမ့်မယ်"

အိုယန့်ကျိုက ရုတ်တရက် ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... ဟား"

"ကောင်းပြီ ... ကျုပ်တို့လူ (၃၆) ယောက်ရဲ့ခေါင်းက ခန္ဓာပေါ်မှာ ရှိနေတယ်၊ လိုချင်ရင် လာယူပါ"

ဆရာလျှံက မဲ့ပြီး ပြုံးလိုက်သည်။

"ယူဖို့ မခက်ပါဘူး"

လုံးစုရဲက မြင်းပေါ်၌ မလှုပ်မယှက် ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အသံက ဟိန်းထွက်လာလေသည်။

"လှံတံ"

အဖွဲ့သားတစ်ယောက်က သူ၏လှံတံအား ထမ်း၍ လာပို့သည်။

"ထောက်"

သူက လှံတံကို လှမ်းယူပြီး မြေပေါ်စိုက်ထားလိုက်သည်။ ထို့နောက် —

"ကျုပ်က မရဏသူရဲငါးယောက်ရဲ့ပညာကို လေ့လာချင်တာ ကြာပါပြီ၊ ခင်ဗျားတို့ထဲက ဘယ်သူ အရင်လာမလဲ"

"ငါးယောက်စလုံး"

ဆရာလျှံက ပြုံး၍ စကားဆက်လိုက်သည်။

"ခင်ဗျား နားလည်ဖို့ဟာ အခု ကျုပ်တို့က သိုင်းပညာ ယှဉ်ပြိုင်ဖို့မဟုတ်ဘူး၊ ဓားပြတိုက်တာ"

"ဒီလိုလား"

ဆရာလျှံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒါကြောင့် သိုင်းလောကရဲ့စည်းကမ်းထိန်းနေစရာ မလိုဘူး။ နောက်ပြီး ခင်ဗျားတို့လူတွေက ကျုပ်တို့ထက် များပါတယ်"



စကားဆုံးသွားသည်နှင့် ကြိုးတန်းပေါ်မှ မရဏဓားသည် ရုတ်တရက် ထခုန်လိုက်လေသည်။ သူ တစ်ချက်လှုပ်ရှားလိုက်သည်နှင့် သူ၏ခန္ဓာကိုယ်သည် အာမခံလက်တွန်းလှည်းများကြားသို့ ရောက်ရှိသွားလေသည်။ ဓားရောင်များ ဝင်းလက်သွားသည်။

"ယား"

အာမခံဌာနအဖွဲ့သားတစ်ယောက် လဲကျသွားလေသည်။

မရဏဓားသည် မိန်းကလေးတစ်ယောက်ပမာ နွဲ့နေသော်လည်း သူ၏ဓားမှာ အလွန်ရက်စက်ကြမ်းကြုတ်သည်။

မရဏလှံတံက သူ၏လှံတံဖြင့် အိုယန့်ကျိအား တိုက်ခိုက်လိုက်သည်။ မရဏကြိုးက ခါးကုန်း၍ ကြိုးတန်းကို ဆွဲလှုပ်လိုက်ရာ ကျောက်တုံးပေါ်၌ စိုက်နေသော ရဲတင်းက အပေါ်သို့ မြောက်တက်သွားသည်။

ရဲတင်းကျအလာတွင် မရဏရဲတင်းက ဖမ်းယူလိုက်လေသည်။ သူသည် ရဲတင်းရလိုက်သည်နှင့် အိုယန့်ကျိ၏မြင်းကို ခုတ်ချလိုက်လေသည်။

မြင်းသည် ရှူးရှဲ့ တစ်ချက်ဟီပြီး လဲကျသွားသည်။

မရဏကြိုးသည် သူ၏ကြိုးဖြင့် အာမခံဌာန၏အလံဆီသို့ ပစ်လွှင့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဆရာလှုံနှင့်လုံးစုရဲတို့၏တိုက်ပွဲမှာ ပြင်းထန်နေ၏။ လုံးစုရဲ၏လုံ့တံသည် ဆရာလှုံထက်သာနေသည် ဖြစ်သော်လည်း ဆရာလှုံက အရှောင်အတိမ်း အလွန်ကျွမ်းကျင်နေသဖြင့် ရုတ်တရက် အနိုင်မရဘဲ ရှိနေလေသည်။

စူးရှသော အော်သံနှင့်အတူ အာမခံဌာနမှ အဖွဲ့သားတစ်ယောက် လဲကျသွားသည်ကို တွေ့ရ၏။

လုံးစုရဲမှာမူ အကျပ်အတည်းမှ ရင်ဆိုင်နေရပြီ ဖြစ်သည်။

❋

တိုက်ပွဲသည် ပြင်းပြင်းထန်ထန် ဖြစ်ပွားနေလေသည်။

ရှောင်ဖုံးသည် မြင်းပေါ်၌ ထိုင်လျက်ရှိ၏။ ထူးခြားသည်မှာ သူ့အစား မည်သူကမျှ ဝင်ရောက်တိုက်ခိုက်မှုမရှိခြင်းပင် ...

သူ၏မြင်းသည် ပြင်းထန်နေသော တိုက်ပွဲကြောင့် ထိတ်လန့်ပြီး မငြိမ်မသက်ဖြစ်နေသော်လည်း ရှောင်ဖုန်းက တုတ်တုတ်မျှ မလှုပ်ပါ။ မရဏာဓားသည် သွားလာကူးခတ်ပြီး တိုက်ခိုက်နေ၏။

သူသည် တိုက်ခိုက်ရင်း ရုတ်တရက်နောက်သို့ ခြေသုံးလှမ်း



ခုန် ဆုတ်လာသည်။ သူ၏ဓားသည် လျှပ်တစ်ပြက် ရှောင်ဖုန်းထံသို့ ထိုးသွင်းလိုက်၏။

ရှောင်ဖုန်းက ရှောင်တိမ်းခြင်းမပြုဘဲ ထိုင်မြဲထိုင်နေ၏။ ထိုအချိန်၌ လှံတံတစ်လက်က သူ၏ဓားကို ခံပေးလိုက်သည်။

လုံးစုရဲဖြစ်သည်။ သူက ဒေါသကြီးစွာဖြင့် ...

"သူက ငါတို့ အာမခံဌာနကလူ မဟုတ်ဘူး၊ သူ့ကို မထိနဲ့"

သူပြောနေသော စကားက ရုတ်တရက် ရပ်တန့်သွားသည်။

အကြောင်းမှာ သူက ရှောင်ဖုန်းအား ဝင်ရောက်ကာကွယ်လိုက်သောကြောင့် ဆရာလှုံ၏ထိုးချွန်သည် သူ၏ပေါင်ပေါ်သို့ ထိုးမိသွားလေသည်။

သွေးများသည် စီးဆင်းကျလာလေသည်။ ရှောင်ဖုန်း၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ဝဲလာ၏။

သူက အံကို တင်းတင်းကြိတ်ထားသည်။ ထိုအချိန်တွင် မရဏာရဲတင်းမှာ အာမခံဌာနအဖွဲ့ဝင်များ၏ ဝိုင်းရံထားခြင်း ခံနေရသည်။

မရဏာလှံတံက ထိုးဖောက်ဝင်ရောက်သွားပြီး အကူအညီပေးသည်။ မရဏာကြိုးက သူ၏ကြိုးဖြင့် အာမခံဌာန၏အလံကို စွပ်ခိုထားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လက်တစ်ချက် လှုပ်ခါလိုက်သည်နှင့် အာမခံဌာန၏အလံသည် ကြိုးနှင့်အတူ ပါလာလေသည်။

အကယ်၍ ထိုအလံသည် မရဏအဖွဲ့၏လက်ထဲ ရောက်သွားလျှင် အာမခံဌာနမှာ ပျက်စီးပြိုလဲသွားပြီဟု ယူဆကြမည် ဖြစ်သည်။ သူတို့သည် အသက်သာ အသေခံမည်။ အလံကို ရန်သူ့လက်ထဲ ကျရောက်သွားမည်ကို လုံးဝအဖြစ်မခံနိုင်ပေ။

ထို့ကြောင့် ဌာနမှူးများသည် မရဏကြီးထံသို့ ပြေးလွှားလာကြလေသည်။ ရှေ့ဆုံးသို့ ရောက်ရှိသွားသော ဌာနမှူးသည် ဓားကို ဝှေ့ယမ်းကာ မရဏကြီးထံသို့ ပြေးဝင်သွား၏။

မရဏကြီးက ကြိုးတန်းကို တစ်ချက်လှုပ်ခါလိုက်ရာ သူ၏ကြိုးသည် ဌာနမှူး၏လည်မျိုသို့ ရစ်ပတ်သွားလေသည်။

ထို့နောက် ကြိုးကို တစ်ချက်ဆွဲလိုက်ရာ ထိုဌာနမှူး၏ခန္ဓာကိုယ်သည် အပေါ်သို့ မြောက်တက်သွား၏။

ထို့နောက် မြေပေါ်သို့ ပြင်းထန်စွာ ပြန်လည်ကျရောက်လာလေသည်။ ထိုဌာနမှူးမှာ လျှာထွက်၍ သေဆုံးသွားတော့သည်။

မရဏကြီးသည် သူ့အား ကြည့်ပင် မကြည့်တော့ဘဲ ညာဘက်လက်တွင် ရောက်နေသောအလံကို ကြည့်ကာ သဘောကျနေ၏။



ရုတ်တရက် ရှုပ်ထွေးနေသော တိုက်ပွဲကြားတွင် လူရိပ်တစ်ခုသည် မြားတစ်စင်းပမာ မရဏကြီးထံသို့ တစ်ဟုန်ထိုး ရောက်ရှိလာပြီး မရဏကြီး၏လက်ကောက်ဝတ်အား လျှပ်တစ်ပြက် ဖမ်းဆုပ်လိုက်လေသည်။

မရဏကြီးသည် လက်တစ်ဖက်မှ အလံကိုကိုင်လျက် ကျန်လက်တစ်ဖက်က ကြိုးကို ဆွဲထားလျက် သဘောကျဝင့်ကြွားနေစဉ်ယခုကဲ့သို့ လူတစ်ယောက်က ရုတ်တရက် ရောက်ရှိလာလိမ့် မည်ဟု လုံးဝမထင်မိခဲ့ပေ။

ထိုလူမှာ မည်သို့သော ရုပ်သွင်ရှိကြောင်း မတွေ့မိလိုက်ပါ။ သူ၏လက်ကောက်ဝတ် ဖမ်းချုပ်ခြင်း ခံလိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားကာ ဘယ်ဘက်လက်၌ကိုင်ထားသော အလံတိုင်ဖြင့် ထိုလူ၏ရင်ဝသို့ ထိုးစိုက်လိုက်လေသည်။

သို့သော် သူ၏ညာဘက်လက်နှင့် ခန္ဓာကိုယ် တစ်ပိုင်းမှာ ထုံကျဉ်နေသောကြောင့် ဘယ်ဘက်လက်၏လှုပ်ရှားမှုမှာလည်း ခါတိုင်းကဲ့သို့ လျင်မြန်ဖျတ်လတ်ခြင်း မရှိဘဲ နှေးကွေးသွားလေသည်။

ထို့ကြောင့် သူ၏ဘယ်ဘက်လက်သည်လည်း တစ်ဖက်လူ၏ဖမ်းချုပ်ခြင်းကို ခံလိုက်ရပြန်လေသည်။ သူ ပို၍ထိတ်လန့်တုန်လှုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကန်မည်အပြုတွင် သူ၏ခန္ဓာကိုယ်တစ်ခုလုံး ထုံကျဉ်သွား၏။ ထို့နောက် တစ်ဖက်လူ၏လက်နှစ်ဖက်က သူ၏ခန္ဓာကိုယ်အား ကိုင်မြှောက်ထားလိုက်လေတော့သည်။ ထိုလူမှာ အခြားသူမဟုတ်။ ရှောင်ဖုန်းပင် ဖြစ်သည်။

သူသည် တစ်ချိန်လုံး ငြိမ်သက်စွာဖြင့် အခွင့်အရေးကို စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ အခွင့်အရေးရရှိလိုက်သည်နှင့် သူက ရုတ်တရက် လှုပ်ရှားလိုက်ရာ မရဏကြိုးကို ဖမ်းချုပ်နိုင်ခဲ့ပြီး လက်နှစ်ဖက်ဖြင့် သူ၏ခန္ဓာကိုယ်အား မြှောက်ထားလိုက်လေသည်။

"ဒီမှာ အားလုံးကြည့်ကြစမ်း ... ဘာလဲ"

ဆရာလျှံသည် လုံးစုရဲနှင့် တိုက်ခိုက်နေရာမှ ရှောင်ဖုန်း၏ အသံကို ကြားလိုက်ရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်သည်။

ဤတွင် သူ၏မျက်နှာ ကွက်ခနဲ ပျက်သွားရတော့သည်။ မရဏဓား မရဏရဲတင်းနှင့် မရဏလှံတံတို့သည် တိုက်ခိုက်ရာမှ ငြိုင်တူရပ်တန့်သွားကြလေသည်။

သူတို့၏မျက်နှာများပေါ်တွင် အံ့ဩထိတ်လန့်မှုများ ထင်ဟပ်နေ၏။ ထိုလူငယ်ကို အစောပိုင်းကတည်းက သူတို့ တွေ့မြင်ခဲ့ကြသည်။

သို့သော် မည်သူကမျှ သူ့အား အထင်မကြီးကြပေ။



ထိုလူငယ်သည် ဤမျှရဲရင့်ပြီး သတ္တိရှိလိမ့်မည်ဟု မထင်မိခဲ့ကြပါချေ။ ဆရာလျှံက မျက်မှောင်ကြုတ်ကာ ...

"သူ့ကို ပြန်ချထားလိုက်ရင် မင်းကို အသက်ချမ်းသာခွင့် ပေးမယ်၊ သွားလိုရာ သွားနိုင်တယ်"

ရှောင်ဖုန်းက မထီမဲ့မြင် ပြုံးလိုက်သည်။

"ကျုပ် သွားချင်တယ်ဆိုရင် အစောကြီးကတည်းက သွားပြီပေါ့ဗျာ"

"မင်း သူ့ကို လွှတ်မလား၊ မလွှတ်ဘူးလား"

"ခင်ဗျားသာ ကျုပ်နေရာမှာရှိရင် သူ့ကို လွှတ်မလား"

ရှောင်ဖုန်းက ပြန်မေး၏။ ဆရာလျှံက ...

"မင်း ဘာလုပ်ချင်သလဲ၊ မင်း သူ့ကို ချထားလိုက်ရင် ငါတို့ ထွက်သွားမယ်၊ ဘယ့်နှယ်လဲ"

ဆရာလျှံက တစ်ထစ်လျှော့သည်။

"ကောင်းပြီ"

ယင်းသို့ပြောပြီးသည်နှင့် ရှောင်ဖုန်းသည် ဆရာလျှံထံသို့ တစ်ဟုန်ထိုး ပြေးဝင်သွားလေသည်။ ဆရာလျှံသည် ရှောင်ဖုန်းက မရဏကြိုးအား မ,ယူလာနေသောကြောင့် ဆီး၍ တိုက်ခိုက်ရမည်ခလော ...

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ... နောက်သို့ ဆုတ်သွားရမည်လောဟု ဝေခွဲမရအောင် ဖြစ်သွားရလေသည်။ သို့သော် ရှောင်ဖုန်းသည် ဆရာလှိုထံသို့ ပြေးလွှားနေရာမှ ရုတ်တရက် လမ်းကြောင်းပြောင်းလိုက်သည်။

မရဏဓားဘက်သို့ ရုတ်တရက် ပြေးဝင်ပြီး လက်နှစ်ဖက်ဖြင့် မကိုင်ထားသော မရဏကြိုးကို လက်နက်အဖြစ် အသုံးပြုကာ တိုက်ခိုက်လိုက်သည်။ မရဏဓားက ရှောင်တိမ်း၍ ဓားဖြင့် ခုတ်လိုက်ရာ ...

"အား"

သူ၏ဓားသည် မရဏကြိုး၏ ညာဘက်လက်သို့ ခုတ်မိသွားလေသည်။ မရဏဓားသည် မိမိလူအား ခုတ်မိလိုက်သည်ကို တွေ့ရှိလိုက်သဖြင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

လက်ထဲမှဓားကို ပစ်ချကာ မရဏကြိုးအား လက်နှစ်ဖက်ဖြင့် ဆီး၍ဖမ်းလိုက်သည်။

ရှောင်ဖုန်းသည် လက်ထဲမှ မရဏကြိုးအား မရဏဓားထံ ပစ်လွှင့်ပြီးသည်နှင့် သူ၏ခန္ဓာကိုယ်သည် မရဏရဲတင်းထံ ပြေးဝင်သွားလေသည်။ မရဏရဲတင်းသည် အချင်းချင်း ဓားထိသွားသည်ကို တွေ့မြင်ရသဖြင့် ငေးငိုင်၍ ကြည့်နေမိ၏။



ရှောင်ဖုန်းက သူ့ထံသို့ တစ်ဟုန်ထိုး ရောက်ရှိလာသည်ကို တွေ့ရမှ သတိဝင်လာကာ ရဲတင်းနှင့် ခုတ်ချလိုက်သည်။ သို့သော် ရှောင်ဖုန်းက သူ့အနီးသို့ ရောက်ရှိလာပြီး ...

ဘယ်ဘက်တံတောင်ဆစ်ဖြင့် မရဏရဲတင်း၏ရင်ဝသို့ တအားဆောင့်ထည့်လိုက်သည်။ သူ၏ညာဘက်လက်က မရဏရဲတင်း၏ဘယ်ဘက်လက် ကောက်ဝတ်ကို ဖမ်းချုပ်လိုက်သည်။

မရဏလှံတံသည် ရှောင်ဖုန်းထံသို့ ပြေးဝင်လာ၏။ သူသည် လှံတံအား ပစ်ချပြီး မရဏဓား ပစ်ချလိုက်သောဓားကို ကောက်ယူကာ ရှောင်ဖုန်း၏နောက်ကျောသို့ ထိုးသွင်းလိုက်လေသည်။

ရှောင်ဖုန်းက ရှောင်တိမ်းလိုက်ရာ မရဏလှံတံ၏ဓားသည် ရှောင်ဖုန်း၏ပခုံးသို့ ထိုးမိသွား၏။ သို့သော် ရှောင်ဖုန်းက ရုပ်တန့်သွားခြင်း မရှိပါ။ မရဏရဲတင်း၏ဘယ်ဘက်လက်အား လိမ်ချိုးလိုက်ရာ မရဏရဲတင်း၏လက်တစ်ဖက် ကျိုးသွားလေသည်။

ရှောင်ဖုန်းက သူ၏ခန္ဓာကိုယ်အား ကိုင်ပေါက်ရန် အပေါ်သို့ မြှောက်လိုက်၏။ မရဏလှံတံ၏မျက်နှာတစ်ခုလုံး ညိုမည်းသွားသည်။ သူသည် ဓားကိုဆွဲနုတ်ပြီး ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ၏ဓားသည် ရှောင်ဖုန်း၏အရိုးကြားသို့ ရောက်ရှိနေသဖြင့် ရုတ်တရက် ဆွဲနုတ်၍မရဘဲ ဖြစ်နေသည်။

ရှောင်ဖုန်း၏ခန္ဓာကိုယ်က ဘယ်ဘက်သို့ လှည့်လိုက်ရာ မရဏာလုံ့တံက ဓားကိုကိုင်လျက် ဘယ်ဘက်သို့ လိုက်၍လှည့်ရလေသည်။ သူသည် မိမိ၏ဓားက အသက်ရှိသော လူတစ်ယောက်အား ထိုးမိသည်မှ ဟုတ်ပါလေစဟု သံသယဖြစ်လာမိ၏။

သူ ကြောင်အမ်းအမ်းဖြစ်နေစဉ် ရှောင်ဖုန်း၏ခန္ဓာကိုယ်သည် ရုတ်တရက် နောက်သို့မှီလိုက်လေသည်။ ထိုအခါ မရဏာလုံ့တံ၏ဓားသည် ရှောင်ဖုန်း၏နောက်ကျောမှ ရှေ့သို့ ထိုးထွက်သွား၏။

သူ၏ဓားသည် ဓားရိုးအထိ မြုပ်ဝင်သွားသည်။ မရဏာလုံ့တံသည် မိမိ၏ဓားက တစ်ဖက်သူ၏နောက်ကျောမှသည် ရှေ့သို့ ထိုးထွက်သွားသည်ကို တွေ့မြင်လိုက်ရသောအခါ ထိတ်လန့်ကာ ငေးငိုင်သွားမိ၏။ ထိုအချိန်မှာပင် ရှောင်ဖုန်း၏ တံတောင်ဆစ်သည် သူ၏ ရင်ဝသို့ ပစ်ဆောင့်လိုက်လေသည်။

"အွတ်"

မရဏာလုံ့တံသည် တစ်ကိုယ်လုံး ပျော့ခွေသွားကာ လဲကျသွားလေသည်။ သူလဲကျသွားသောအခါ မရဏာရဲတင်း၏ကိုယ်ပေါ်သို့ ကျသွားခြင်း ဖြစ်ပေသည်။



သူတို့သည် မျက်နှာချင်းဆိုင် လဲကျသွားကြခြင်း ဖြစ်၏။ သူတို့၏မျက်နှာပေါ်တွင် အံ့သြခြင်း၊ ထိတ်လန့်ခြင်း စသည့် ဟန်မူရာများ ဖြစ်ပေါ်နေသည်။

သူတို့သည် သေသွားသည်အထိ လောကအပေါ်တွင် ဤကဲ့သို့ လူမျိုး ရှိလိမ့်မည်ဟု မယုံကြည်နိုင်ခဲ့ကြပေ။

❄

ရှိရှိသမျှသော လှုပ်ရှားမှုအားလုံးတို့သည် တစ်ခဏတာ အချိန်တွင်း၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သို့သော် ချက်ချင်းပင် အဆုံးသတ်သွားရလေသည်။ ဓားရှည်သည် ရှောင်ဖုန်း၏ခန္ဓာကိုယ်၌ ကျန်ရစ်နေသေး၏။

ဓားဖျားမှ သွေးများ တစ်စက်ပြီးတစ်စက် ကျနေသေးသည်။ ရှောင်ဖုန်း၏ဖြူဖွေးသော မျက်နှာတစ်ခုလုံး ပြင်းထန်သော နာကျင်မှုဝေဒနာကြောင့် ကြွက်သားများ တွန့်လိမ်နေလေသည်။

သို့သော် သူ၏ဓားမှာ ပတ်နေတုန်း ရှိသေး၏။ ဆဒုလျှံသည် သူ့အား အံ့သြစွာဖြင့် ငေးကြောင်ကြည့်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုယန့်ကျိုကလည်း ကြောင်အမ်းအမ်းဖြင့် သူ့အား စိုက်ကြည့်နေ၏။ သူတို့ အံ့ဩနေခြင်းမှာ သူ၏တိုက်ခိုက်မှုကြောင့် မဟုတ်ပါ။

သူ၏သေရမည်ကို မကြောက်သောသတ္တိဖြစ်သည်။ ရှောင်ဖုန်း၏မျက်လုံးအစုံသည် ဆရာလျှံ၏မျက်နှာပေါ်သို့ ရောက်ရှိလာ၏။ ဆရာလျှံက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ငါတို့ ပြောပြီးသား မင်း သူ့ကို ချထားလိုက်ရင် ငါတို့ သွားမယ်လို့"

"ကျုပ်ကလည်း သူ့ကို ချထားခဲ့တယ် မဟုတ်လား"

"ဒါပေမဲ့ မင်းက သူ့ကို တိုက်ခိုက်လိုက်တယ်လေ"

"ကျုပ်က မတိုက်ခိုက်ပါဘူးလို့ ကတိပေးထားလို့လား"

ဆရာလျှံ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေရာမှ တဖြည်းဖြည်း နီရဲလာလေသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

ရှောင်ဖုန်းက ...

"ခင်ဗျား အခု မသွားသေးဘူးလား"

ဆရာလျှံက သွေးအိုင်ထဲမှ အလောင်းများကို ကြည့်လိုက်၏။ ထို့နောက် လုံးစုရဲဘက်သို့ လှည့်ကြည့်လိုက်၏။



"ကျုပ်သွားလို့ ရပြီလား"

လုံးစုရဲက ...

"သူက ခင်ဗျားကို သွားနိုင်ပြီလို့ ပြောရင် ခင်ဗျား သွားနိုင်ပါပြီ၊ သူ ဘာပဲပြောပြော ကျုပ် ပြောလိုက်သလိုပါပဲ"

သူ၏မျက်လုံး နီရဲကာ မျက်ရည်ဝဲနေ၏။

ဆရာလျှံက သူ့အားကြည့်ပြီး ခြေတစ်ဖက်ဆောင့်လိုက်သည်။

"ကောင်းပြီ ... ကျုပ်သွားမယ်"

ရှောင်ဖုန်းက ...

"အကောင်းဆုံးကတော့ ဝေးဝေးရောက်သွားလေ ကောင်းလေပါပဲ"

"ကျုပ် သိပါတယ်"

ထို့နောက် ... ရှောင်ဖုန်းအား အတန်ကြာ စိုက်ကြည့်လိုက်ပြီး ...

"ဒါပေမဲ့ ကျုပ် သိချင်တာတစ်ခုရှိသေးတယ်"

"မေးပါ"

"မင်း ဘယ်သူလဲ"

"ကျုပ် ... ကျုပ်နာမည်က လုံးဂူ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းက နာမည်ရင်းကို မပြောဘဲ အခြားနာမည်တစ်ခုကို ပြောလိုက်၏။

ဆရာလှိုက ခေါင်းမော့၍ သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

"လုံးဝ ဟုတ်လား"

ဆရာလှိုသည် ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ...

"မင်းက သတ္တိခဲတစ်ယောက်ပဲ၊ ကျုပ်က လုံးဂူ ရှိနေမှန်း သိရင် လုံးစုရဲဆီကို လာဖြစ်မှာ မဟုတ်ဘူး"

သူက ခြေတစ်ဖက်ဆောင့်လိုက်လေသည်။

"ကောင်းပြီ ... ကျုပ်သွားပြီ၊ ကျန်းနန်နယ်မှာ ခင်ဗျားလို လုံးဂူတစ်ယောက် ရှိနေသရွေ့ ကျုပ်တို့ ကျက်စားဖို့နေရာ ဘယ်ရှိတော့မှာလဲ"

* * *



## အခန်း (၁၆)

မြေပေါ်မှသွေးများသည် ခြောက်ခန်းသွားခြင်း မရှိသေးပါ။ တိုက်ပွဲက ပြီးဆုံးသွားပြီ ဖြစ်လေသည်၊ ရှောင်ဖုန်းသည် ဆရာလှို ပျောက်ကွယ်သွားသည်အထိ ကြည့်ကာ ရုတ်တရက် တစ်ကိုယ်လုံး ပျော့ခွေ၍ လဲကျသွား၏။

လုံးစုရဲက လုံတံကိုပစ်ချကာ သူ့အား ပြေး၍ ပွေ့ထူလိုက်သည်။ သူ၏မျက်ဝန်းအစုံ၌ မျက်ရည်ပူများ ဝဲလာသည်။

"မင်း"

သူ၏လည်မျိုတွင် တစ်ခုခု တစ်ဆို့နေသည့်အလား အသံထွက်မလာတော့ပါချေ။ ရှောင်ဖုန်း၏မျက်နှာတစ်ခုလုံး၌ သွေးရောင်လုံးဝမရှိပါ၊ သူက လုံးစုရဲအား မော့ကြည့်လိုက်၏။

"ကျုပ်အပေါ် တင်နေတဲ့အကြွေး ဘယ်လောက်ဆပ်နိုင်ခဲ့ပြီလဲ"

လုံးစုရဲက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့အပေါ် အကြွေးမတင်ပါဘူး"

"ရှိတယ်"

လုံးစုရဲက သက်ပြင်းရှည်တစ်ချက် ချလိုက်၏။

"မင်းမှာ အကြွေးရှိလည်း အခု ဆပ်ပြီးပါပြီ"

ရှောင်ဖုန်းက ...

"ဆပ်ပြီးရင် ပြီးသွားပါပြီ"

"အခု ငါတို့ မိတ်ဆွေဖြစ်နေကြပြီ မဟုတ်လား"

လုံးစုရဲက မေးလိုက်၏။ ရှောင်ဖုန်းက ခေါင်းခါသည်။

"မဟုတ်ဘူး"

လုံးစုရဲ၏မျက်နှာပေါ်၌ စိတ်မကောင်းသည့် အရိပ်အယောင်များ ပေါ်လာ၏။ နားမလည်နိုင်သလိုလည်း ဖြစ်သွား၏။

"မင်းက ဘာဖြစ်လို့"

ရှောင်ဖုန်းက သူ၏စကားကို ကြားဖြတ်လိုက်၏။

"ခင်ဗျားက လုံးစုရဲ၊ ကျုပ်က လုံးဂူရဲဆိုတာ မမေ့ပါနဲ့"

ယခုမှ ရှောင်ဖုန်းက သူ့ကိုယ်သူ လုံးဂူရဲဟု ဘာကြောင့် ပြောခဲ့သည်ကို နားလည်လာရတော့သည်။

"ဟုတ်တယ်၊ ငါတို့က မိတ်ဆွေမဟုတ်ဘူး၊ ညီအစ်ကို၊ မင်းနဲ့ငါ ညီအစ်ကို"



သူသည် ရှောင်ဖုန်း၏လက်ကို တင်းကျပ်စွာ မလွှတ်တမ်း ဆုပ်ကိုင်ထားလိုက်မိလေတော့သည်။

❋

မားကို ဆွဲထုတ်လိုက်သည်မှာ သုံးရက်ခန့်ရှိပြီ ဖြစ်လေသည်။ ရှောင်ဖုန်းမှာမူ ယခုအထိ သတိမရသေးပါ။ သတိလစ်နေဆဲ ဖြစ်၏။

သုံးရက်။ သုံးရက်တိတိ သူ၏ဝိညာဉ်နှင့် ခန္ဓာကိုယ်သည် မီးတောက်မီးလျှံများ လောင်ကျွမ်းခြင်း ခံနေရသကဲ့သို့ သတိမေ့နေသည့်ကြားမှ တစ်ချက်တစ်ချက် အော်ဟစ်လိုက်၏။

စကားများလည်း ယောင်ယမ်းပြောဆိုလျက် ရှိသည်။ သူသည် လူနှစ်ယောက်၏နာမည်ကို ထပ်တလဲလဲ ခေါ်လျက်ရှိ၏။

"ချင်းချင်း ... ငါ နင့်အပေါ် မကောင်းခဲ့ဘူး။ ဒါကြောင့် နင် ငါ့ကို ဘာပဲလုပ်လုပ် ငါ နင့်ကို အပြစ်မတင်ဘူး"

"လုံးစုရဲ ... ကျုပ်တင်ထားတဲ့ အကြွေးဟာ ဘယ်တော့မှ ဆပ်လို့ကုန်မှာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားများကိုသာ ထပ်ကာလဲလဲ ပြောနေ၏။ လုံးစုရဲ နားထောင်နေရသည်မှာလည်း အကြိမ်ပေါင်းများလှပေပြီ။ သူသည် ရှောင်ဖုန်း၏ ခုတင်အနီးတွင် တစ်ချိန်လုံး ထိုင်စောင့်နေလေသည်။

သုံးရက်နှင့်သုံးညတိတိ လုံးဝ မအိပ်ခဲ့ရပါ။ အိုယန့်ကျိသည် သူ့အနီး၌ ထိုင်နေ၏။ သူသည် လုံးစုရဲအား ခဏတစ်ဖြုတ် အနားယူရန် အကြိမ်ကြိမ် တိုက်တွန်းနားချခဲ့ရသည်။ သို့သော် အချည်းနှီးသာ တည်း။

ငြိမ်သက်စွာ တစ်ခဏမျှ အိပ်ပျော်နေသော ရှောင်ဖုန်းသည် ရုတ်တရက် လူးလှိမ့်လာပြန်လေသည်။

သူသည် မမြင်မတွေ့ရသော မိစ္ဆာနှင့် သတ်ပုတ်နေသည့် အလား ရှိ၏။ ဖြူဖွေးသော သူ၏မျက်နှာတစ်ခုလုံးမှာ ခြစ်ခြစ် တောက်ပူလောင်လာပြီး မိုးသီးမိုးပေါက်ကဲ့သို့ ချွေးများ ကျဆင်းနေ ၏။

"ချင်းချင်း ... ချင်းချင်း ... နောက်ပြီး ငါ့ရဲ့ရင်သွေးလည်း ရှိသေးတယ်၊ အခု မင်းတို့ ဘယ်မှာလဲကွယ်"

သူသည် လူးလှိမ့်ရုန်းကန်ပြီး ထလာနေ၏။ လုံးစုရဲက သူ့ အား တအားဖိထားပြီး ဟန့်တားထားရလေ သည်။ ရှောင်ဖုန်းက မျက်လုံးဖွင့်လိုက်၏။ နှုတ်မှလည်း အော်ငေါက်လိုက်၏။



"ကျုပ်ကိုလွှတ်စမ်း၊ ကျုပ် သူတို့ကို သွားရှာမလို့" ဟူ၍ လုံးစုရဲက အံကို တင်းတင်းကြိတ်လိုက်၏။

"မင်း အေးအေးဆေးဆေး အိပ်နေပါ၊ ငါ ... ငါ သူတို့ကို တွေ့အောင် ရှာပေးပါ့မယ်"

ရှောင်ဖုန်းက သူ့အား စိုက်ကြည့်လိုက်သည်။

"မင်း ဘယ်သူလဲ"

"ငါ လုံးစုရဲ၊ မင်းက လုံးဂူလေ၊ မင်း မေ့နေပြီလား"

ရှောင်ဖုန်းက သူ့အား အတန်ကြာ စိုက်ကြည့်လိုက်၏။ ထို့ နောက် သူသည် သတိရလာသည့်အလား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားက လုံးစုရဲ၊ ကျုပ်က လုံးဂူ၊ ကျုပ်တင် ထားတဲ့အကြွေး ဘယ်တော့မှ ဆပ်လို့ကုန်မှာမဟုတ်ဘူး"

ရှောင်ဖုန်းသည် ပြောရင်း မျက်လုံးမှိတ်ထားလိုက်ပြန်လေ သည်။ ထို့နောက် တဖြည်းဖြည်း ငြိမ်သက်စွာ အိပ်ပျော်သွားလေ သည်။ လုံးစုရဲက ကုလားထိုင်နောက်မှီသို့ မှီလိုက်ပြီး မျက်ရည် များ စီးကျလာ၏။

အိုယန့်ကျိလည်း စိတ်မကောင်း ဖြစ်နေသည်။

"ခင်ဗျားပြောတာ မှန်တယ်၊ သူ့ရဲ့ရင်ထဲမှာ ပြောမပြနိုင် လောက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



လုံးစုရဲက သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။ ထိုအချိန်၌ အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်သည် မည်သည့်အချိန်က ရောက်ရှိနေသည်ကို မသိ။ ရုတ်တရက် မြင်တွေ့လိုက်ရလေသည်။

အိုယန့်ကျို ရင်ထိတ်သွား၏။ လုံးစုရဲက သူမအား မျက်မှောင်ကြုတ်၍ စိုက်ကြည့်၏။ အိုယန့်ကျိုသည် ထိုမိန်းကလေးက မိမိမသိအောင် ရောက်ရှိလာနိုင်သည်ကို တွေ့မြင်လိုက်ရသောအခါ ထိုမိန်းကလေးအား အထင်မသေးဝံ့တော့ပါ။

ထိုမိန်းကလေး၏မျက်နှာပေါ်၌ ကြေးမျက်နှာဖုံးတစ်ခု တပ်ဆင်ထားသည်ကို တွေ့ရလေသည်။

ကြေးမျက်နှာဖုံးပေါ်၌ အလွန်အကျည်းတန်သော မျက်နှာတစ်ခု ပုံသဏ္ဍာန် ဖော်ထား၏။ မျက်နှာဖုံး၏နဖူးပေါ်၌ အနီရောင် နှင်းဆီပွင့်တစ်ပွင့် ရှိနေသည်။

အိုယန့်ကျိုမျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

"နှင်းဆီသခင်မလေး"

မိန်းကလေးသည် သူတို့အနီးသို့ ရောက်ရှိလာပြီး ခြေလှမ်းရပ်တန့်လိုက်သည်။ အိုယန့်ကျိုက လုံးစုရဲ၏ရှေ့၌ အကာအကွယ်ပြုထားလိုက်၏။



မိန်းကလေး၏မျက်လုံးအစုံသည် ခုတင်ပေါ်၌ လဲလျောင်းနေသော ရှောင်ဖုန်းကို လှမ်းကြည့်လိုက်သည်။

ထို့နောက် အိုယန့်ကျိုကို မေးလိုက်၏။

"ရှင်တို့ သူ့ကို ဒီအတိုင်း ပစ်ထားတော့မှာလား"

"ကျုပ်က သူ့ကို အစွမ်းကုန် ကုသပေးနေပါတယ်"

လုံးစုရဲက ပြန်ဖြေသည်။ မိန်းကလေးက ...

"ရှင် သူ့ကို ကုနိုင်တယ်လို့ ထင်နေသလား"

လုံးစုရဲက သက်ပြင်း မှုန်းမှုန်းချရင်း ...

"ကျုပ်က ကြိုးစားနေပါတယ်"

"ရှင် ကြိုးစားနေတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ယောင်ဝါးဝါးလုပ်နေရင် သူသေဖို့များသွားမယ်"

လုံးစုရဲ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။

"မင်း ဘာသဘောနဲ့ ပြောလိုက်တာလဲ"

"သူ့ကို ကျွန်မ ခေါ်သွားမယ်"

လုံးစုရဲ မျက်မှောင်ကြုတ်သွား၏။

"မင်း သူ့ကို သိလို့လား"

မိန်းကလေးက ပြန်မဖြေပါ။ သူမ၏ဆန္ဒကိုသာ ထပ်မံပြောဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သူ့ကို ခေါ်သွားမယ်"

"မင်းက ဘယ်သူလဲ"

"ကျွန်မ ဘယ်သူလဲဆိုတာက အရေးမကြီးဘူး၊ သူ့ကို ကျွန်မလက်ထဲ အပ်လိုက်ရင် သူ အသက်ရှင်နိုင်မယ်၊ ဒီအတိုင်း ထား ရင်တော့ သေသွားလိမ့်မယ်၊ ဒါပဲ"

လုံးစုရဲက အတန်ကြာ စဉ်းစားချင့်ချိန်လိုက်၏။

ထို့နောက် ပင့်သက်ရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်၏။

"ခင်ဗျား သွားနိုင်ပါပြီ"

မိန်းကလေး၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"ကျွန်မကို သွားခိုင်းတာလား"

လုံးစုရဲက ခေါင်းညိတ်လိုက်သည်။ မိန်းကလေးက ...

"ရှင်တို့က သူသေသွားမှာကို ဒီလိုပဲ ထိုင်ကြည့်နေမှာလား"

လုံးစုရဲက သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

"ခင်ဗျားနဲ့ ကျုပ်နဲ့ သိမှမသိကြဘဲ၊ ကျုပ်က ဒီအတိုင်း ခင်ဗျားကို ယုံယုံကြည်ကြည်နဲ့ ပေးနိုင်မလား"

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီလေ၊ ဒါဆို ... ရှင်တို့ သူ့အတွက် ခေါင်းတစ်လုံး အသင့်ဝယ်ထားပေတော့"



သူမသည် စကားတစ်ခွန်းမျှ ထပ်မပြောတော့ဘဲ နောက်သို့လှည့်၍ ခြေလှမ်းပြင်လိုက်၏။ လုံးစုရဲသည် မိန်းကလေးအား အတန်ဝေးဝေး ထွက်ခွာသွားသည်အထိ ကြည့်ပြီးမှ ရုတ်တရက်လှမ်းအော်လိုက်၏။

"မိန်းကလေး ခဏလေးနေပါဦး"

မိန်းကလေးက စိတ်မရှည်ဟန်ဖြင့် ...

"ကျွန်မ အကြာကြီးစောင့်ဖို့ အချိန်မရှိဘူး"

လုံးစုရဲက ...

"မင်း သူ့ကို ခေါ်သွားရမှ ကုပေးနိုင်မှာလား"

မိန်းကလေးက နောက်သို့ပင် လှည့်မကြည့်ဝါ။

"ကျွန်မ ပြောပြီးပြီပဲ"

လုံးစုရဲသည် သူမ၏နောက်ကျောကို လှမ်းကြည့်ပြီး အိုယန့်ကျိနှင့် မျက်လုံးချင်း နားလည်မှုယူလိုက်၏။ သူတို့နှစ်ယောက်သည် နှစ်ပေါင်းသုံးဆယ်ခန့် အတူတကွ လက်တွဲ၍ တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ပြီး ဖြစ်သည်။

ထို့နောက် ရုတ်တရက်ဆိုသလိုပင် သူတို့နှစ်ယောက်သည် မိန်းကလေးထံသို့ ပြိုင်တူပြေးဝင်သွားကြ၏။ အိုယန့်ကျိ၏လက် ငါးချောင်းသည် မိန်းကလေး၏ဘယ်ဘက်ပခုံးပေါ်သို့ လျှပ်ခနဲပြက်

www.burmeseclassic.com

www.burmeseclassic.com



ကုတ်ချလိုက်သည်။

လုံးစုရဲကလည်း မိန်းကလေး၏သွေးကြောနေရာများသို့ ရှုတ်ခြည်း ထောက်လိုက်လေသည်။ သို့သော် မိန်းကလေး၏နောက် ကျောခွဲ မျက်လုံးများ ရှိနေသည့်အလား သူမ၏အင်္ကျီလက်အား တစ်ချက်ဆွဲယမ်းလိုက်လေသည်။

တစ်ဆက်တည်းမှာပင် သူမ၏ခန္ဓာကိုယ်ကလည်း လေထဲသို့ မြောက်တက်သွားပြီး သူတို့နှစ်ယောက် နောက်သို့ အသာအယာ ကျသွားလေ၏။ ထို့နောက် ရှောင်ဖုန်း လဲလျောင်းနေသော ခုတင်အနီးသို့ ရောက်ရှိသွားလေသည်။

လုံးစုရဲသည် ချာခနဲလှည့်ပြီး မိန်းကလေးထံသို့ ပြေးဝင်သွား၏။ မိန်းကလေး၏လက်ညှိုးသည် ရှောင်ဖုန်း၏လည်မျိုပေါ်ရှိ သွေးကြောနေရာသို့ ထောက်ထားလိုက်လေသည်။

"ကျွန်မ သူ့ကိုသတ်မယ်ဆိုရင် အင်မတန်လွယ်မယ် မဟုတ်လား"

လုံးစုရဲက သူမ၏လက်ချောင်းကလေးအား ကြည့်၍ မျက်နှာတစ်ခုလုံး သွေးရောင်ပင် မရှိတော့လောက်အောင် ဖြူရော်သွားလေတော့သည်။ မိန်းကလေးက မဲ့ပြုံးပြုံး၍ ---

"ရှင်တို့နှစ်ယောက် ကျွန်မကို အကျပ်ကိုင်လို့ ရမယ်များ



ထင်နေသလား"

သူမသည် လက်ကို ပြန်ရုပ်သိမ်းပြီး လုံးစုရဲ၏အနီးမှ ဖြတ်၍ လျှောက်သွားလေသည်။ သူမသည် တံခါးဝသို့ရောက်ရှိသွားသော အခါ လုံးစုရဲက ရုတ်တရက် ဟန့်တားလိုက်၏။

"မိန်းကလေး ခဏ"

သို့သော် ဤတစ်ကြိမ်၌ မိန်းကလေးက သူ့အား လှည့်၍ပင် မကြည့်တော့ပါ။ လုံးစုရဲက ပြေးလိုက်သွားသည်။

"ပြန်လာပါ မိန်းကလေး၊ သူ့ကို ခင်ဗျား ခေါ်သွားနိုင်ပါပြီ"

မိန်းကလေးက ခြေလှမ်းရပ်တန့်လိုက်၏။

နောက်သို့ တဖြည်းဖြည်း လှည့်လိုက်လေသည်။

"ဒီစကားကို စောစောက ပြောသင့်တယ်"

သူမသည် ခေါင်းတစ်ချက် ညိတ်ပြီး ပြန်လှည့်လာလေ၏။

❋

တည်းခိုခန်းရှေ့တွင် အလွန်ခန့်ညားလှပသော ရထားလုံး တစ်စင်း ရပ်နေ၏။ ကျစ်ဆံမြီးနှစ်ချောင်း ကျစ်ထားသော မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်က ရထားလုံး၏တံခါးကို ဖွင့်ပေးလိုက်လေသည်။

လုံးစုရဲသည် ရှောင်ဖုန်းအား ကိုယ်တိုင်ပွေ့ချီကာ ရထားလုံးပေါ်သို့ တင်ပေးလိုက်လေသည်။ ရှောင်ဖုန်း၏ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းလာနေပြီကို တွေ့ရှိရလေသည်။

သူသည် ရှောင်ဖုန်းအား ရထားပေါ်သို့ အသာအယာ ချလိုက်ပြီးနောက် အေးစက်နေသော ရှောင်ဖုန်း၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။ မိန်းကလေးက ...

"ကျွန်မ ခေါ်သွားတာကို ရှင်က စိတ်မချဘူးလား"

လုံးစုရဲက သက်ပြင်းရှည်တစ်ချက်ချပြီး ရထားလုံးပေါ်မှ ဆင်းလိုက်လေသည်။

"ဒီမှာ မိန်းကလေး"

"ရှင်က ဘာပြောချင်လို့လဲ"

လုံးစုရဲက စိတ်မကောင်းစွာဖြင့် ...

"ကျုပ်ညီကို ခင်ဗျားလက်ထဲ ယုံယုံကြည်ကြည်နဲ့ ပုံအပ်လိုက်ပါပြီဗျာ"

"ရှင် စိတ်ချနေပါ၊ ကျွန်မ သူ့ကို အစွမ်းကုန် ကုပေးပါ့မယ်၊ မကြာမီ ရှင်တို့ ပြန်ပြီး တွေ့ဆုံနိုင်ပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်"



လုံးစုရဲက စကားဆက်လိုက်၏။

"ကျုပ်အိမ်ကတော့ နေပြည်တော်ရဲ့ သံမဏိခြင်္သေ့လမ်းမှာ ရှိပါတယ်၊ ကျုပ်ညီ သတိရလာရင် ကျုပ်ဆီကို ပြန်လာခိုင်းဗျာ"

"စိတ်ချ၊ ကျွန်မ ပြောလိုက်ပါ့မယ်"

"ကျုပ်ပစ္စည်းတစ်ခု ပေးလိုက်ပါ့မယ်၊ သူနေကောင်းလာခဲ့ရင် သူ့ကို တစ်ဆင့်ပေးပေးပါဗျာ"

မိန်းကလေးက မျက်မှောင်ကြုတ်ကာ ...

"ဘာပစ္စည်းလဲ"

လုံးစုရဲက လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ သူ၏အဖွဲ့သားသည် လုံးစုရဲစီးနေကျမြင်းကို ဆွဲ၍ခေါ်လာလေသည်။

မိန်းကလေးက ထိုမြင်းကို မြင်တွေ့လိုက်ရသောအခါ ...

"အဖိုးတန်လိုက်တဲ့မြင်းပဲ"

လုံးစုရဲက ပြုံးပြလိုက်၏။

"ကျုပ်ညီလို သတ္တိခဲတစ်ယောက်မှပဲ ဒီမြင်းနဲ့ ထိုက်တန်တာ"

မိန်းကလေးအသံသည် အနည်းငယ် ပျော့ပျောင်းလာ၏။

"ရှင် ဒီမြင်း သူ့ကို ပေးလိုက်တာ သူ နေကောင်းသွားတာနဲ့ ရှင့်ဆီကို အမြန်ဆုံးပြန်လာစေချင်လို့ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမြင်းကို သူက ကျုပ်ထက် ပိုပြီး အသုံးလိုပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုရင် သူက သူ့ရဲ့ ..."

လုံးစုရဲက စကားကို ဆက်လက်မပြောဘဲ ရပ်တန့်ထားလိုက်လေသည်။

"ကျွန်မ သူ့ကိုကူပေးတာ ကူပေးချင်လို့ကူပေးတာ၊ သူ နေကောင်းသွားရင် ဘယ်သူ့ပဲလိုက်ရှာရှာ ကျွန်မနဲ့မဆိုင်ပါဘူး"

လုံးစုရဲက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီဗျာ၊ ကျုပ်ညီကို ခင်ဗျားလက် အပ်လိုက်ပြီ"

"စိတ်ချပါ"

"ဒါနဲ့ ခင်ဗျားကို မေးစရာရှိတာ တစ်ခုမမေးရသေးဘူး"

သူဘာမေးချင်သည်ကို နားလည်ဟန်ဖြင့် မိန်းကလေးက ပြန်ပြောလိုက်သည်။

"ကျွန်မနာမည် တိန်းယန့်ယန့်ပါ"

လုံးစုရဲက ထိုအမည်အား ကျက်မှတ်ထားလိုက်၏။

"ဟုတ်ကဲ့၊ ကျုပ် မှတ်ထားလိုက်ပါ့မယ်"

ယင်းသို့ ပြောပြီးနောက် သူသည် ချာခနဲလှည့်ကာ တည်းခိုခန်းထဲသို့ လှမ်းဝင်သွားလေသည်။

* ❄ *



## အခန်း (၁၇)

ချင်းချင်းက ခေါင်းငုံ့ထားသည်။ သူမ၏မျက်လုံးအစုံက ခြေထောက်ပေါ်၌ စွပ်ထားသော ဖိနပ်ကို စိုက်ကြည့်နေ၏။ သူမ၏ ဖိနပ်သည် ဂါဝန်ရှေ့သို့ တိုးထွက်နေ၏။

ထိုဖိနပ်ကား ပန်းနုရောင် နန်းတွင်းသူ စီးသော ဖိနပ်မျိုးဖြစ်လေသည်။ ဖိနပ်ဦးထိပ်တွင် လက်မခန့်အရွယ်ရှိသော ပုလဲတစ်လုံး တပ်ဆင်ထား၏။

ဂါဝန်အနားတွင် ရွှေချည်ဖြင့် ကွပ်ထားလေသည်။ မီးရောင်အောက်တွင် ရွှေရောင်၏အလင်းရောင်နှင့် ပုလဲ၏အလင်းရောင်တို့မှာ အပြိုင်အဆိုင် ဖြစ်နေလေသည်။

ဤပစ္စည်းနှစ်မျိုးသည် လောကပေါ်ရှိ မိန်းကလေးတိုင်း၏ အသည်းနှလုံးကို လှုပ်ကိုင်နိုင်သော ပစ္စည်းများ ဖြစ်ကြလေသည်။

သူမ၏အနီးတွင် အိမ်ဖော်များ ခြံရံလျက်ရှိသည်။ အိမ်ဖော်ရှစ်ယောက်တို့သည် သူမ၏ဝတ်စားဆင်ယင်မှုကို ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်သောစိတ်နှင့် မနာလိုဝန်တိုသောစိတ်များ ရောယှက်ဖြစ်ပေါ်လျက် ရှိနေကြပေသည်။

အမှန်မှာ သူမသည် ထိုအိမ်ဖော်များနှင့် ဘဝတူချင်းဖြစ်ပေသည်။ သို့သော် ကံကြမ္မာ၏လှည့်စားမှုကြောင့် ယခုအခါ သူမသည် ကျီးကန်းဘဝမှ ဒေါင်းမလေးဘဝသို့ ကူးပြောင်းလာခဲ့ရခြင်း ဖြစ်လေသည်။

တိုတောင်းသော အချိန်အတွင်း၌ အခြေအနေများသည် ရုတ်တရက် ပြောင်းလဲသွားခဲ့ရပြီ မဟုတ်ပါလော။

ထိုပြောင်းလဲမှုသည် သူမအတွက် အိပ်မက်များ မက်လိုက်သည့်အလား ထိပ်တန်းအဆင့်သို့ တစ်မဟုတ်ချင်း ပြောင်းလဲသွားစေခဲ့လေသည်။

သို့သော် အဘယ်ကြောင့်မှန်းမသိ သူမသည် ယခုဖြစ်ပျက်နေသည်ကို အိပ်မက်သာ ဖြစ်စေချင်သည်။

အိပ်မက်မက်ရာမှ လန့်နိုးပြီး ယခင်ဘဝမျိုးသို့ ပြန်လည်ရောက်ချင်သော ဆန္ဒများကသာ သူမ၏ရင်၌ စိုးမိုးလျက် ရှိနေပေသည်။

❄



နွေဦးကာလ သုံးလပိုင်း ဖြစ်သည်။

ကျွန်းနန်းနယ်မှ နွေဦး၏မိုးဖွဲများသည် ကဗျာဆန်လှပေသည်။ တဖွဲဖွဲနှင့် ရွာလျက်ရှိရာ မြင်ကွင်းတစ်ခုလုံး နှင်းမြူများ ဝေနေသည့်အလား ထင်မှတ်များရလေသည်။

ချင်းချင်းသည် လက်တစ်ဖက်က ဆံကေသာများအား စုစည်း၍ ကိုင်ထားသည်။ ကျန်လက်တစ်ဖက်က ဖိနပ်ကိုင်ထားပြီး မြက်ခင်းပေါ်၌ ပြေးလွှားနေ၏။

မိုးဖွဲများက သူမ၏ဆံကေသာများအား စိုရွှဲစေလေသည်။ ထိုးထိုးထောင်ထောင် ဖြစ်နေသော မြက်ပင်များက သူမ၏နုနယ်သော ခြေဖဝါးကို စူးမိလေသည်။ တစစ်စစ်နာကျင်သော်လည်း သူမက လုံးဝမမှုပေ။

အကြောင်းမှာ သူမသည် သူမ၏ချစ်သူထံသို့ သွားနေခြင်းကြောင့် ဖြစ်သည်။ ချစ်သူနှင့်တွေ့၍ ချစ်သူ၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်လျှင် မည်သည့်အရာကိုမှ မှုတော့မည်မဟုတ်ပါ။ မည်သည့်အရာကမျှရှည့်ပြီး အနှောင့်အယှက်ပေးနိုင်တော့မည် မဟုတ်ပါ။

သို့သော် ထိုမြင်ကွင်းသည် အိပ်မက်ဖြစ်နေခဲ့ပေပြီ။

ထိုလှပပြီး ကဗျာဆန်လှသော အိပ်မက်အား မည်သူအ

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်ဆီးလိုက်ပါသနည်း။

သူမသည် ထိုလူအား သတိရလာသောအခါ အထူးသဖြင့် မျက်လုံးတောက်ပပြီး ယောကျ်ားပီသသောမျက်နှာကို သတိရလာမိသောအခါ သူမ၏အသည်းနှလုံးသည် ဆူးကလေးများ စူးမိသွားသည့်အလား နာကျင်လာလေသည်။

"တစ်နေ့ ရှင် နောင်တရစေရမယ်"

သူမ၏ရင်ထဲ၌ ကြုံးဝါးလိုက်သော စကားများ ဖြစ်သည်။

သူမရှေ့တွင် ကြင်နာမှုရုပ်သွင်ရှိဖသော အမျိုးသမီးတစ်ယောက်က သူမ၏အဖြေကို စောင့်နေ၏။

"မိန်းကလေး ဘယ်လိုသဘောရသလဲဟင်"

အဖြေမပေးပါ။

ချင်းချင်းက ပန်းတစ်ပွင့်ခူး၍ ဆော့ကစားနေ၏။ သူမသည် ရုတ်တရက် ခေါင်းမော့၍ ပြုံးလိုက်လေသည်။

"သူကိုယ်တိုင် လာပြောပါလို့၊ ဘာကြောင့် သူကိုယ်တိုင် လာမပြောတာလဲ၊ ဘယ်အရာမဆို ကိုယ်တိုင် လာပြောစေချင်ပါတယ်"

❋



အိုယန့်ကျိ၏ကိုယ်ပေါ်တွင် အစိမ်းရောင်အကျႌ ဝတ်ဆင်ထားသည်။ ခေါင်းပေါ်၌ ခမောက်တစ်လုံး ဆောင်းထား၏။

သူသည် မြင်းကို အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာရာ နောက်ဆုံးတွင် ရထားလုံးကို မီလာလေတော့သည်။ လုံးစုရဲ၏ မြင်းနက်ကြီးသည် ရထားလုံးနောက်သို့ လိုက်နေ၏။ သူ့အား ရထားလုံး၏နောက်တွင် ကြိုးဖြင့် ချည်နှောင်ခေါ်ဆောင်သွားခြင်းဖြစ်သည်။

မြင်းနက်ကြီးသည် သခင်၏လိုအင်ဆန္ဒ ဖြည့်ဆည်းရန် ရထားလုံးဆွဲသော မြင်းနောက်မှ လိုက်နေရသည်။

အိုယန့်ကျိသည် မြင်းနက်ကြီးအား မြင်တွေ့လိုက်သည်နှင့် စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်လေသည်။

သို့သော် ရှောင်ဖုန်းအတွက်ဆိုလျှင် မည်သည့်အခြေအနေမျိုးဖြစ်ဖြစ် သည်းခံရမည်သာ ဖြစ်သည်။

ယခုလည်း လုံးစုရဲ၏အမိန့်ကြောင့် ရထားလုံးနောက်သို့ အပြေးအလွှား လိုက်လာနေရခြင်း ဖြစ်သည်။

"မြင်းလှည်းနောက်ကို ခြေရာခံလိုက်သွား။ သူတို့ ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းခဲ့ပါ"

ဤသည်မှာ လုံးစုရဲ၏ညွှန်ကြားချက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက စိတ်မချသေးလို့လား"

"တိန်းယန့်ယန့်ဆိုတဲ့ မိန်းကလေးက ရှောင်ဖုန်းကို သတ်မယ်ဆိုရင် အချိန်ဆွဲစရာမလိုပါဘူး။ သူ မသတ်ဘူးဆိုတာ ငါ ယုံကြည်တယ်။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ငါ စိတ်မချဘူး"

"ဒါဖြင့် ဘာဖြစ်လို့ အပ်လိုက်ရတာလဲ"

"သူက ရှောင်ဖုန်းကို ကုပေးနိုင်တယ်လို့ ပြောတယ်၊ ရှောင်ဖုန်းရဲ့ဝေဒနာ တကယ်ပျောက်ကင်းသွားမယ်ဆိုရင် ငါ့ရဲ့ခေါင်းတောင် ဖြတ်ပေးရဲ့ပါတယ်"

အိုယန့်ကျိုသည် လုံးစုရဲ၏စကားများကို ပြန်လည်ကြားယောင်နေမိသည်။ ထိုအချိန်မှာပင် ရထားလုံးသည် မြို့လေးတစ်မြို့ထဲသို့ မောင်းနှင်ဝင်ရောက်သွားသည်ကို မြင်တွေ့လိုက်ရလေသည်။

❄

ရထားလုံးသည် လမ်းဘေးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်



ရှေ့၌ ရပ်တန့်လိုက်သည်။

ရထားလုံးမောင်းသူသည် အောက်သို့ ဆင်းလာပြီး လက်ဖက်ရည်ဆိုင်ရှေ့ရှိ စားပွဲတစ်ခု၌ ဝင်ရောက်ထိုင်ချပြီး ရေနွေးကြမ်းနှင့် မုန့်များ မှာလိုက်လေသည်။

ရထားလုံးထဲမှ လူများ ထွက်လာခြင်း မရှိသေးပါ။ အိုယန့်ကျိုက အဝေးမှနေ၍ အခြေအနေကို အကဲခတ်ကြည့်နေ၏။

❄

ရထားလုံးမောင်းသူသည် ရေနွေးကြမ်းတစ်အိုးကုန်အောင် သောက်ပြီးနောက် စားသောက်ဖွယ်ရာများ တစ်ထုပ်တစ်ပိုး ဝယ်လိုက်ပြန်လေသည်။

ထို့နောက် အနီးရှိ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်တွင် လဲလျောင်းလျက် ခြေထောက်တစ်ဖက်က အခြားခြေထောက်တစ်ဖက်ပေါ်သို့တင်ကာ အေးဆေးစွာ စားသောက်နေပြန်လေသည်။ အိုယန့်ကျိုမှာ သံသယဖြစ်လာလေသည်။ တိန်းယန့်ယန့်ကဲ့သို့ မိန်းကလေးတစ်ယောက်က ရထားလုံးမောင်းသူတစ်

www.burmeseclassic.com



ယောက်အား ယခုကဲ့သို့ ထင်ရာစိုင်း လုပ်ဆောင်နေသည်ကို ခွင့်ပြုပါ မည်လား။ သံသယဖြစ်ဖွယ် ကောင်းလှသည်။

ထို့ပြင် ရထားလုံးပေါ်တွင် သေလုမျောပါးဖြစ်နေသော လူနာတစ်ယောက် ရှိနေသေးသည် မဟုတ်ပါလော။

သို့သော် ရထားလုံးမှာ တိန်းယန့်ယန့်၏ရထားလုံးဖြစ် သည်။ ရထားလုံးနောက်တွင် ပါရှိသော မြင်းနက်မှာလည်း လုံးစုရဲ၏ မြင်းဖြစ်သည်။

ထို့ကြောင့် သူသည် စိတ်ချလက်ချ စောင့်နေရပြန်လေ သည်။ မကြာမီ ရထားလုံးမောင်းသူသည် အစားများ စားသောက် ပြီး ထလာလေသည်။

အိုယန့်ကျိုက စိတ်သက်သာရာ ရသွား၏။ ရထားလုံး မောင်းသူက ခရီးဆက်တော့မည်ဟု ထင်လိုက်သည်။

သို့သော် သူ၏အထင်မှာ လွဲချော်သွားလေသည်။ ရထား လုံးမောင်းသူသည် ရေနွေးကြမ်းနှစ်ပန်းကန် ထပ်မံသောက်ပြီး သစ် ပင်တစ်ပင်၏ခြေရင်းသို့ သွားရောက်လဲလျောင်းလိုက်ခြင်းကြောင့် ဖြစ်သည်။

ထို့မျှမက ဦးထုပ်ကိုပင် မျက်နှာပေါ်သို့ ဆွဲချဖုံးထားပြီး အပူအပင်ကင်းမဲ့စွာ အိပ်စက်နေလေတော့သည်။



အိုယန့်ကျိုသည် အလွန်စိတ်မြန်သော လူတစ်ယောက် ဖြစ် သည်။ ယခုကဲ့သို့ သည်းခံပြီး စောင့်နေသည်မှာ သူ့တစ်သက်တာ ၌ ပထမဆုံးအကြိမ် စိတ်ရှည်ခြင်းပင် ဖြစ်လေသည်။

သို့ရာတွင် ရထားလုံးမောင်းသမားက အေးအေးဆေးဆေး အိပ်ချလိုက်သည်ကို တွေ့မြင်လိုက်ရသောအခါ သူသည် ဒေါသကို ဆက်လက်မထိန်းသိမ်းနိုင်တော့ပါ။

သူသည် ရထားလုံးဆီသို့ တစ်ဟုန်ထိုးပြေးသွားပြီး ရထား လုံး၏တံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်လေသည်။

ရထားလုံးထဲ၌ လူသူဟူ၍ တစ်ယောက်မျှ မရှိတော့ပါ။ အိုယန့်ကျို၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားရတော့၏။

တိန်းယန့်ယန့်နှင့် ရှောင်ဖုန်းတို့သည် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။ အိုယန့်ကျိုမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားရ လေသည်။

ရထားလုံးမောင်းသူထံသို့ ပြေးသွားလေသည်။ ထို့နောက် ရထားလုံးမောင်းသမား၏ရင်ဘတ်အင်္ကျီကို ဖမ်းဆုပ်ပြီး ဆွဲထူလိုက် သည်။ ထိုလူက ခုခံရန် ကြိုးစားသေး၏။ မယှဉ်နိုင်မှန်းသိသဖြင့် လက်လျှော့လိုက်ရလေသည်။ အိုယန့်ကျိုက သူ့အား အသံမာမာဖြင့် မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



“လူတွေကော”

ရထားလုံးမောင်းသူက ထစ်ထစ်ငေါ့ငေါ့ဖြင့် …

“ဘယ် … ဘယ်သူလဲ”

“ရထားလုံးပေါ်ကလူပေါ့”

“မိန်းကလေးနှစ်ယောက်ကို မေးနေတာလား”

“ဟုတ်တယ်၊ လူနာတစ်ယောက်လည်း ပါသေးတယ်”

“သူက သူတို့ရထားလုံးကိုထားခဲ့ပြီး ကျုပ်ရဲ့မြင်းလှည်းကို မောင်းသွားကြတယ်လေ”

ရထားလုံးမောင်းသူ၏စကားကြောင့် အိုယန့်ကျိုမျက်နှာ ကွက်ခနဲပျက်သွားသည်။

“ဘာ … ဘာပြောတယ်”

ရထားလုံးမောင်းသူက …

“ကျုပ်က မြင်းလှည်းမောင်းတဲ့ လူတစ်ယောက်ပါ၊ ဒါပေမဲ့ ကျုပ်မောင်းတဲ့မြင်းလှည်းက အစုတ်ပါဗျာ၊ ခက်တာက သူက ကျုပ်ရဲ့မြင်းလှည်းကို အတင်းလုသွားတယ်၊ နောက်ပြီး ပါလာတဲ့ အပိုမြင်းနက်ကြီးတစ်ကောင်ပါ [illegible]”

အိုယန့်ကျိုမှာ ဒေါသချောင်းချောင်း ထွက်လာလေသည်။

“မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ လောကပေါ်မှာ



ဒီလိုအလုပ်မျိုး ဘယ်သူက လုပ်မှာလဲ”

သူသည် လက်တစ်ဖက်ဖြင့် ထိုလူအား အပေါ်သို့ မြှောက်ထားလိုက်ရာ ထိုလူ၏ခြေထောက်နှစ်ဖက်က မြေကြီးနှင့် မထိတော့ဘဲ ယက်ကန်ယက်ကန် ဖြစ်နေလေတော့သည်။

“ကျုပ်လည်း မယုံကြည်နိုင်ပါဘူးဗျာ၊ ဒါပေမဲ့ ကျုပ်ပြောတဲ့အတိုင်း တကယ်ဖြစ်နေလို့ပါ”

အိုယန့်ကျိုသည် ဝါရင့်သိုင်းလောကသားတစ်ယောက် ဖြစ်၏။ လူကဲကောင်းကောင်း ခတ်တတ်သည်။ ထိုလူလိမ်ပြောနေခြင်း မဟုတ်ကြောင်း အကဲခတ်မိ၏။

ရထားလုံးမောင်းသူကိုလည်း အောက်သို့ ချလိုက်ပြီး …

“မင်းတို့ ဘယ်မှာ အလဲအလှယ် လုပ်ခဲ့တာလဲ”

ရထားလုံးမောင်းသူက …

“ရှေ့လမ်းမှာ”

အိုယန့်ကျိုက မျက်မှောင်ကြုတ်ကာ …

“သုံးခွလမ်းဝကို ပြောနေတာလား”

“ဟုတ်တယ်၊ အဲဒီလမ်းဝမှာပါပဲ”

“သူတို့ ဘယ်ဘက်လမ်းကနေ သွားတာကို တွေ့လိုက်ရသလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က အသာစီးရနေတဲ့လူဆိုတော့ သူတို့သဘောထား ပြောင်းလဲသွားမှာကို ကြောက်လို့ အမြန်ဆုံး မောင်းထွက်လာခဲ့တယ်၊ ဒါကြောင့် သူတို့ကို သတိမထားလိုက်မိဘူး"

"အဲဒီမြင်းလှည်းက ဘယ်လိုပုံသဏ္ဌာန်ရှိသလဲ"

"မြင်းလှည်းစုတ်တစ်စီးပါ၊ လှည်းပေါ်မှာ အပြာရောင်ပိတ် တစ်ခု ရိုက်ထားပါတယ်၊ အဲဒီအပြာရောင်ပိတ်ပေါ်မှာ ကျုပ်နာမည် ကို ရေးထားပါတယ်"

"ဘာနာမည် ရေးထားသလဲ"

"မိတ်ဆွေတွေက ကျုပ်ကို ကြက်ဖကြီးလို့ ခေါ်ကြပါတယ်၊ ဒါကြောင့် ကျုပ်ရဲ့မြင်းလှည်းပေါ်မှာ ရိုက်ထားတဲ့ အပြာရောင်ပိတ် ပေါ်မှာ ကြက်ဖကြီးတစ်ကောင် ရေးဆွဲထားပါတယ်"

"ကောင်းပြီလေ၊ ဒီတစ်ခါလည်း မင်း အသာစီးရနိုင်အောင် ကျုပ်ရဲ့မြင်းနဲ့ မင်းမြင်းလှည်းနောက်က တွဲလာတဲ့မြင်း လဲမယ်"

သူသည် ကြက်ဖကြီးဆိုသူ၏အဖြေအား မစောင့်တော့ဘဲ ရထားလုံးနောက်တွင် ချည်နှောင်ထားသော မြင်းနက်ကြီး၏ကြိုးကို ဖြည်ကာ လွှားခနဲ ခုန်တက်လိုက်လေသည်။

ထို့နောက် မောင်းနှင်ထွက်ခွာသွားလေတော့၏။ ရထား လုံးမောင်းသူသည် အိုယန့်ကျိုက ထားခဲ့သော မြင်း၏ဇက်ကြိုးကို



ကောက်ယူလိုက်၏။

"အင်း … ဒီတစ်ခါတော့ နစ်နာသွားတာ ငါပါလား"

နစ်နာသွားသည်ဟု ရေရွတ်လိုက်သော ရထားလုံးမောင်း သူ၏မျက်နှာတွင် ပြုံးယောင်တစ်ချက် သမ်းလေသည်။

❄

အိုယန့်ကျိုသည် စုတ်နေသောမြင်းလှည်းကို လုံးဝရှာမတွေ့ ပါ။ သူသည် လမ်းသုံးခွဆုံရှိရာသို့ ပြန်လည်မောင်းနှင်လာခဲ့သည်။

ထိုအချိန်၌ မြင်းနက်ကြီး၏ရှေ့ခြေထောက်နှစ်ဖက်ကို ရုတ် တရက် ခေါက်သွား၏။ သူသည် ရှေ့သို့ လွှင့်စဉ်၍ လမ်းပေါ်သို့ ကျသွားလေသည်။

သူသည် အလွန်အံ့အားသင့်သွား၏။

မြင်းနက်ကြီး၏အကြောင်းကို သူ ကောင်းစွာ သိထားခဲ့ သည်။ မြင်းနက်ကြီးမှာ မျိုးကောင်း၍ အပြေးသန်သည်။ စွမ်းရည်၏

သို့သော် … အဘယ်ကြောင့်မှန်းမသိ၊ ထိုမြင်းသည် ရှေ့ ခြေထောက်နှစ်ဖက် ခေါက်လျက် လဲကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လဲလျောင်းနေရာမှ ထရပ်ပြီး ကိုယ်ပေါ် မြင်းနက်ကြီးရှိရာသို့ လျှောက်သွားလေသည်။

မြင်းနက်ကြီးမှာ မြေပေါ်၌ လဲလျောင်း၍ ပါးစပ်၌ အမြှုပ်တစီစီ ထွက်နေသည်ကို တွေ့မြင်ရလေသည်။

ပါးစပ်မှ ထွက်ပေါ်လာသော အမြှုပ်များမှာ မည်းနက်၍နေ၏။ ထိုမြင်းနက်ကြီးသည် သိုင်းလောကတစ်ခွင်၌ သူ၏သခင်နှင့်အတူ မင်းမူခဲ့သော မြင်းနက်ကြီးတစ်ကောင် ဖြစ်သည်။

ယခုအခါ သူများ၏အဆိပ်သင့်သဖြင့် ခွေးဝဲစားတစ်ကောင်ပမာ လမ်းဘေး၌ သေဆုံးသွားရှာလေပြီ။

အိုယန့်ကျိုမှာ ထိတ်လန့်တုန်လှုပ်သွားကာ ခံပြင်းလာ၏။ ထိုရက်စက်ကြမ်းကြုတ်သော မိန်းကလေးအပေါ် ပို၍မုန်းတီးလာမိလေသည်။

သူသည် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ရာ အလွန်ရိုးသားဖြောင့်မတ်ဟန်ရှိသော ရထားလုံး မောင်းသူသည် ထိုနေရာ၌ မရှိတော့ပါ။ လုံးဝပျောက်ကွယ်သွားလေပြီ။

❄



လုံးစုရဲက ခုတင်ပေါ်၌ လဲလျောင်းနေ၏။

သူသည် အိပ်၍မပျော်နိုင်သေးပါ။ ထိုစဉ် ခြေသံတစ်သံကို ရုတ်တရက် ကြားလိုက်ရလေသည်။ အိုယန့်ကျိုး၏ခြေသံဖြစ်ရမည်ဟု အတတ်သိလိုက်၏။

ထိုခြေသံကို ကြားလိုက်သည်နှင့် ဆတ်ခနဲ ထထိုင်လိုက်လေသည်။ ထိုအချိန်၌ အိုယန့်ကျိုက အခန်းထဲသို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်လာပြီ ဖြစ်သည်။

"သူတို့ ဘယ်ရောက်နေသလဲဆိုတာ မင်းတွေ့ခဲ့ရပြီလား"

လုံးစုရဲက ဆီး၍မေးလိုက်ခြင်း ဖြစ်သည်။ အိုယန့်ကျိုက ခေါင်းငုံ့ထားလိုက်၏။ လုံးစုရဲ မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့"

အိုယန့်ကျိုက ...

"သူ ကျုပ်ကို တွေ့သွားတယ်၊ တိန်းယန့်ယန့်က ကျုပ်ကို ခေါ်ပြီး မှာလိုက်ပါတယ်"

"ဘာကိုမှာလိုက်တာလဲ"

"ကျုပ်ကို ပြန်လာပြောခိုင်းပါတယ်၊ ရှောင်ဖုန်းကို ပြန်လည်ကောင်းလာအောင် ကုပေးပါ့မယ်၊ ဒါပေမဲ့ သူ့ကို လိုက်မရှာပါနဲ့တဲ့"

"ဒါပဲလား"

www.burmeseclassic.com



အိုယန့်ကျိုက ...

"သူက ပြောလိုက်ပါသေးတယ်"

"ဘာများလဲ"

"သူ့ကို လိုက်ရှာနေဦးမယ်ဆိုရင် ရှောင်ဖုန်းရဲ့ ရောဂါကို သူ ကုမပေးနိုင်တော့ပါဘူးတဲ့"

သူသည် ထိုစကားကို ပြောပြနေသောအခါ သူ၏အသည်းနှလုံးအား စူးကလေးများ အစွန်းခံနေရသကဲ့သို့ နာကျင်သော ဝေဒနာများ ခံစားနေရပေသည်။

ဤတစ်ကြိမ်သည် သူ၏ပထမဦးဆုံးအကြိမ် လုံးစုရဲအား လိမ်လည်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

သူ့အနေဖြင့် လိမ်မပြော၍ မဖြစ်တော့ပါ။ လုံးစုရဲမှာ အိုမင်းလာပြီဖြစ်၏။ ထို့ပြင် ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်သည်။ ထို့ကြောင့် မည်သို့သော စိတ်ထိခိုက်မည့် စကားကိုမျှ ကြား၍ မဖြစ်တော့ပါ။ အကယ်၍သာ သူက အဖြစ်မှန်အားလုံးကို အမှန်အတိုင်း ပြောပြလိုက်မည်ဆိုလျှင် လုံးစုရဲမှာ စိတ်ထိခိုက်ပြီး သွေးအန်၍ အိပ်ရာထဲလဲသွားနိုင်လေသည်။ လုံးစုရဲက သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီး

"သူက ရှောင်ဖုန်းကို ကောင်းကောင်းကုပေးနိုင်မယ်လို့ ပြောလိုက်သလား"



အိုယန့်ကျိုက ခေါင်းညိတ်ပြလိုက်လေသည်။

လုံးစုရဲက ...

"ငါ့ရဲ့မြင်းနက်ကြီးကိုကော ကောင်းကောင်းစောင့်ရှောက်ထားမှာလား"

"ဟုတ်ကဲ့၊ သူ ကောင်းကောင်းပြုစုထားမယ်လို့ ပြောပါတယ်"

သူသည် အသံကုန်ဟစ်၍ ငိုကြွေးလိုက်ချင်၏။ သို့သော် သူက စိတ်ကို အစွမ်းကုန် ချုပ်တည်းထားလိုက်သည်။

သူသိထားသည်မှာ မြင်းနက်ကြီး သေဆုံးသွားပြီ ဖြစ်၏။ ရှောင်ဖုန်းလည်း မျှော်လင့်ချက် မရှိသလောက် ဖြစ်နေ၏။

တိန်းယန့်ယန့်သည် အလွန်ရက်စက်ကြမ်းကြုတ်သော မိန်းကလေးတစ်ယောက် ဖြစ်ပေသည်။

သူမသည် မြင်းနက်ကြီးကိုပင် အဆိပ်ခတ်သတ်နိုင်ခဲ့လျှင် ရှောင်ဖုန်းကိုလည်း ချမ်းသာပေးနိုင်လိမ့်မည်မဟုတ်ဟု သူက ယုံကြည်နေ၏။

သို့သော် သူ့အနေဖြင့် ဘဝင်မကျသော အချက်တစ်ချက်ရှိ၏။ အကယ်၍ သူမသည် ရှောင်ဖုန်းအား သတ်လိုပါလျှင် သူမအဖို့ အခွင့်အရေးများစွာ ရရှိခဲ့သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ရှောင်ဖုန်း၏အခြေအနေမှာ သေလုမျောပါး ဖြစ်နေ၏။ သူ့အား သတ်ရန်မလိုဘဲ ဤအတိုင်း ပစ်ထားခဲ့ရုံဖြင့်ပင် သေဆုံးသွားမည်သာ ဖြစ်သည်။

အိုယန့်ကျိုက မည်သို့မျှတွေး၍ သဘောမပေါက်နိုင်သဖြင့် လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိတော့၏။

❄

ရောင်စုံဖူးပွင့်နေသော ပန်းရုံများသည် အနီရောင်အုတ်နံရံနှင့် အစိမ်းရောင် အုတ်ကြွပ်မိုးထားသော အိမ်ကလေး ငါးအိမ်ကို ဝိုင်းရံထားသည်။

ကျစ်ဆံမြီးနှစ်ချောင်း ကျစ်ထားသော မိန်းကလေးငယ်နှစ်ယောက်သည် စမ်းရေအပြည့် ထည့်ထားသော ကြွေအိုးကလေးကို ပိုက်၍ ပန်းရုံများကြားမှ ဖြတ်လျှောက်လာလေသည်။

အိမ်ခန်းထဲ၌ တစ်စုံတစ်ယောက်၏ခေါ်သံ ထွက်ပေါ်လာ၏။

"တိန်းတိန်း ... ရေကော"



"ရေလာပါပြီ"

တိန်းတိန်းသည် ပျော့ပါးသော ခြေလှမ်းဖြင့် ခပ်သွက်သွက် ပြေးဝင်သွား၏။ ရှောင်ဖုန်းမှာ မျက်နှာသစ်ပြီးပြီ ဖြစ်၏။ တိန်းတိန်းသည် ဂွမ်းစဖြင့် စမ်းရေကိုတို့၍ သူ့မျက်နှာပေါ်မှ ထင်ကျန်နေသော ရွံ့ဖွက်များနှင့် သွေးခဲများကို အသာအယာ သုတ်ပေးနေ၏။

အတန်ကြာသည့်အခါမှ ရှောင်ဖုန်း၏မျက်နှာတစ်ခုလုံးမှာ မူလမျက်နှာအတိုင်း သန့်ရှင်း၍ စင်ကြယ်သွားလေသည်။ တိန်းတိန်းက သူ၏မျက်နှာအား အတန်ကြာ စိုက်ကြည့်လိုက်သည်။

"ဒီလူက တကယ့်ကို ချောတဲ့လူတစ်ယောက်ပါလား"

တိန်းယန့်ယန့်၏မျက်နှာပေါ်၌ ဖုံးထားသော ဇာပဝါ ဖယ်ရှားလိုက်ပြီဖြစ်၏။ သူမ၏မျက်နှာလည်း ပင်ပန်းနွမ်းနယ်နေသည်ကို တွေ့ရလေသည်။ တိန်းတိန်း၏စကား ကြားလိုက်ရသောအခါ သူ၏မျက်လုံးအစုံသည် တိန်းတိန်းအား စိုက်ကြည့်လိုက်၏။

"သူသေသွားတဲ့အခါမှာ ချောသလား၊ မချောဘူးလားဆိုတာ ကြည့်ကြသေးတာပေါ့"

တိန်းတိန်းက မျက်လုံးပြူး၍ ကြည့်လိုက်၏။

"မမ ... မမ သူသေနိုင်ပါ့မလားဟင်"

တိန်းယန့်ယန့်က အဖြေမပေးပါ။ သို့သော် သူမ၏မျက်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



အစုံ၌ စိုးရိမ်မကင်းသည့် အရိပ်အယောင်များ ထင်ရှားစွာပေါ်နေ၏။

ဤအကြိမ်သည် သူမ၏ဘဝတစ်လျှောက်လုံးတွင် ပထမဆုံးအကြိမ် သူများ အသက်အတွက် စိုးရိမ်ခဲ့ဖူးခြင်း ဖြစ်သည်။

တိန်းတိန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်မကတော့ သူ့ကို မသေစေချင်ဘူး၊ အမှန်အတိုင်းပြောရမယ်ဆိုရင် သူနဲ့မမဟာ ရှေ့သွားနောက်လိုက် သိပ်ညီတာပဲ"

တိန်းယန့်ယန့်က နှုတ်ခမ်းကိုက်ထား၏။ သူမသည် ရှောင်ဖုန်းအား မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

ရှောင်ဖုန်းသည် ခုတင်ပေါ်၌ လှုပ်မှုပ်၍နေ၏။ သူ၏လည်မျိုအား မမြင်ရသော လက်တစ်ဖက်က ညှစ်ထားလိုက်သည့်အလား တဂွီးဂွီးအသံထွက်နေ၏။

ထို့နောက် မောဟိုက်စွာဖြင့် အော်လိုက်ပြန်လေသည်။

"ချင်းချင်း ... မင်း ဘယ်မှာလဲ"

တိန်းယန့်ယန့်၏မျက်နှာတစ်ခုလုံး ညိုမည်းသွား၏။ တိန်းတိန်းက မျက်မှောင်ကြုတ်သွားလေသည်။

"ချင်းချင်းဆိုတာ ဘယ်သူလဲ၊ သူ ဘာကြောင့် ဒီနာမည်ကို တစ်ချိန်လုံး ခေါ်နေရတာလဲ"

တိန်းယန့်ယန့်က ရှောင်ဖုန်းအား ငေးကြည့်နေ၏။



"ချင်းချင်း ... ချင်းချင်း"

ရှောင်ဖုန်း၏ခေါ်သံသည် ပို၍ပို၍ တိုးညင်းလာလေသည်။ သူ၏ပါးစပ်မှာလည်း ပြုံးယောင်သမ်းလာ၏။ တိန်းယန့်ယန့်က ရုတ်တရက် ရှောင်ဖုန်း၏ပါးပြင်ကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဘာတွေအော်နေတာလဲ၊ ရှင့်ရဲ့ချင်းချင်းက ရှင့်ကို မေ့နေပြီ၊ သူ့ကို ထပ်ခေါ်ရင် ရှင့်ကို သတ်ပစ်မယ်"

ရှောင်ဖုန်း၏ပါးပြင်ပေါ်၌ လက်ချောင်းရာများ ထင်းခနဲပေါ်လာ၏။ သို့သော် သူ လုံးဝမသိပါ။ တိန်းတိန်းက ထိတ်လန့်တုန်လှုပ်သွား၏။

"သူ ... သူ သူသေတော့မှာပဲ၊ မမက ဘာဖြစ်လို့ သူ့ကို ရိုက်ရတာလဲ"

"ငါသတော့ ငါရိုက်ချင်သလို ရိုက်မှာပဲ၊ သူက ဟိုခွေးမရဲ့နာမည်ကို ထပ်ပြောမယ်ဆိုရင် သူ့အသားကို တစ်တုံးပြီးတစ်တုံး လှီးပစ်လိုက်မယ်"

သို့သော် ရှောင်ဖုန်းက သူမ၏စကားကို လုံးဝကြားနိုင်ပါ။

"ချင်းချင်း ... ချင်းချင်း"

သူ၏နှုတ်မှ ချင်းချင်းဟူသော အမည်ကိုသာ ထပ်တလဲလဲ ရေရွတ်လျက် ရှိသည်။ တိန်းယန့်ယန့်၏ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်

www.burmeseclassic.com

www.burmeseclassic.com



ယင်ယင်ဖြစ်သွားလေ၏။ ရုတ်တရက် သူမ၏ခါးမှ ဓားကွေးတစ်လက်ကို ထုတ်လိုက်လေသည်။ တိန်းတိန်း တုန်လှုပ်သွား၏။

"မမ သူ့ကို တကယ်မလုပ်လိုက်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်"

တိန်းယန့်ယန့်က ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။ ရုတ်တရက် ရှောင်ဖုန်း၏ပခုံးပေါ် ထိုးစိုက်လိုက်လေသည်။ ရှောင်ဖုန်း၏ခန္ဓာကိုယ် တစ်ချက်ခုန်တက်လာ၏။ သူမအား မျက်လုံးတစ်ချက် ဖွင့်ကြည့်လိုက်ပြီး ပြန်လည်သတိမေ့သွားလေသည်။ တိန်းယန့်ယန့်က ဓားကို ပြန်လည် ဆွဲနုတ်လိုက်၏။ ဓားပေါ်မှ သွေးများကိုကြည့်၍ မျက်ရည်များ စီးဆင်းကျလာလေသည်။

"ရှင် ... သူ့နာမည်ကို ဘာဖြစ်လို့ မမေ့တာလဲ"

သူမ၏ရင်ထဲတွင် ဓားတစ်လက် ထိုးစိုက်ခံလိုက်ရသည့်အလား ဝေဒနာခံစားနေရ၏။ သူမသည် ဓားကို ပြောင်းပြန်ကိုင်၍ သူမ၏ပခုံးသို့ ရုတ်တရက် ထိုးစိုက်လိုက်လေသည်။ တိန်းတိန်း၏ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်သွား၏။ မျက်ရည်များလည်း ကျလာ၏။

"ကျွန်မနားလည်ပါပြီ၊ လုံးစုရဲ သူ့ကို မြင်းပေးလိုက်တာဟာ ချင်းချင်းကို လိုက်ရှာဖို့ဖြစ်တယ်၊ ဒါကြောင့် မမက အဆိပ်ခတ်ပြီး သတ်လိုက်တာ"



သူမက ပြောရင်း ဝမ်းနည်းလာလေသည်။

"မမ သူ့ကို ကုပေးမယ်ဆိုတာ အလကားပြောတာပါ။ သူ့ကို သေစေချင်တယ်ဆိုတာ ကျွန်မ နားလည်ပါပြီ"

တိန်းယန့်ယန့်က ရုတ်တရက် ထခုန်လိုက်၏။

"ညည်းနဲ့ ဘာဆိုင်လို့လဲ"

သူမက တံခါးပေါက်အား လက်ညှိုးထိုးပြလိုက်၏။

"ညည်း အခုထွက်သွားစမ်း"

တိန်းတိန်းက ထရပ်လိုက်၏။

"ကောင်းပါပြီ ... ကျွန်မ သွားပါ့မယ်၊ ဒါပေမဲ့ ... မမဟာ ဘာဖြစ်လို့ သူ့ကို နှိပ်စက်ချင်ရတာလဲ၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဘာလို့နှိပ်စက်ချင်ရတာလဲ"

တိန်းယန့်ယန့်က ကုန်းအော်လိုက်၏။

"ငါက သဘောကျလို့ဟေ့ ... ငါ သဘောကျလို့"

တိန်းတိန်းက ခေါင်းငုံ့၍ မျက်ရည်သုတ်ကာ အခန်းထဲမှ ထွက်သွားသည်။ သူမ အခန်းဝသို့ မရောက်မီပင် တိန်းယန့်ယန့်၏ ငိုရှိုက်သံကို ကြားလိုက်ရလေတော့၏။

❋ ❄ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ညနေဆည်းဆာသည် ကမ္ဘာမြေပေါ်သို့ တဖြည်းဖြည်း လွှမ်းမိုးကျရောက်လာနေ၏။

တိန်းယန့်ယန့်သည် ခုတင်ခေါင်းရင်း၌ ထိုင်၍ ရှောင်ဖုန်းအား ကြည့်နေ၏။ သူမ၏မျက်လုံးအစုံက တဖြည်းဖြည်း ရီဝေလာသည်။ ထိုရက်များအတွင်း သူမသည် ရပ်နားခြင်း လုံးဝမရှိခဲ့ပါ။

သူမက အဆက်မပြတ် လိုက်နေ၏။ ရှာဖွေနေ၏။ သူမ၏ လက်ကောက်ဝတ်၌ ခံစားနေရသော ဝေဒနာကိုပင် ဂရုမစိုက်နိုင်ပါ။

ယခုမှ သူမသည် အလွန်အိပ်ချင်လာသည်။

"ချင်းချင်း ... ချင်းချင်း"

ရှောင်ဖုန်းက ရုတ်တရက် ထ,အော်လိုက်၏။

ထို့နောက် လူးလိမ့်နေပြန်သည်။

တိန်းယန့်ယန့် ရုတ်တရက် လန့်၍နိုးလာကာ ထခုန်လိုက်သည်။ သူမ၏ခန္ဓာကိုယ်မှာ တုန်တုန်ယင်ယင် ဖြစ်လာ၏။



ရှောင်ဖုန်း၏ဖြူဖွေးသော မျက်နှာတစ်ခုလုံးမှာ နီရဲလာပြန်လေသည်။ သူ၏တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလာပြန်သည်။

သူ၏ဦးနှောက်တစ်ခုလုံး မည်သည့်အရာကိုမှ မသိတော့ဘဲ ရှုပ်ထွေးလာလေသည်။

ခုတင်အနီး၌ ရပ်နေသော တိန်းယန့်ယန့်ကို တွေ့သည့်အခါ သူ ရုတ်တရက် ထအော်လိုက်၏။

"ချင်းချင်း ... မင်း ပြန်လာပြီကိုး။ မင်း ပြန်လာလိမ့်မယ်လို့ ငါ ယုံကြည်တယ်"

တိန်းယန့်ယန့်က အံကို တင်းတင်းကြိတ်ကာ သူ၏ပါးပြင်သို့ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

သို့သော် ရှောင်ဖုန်းက သူမ၏လက်ကို ဖမ်းဆွဲထားလိုက်လေသည်။

သူမက ရုန်းကန်ရန် ဟန်ပြင်လိုက်စဉ် ရှောင်ဖုန်းက သူမအား သူ၏ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်လေသည်။

"ချင်းချင်း ... မင်း မသွားပါနဲ့တော့၊ ဒီတစ်ခါ ငါ မင်းကို မလွှတ်နိုင်တော့ဘူး"

တိန်းယန့်ယန့်က သူ၏လက်မောင်းအား ကိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုလွှတ် … ချင်းချင်း သေသွားပြီ၊ ရှင် သူ့ကို ဘယ်တော့မှ တွေ့နိုင်မှာ မဟုတ်တော့ဘူး"

"နင် မသေဘူး၊ ငါလည်း မသေဘူး၊ မင်း ပြန်လာမယ်ဆိုရင် ငါ ဘယ်တော့မှ မသေတော့ဘူး"

ရှောင်ဖုန်း၏အထဲရာမှ သွေးများ စီးဆင်းကျလာပြန်လေသည်။ သို့သော် သူက ဘာဝေဒနာမျှ မခံစားမိပေ။

သူမအား တင်းကျပ်စွာ ဖက်ထားနေဆဲဖြစ်၏။ သူမသည် သူ့အား တွန်းဖယ်ရန် ဟန်ပြင်သည်။

သို့သော် ရှောင်ဖုန်းသည် သူမအား ဤကဲ့သို့ တစ်ကြိမ်တစ်ခါမျှ သိုင်းဖက်ထားခြင်း မရှိခဲ့ဘူးပေ။

သူမ၏ခွန်အားများ ရုတ်တရက် ပျောက်ဆုံးသွားသည်ဟု ထင်ရ၏။ သူမသည် နှုတ်ခမ်းကို ကိုက်လျက် မျက်လုံးကိုမှိတ်ကာ ငိုကြွေးနေလေတော့သည်။

❄

ရှောင်ဖုန်းသည် အဖျားကြီးနေရာမှ ကိုယ်ပူ ပြန်ကျသွား



သည်။ မကြာမီ သတိရလာတော့မည် ဖြစ်သည်။

သတိရလာသည်နှင့် ဝေဒနာခံစားသော အသိရှိလာမည်သာ ဖြစ်ပေသည်။ ရှောင်ဖုန်း မျက်လုံးဖွင့်လိုက်၏။

သူသည် အခန်းတစ်ခုလုံးအား ဟိုဟိုသည်သည် တွေဝေစွာ ကြည့်နေ၏။

"ချင်းချင်း ဘယ်မှာလဲ"

"ချင်းချင်း ပြန်လာပြီလို့ ဘယ်သူက ပြောလဲ"

သူ့စိတ်ထဲက ရေရွတ်နေမိ၏။

ထိုစဉ် အခန်းဝ၌ ပေါ့ပါးသောခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တိန်းယန့်ယန့်သည် လက်တစ်ဖက်တွင် ရေဘူးကိုကိုင်လျက် ခြေလှမ်းပေါ့ပါးစွာဖြင့် လှမ်းဝင်လာလေသည်။

ရှောင်ဖုန်းသည် သူမအား မြင်တွေ့လိုက်ရသောအခါ အလွန်အံ့ဩသွားလေသည်။

"နင်ကိုး … နင်က ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ"

သူ၏အသံသည် အားအင်ချိနဲ့နေသည့်တိုင် လေသံက ခက်ထန်နေ၏။ တိန်းယန့်ယန့်၏အသည်းနှလုံးများ အောက်သို့ နိမ့်ဆင်းသွားသည်ဟု ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် တစ်ဖက်သို့ လှည့်လိုက်၏။ ရေဘူးကို ပြတင်းပေါက်အနီးရှိ စားပွဲပေါ်၌ ချထားလိုက်၏။

ထို့နောက် အေးတိအေးစက်အသံဖြင့် ...

"ဒါ ကျွန်မအိမ် ... ကျွန်မက ဘာဖြစ်လို့ မလာရမှာလဲ"

ရှောင်ဖုန်းမှာ ပိုမို၍ အံ့ဩသွားရလေသည်။

"ဒါ နှင့်အိမ်၊ ဒါဖြင့် ငါက ဘယ်လိုလုပ်ပြီး နှင့်အိမ်ကို ရောက်လာရတာလဲ"

"ရှင် မမှတ်မိတော့ဘူးလား"

ရှောင်ဖုန်းက ခေါင်းငုံ၍ စဉ်းစားနေသည်။

သူသည် ပန်းပေါ်မှ ဒဏ်ရာများကို ကြည့်နေ၏။ ထို့နောက် အဖြစ်အပျက်များကို တဖြည်းဖြည်း သတိရလာမိလေသည်။

တောင်ကြားလမ်းတစ်ခုတွင် တစ်ယောက်တည်း လျှောက်နေသော အဘိုးအို။

လည်ပတ်နေသော ထီး၊ မြွေတစ်ကောင်ကဲ့သို့ ကြိုးတန်း။

သွေးသားပေါ်သို့ ထိုးချလာသော ရဲတင်း၊ ပန်းကြား၌ ထိုးသွင်းလိုက်သော ဓားရှည် ... စသည့် စသည့် မြင်ကွင်းများတို့သည် တဖြည်းဖြည်းချင်း သူ့အာရုံ၌ ထင်ဟပ်လာ၏။

"ရှင် သတိရလာပြီလား"



ရှောင်ဖုန်းက သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

"ဒါတွေကို သတိမရရင် ပိုပြီး ကောင်းပါလိမ့်မယ်"

"သတိရနေတဲ့ ကိစ္စတစ်ခုကို မေ့လို့ ဘယ်ရပါ့မလဲ"

တိန်းယန့်ယန့်က ပြန်ပြောလိုက်ခြင်း ဖြစ်၏။

ရှောင်ဖုန်းက ...

"လုံးစုရဲကော"

"ဘယ်က လုံးစုရဲလဲ"

"အာမခံဌာနက လုံးစုရဲပေါ့"

"ကျွန်မက သူ့ကို မသိဘူး"

"သူ့ကိုကော တွေ့မိသလား"

တိန်းယန့်ယန့်က ခေါင်းခါလိုက်၏။

"ကျုပ် သတိမေ့သွားတဲ့အခါမှာ သူက ကျုပ်ရှေ့မှာ ရှိနေတယ်"

"ကျွန်မ ရှင့်ကို မြင်တဲ့အခါမှာ ရှင်တစ်ယောက်တည်းပဲ ရှိနေတယ်"

"ငါ့ကို ဘယ်နေရာမှာ တွေ့တာလဲ"

"လူသေအလောင်းပုံထဲမှာ"

သူမက စကားဆက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်မှာ ရှင့်အလောင်းကို သင်္ဂြိုဟ်ပေးမယ့်လူပဲ ရှိတယ်"

ရှောင်ဖုန်း မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူလဲ"

"သူမဟုတ်ဘူး"

ရှောင်ဖုန်းက မျက်မှောင်ကြုတ်သွားရပြန်၏။

"အံ့ဩစရာကောင်းလိုက်တာ၊ သူက ဘာဖြစ်လို့ ထွက်သွားရတာလဲ"

တိန်းယန့်ယန့်က မဲ့ပြုံး ပြုံးလိုက်လေသည်။

"သူ ထွက်မသွားလို့ ဘာလုပ်နေရမှာလဲ၊ သေတဲ့လူက သူ့အတွက် ရန်သူကို တိုက်ခိုက်ပေးနိုင်မှာမှ မဟုတ်ဘဲ၊ သူ့အတွက် ဘာများ အကျိုးရှိမှာမို့လဲ"

ရှောင်ဖုန်းမှာ ပါးစပ်ပိတ်ထားလိုက်မိတော့သည်။

တိန်းယန့်ယန့်က သူ့အား အကဲခတ်ကြည့်နေ၏။ ရှောင်ဖုန်း စိတ်ပျက်သွားမည်။ သို့မဟုတ် ဝမ်းနည်းသွားလိမ့်မည်ဟု သူမက မျှော်မှန်းထား၏။

သို့သော် ရှောင်ဖုန်း၏မျက်နှာပေါ်တွင် တစ်စုံတစ်ရာ ခံစားရဟန် မပေါ်ပေ။



"ငါက သူ့ကို ကျေးဇူးတင်စရာမလိုဘူး၊ သူကလည်း ငါ့ကို ကျေးဇူးတင်စရာ မလိုပါဘူး၊ ဒါကြောင့် သူထွက်သွားတာ သွားသင့်သွားထိုက်ပါတယ်"

"ရှင့်ကို ကြည့်ရတာ မိတ်ဆွေများများစားစား မရှိပါဘူး"

"ဟုတ်တယ်၊ မရှိသလောက်ပါပဲ"

"ဒါပေမဲ့ ရှင်ဟာ အခုထိ မသေနိုင်ဘဲ အသက်ရှင်နေတာဟာ မလွယ်ပါဘူး"

"ဒါကတော့ သေဖို့လည်း မလွယ်လို့ ထင်ပါရဲ့"

တိန်းယန့်ယန့်က သူ့အား စိုက်ကြည့်လိုက်၏။

"ရှင့်ကို ကျွန်မ ကျေးဇူးဆပ်စရာ ရှိသေးလား"

ရှောင်ဖုန်း ခေါင်းခါလိုက်၏။

"မရှိပါဘူး"

"ရှင်ကော ကျွန်မကို ကျေးဇူးဆပ်စရာ ရှိသလား"

ရှောင်ဖုန်း ခေါင်းညိတ်လိုက်၏။

"ရှိတယ်"

"ဘယ်လောက်ရှိသလဲ"

"နှစ်ကြိမ်တိုင်တိုင် ရှိပါတယ်"

"ရှင် ဘယ်လိုဆပ်ဖို့ စိတ်ကူးထားသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှင်ပဲပြောပါ"

တိန်းယန့်ယန့်က အေးစိမ့်သော လေသံဖြင့် ...

"ကျွန်မ ပြောပြီးခဲ့ပါပြီ၊ ရှင့်လိုလူမျိုးရဲ့အသက်ကို ရှင့်ကိုယ်ရှင်တောင် အထင်မကြီးဘဲ ကျွန်မ ယူသွားလို့ကော ဘာအသုံးကျမှာလဲ"

"ဒီစကားကို ခင်ဗျား ပြောပြီးခဲ့ပါပြီ၊ ဒါကြောင့် ထပ်ပြောစရာ မလိုတော့ပါဘူး"

"ဟုတ်ပါတယ်၊ ကျွန်မက ရှင့်ကို သတိပေးနေတာပါ"

သူမက စကားဆက်လိုက်၏။

"နောက်တစ်ကြိမ် ရှင် သူများအတွက်နဲ့ အသက်စွန့်ချင်တယ်ဆိုရင် ရှင့်အသက်ဟာ ကျွန်မ ပိုင်တယ်လို့ သတိရစေချင်တယ်"

သူမက တစ်ဖက်သို့ လှည့်လိုက်၏။

ရေဘူးထဲမှရေကို သစ်သားဇလုံထဲသို့ ထည့်လိုက်သည်။ ရှောင်ဖုန်းသည် သူမအား မကြည့်ဘဲ တံခါးပေါက်ဘက်သို့ လှမ်းကြည့်နေ၏။

အကြောင်းမှာ ကျစ်ဆံမြီးနှစ်ချောင်း ကျစ်ထားသော မိန်းကလေးတစ်ယောက်သည် ထိတ်ထိတ်ပျာပျာဖြင့် ပုဏ္ဏားကွယ်မှ သူ့အား ပုန်း၍ကြည့်နေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။



အထူးသဖြင့် သူမ၏မျက်နှာပေါ်၌ အလွန်ထူးဆန်းသော ဟန်မူရာရှိနေသည်ဟု ထင်မိလေသည်။

ထိုမိန်းကလေးသည် ရှောင်ဖုန်းက သူမအား တွေ့သွားသည်ကို မြင်တွေ့လိုက်ရသောအခါ မျက်လုံးမှိတ်ပြလိုက်၏။

ရှောင်ဖုန်းကလည်း သူမအား ပြန်လည်မျက်လုံးမှိတ်ပြလိုက်သည်။ သူသည် ထိုမိန်းကလေးမှာ ချစ်စရာကောင်းသည့်အပြင် သူ့အပေါ်၌လည်း ရင်းရင်းနှီးနှီးရှိသည်ဟု ခံစားမိလေသည်။

ရှောင်ဖုန်းက သူမအား အခန်းထဲသို့ဝင်လာရန် လက်ယပ်ခေါ်လိုက်လေသည်။

မိန်းကလေးက တိန်းယန့်ယန့်၏နောက်ကျောအား လက်ညှိုးထိုးပြကာ သရဲမျက်နှာ လုပ်ပြလိုက်လေသည်။

တိန်းယန့်ယန့်က ရုတ်တရက် ပြောလိုက်၏။

"တိန်းတိန်း ညည်း ခိုးကြောင်ခိုးဝှက်နဲ့ ဘာလုပ်နေတာလဲ"

တိန်းတိန်း ထိတ်လန့်သွား၏။ ထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"ကျွန်မ ... ကျွန်မ ဘာမှမလုပ်ပါဘူး"

"ဝင်ခဲ့စမ်း ... သူ့ကို ဆေးထည့်ပေးလိုက်"

တိန်းတိန်းက အခန်းထဲသို့ မဝံ့မရဲ လှမ်းဝင်လာလေသည်။ သစ်သားဇလုံထဲတွင် ဆေးများ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ငုံးဆေးများသည် အမည်းရောင်ဖြစ်ပြီး နှံ့ဗွက်နှင့်တူလှပေသည်။

သို့သော် အနံ့အသက်က မွှေးကြိုင်၍နေ၏။

တိန်းတိန်းက သစ်သားဇလုံကို လက်နှစ်ဖက်ဖြင့် ကိုင်လျက် ဇလုံထဲမှ ဆေးများအား ကြည့်နေ၏။

သူမ၏လက်နှစ်ဖက်မှာ တုန်တုန်ယင်ယင် ဖြစ်နေသည်။

သူမ၏မျက်ဝန်းအစုံတွင် ကြောက်ရွံ့သောအရိပ်အယောင်များ ပေါ် လွင်နေ၏။

ရှောင်ဖုန်းက မျက်မှောင်ကြုတ်ကာ ...

"နင် ဘာကိုကြောက်နေတာလဲ"

တိန်းတိန်းက ...

"ရှင့်ကို ကြောက်နေတာ"

"ငါ့ကိုကြောက်တယ်၊ ငါက သိပ်ကြောက်စရာ ကောင်းနေလို့လား"

"ကျွန်မ ... ကျွန်မ တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ဒဏ်ရာများတဲ့လူကို မတွေ့မြင်ဘူးလို့ပါ"

❄



ညဉ့် ...။

ညသည် နေ့ထက်ပို၍ အေးချမ်းနေ၏။

သို့သော် ရှောင်ဖုန်းကမူ အလွန်ပူအိုက်သည်ဟု ခံစားနေရလေသည်။ သူသည် မိမိ၏မျက်နှာအား စမ်းကြည့်လိုက်သည်။

ခြစ်ခြစ်တောက် ပူလာပြန်လေသည်။ သူသည် တရေးနိုးလာသောအခါ စိတ်ထဲ၌ အလွန်ကြည်လင်နေသေး၏။

စကားကိုလည်း များများပြောနိုင်သေးသည်။ သူသည် တိန်းယန့်ယန့်အား သတိရလာမိ၏။

တိန်းယန့်ယန့်သည် အလွန်စိတ်ထား ရက်စက်ကာ မာန်မာနကြီးသော မိန်းကလေးတစ်ယောက် ဖြစ်၏။

သို့သော် သူမ၏အတွင်းစိတ်မှာ အထီးကျန်သော လူတစ်ယောက်၏ဝေဒနာမျိုး ခံစားနေရသည်။

သူမသည် မျက်ကွယ်ရာတွင် တိတ်တဆိတ် မျက်ရည်ကျနေသည်လော။

သူသည် သူမအား ကောင်းစွာ နားလည်ထားသည်။ သို့သော် သူက လုံးဝ မစဉ်းစားဝံ့လောက်အောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့အပေါ် ကောင်းနေသည်ဟု သူက နားလည်ထား၏။ မိမိအပေါ် မေတ္တာရှိနေသည်ကိုလည်း သူက ယုံကြည်လေသည်။

သို့သော် သူသည် အဘယ်ကြောင့်မှန်း မသိ။ သူမ၏အကြောင်းနှင့် ပတ်သက်၍ လုံးဝမတွေးတော့ချင်ပေ။

သူက တိတ်ဆိတ်စွာ တွေးနေစဉ် ...

အခန်းတံခါးအား တစ်စုံတစ်ယောက်က အသာကလေး တွန်းလိုက်၏။ ရှောင်ဖုန်းက စိုက်ကြည့်နေသည်။

အခန်းထဲသို့ ဝင်လာသူမှာ မိန်းကလေးတစ်ယောက် ဖြစ်၏။ ဟိန်းတိန်း ဖြစ်ပေသည်။

သူမအား ကြည့်ရသည်မှာ ရင်တမမဖြင့် ဝင်ရောက်လာပုံရသည်။ သူမသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် တံခါးကို ကပျာကယာ ပြန်စေ့လိုက်သည်။

သူမမှာ အလွန် ထိတ်လန့်တုန်လှုပ်နေသည်ဟု အကဲခတ်မိသည်။ ရှောင်ဖုန်းက ပြောလိုက်သည်။

"ထိုင်ပါ"

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် တိန်းတန်းမှာ ထိတ်လန့်သွားကာ မတ်တတ်ပင် မရပ်နိုင်တော့ပေ။



ရှောင်ဖုန်း ရယ်မောလိုက်မိသည်။

"နင် ဘာကြောက်နေတာလဲ"

တိန်းတိန်းက ခုတင်ပေါ် ရုတ်တရက် တက်ကာ သူ၏ပါးစပ်အား ပိတ်လိုက်၏။

"တိုးတိုးပြောပါ၊ တော်ကြာ ကျွန်မတို့နှစ်ယောက်စလုံး သေကုန်လိမ့်မယ်"

ရှောင်ဖုန်း အံ့အားသင့်သွားသည်။

"ဒီလောက်တောင်ပဲလား"

"ဟုတ်တယ်"

ရှောင်ဖုန်း မျက်မှောင်ကြုတ်သွားကာ ...

"ဘာကိစ္စ ဘယ်လောက်တောင် အရေးကြီးနေလို့လဲ"

"ရှင် မတ်တတ်ရပ်နိုင်သလား၊ လမ်းလျှောက်နိုင်သလား"

"မပြောနိုင်ဘူး"

"ရှင် လမ်းလျှောက်နိုင်ပြီဆိုရင် အမြန်ဆုံး ထွက်သွားပါ"

တိန်းတိန်းက စိုးရိမ်သံဖြင့် ပြောလိုက်၏။

ရှောင်ဖုန်းက ...

"ကနေ့ည ထွက်သွားရမှာလား"

"အခု ထွက်သွားရမှာ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းမှာ နားမလည်နိုင်အောင် ဖြစ်သွားရလေသည်။

"ဘာဖြစ်လို့ ဒီလောက်တောင် အရေးကြီးနေရတာလဲ"

"ကနေ့ညမှ ရှင် ထွက်မသွားဘူးဆိုရင် နောင် ဘယ်တော့မှ ထွက်သွားနိုင်တော့မှာ မဟုတ်ဘူးရှင့်"

"ဘာဖြစ်လို့လဲ"

"ဒီကနေ့ ရှင့်ဒဏ်ရာကိုကုဖို့ ဘယ်လိုဆေးမျိုး ပေးသလဲဆိုတာ ရှင်သိသလား"

ရှောင်ဖုန်း ခေါင်းခါလိုက်၏။

"မသိဘူး"

သူက စကားဆက်လိုက်၏။

"အနံ့ကတော့ မဆိုးဘူးကွ"

"အဆိပ်ပါတဲ့ဆေးတွေဟာ မချိုရင် မွှေးရမှာပဲ၊ နို့မဟုတ်ရင် ဘယ်သူက စားချင်မှာလဲ"

တိန်းတိန်းက ပြောလိုက်သည်။

ရှောင်ဖုန်းက ...

"ဒါဖြင့် အဲဒီဆေးဟာ အဆိပ်ပါတဲ့ ဆေးပေါ့"

တိန်းတိန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ အဲဒီဆေးဟာ ပေါက်တူးပြင်လို့ ခေါ်တယ်"



ရှောင်ဖုန်း မျက်မှောင်ကြုတ်သွားလေသည်။

"ပေါက်တူးပြင် ... ဟုတ်လား"

တိန်းတိန်းက ခေါင်းညိတ်လိုက်၏။

"ရှင့်ကိုယ်မှာ ဒဏ်ရာလေး နည်းနည်းလေး ရှိပါစေ၊ ဒီဆေးကို လိမ်းပေးလိုက်တာနဲ့ ငါးရက်အကြာမှာ ရှင့်ကိုယ်မှာ အပေါက်ကြီးတစ်ခု ဖြစ်လာမယ်၊ ပေါက်တူးနဲ့ ပေါက်တဲ့ အပေါက်ကြီးတစ်ပေါက်နဲ့ တူလိမ့်မယ်"

ရှောင်ဖုန်းသည် မိမိ၏ခြေလက်များ ရုတ်ခြည်း အေးစက်လာသည်ဟု ခံစားလာမိလေသည်။

"ဒါကြောင့် ငါ့ရဲ့ဒဏ်ရာတွေဟာ ယားယံသလို ဖြစ်လာတာကိုး"

"မနက်က ကျွန်မ ရှင့်ကို ဆေးထည့်ပေးတုန်းက ရှင် ကျွန်မကို ဘာဖြစ်လို့ ကြောက်နေတာလဲလို့ မေးခဲ့တယ် မဟုတ်လား"

တိန်းတိန်းက ပြောရာ ရှောင်ဖုန်းက ခေါင်းညိတ်လိုက်၏။

"ဒီဆေးကိုတွေ့လိုက်လို့ ဟုတ်လား"

တိန်းတိန်းက ခေါင်းညိတ်၏။

"ဟုတ်တယ်၊ ကျွန်မ ဒီဆေးကို တွေ့လို့ ကြောက်လန့်သွားတာပါ၊ ဒါပေမဲ့ မပြောဝံ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်း မျက်မှောင်ကြုတ်သွားလေသည်။

"သူက ငါ့ကို ကယ်ခဲ့တယ်၊ ငါ့ရဲ့ဒဏ်ရာကိုလည်း ကုသပေးခဲ့တယ်၊ ဘာကြောင့် ငါ့ကို ဒီလိုလုပ်ရတာလဲ"

ရှောင်ဖုန်းမှာ အမှန်ပင် နားမလည်နိုင်အောင် ဖြစ်သွားရလေသည်။

တိန်းတိန်းက ...

"ရှင့် ဒဏ်ရာပျောက်သွားတာနဲ့ ချက်ချင်း ထွက်ခွာသွားမယ်ဆိုတာ သူသိထားလို့ပါ"

သူမက နှုတ်ခမ်းကိုကိုက်၍ အသံတိုးတိုးဖြင့် ဆက်ပြောသည်။

"ရှင့်ရဲ့ဒဏ်ရာက ပြန်ပြီးရင်းလာရင် သူက ရှင့်ကို ပြုစုနိုင်မယ်၊ ရှင် သတိမေ့နေရင် သူက ရှင့်ကို အနားမှာထားမယ်၊ ရှင် သေသွားမှာကို သူ မလိုလားပေမယ့် ဒဏ်ရာပျောက်သွားတာကိုလည်း သူက မလိုလားဘူးရှင့်"

ရှောင်ဖုန်းသည် နံရံပေါ်သို့ စိုက်ကြည့်နေ၏။ သူ၏မျက်ဝန်းအစုံ၌ ထူးဆန်းသော အရိပ်အယောင်များ ပေါ်လွင်လာလေသည်။ တိန်းတိန်းမှာ စိတ်မကောင်းဖြစ်နေ၏။

"သူ ဒီလိုလုပ်တာ ရှင့်ကိုချစ်လို့၊ ဒါပေမဲ့ ... ရှင် မသွားလို့



မဖြစ်တော့ဘူး၊ နို့မဟုတ်ရင် နှံ့ဖွက်လို ဒီခုတင်ပေါ်မှာ သေသွားလိမ့်မယ်"

ရှောင်ဖုန်းက ဆိတ်ဆိတ်နေလိုက်လေသည်။

တစ်ခဏကြာမှ ...

"နှင်း ငါ့ကို လာမပြောသင့်ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ ဒီအတိုင်း ထွက်လို့မဖြစ်လို့ပါ"

"ဘာဖြစ်လို့လဲ"

"ငါ ဒီအတိုင်း ထွက်သွားရင် သူက နှင့်ကို ချမ်းသာပေးပါ့မလား"

"ရှင် ... ရှင် ကိုယ်တိုင် သေရတော့မှာပဲ၊ ဘာဖြစ်လို့ ကျွန်မအတွက် စိုးရိမ်နေရတာလဲ"

"နှင်ဟာ ကလေးတစ်ယောက်ပဲ ရှိသေးတယ်၊ ငါ့အတွက်နဲ့ ဒုက္ခရောက်စေချင်လို့ပါ"

"ဒါဖြင့် ရှင်က ဘာဖြစ်လို့ ကျွန်မကို တစ်ခါတည်း ခေါ်မသွားချင်ရတာလဲ"

ရှောင်ဖုန်း မျက်မှောင်ကြုတ်သွား၏။

"နှင့်ကို ခေါ်သွားရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ဒီနေရာမှာ ဆက်နေလို့ မရတော့ဘူး"

သူမက စကားဆက်လိုက်သည်။

"သူက ရှုးနေပြီ၊ ကျွန်မသာ သူနဲ့နေခဲ့ရရင် ကျွန်မလည်း ရူးမှာပဲ"

"ဒါပေမဲ့ နင် ငါ့နောက်ကို လိုက်ခဲ့ရင် ဝေါ်ပြီး သေချင်သေသွားနိုင်တယ်"

"ကျွန်မ မကြောက်ဘူး၊ ကျွန်မက ငွေရှာပြီး ရှင့်ကို ကျွေးချင် ကျွေးနိုင်မှာ"

ရှောင်ဖုန်း သက်ပြင်းမှုဉ်းမှုဉ်း ချလိုက်သည်။

"ငါ နင့်ကို ဘယ်လိုမှ ခေါ်သွားလို့ မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

သူမက ငိုတော့မည့်ဟန်မူရာဖြစ်လာ၏။ ရှောင်ဖုန်း သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

"ငါကိုယ်တိုင် ဘယ်ကိုသွားလို့ သွားရမှန်းတောင် မသိလို့ ပါ"

"ရှင် လုံးစုရဲဆီကို သွားနိုင်သားပဲ"

ရှောင်ဖုန်း ခေါင်းခါယမ်းလိုက်၏။

"ငါ သူ့ကို ရှာလို့တွေ့မှာ မဟုတ်ဘူး"



"သူက နေပြည်တော် သံမဏိခြသေ့်လမ်းမှာ နေတယ်လေ"

"နင် ဘယ်လိုလုပ်သိသလဲ"

ရှောင်ဖုန်းက အံ့ဩဟန်ဖြင့် ပြန်မေးလိုက်၏။

တိန်းတိန်းက ...

"သူကိုယ်တိုင် ပြောပြတာပဲ"

"နင် သူ့ကို တွေ့ဖူးလို့လား"

ရှောင်ဖုန်းက မေးလိုက်သည်။

တိန်းတိန်းက ...

"ကျွန်မ တွေ့ဖူးတယ်၊ မမလည်း တွေ့ဖူးတယ်"

ရှောင်ဖုန်း မျက်မှောင်ကြုတ်သွားလေသည်။

"ဒါနဲ့ သူက"

"မနက်တုန်းက မမပြောတဲ့စကားတွေဟာ အားလုံး လိမ်ပြောနေတာ"

သူမသည် သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်လေ၏။

"လုံးစုရဲက ရှင့်အပေါ် ညီအစ်ကိုအရင်းထက်တောင် ပိုပြီး ဂရုစိုက်တာကို ကျွန်မ တွေ့ရတယ်၊ တကယ်လို့သာ မမက ရှင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကို သူက ပျောက်အောင် ကုပေးနိုင်ပါတယ်လို့ ကတိမပေးရင် သူက ထည့်လိုက်မှာ မဟုတ်ဘူး"

ရှောင်ဖုန်း၏ ဖြူဖွေးသောမျက်နှာပေါ်တွင် တဖြည်းဖြည်း အရောင်ပြောင်းလဲလာလေသည်။

တိန်းတိန်းက ဆက်ပြောလိုက်ပြန်၏။

"ကျွန်မတို့ ထွက်လာခါနီးမှာ သူက မမကို ဒဏ်ရာပျောက်သွားတာနဲ့ သူ့ဆီကို အမြန်ဆုံး ပြန်လာခဲ့ပါလို့ မှာကြားခဲ့တယ်၊ သူ့ရဲ့ မြင်းကြီးလည်း ထည့်ပေးလိုက်တယ်ရှင့်"

ရှောင်ဖုန်း၏ရင်ထဲ၌ တစ်ချက် လှုပ်ရှားသွားလေသည်။ သူသည် တိန်းတိန်း၏ပခုံးအား ဆုပ်ထားလိုက်၏။

"အဲဒီမြင်းက အမည်းရောင် မဟုတ်လား"

တိန်းတိန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူ့မြင်းကို ပေးလိုက်ရမှာကို နှမြောပုံရတယ်၊ ဒါပေမဲ့ ... ရှင်က ဒီမြင်းကို သူ့ထက်ပိုပြီး လိုအပ်မယ်လို့ ပြောတယ်၊ ဘာဖြစ်လို့လဲဆိုရင် ရှင်က လူတစ်ယောက်ကို လိုက်ရှာရမယ်တဲ့"

ရှောင်ဖုန်းမှာ တုံ့ဆိုင်းဆိုင်း ဖြစ်သွားလေသည်။ သူ၏မျက်ဝန်းအစုံ၌ မျက်ရည်ပူများ ရစ်ဝဲလာပြန်လေသည်။

အတန်ကြာတော့မှ ...



"မြင်းကော"

ဟု မေးလိုက်သည်။

"မမက သူ့ကို အဆိပ်ခဲ သတ်လိုက်တယ်"

ရှောင်ဖုန်းသည် ထိုစကားကို ကြားလိုက်ရသည်နှင့် ခုတင်ပေါ်မှ ထခုန်မိမတတ် တုန်လှုပ်ချောက်ချားသွားရလေသည်။

"မကေ ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲဆိုတာ ကျွန်မလည်း မစဉ်းစားတတ်အောင် ဖြစ်ရတယ်၊ သူ့စိတ်ထဲ ရှင့်မှာ တခြားလူမရှိဘူး။ မိတ်ဆွေအပေါင်းအသင်းမရှိဘူး၊ သူတစ်ယောက်တည်းသာ ပိုင်ဆိုင်တယ်လို့ ယူဆထားသလား မသိဘူး"

ရှောင်ဖုန်းသည် တိန်းတိန်း၏လက်ကို ဖမ်းဆုပ်လိုက်လေသည်။

"ကောင်းပြီ၊ ငါတို့ သွားကြမယ်"

တိန်းတိန်း၏မျက်ဝန်းအစုံ၌ ဝင်းလက်တောက်ပလာလေသည်။

"ကျွန်မတို့အိမ်နောက်မှာ လမ်းကြားလေးတစ်ခု ရှိတာ ကျွန်မ သိတယ်၊ အဲဒီလမ်းကြားလေးထဲကနေ ထွက်သွားရင် မြစ်ကမ်းပါး ရောက်သွားလိမ့်မယ်၊ အဲဒီကနေ ရထားလုံးငှားလို့ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီးနောက် တိန်းတိန်းသည် မျက်မှောင်ကြုတ်၍ သူ့အား ကြည့်လိုက်လေသည်။

"ရှင် လမ်းလျှောက်လို့ ဖြစ်ပါ့မလား၊ လျှောက်ကော လျှောက်နိုင်လို့လား"

"မလျှောက်နိုင်ရင် လေးဖက်ထောက်ပြီး သွားမယ်"

သူ၏မျက်လုံးအစုံသည် ပို၍ကြောက်မက်ဖွယ်ရာ ကောင်းလာသည်ဟု ထင်ရလေသည်။

"ကျုပ် လေးဖက်ထောက်သွားရင်လည်း အဲဒီကို ရောက်အောင် သွားနိုင်တယ်ဆိုတာ နင် ယုံမလား"

တိန်းတိန်း၏မျက်ဝန်းအစုံ၌ ရှောင်ဖုန်းအပေါ် ကြည်ညို လေးစားသည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

"ကျွန်မ ယုံကြည်တယ်၊ ရှင်က ဘာပဲပြောပြော ကျွန်မ ယုံတယ်"

သူမ၏စကားမဆုံးမီ တိန်းယန့်ယန့်၏အသံက ရုတ်တရက် ထွက်ပေါ်လာလေသည်။

"ငါကတော့ မယုံဘူး"

❋ ❋ ❋



## အခန်း (၁၉)

ချင်းချင်း ခေါင်းငုံ့ထား၏။ သူမသည် လက်နှစ်ဖက်ကို ပေါင်ပေါ်၌ တင်ထားပြီး ခြေထောက်နှစ်ဖက်အား မြေပေါ်၌ ခြေဖျား ထောက်ထားသည်။ ဤပုံဟန်သည် မိန်းကလေးတစ်ယောက်၏ အလှအား ပေါ်လွင်စေသော ဟန်မူရာမျိုး ဖြစ်လေသည်။

သို့သော် အလွန်ပင်ပန်းလှသော ဟန်မူရာမျိုး ဖြစ်လေသည်။ သူမသည် ဤကဲ့သို့ ကိုယ်နေဟန်ထားဖြင့် ထိုင်နေသည်မှာ တစ်နာရီခန့်ရှိပြီ ဖြစ်သည်။

ခြေဖျားပင် ရွေ့လျားခြင်း မရှိပါ။ အကြောင်းမှာ ပြတင်းပေါက်၏အပြင်ဘက်မှ လူတစ်ယောက်က သူ့အား ကြည့်နေသည်ကို သိရှိထား၍ ဖြစ်သည်။

မြို့စားလေးသည် ရောက်ရှိလာပြီ ဖြစ်သည်ဟု သူမက သိနေ၏။ နောက်ထပ် တစ်ခဏအကြာတွင် မြို့စားလေးက အခန်း ထဲသို့ လှမ်းဝင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားလေးက သူမအား တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် ပြုံးပြလိုက်သည်။ သူမက ပြန်လည်တုံ့ပြန်ခြင်း မပြုပါ။ သူသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

အိမ်ဖော်ရှစ်ယောက်တို့သည် ဦးညွတ်၍ အစီအရီအခန်းထဲမှ ထွက်ခွာသွားကြလေသည်။ မြို့စားလေးက စားပွဲကို နှစ်ပတ်ခန့် လျှောက်လိုက်ပြီး သူမရှေ့တွင် ရပ်တန့်လိုက်၏။

"မင်း ငါ့ကိုတွေ့ချင်လို့ ဟုတ်လား"

ချင်းချင်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ် အခု ရောက်လာပြီလေ"

ချင်းချင်းက ခေါင်းညိတ်လိုက်၏။

"ထိုင်ပါရှင်"

မြို့စားလေးက သူမရှေ့တွင် ထိုင်ချလိုက်သည်။ သို့သော် အဘယ်ကြောင့်မှန်းမသိ သူ၏စိတ်များ လှုပ်ရှားနေလေသည်။

သူသည် ချင်းချင်း စကားစတင်ပြောလာမည်ကို စောင့်နေ၏။ ချင်းချင်းက စကားလုံးဝမပြောပေ။

တိတ်ဆိတ်နေခြင်းကို စိတ်မရှည်နိုင်ဟန်ဖြင့် သူကပင် စကားစလိုက်လေသည်။

"ကျုပ်ကို ဘာကိစ္စနဲ့ တွေ့ချင်တာလဲ"



ချင်းချင်းက အတန်ကြာ ဆိတ်ဆိတ်နေပြီးမှ ...

"ခုနတုန်းက ဒေါ်လေးက ပြောပြသွားပါတယ်၊ ရှင်က ကျွန်မကို နေမိုင်းချင်တယ်လို့"

မြို့စားလေးက ခေါင်းညိတ်လိုက်၏။

"ရှင် ကျွန်မကို နေမိုင်းတာ ဘာလုပ်မလို့လဲ"

"ဒေါ်လေးက ပြောမပြဘူးလား"

ချင်းချင်းက မြို့စားလေးကို ဖျတ်ခနဲကြည့်ကာ ...

"ရှင်ကိုယ်တိုင်ပြောတာကိုပဲ ကျွန်မ ကြားချင်တယ်"

မြို့စားလေး၏မျက်နှာ နီရဲသွား၏။

ပါးစပ်ကို လက်ဝါးအုပ်၍ ချောင်းတစ်ချက် ဟန့်လိုက်သည်။ ချင်းချင်းက ထပ်မံမပေးတော့ပါ။

သူမသည် မည်သည့်အချိန်၌ မည်သို့လုပ်ရမည်ကိုလည်း နားလည်ထား၏။ မြို့စားလေးက မည်ကဲ့သို့ ပြောရမှန်းမသိဘဲ လက်နှစ်ဖက် ပွတ်နေစဉ် ... ချင်းချင်းက အသံတိုးတိုးဖြင့် ...

"ရှင် ကျွန်မကို လိုချင်တယ်မဟုတ်လား"

"... ..."

မြို့စားလေး ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။ ချင်းချင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မှာ ဇနီးရှိသလား"

"မရှိပါဘူး"

"ဒါပေမဲ့ ရှင်က ကျွန်မကို ဇနီးငယ်တစ်ယောက်အဖြစ်သာ အသိအမှတ်ပြုမှာ မဟုတ်လား"

မြို့စားလေးထံမှ စကားသံ ထွက်မလာချေ။

"... ..."

"ဘာဖြစ်လို့လဲ"

မြို့စားလေးသည် စကားနည်းသော ယောက်ျားတစ်ယောက်သာ ဖြစ်၏။ သူမ၏မေးခွန်းသည် အလွန်ဖြေရခက်သော မေးခွန်းများ ဖြစ်နေသောကြောင့် နှုတ်ဆွံ့သွားသည့်အလား မပြောတတ်ပါ။

ချင်းချင်းက သက်ပြင်းတစ်ချက် ချလိုက်၏။

အမှန်တော့ ရှင်မပြောလည်း ကျွန်မ နားလည်ပါတယ်။ ကျွန်မလို ဂုဏ်မရှိ ငွေမရှိ ဘာမှမရှိတဲ့ လူတစ်ယောက်ကို မြို့စားလေးကတော်အဖြစ် ဘယ်သူက လက်ခံချင်မှာလဲ"

"ကျုပ်က ဒီသဘော ..."

မြို့စားလေးက ဆင်ခြေပေးရန် စကားစသည်။ သို့သော် ချင်းချင်းက သူ၏စကားကို ဖြတ်လိုက်၏။

"ရှင့်ရဲ့မေတ္တာ၊ ရှင့်ရဲ့စေတနာကို ကျွန်မ နားလည်ပါတယ်၊



ကျွန်မကို ကယ်တင်ခဲ့တဲ့ ကျေးဇူးကိုလည်း ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး။ ဒီဘဝမှာ မဆပ်နိုင်ခဲ့ရင်တောင် နောင်ဘဝမှာ ..."

သူမသည် စကားကို ဆုံးအောင်ပင် မပြောဘဲ ရုတ်တရက် မတ်တတ်ရပ်လိုက်၏။ ထို့နောက် သူမခေါင်းပေါ်မှ အဆောင်အယောင်များ၊ လက်ထဲမှ လက်ကောက်များ၊ ပုလဲဖြင့် ခြယ်သထားသော ဖိနပ်များကိုပါ ချွတ်၍ စားပွဲပေါ်၌ အစီအရီ ချထားလိုက်၏။

မြို့စားလေးက သူမအား အံ့ဩစွာဖြင့် ကြည့်လိုက်သည်။

"မင်း ... ဒါက ဘာလုပ်တာလဲ"

ချင်းချင်းက အေးဆေးသောလေသံဖြင့် ...

"ဒီပစ္စည်းကို ကျွန်မ မယူဝံ့ပါဘူး၊ ယူလည်း မယူသင့်ပါဘူး။ ဒီအဝတ်အစားကိုတော့ ကျွန်မ ခဏဝတ်သွားပါရစေ၊ လျှော်ပြီးတာနဲ့ အမြန်ဆုံး ပြန်ပို့ပေးပါ့မယ်"

သူမသည် စကားဆုံးသွားသည်နှင့် ခြေဗလာဖြင့် ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။ မြို့စားလေးက ရုတ်တရက် တံခါးဝသို့ ပြေးလွှားကာ တားထားလိုက်၏။

"မင်း သွားတော့မလို့လား"

ချင်းချင်းက ခေါင်းညိတ်လိုက်သည်။ မြို့စားလေးက ...

"မင်းက ဘာဖြစ်လို့ ရုတ်တရက် ထွက်သွားချင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချင်းချင်းက …

"ကျွန်မ ဘာဖြစ်လို့ မသွားချင်ရမှာလဲ"

သူမ၏မျက်နှာ သုန်မှုန်သွားလေသည်။

"ကျွန်မဟာ ဂုဏ်သရေမရှိဘူး။ ငွေမရှိဘူး။ အထက်တန်းလွှာက မိန်းမတစ်ယောက် မဟုတ်ပေမယ့် ကျွန်မဟာ အောက်တန်းမကျပါဘူး။ ကျွန်မဟာ မြင်းလှည်းမောင်းတဲ့လူတစ်ယောက်ရဲ့ဇနီးဖြစ်ချင်တယ်၊ သူများရဲ့မယားငယ်တော့ အဖြစ်မခံချင်ပါဘူး"

သူမ ပြောလိုက်သောစကားမှာ ပြတ်သားလှပေသည်။ မြို့စားလေးက သူမအား အံ့သြစွာ ကြည့်နေ၏။

အလွန်ပျော့ပျောင်းနုနယ်သော မိန်းကလေးတစ်ယောက်သည် ယင်းကဲ့သို့ ပြတ်သား၍ ခေါင်းမာလိမ့်မည်ဟု မြို့စားလေး အနေဖြင့် မထင်ခဲ့ပါချေ။

ချင်းချင်း၏မျက်နှာက တင်းမာနေ၏။

"ကျွန်မရဲ့သဘောကို ရှင် နားလည်ပြီထင်ပါရဲ့၊ အခု ကျွန်မ သွားနိုင်ပြီလား"

မြို့စားလေးက ခေါင်းခါယမ်းလိုက်သည်။

"မသွားရဘူး"

ချင်းချင်း မျက်မှောင်ကြုတ်သွားသည်။



"ရှင် ဘာလုပ်ချင်လို့လဲ"

မြို့စားလေးက အနည်းငယ် စဉ်းစားလိုက်၏။ ပြီးမှ …

"မင်းသာ လက်ခံမယ်ဆိုရင် ကျုပ်က ရွှေအချိန်တစ်သောင်း ပေးပါ့မယ်"

သူ၏စကားမဆုံးမီ ချင်းချင်း၏လက်ဝါးက သူ၏ပါးပြင်သို့ ရိုက်ချလိုက်လေသည်။ ဤသည်မှာ မြို့စားလေး၏ဘဝတစ်လျှောက်လုံးတွင် ပထမဆုံးအကြိမ် ပါးရိုက်ခံရဖူးခြင်းပင် ဖြစ်လေသည်။

သို့သော် သူက ရှောင်တိမ်းခြင်း မပြုပါ။ ချင်းချင်းက အံကို တင်းတင်းကြိတ်ထားသည်။ သူမ၏မျက်နှာပေါ်သို့ မျက်ရည်များ စီးဆင်းကျလာလေ၏။

"ရှင့်မှာ ငွေရှိတယ်ဆိုပြီး ရှိသမျှ မိန်းမတွေကို ဝယ်နိုင်လိမ့်မယ် ထင်သလား။ ရှင် သွားဝယ်စမ်းပါ၊ မိန်းမ တစ်ထောင် တစ်ရာ ဝယ်လို့ရပါတယ်၊ ဒါပေမဲ့ ရှင်က လောကပေါ်မှာ ရှိရှိသမျှ ငွေတွေကို ပုံပေးရင်တောင် ကျွန်မကို ဝယ်လို့မရဘူးဆိုတာ မှတ်ပါ"

ချင်းချင်းမှာ ဒေါသထွက်လွန်း၍ မောဟိုက်နေ၏။ မျက်ရည်များအား သုတ်ရင်း အော်ပြောလိုက်လေသည်။

"ကျွန်မ သွားမယ်၊ ရှင် ကျွန်မကို လွှတ်မလား မလွှတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မြို့စားလေးက ခေါင်းယမ်းလိုက်၏။

"မလွှတ်ဘူး"

ချင်းချင်းက လက်ဝါးမြှောက်ထားလိုက်ပြန်၏။ သူမသည် ထပ်မံ ပါးရိုက်ရန် ဟန်ပြင်လိုက်ရာ မြို့စားလေးက သူမ၏လက်ကို ဖမ်းထားလိုက်လေသည်။

သူသည် သူမအား စိုက်ကြည့်လိုက်၏။ သူ၏မျက်ဝန်းအစုံတွင် ဒေါသထွက်နေသည့် အရိပ်အယောင်များအား မတွေ့ရသည့်ပြင် အလွန်ပျော့ပျောင်းသော အရိပ်အယောင်များ ပေါ်လွင်နေ၏။

သူသည် ပျော့ပျောင်းသော လေသံဖြင့် ...

"ပထမတုန်းကတော့ မင်း ထွက်သွားမှာကို ငါမတားတော့ဘူးလို့ စိတ်ကူးထားတယ်၊ အခုတော့ မင်းကို ငါ မလွှတ်နိုင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ အလွန်ရခဲတဲ့ မိန်းမတစ်ယောက်ဆိုတာ ငါသိပါပြီ၊ မင်းကို လက်လွှတ်လိုက်ရင် တစ်သက်လုံး ငါ နောင်တရနေတော့မှာပဲ"

ချင်းချင်းက သူ့အား စိုက်ကြည့်လိုက်သည်။

"ရှင် ... ရှင်က"

မြို့စားလေးက ...

"မင်းကို ငါက ဇနီးတစ်ယောက်အဖြစ် ပေါင်းမယ်၊ ငါ့ရဲ့ တစ်ဦးတည်းသော ဇနီးဖြစ်စေရမယ်"



ချင်းချင်း အံ့သြသွားသည်။ ဝမ်းလည်း သာသွားသည်။

"ဒါ ... ဒါပေမဲ့ ကျွန်မရဲ့နောက်ကြောင်း ရာဇဝင် ... အို ... ကျွန်မက ရှင်နဲ့ မတန်ပါဘူး"

မြို့စားလေးက ...

"မင်းက မတန်ဘူးဆိုရင် လောကပေါ်မှာ ထိုက်တန်တဲ့ မိန်းမ ရှိမှာမဟုတ်တော့ဘူး"

"ဒါပေမဲ့ ကျွန်မရဲ့ မျိုးရိုးဇာတိ"

ချင်းချင်း၏စကားမဆုံးမီ မြို့စားလေးက ကြားဖြတ်ပြောလိုက်၏။

"ဘယ်မျိုးရိုးဇာတိကိုမှ ကျုပ် ဂရုမစိုက်ဘူး၊ ကျုပ်က မင်းကို ယူတာ၊ မင်းနဲ့ မျိုးရိုးဇာတိကို ယူတာမှ မဟုတ်တဲ့"

ချင်းချင်းက သူ့အား ကြည့်ရင်း သူမ၏လှပသောမျက်ဝန်းအစုံတွင် မျက်ရည်များ ဝဲလာပြန်လေသည်။

သူမသည် သူမ၏ကံကြမ္မာအား ပြောင်းလဲလိုက်လေသည်။ မိန်းမများသည် ယောကျာ်းများကို ဖမ်းစားနိုင်သော နည်းများမှာ သုံးရာကျော်ရှိသည်ဟု အဆိုရှိသည်။

သူမ အသုံးပြုလိုက်သောနည်းမှာ မှန်ကန်ထိကျသော

www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိပါ။

သူမသည် မည်သည့်အချိန်တွင် ကိုင်ထားသောကြိုးကို မည်ကဲ့သို့ ဆွဲရမည်၊ မည်သည့်အချိန်တွင် ကြိုးများကို မည်ကဲ့သို့ လွှတ်လိုက်ရမည်ကို နားလည်ထားလေသည်။

❄

မီးပုံးအိမ်ကို မီးထွန်းလိုက်ပြီဖြစ်သည်။

တိန်းယန့်ယန့်သည် စားပွဲပေါ်မှ မီးပုံးအိမ်ကို ထွန်းညှိလိုက်ပြီးမှ သူတို့ဘက်သို့ တဖြည်းဖြည်း လှည့်ကြည့်လိုက်သည်။

ရှောင်ဖုန်းက သူမအား မကြည့်ပါ။ သူသည် လုံးဝမကြည့်တော့ဟု ဆုံးဖြတ်ထားပုံရ၏။ မျက်နှာကို တမင်လွှဲထားလိုက်သည်။

တိန်းတိန်းက ခုတင်အောက်တွင် ပုန်းနေ၏။ သူမသည် ထိတ်လန့်တုန်လှုပ်နေ၏။ တိန်းယန့်ယန့်က သူမထံသို့ လှည့်ကြည့်လိုက်သည်။

"ငါက သူ့ကိုထည့်ပေးတဲ့ဆေးဟာ ပေါက်တူးပြင်ဆေးလို့ ညည်းက ပြောတယ်မဟုတ်လား"



တိန်းတိန်းက ခေါင်းညိတ်လိုက်သည်။ သူမ၏မျက်နှာမှာ ငိုမဲ့မဲ့ဖြစ်နေ၏။ တိန်းယန့်ယန့်က ရှောင်ဖုန်းဘက်သို့ လှည့်လိုက်၏။

"ရှင်က ယုံသလား"

ရှောင်ဖုန်းက အဖြေမပေးပါ။ စကားလည်း လုံးဝမပြောတော့။ တိန်းယန့်ယန့်က စကားဆက်လိုက်သည်။

"တိန်းတိန်းပြောတာ မှန်တယ်၊ ကျွန်မဟာ လုံးရုရဲ့ကိုတွေ့ခဲ့တယ်၊ သူပေးလိုက်တဲ့မြင်းကို အဆိပ်ခပ်သတ်လိုက်တယ်၊ ရှင့်ကို သွားခွင့်မပြုဘူးဆိုတာလည်း မှန်တယ်"

ရှောင်ဖုန်းက မဲ့ပြုံး ပြုံးနေ၏။

တိန်းယန့်ယန့်က စကားဆက်လိုက်သည်။

"ဒါပေမဲ့ ပေါက်တူးပြင်နဲ့ ပတ်သက်ပြီး"

သူမသည် အကျီကြယ်သီး ဖြုတ်လိုက်သည်။ သူမ၏ဖြူဖွေးသော ပခုံးနှစ်ဖက် ပေါ်လွင်လာလေသည်။ ထိုနေရာတွင် သူမက ဓားဒဏ်ရာ ရထားသည်။ ထိုဒဏ်ရာပေါ်၌ ဆေးရည်အဝတ်တစ်ခု တပ်ထားလေသည်။

သူမသည် ဒဏ်ရာပေါ်၌ ကပ်ထားသော အဝတ်ကိုဖြုတ်လိုက်သည်။ ထို့နောက် ထိုဆေးအဝတ်ကို ရှောင်ဖုန်းထံသို့ ပစ်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါ၊ ဒါက ဘာဆေးလဲ"

ရှောင်ဖုန်းကြည့်ရန် မလိုပါ။ ထိုဆေး၏ ထူးခြားဆေးအမွှေးနံ့ကို ကောင်းစွာမှတ်မိထားသည်။

ရှောင်ဖုန်း၏ဒဏ်ရာမှာလည်း ထိုပေါက်တူးပြင်ဟု အဆိုရှိသော ဆေးမျိုးပင်ဖြစ်လေသည်။

ရှောင်ဖုန်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ သူမသည် သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီး တိန်းတိန်းဘက်သို့ လှည့်ကြည့်လိုက်သည်။

"ငါက ညည်းအပေါ် ဘာမဟုတ်တာ လုပ်ခဲ့မိလို့လဲ၊ နင်က ဘာကြောင့် လိမ်ပြောချင်နေရတာလဲ"

တိန်းတိန်းက ထခုန်လိုက်သည်။ မျက်ရည်များကျလျက်...

"ဟုတ်တယ် ... ကျွန်မ လိမ်ပြောခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုရင် မမ ဘာကိုမှမရအောင် ကျွန်မက ဖျက်ဆီးပစ်မယ်၊ ကျွန်မက မမကို မုန်းလို့"

တိန်းယန့်ယန့် အံ့သြသွားသည်။

"ငါ့ကိုမုန်းတယ် ဟုတ်လား"

"ဟုတ်တယ်၊ မမကိုမုန်းတယ် မုန်းတယ်၊ မမ မြန်မြန်သေပါစေလို့ ဆုတောင်းတယ်"



သူမသည် မျက်နှာအား လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ ပြေးထွက်သွားလေသည်။

"ဒီလို ကျက်သရေမရှိတဲ့နေရာမျိုးမှာ ကျွန်မ ဆက်မနေတော့ဘူး၊ မမ ဆဲဆိုနှိပ်စက်တာလည်း မခံချင်တော့ဘူး၊ ကျွန်မ လိမ်ပြောတတ်တာလည်း မမက သင်ပေးတာ"

တိန်းယန့်ယန့်က သူမအား ဟန့်တားခြင်း မပြုပါ။ ထိုနေရာ၌ပင် ငေးငိုင်စွာဖြင့် မလှုပ်မယှက် ရပ်နေ၏။

မျက်ရည်များ စီးဆင်းကျလာနေ၏။ ရှောင်ဖုန်း၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။

အခြေအနေက ဤကဲ့သို့ ပြောင်းလဲသွားလိမ့်မည်ဟု သူ့အနေဖြင့် လုံးဝ မမျှော်လင့်ပေ။ ထိုကလေးဆန်လှသော မိန်းကလေးတလည်း လိမ်ညာပြောဆိုတတ်သည်ကို အံ့သြမိလေသည်။

တိန်းယန့်ယန့်က သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။

"ကျွန်မ သူ့ကို အပြစ်မတင်ပါဘူး၊ သူ အခုလုပ်နေတာက ကျွန်မဆီက ထွက်သွားချင်လို့ ဒီနေရာကနေ ထွက်သွားချင်လို့ လောကကြီးဟာ ကျယ်ဝန်းလှပါတယ်၊ သူ သွားချင်တယ်ဆိုတာ အပြစ်မဟုတ်ပါဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"နင် သူ့ကို တကယ်မမုန်းဘူးလား"

ရှောင်ဖုန်းက မေးလိုက်သည်။

တိန်းယန့်ယန့်က ...

"သူက ကလေးတစ်ယောက်ပါ"

"ဒါပေမဲ့ သူက နင့်ကို မုန်းနေတယ်"

"လောကပေါ်မှာ ဒီလိုရှုပ်ထွေးပါပဲ၊ ရှင့်ကို မုန်းတဲ့လူကို ရှင်က မမုန်းဘူး။ ရှင့်ကိုချစ်တဲ့လူကို ရှင်က မချစ်ဘူး"

သူမ၏အသံသည် တိုး၍ တိုး၍ သွားရာ နောက်ဆုံး မကြားရတော့ပါ။ ရှောင်ဖုန်းသည် အတန်ကြာ တိတ်ဆိတ်နေပြီးမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟုတ်တယ်၊ လောကပေါ်မှာ ဒီလိုအဖြစ်မျိုးဟာ အများကြီး ရှိပါတယ်"

သူ၏ရင်ထဲတွင် အလွန်ကြီးမားသော ကျောက်တုံးတစ်တုံး ဖိထားခြင်း ခံလိုက်ရသည့်အလား လေးလံ၍ လာလေသည်။

"ဘာပဲဖြစ်ဖြစ် နင်က ငါ့ရဲ့အသက်ကို ကယ်ခဲ့တယ်၊ ဒါကို ငါ ဘယ်တော့မှ မမေ့ဘူး"

"ကျွန်မ ရှင့်ကို မကယ်ခဲ့ပါဘူး"

ရှောင်ဖုန်း မျက်မှောင်ကြုတ်သွားသည်။



"ဘယ်လို နင်က ငါ့အသက်ကို မကယ်ခဲ့ဘူး"

"ဟုတ်တယ်၊ ရှင့်အသက်ကို ကယ်တာက ရှင်ကိုယ်တိုင်ပါ"

ရှောင်ဖုန်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ငါကိုယ်ငါ ကယ်လိုက်တာ"

"ရှင်ကသာ အသက်ရှင်ချင်တဲ့စိတ်မရှိရင် ဘယ်သူကမှ ရှင့်ကို ကယ်နိုင်မှာ မဟုတ်ဘူး"

"ဒါပေမဲ့"

ရှောင်ဖုန်းက ပြောမည်ဟန်ပြင်ရာ ...

တိန်းယန့်ယန့်က သူ၏စကားအား ကြားဖြတ်လိုက်သည်။

"အခု ရှင်သွားနိုင်ပါပြီ၊ လမ်းမလျှောက်နိုင်ရင် လေးဖက် ထောက်ပြီးသွားပါ"

သူမသည် ပြောပြီးသည်နှင့် အခန်းထဲမှ ချာခနဲလှည့်ထွက်သွားလေသည်။ သူ့အား လှည့်ပင်မကြည့်တော့ချေ။

ရှောင်ဖုန်းက လဲလျောင်းလိုက်သည်။ မည်သည့်အရာကိုမျှ စဉ်းစားတော့။ မိုးလင်းလာသည်ကို ငြိမ်သက်စွာ စောင့်နေလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

မိုးလင်းလာပြီ ဖြစ်သည်။ နေရောင်ခြည်သည် တောက်ပစွာ ထိုးကျနေ၏။ ကောင်းကင်တစ်ခုလုံး တိမ်တိုက်များ လုံးဝမရှိဘဲ ပြာလဲ့လဲ့ ကြည်လင်နေ၏။ နံနက်ခင်း လေနှင့်အတူ ထမင်းနှပ်ထားသော ရနံ့များ လွင့်ပါလာသည်။

မည်သူက ထမင်းချက်နေပါသနည်း။ တိန်းယန့်ယန့်လော၊ တိန်းတိန်းလော။ သူမတို့ ထွက်မသွားသေးပါလား။

မီးဖိုဆောင်သည် အခန်း၏နောက်ဘက်တွင် ရှိနေ၏။

အိပ်ခန်းမှ မီးဖိုဆောင်သို့ သွားရန်မှာ မဝေးပါ။ သို့သော် ရှောင်ဖုန်းအဖို့ ဤအကွာအဝေးမှာ လွန်စွာ ရှည်လျားလှသည်ဟု ထင်ရသည်။

ကံကောင်းသည်မှာ သူ၏ခြေထောက်တွင် ဒဏ်ရာမရှိခြင်းပင် ဖြစ်၏။ သူသည် မီးဖိုဆောင်၏တံခါးဝသို့ ရောက်ရှိလာသောအခါ ချွေးများစို့ရွှဲပြီး မောဟိုက်လာလေသည်။



အတန်ကြာနားပြီးမှ မီးဖိုထဲ ကြည့်လိုက်သည်။ အပြာရောင်အကျီဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်က တံခါးဝဘက်သို့ ကျောပေးထားပြီး ချက်ပြုတ်နေ၏။

"အင်း ... သူကိုယ်တိုင် ချက်ပြုတ်နေပါလား"

ရှောင်ဖုန်း အနည်းငယ် အံ့ဩသွားသည်။ သူမသည် သူ၏ခြေသံအား ကြားမိမည်ဖြစ်သည်။ သို့သော် လှည့်မကြည့်ပါ။ သူမသည် သူနှင့် စကားမပြောလိုတော့ဟန်ရှိ၏။ ရှောင်ဖုန်းက အတန်ကြာ တိတ်တဆိတ်ရပ်နေပြီးမှ မေးလိုက်လေသည်။

"တိန်းတိန်းကော"

သူမက အဖြေမပေးပါ။ ရှောင်ဖုန်းက ...

"သူက ကလေးပဲရှိသေးတယ်၊ သူမှားသွားပါတယ်၊ ဒါပေမဲ့ လူတိုင်း လူတိုင်းဟာ အမှားလုပ်မိတတ်ကြတာချည်းပါပဲ၊ သူ့ကို ခွင့်လွှတ်မယ်ဆိုရင် ငါ ..."

သူမက သူ၏စကားအား ကြားဖြတ်လိုက်သည်။

"ရှင် ဘယ်သူနဲ့ စကားပြောနေတာလဲ"

"မင်းကို ပြောနေတာ"

ဤတွင် ထိုအမျိုးသမီးက ရှောင်ဖုန်းဘက်သို့ ချာခနဲလှည့်လိုက်သည်။ နှုတ်မှလည်း ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ကျွန်မကို သိတယ်မဟုတ်လား၊ ကျွန်မ ရှင့်ကို မသိပါလား"

"ဟင်"

ရှောင်ဖုန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ထိုအမျိုးသမီးသည် အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသော်လည်း တိန်းယန့်ယန့် မဟုတ်ပါ။

ထို့ပြင် အလွန်အရုပ်ဆိုးပြီး သာမန်အမျိုးသမီးတစ်ယောက် ဖြစ်နေ၏။ သူမသည် လက်တစ်ဖက်က အိုးကိုကိုင်လျက် လက်တစ်ဖက်က ဂေါ်ပြားကိုင်ထားသည်။

သူမ၏လက်နှစ်ဖက်စလုံး ပကတိကောင်းမွန်နေ၏။ ဂေါ်ပြားဖြင့် ထမင်းကို ပန်းကန်ထဲသို့ ထည့်နေ၏။ ရှောင်ဖုန်းက အတန်ကြာ တိတ်ဆိတ်နေပြီးမှ ခြောက်ကပ်ကပ်ဖြင့် ပြုံးပြလိုက်သည်။

"ကျုပ်လည်း ခင်ဗျားကို မသိသလိုပါပဲ"

"ကျွန်မကို မသိဘဲ ဘာကြောင့် လာရတာလဲ"

"လူတစ်ယောက်ကို ရှာနေလို့ပါ"

"ဘယ်သူ့ကိုလဲ"

"မိန်းကလေးတစ်ယောက်၊ အသက်တစ်ဆယ့်ရှစ် တစ်ဆယ့်ကိုးနှစ်လောက်ပဲ ရှိမယ်"



အမျိုးသမီးက မဲ့ပြုံးပြုံးလိုက်၏။

"ယောကျ်ားတွေ လိုက်ရှာမယ့် မိန်းကလေးများဆိုရင် ဆယ့်ရှစ် ဆယ့်ကိုးနှစ် အရွယ်တွေချည်းပဲ၊ ဒါကို ရှင်မပြောလည်း ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ..."

သူမက စကားဆက်လိုက်သည်။

"သူ့အမျိုးအနွယ်က ဘာလဲ"

"အမျိုးအနွယ်ဏာ တိန်းဖြစ်မယ်ထင်တယ်"

"ကျွန်မက တိန်းအမျိုးအနွယ် မဟုတ်ဘူး"

"ဒါဖြင့် ခင်ဗျား ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ"

"ဒါက ကျွန်မရဲ့အိမ်၊ ဒီမှာမနေလို့ ကျွန်မ ဘယ်မှာသွားနေရမှာလဲ"

ရှောင်ဖုန်း အံ့အားသင့်သွားလေသည်။

"ဒါ ခင်ဗျားရဲ့အိမ်"

အမျိုးသမီးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ရှောင်ဖုန်း အံ့သြသွားသည်။

"ခင်ဗျားက တစ်ချိန်လုံး ဒီမှာနေသလား"

"ကျွန်မ အခု ဒီမှာနေတယ်ဆိုရင် အခု ဒီနေရာက ကျွန်မရဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ့"

"အရင်ကကော"

"အရင်ကကိစ္စကို ဘာဖြစ်လို့ မေးချင်နေရတာလဲ"

ရှောင်ဖုန်း ပါးစပ်ပိတ်ထားလိုက်လေသည်။

သူမ၏စကားသည် အလွန်မှန်ကန်နေ၏။ အတိတ်က အကြောင်းများကို ထပ်ပြီးမေးမြန်းနေလျှင်လည်း အကြောင်းထူးမည် မဟုတ်တော့ပါ။ အမျိုးသမီးက တစ်ဖက်သို့ လှည့်လိုက်သည်။

သူမက ထမင်းတစ်ပန်းကန်ကို ထည့်နေ၏။

"ရှင် ဗိုက်ဆာသလား။ မဆာဘူးလား"

"ဗိုက်ဆာနေပါတယ်"

"ဒါဖြင့် ထမင်းစားပေတော့"

အမျိုးသမီးက ထမင်းတစ်ပန်းကန် ရှူးကာ စားပွဲပေါ်တင်ပေးလိုက်သည်။

❄

ရှောင်ဖုန်းသည် ထမင်းပန်းကန်ကို တစ်ခဏအတွင်းမှာပင် ပြောင်



စင်သွားအောင် စားလိုက်လေသည်။ အမျိုးသမီးက သူ့အား ကြည့်နေ၏။

"ရှင့်ကိုကြည့်ရတာ ဗိုက်တော်တော်ဆာနေပုံရတယ်"

"နောက်ထပ် တစ်ပန်းကန်စားလို့ ရဦးမလား"

ရှောင်ဖုန်းက မေးလိုက်၏။ အမျိုးသမီးက သူမ၏ထမင်းပန်းကန်ကို ရှေ့သို့ တွန်းပို့ပေးလိုက်၏။

"စားပါ၊ ထမင်းဝအောင် စားနိုင်မှ အားရှိလိမ့်မယ်"

သူမက ရုတ်တရက် ရယ်မောလိုက်ပြီး ...

"ရှင်က ကျွန်မရဲ့ထမင်းကို အလကားစားမှာ မဟုတ်ပါဘူးနော်"

ထမင်းလုံးများသည် ရှောင်ဖုန်းလည်မျိုတွင် တစ်ဆို့သွား၏။ အမျိုးသမီးက စကားဆက်လိုက်သည်။

"သူများရဲ့ထမင်းစားရင် သူများအတွက် အလုပ်လုပ်ပေးရမယ်ဆိုတာ ရှင်နားလည်မှာပါနော်"

ရှောင်ဖုန်း ခေါင်းညိတ်လိုက်လေသည်။ အမျိုးသမီးက ကျေနပ်သွားဟန်ဖြင့် ပြုံးလိုက်၏။

"ရှင့်ကြည့်ရတာ မာန်မာနရှိမယ့် ယောကျ်ားတစ်ယောက်ရဲ့ပုံပဲ၊ ထမင်းညာစားမယ့် အလုပ်ကို လုပ်လိမ့်မယ်လို့မထင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းက ထမင်းကို ပြောင်သလင်းခါအောင် စားပစ်လိုက်၏။

"ခင်ဗျား ကျုပ်ကို ဘာနိုင်းချင်လို့လဲ"

အမျိုးသမီးက သူ့ကို ကြည့်လိုက်သည်။

"ရှင် ဘာလုပ်တတ်လို့လဲ"

"ကျုပ်လုပ်တတ်တဲ့အလုပ်တွေ အများကြီးရှိပါတယ်"

"အကျွမ်းကျင်ဆုံးက ဘာလဲ"

ရှောင်ဖုန်းက အတန်ကြာ တိတ်ဆိတ်နေပြီးမှ ...

"ကျုပ်ရဲ့အကျွမ်းကျင်ဆုံး အရည်အချင်းကတော့ သူများရဲ့ ဓားနဲ့ ခုတ်တာကို ခံနိုင်ရည်ရှိတဲ့ပညာပဲ"

ထိုစကားကြောင့် အမျိုးသမီး မျက်မှောင်ကြုတ်သွားလေသည်။

"ဓားခုတ်ခံရတာကို ထူးချွန်တဲ့ အရည်အချင်းလို့ ခေါ်နိုင်သလား"

ရှောင်ဖုန်းက ...

"ဆယ်ရက်အတွင်း ကျုပ် ဓားချက် ခုနစ်ချက်တိတိ အခုတ်ခံလိုက်ရတယ်၊ ဒါကြောင့် အတွေ့အကြုံ ရင့်ကျက်လာလို့ပါ"

"ဓားခုတ်ခံရတာက ဘာအသုံးဝင်လို့လဲ"



"အများကြီး အသုံးဝင်တာပေါ့"

"ဘယ်လိုအသုံးဝင်တာလဲ"

"ကျုပ်က ခင်ဗျားရဲ့ထမင်းကို စားလိုက်ပြီလေ၊ ခင်ဗျားက ကျုပ်ကို ဓားနဲ့ခုတ်လိုက်ပေါ့။ ဒါဆိုရင် ဘဲစား ဘဲချေ ပြီးသွားပြီ"

အမျိုးသမီးက ...

"ကျွန်မက ရှင့်ကို ဘာဖြစ်လို့ ဓားနဲ့ခုတ်ရမှာလဲ၊ ကျွန်မအတွက် ဘာအကျိုးရှိမှာမို့လဲ"

ရှောင်ဖုန်းက ပခုံးတွန့်လိုက်သည်။

"ဒါကတော့ ခင်ဗျားရဲ့ကိစ္စ ဖြစ်သွားပြီလေ"

အမျိုးသမီးက ...

"ရှင်က ဓားချက် ခုနစ်ချက်၊ ရှစ်ချက်လောက် အခုတ်ခံလိုက်ရပြီး ခုထိ မသေသေးတာက ရှင့်ရဲ့ပညာတစ်ရပ်ပါပဲ"

"သိပ်ဟုတ်တာပေါ့"

"ဓားခုတ်ခံနိုင်တဲ့လူဟာ လူကိုသတ်တဲ့ပညာလည်း ရှိမယ်ထင်တယ်"

ရှောင်ဖုန်း ခေါင်းညိတ်လိုက်၏။

"အင်း"

အမျိုးသမီးက ရုတ်တရက် လက်ခုပ်တစ်ချက် တီးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ရှင် ကျွန်မအတွက် လူနှစ်ယောက်ကို သတ်ပေးမယ်ဆိုရင် ကျွန်မဆီက ထမင်းစားတဲ့ ကျေးဇူးကို ဘဲစားဘဲချေ လုပ်လိုက်ပါ့မယ်"

"ကျုပ်က ခင်ဗျားရဲ့ ထမင်းနှစ်ပန်းကန် စားမိတဲ့အတွက် ကျုပ်ကို လူနှစ်ယောက် သတ်ခိုင်းတာ မလွန်လွန်းဘူးလား"

"မလွန်ပါဘူး"

"ဒီထမင်းနှစ်ပန်းကန်ရဲ့ တန်ဖိုးဟာ မကြီးလွန်းဘူးလား"

"မကြီးပါဘူးရှင်"

"ဈေးမကြီးဘူး ဟုတ်လား"

"ကျွန်မရဲ့ ထမင်းနှစ်ပန်းကန်ဟာ အင်မတန် ထူးခြားပါတယ်၊ တော်ရုံတန်ရုံ စားနိုင်ကြမှာ မဟုတ်ပါဘူး"

"ဘယ်လို ထူးခြားလို့လဲ"

"အဆိပ်ခတ်ထားလို့ပါ"

သူမသည် ပြောပြီးသည်နှင့် ရှောင်ဖုန်းအား စိုက်ကြည့်လိုက်လေသည်။ သူမ၏စကားကြောင့် ရှောင်ဖုန်းက ထခုန်မိမတတ် ထိတ်လန့်သွားလိမ့်မည်ဟု သူမက မျှော်လင့်ထား၏။ သို့သော် ရှောင်ဖုန်းမှာမူ အနည်းငယ်မျှပင် တုန်လှုပ်ခြင်း မရှိချေ။

အမျိုးသမီးမှာ မျက်မှောင်ကြုတ်သွားရတော့သည်။



"ဘာလဲ ... ရှင်က မယုံဘူးလား"

"ထမင်းက ဗိုက်ထဲရောက်သွားပြီပဲ၊ ယုံလို့လည်း အရေးမဟုတ်ဘူး၊ မယုံလို့လည်း အရေးမဟုတ်တော့ပါဘူး"

"အရေးမဟုတ်ဘူး ... ဟုတ်လား"

သူမက ခေါင်းတွင်တွင် ခါယမ်းလိုက်ရင်း ...

"အဆိပ်ခတ်ထားတဲ့အစာကို စားမိတဲ့သူဟာ သေနိုင်တယ်ဆိုတာ ရှင်မသိဘူးလား"

"သိသားပဲ"

"ရှင်သေချင်လို့လား"

"မသေချင်ပါဘူး"

"ဒါဖြင့် ကျွန်မအတွက် လူနှစ်ယောက် သတ်ပေးပါ၊ အဲဒီ လူနှစ်ယောက်ကို ရှင်က သိတာမှ မဟုတ်ဘဲ၊ သတ်ရမယ့်လူက လည်း နှစ်ယောက်တည်းဆိုတော့ လွယ်ပါတယ်လေ"

"ဟုတ်ပါတယ်"

"သူတို့က အစောင့်ပဲ၊ ရောက်လာတာနဲ့ သူတို့ကို သတ်လိုက်ပါ"

ရှောင်ဖုန်း ခေါင်းခါလိုက်၏။

"မသတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"မသတ်ဘူး၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး မသတ်ချင်လို့"

"ကျွန်မသတ်ခိုင်းတဲ့လူ ဘယ်သူလဲဆိုတာ ရှင်သိလို့လား"

"မသိလို့လည်း မသတ်ချင်တာ"

"ရှင် မသိချင်ဘူးလား"

"မသိချင်ဘူး၊ သိဖို့လည်း မလိုအပ်ဘူး"

"ရှင် သူတို့ကို မသတ်ချင်ရင် ... ရှင် သေရလိမ့်မယ်"

ရှောင်ဖုန်းက စကားတစ်ခွန်းမျှ မပြောတော့ပါ။

သူသည် တဖြည်းဖြည်း ထလိုက်ပြီး အပြင်သို့ ထွက်သွားလေသည်။ အမျိုးသမီးက အံ့ဩသွားဟန်ဖြင့် ...

"ရှင် ဘယ်သွားမလို့လဲ"

"သေဖို့သွားစောင့်နေမှာ"

အမျိုးသမီးမှာ မယုံကြည်နိုင်အောင် ဖြစ်သွားကာ ...

"ရှင် အသေခံမယ် ဟုတ်လား"

ရှောင်ဖုန်းက သူမအား လှည့်၍ပင် မကြည့်တော့ဘဲ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

❄



ရှောင်ဖုန်းသည် ခုတင်ပေါ်၌ လဲလျောင်းနေ၏။

သူ့ကိုယ်သူ ရယ်ချင်လာမိလေသည်။

နှင်းဆီသခင်မလေး ရောက်လာခဲ့စဉ်က ပြင်းထန်သော တိုက်ပွဲဖြစ်ပွားလာခဲ့၏။

သေသောလူများ အလောင်းချင်းထပ်ကာ သွေးချောင်းစီးခဲ့၏။ သို့သော် ရှောင်ဖုန်း မသေခဲ့ပါ။

သွေးမိုးဂိုဏ်း၏အဖွဲ့သားများသည် ဓားနှစ်ဖက်ဖြင့် သူ၏ လည်ပင်းသို့ တင်ထား၏။

ဓားက အသားထဲသို့ စိုက်ဝင်နေသည့်တိုင် သူ မသေခဲ့ပေ။

မရဏသူရဲငါးယောက်တို့သည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော လူသတ်သမားများ ဖြစ်ကြလေသည်။ သူတို့သည် အလွန်ရက်စက်ကြမ်းကြုတ်သော လူသတ်သမားများလည်း ဖြစ်ကြ၏။

ဓားတစ်လက်သည် သူ၏ပခုံးမှ ထိုးဖောက်သွားသည်။ သို့တိုင်အောင် သူမသေခဲ့ပါ။ ယခု သူသည် ဘုမသိ ဘမသိဘဲ သူများ အဆိပ်ခတ်ထားသော ထမင်းနှစ်ပန်းကန်ကို စားမိခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် ဘုမသိ ဘမသိဖြင့် သေဆုံးသွားရတော့မည် ဖြစ်၏။ သူသည် ယင်းသို့တွေးရင်း ရယ်ချင်လာမိခြင်း ဖြစ်သည်။

အမှန်မှာ သူက အမျိုးသမီးအား အကြပ်ကိုင်၍ ဖြေဆေးကို တောင်းမည်ဆိုပါက ရနိုင်မည် ဖြစ်၏။

သို့သော် သူသည် ဤကဲ့သို့ မလုပ်ပါ။

ဤကဲ့သို့ မပြုလုပ်ခြင်းမှာ ပြုလုပ်ရမည်ကို ဖျင်းရိသောကြောင့် ဖြစ်၏။ ထိုအမျိုးသမီးသည် အဘယ်ကြောင့် ဤနေရာသို့ ရောက်ရှိလာပါသနည်း။

သူမသည် သူ့အား မည်သူတို့အား သတ်ခိုင်းပါသနည်း။

ရှောင်ဖုန်းက မမေးပါ။ မေးရမည်ကိုလည်း ဖျင်းရိနေ၏။ ယခု သူသည် မည်သည့်အရာကိုမျှ စိတ်ဝင်စားခြင်း မရှိတော့ပါ။

ထိုအချိန်တွင် ...

'တိန်းဒေါင် ... တိန်းဒေါင်'

အပြင်ဘက်မှ တစ်ခုခု ရိုက်နှက်သော အသံများ ထွက်ပေါ်လာ၏။ သံနှင့်သစ်သား ရိုက်နှက်ရာမှ ထွက်ပေါ်လာသောအသံ ဖြစ်သည်။ မည်သည့်အရာကိုများ ထုရိုက်ပါသနည်း။ ရှောင်ဖုန်း မခန့်မှန်းတတ်ပါ။ အတန်ကြာသွားတော့မှ အသံရပ်တန့်သွားလေသည်။



ထို့နောက် အခန်းထဲသို့ လူများ ဝင်ရောက်လာလေသည်။

သူတို့သည် ဖျင်ပြားပါးပါးဖြင့် ပြုလုပ်ထားသော ခေါင်းတစ်လုံးကို ထမ်းလာနေကြခြင်း ဖြစ်သည်။

ထို့နောက် သူတို့သည် လက်အုပ်ချီ၍ ရှိခိုးကန်တော့ကြလေသည်။ အသက်ရှင်နေသောလူသည် သေနေသောလူအား အထူးလေးစားတတ်သည် မဟုတ်ပါလော။

အလုပ်သမားများသည် သူ့အား ရှိခိုးကန်တော့ပြီးနောက် အခန်းထဲမှ ပြန်လည်ထွက်သွားလေသည်။

နောက်ထပ် တစ်ခဏအကြာတွင် သူတို့သည် ပြန်လည်ရောက်ရှိလာလေသည်။ နောက်ထပ် အခေါင်းတစ်လုံး ထမ်းလာပြီး ပထမရှိသော အခေါင်းအနီး၌ ချထားလိုက်ပြန်လေသည်။

လူတစ်ယောက်အတွက် အဘယ်ကြောင့် ခေါင်းနှစ်လုံးကို အသုံးပြုရမည်နည်း။

ခေါင်းတစ်လုံးဖြစ်စေ၊ နှစ်လုံးဖြစ်စေ၊ ခေါင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူက လုံးဝအရေးမထားပါ။ ကွယ်လွန်သွားသူအတွက် ဘာကိုမျှ အရေးထားစရာ မရှိတော့ပါ။

အတန်ကြာမှ အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသော အမျိုးသမီးက ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ခုတင်ခေါင်းရင်း၌ ရပ်၍ သူ့အား ကြည့်နေ၏။ ရှောင်ဖုန်းက မျက်လုံးမှိတ်ထားလိုက်လေသည်။

"ခေါင်းကို အသင့်လုပ်ပြီးပါပြီ၊ အခုပဲ ကမန်းကတန်း လုပ်နိုင်းလိုက်တာ သိပ်တော့ မကောင်းလှပေမယ့် ခေါင်းမရှိတာနဲ့စာရင် တော်သေးတာပေါ့"

အမျိုးသမီးက ပြောလိုက်၏။ ရှောင်ဖုန်းက ပါးစပ်ပိတ်ထားသည်။ အမျိုးသမီးက ဆက်ပြောပြန်သည်။

"ရှင် မသေသေးခင် ကိုယ့်ဘာသာကိုယ် ခေါင်းထဲမှာ ဝင်နေပါလား။ ဒါဆိုရင် ရှင်သေသွားတဲ့အခါ ရှင့်ကို ပွေ့ချီပြီး ခေါင်းထဲ ထည့်ရမယ့်ဒုက္ခ အေးသွားတာပေါ့"

ရှောင်ဖုန်း ဒေါသထွက်ပြီး ထခုန်လိမ့်မည်ဟု သူမ ထင်မှတ်ထား၏။ သို့သော် ရှောင်ဖုန်းသည် ခုတင်ပေါ်မှ ထပြီး ခေါင်းထဲသို့ ဝင်၍ လဲလျောင်းလိုက်လေသည်။

အမျိုးသမီးမှာ ကြောင်အမ်းအမ်းပင် ဖြစ်သွားလေသည်။ အတန်ကြာမှ သူမက သက်ပြင်းတစ်ချက် ချကာ ...

"ရှင်နဲ့ကျွန်မဟာ တစ်ယောက်နဲ့တစ်ယောက် မသိကျွမ်းကြပါဘူး၊ အခုလို မမျှော်လင့်ဘဲ အတူတူသေနိုင်တာကိုက ဘဝရေစက်ပေါ့လေ"



သူမသည် ယင်းသို့ပြောပြီးသည်နှင့် အခြားခေါင်းတစ်လုံးထဲသို့ ဝင်ရောက် လဲလျောင်းလိုက်လေသည်။

ရှောင်ဖုန်းက မေးမြန်းခြင်း မရှိသော်လည်း စိတ်ထဲ၌ အလွန်အံ့ဩမိလေသည်။ ထိုအမျိုးသမီးသည် မည်သည့်ဖရိုယာဝယ် ဆင်နေသည်ကို စဉ်းစား၍ မရအောင် ဖြစ်နေ၏။

အမျိုးသမီးမှာမူ ခေါင်းထဲ၌ စန့်စန့်ကြီး အိပ်နေလေပြီး တကယ့်လူသေအလောင်းနှင့် ခွဲခြားမရအောင် တူနေလေတော့၏။

❋

အခန်းတစ်ခုလုံးမှာ တိတ်ဆိတ်၍နေ၏။

နောက်ထပ် အတန်ငယ်ကြာသွားတော့မှ အမျိုးသမီးက သက်ပြင်းတစ်ချက် ချလိုက်၏။

"ကျွန်မရင်ထဲမှာ ဘာတွေစဉ်းစားနေသလဲဆိုတာ ရှင် သိရဲ့လား"

ရှောင်ဖုန်းက အဖြေပေးမည် မဟုတ်မှန်း သိသောကြောင့် သူမသည် မိမိစကားကို မိမိဘာသာ ပြန်ဖြေလိုက်လေသည်။

www.burmeseclassic.com

"ကျွန်မရင်ထဲမှာ စဉ်းစားနေမိတာက ကျွန်မတို့နှစ်ယောက် အခုလို အတူတူသေဆုံးနေတဲ့ပုံကို တခြားလူက မြင်တွေ့သွားရင် ကျွန်မတို့နှစ်ယောက်ဟာ အချစ်အတွက် အသက်စွန့်သွားကြတယ်လို့ ထင်ကြမှာပဲ"

ရှောင်ဖုန်းမှာ မနေနိုင်တော့ဘဲ မေးလိုက်ရလေသည်။

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်နဲ့ အတူတူ သေချင်ရတာလဲ"

"ရှင့်ကြောင့်"

ရှောင်ဖုန်းက ပါးစပ်ပိတ်ထားလိုက်ပြန်လေသည်။

အမျိုးသမီးက ဆက်ပြော၏။

"ရှင့်ကြောင့်လို့ ကျွန်မက ဘာဖြစ်လို့ ပြောလိုက်သလဲဆိုတာ ရှင်သိသလား"

"မသိဘူး"

"တကယ်လို့သာ ရှင်က ကျွန်မအတွက် လူနှစ်ယောက်ကို သတ်ပစ်မယ်ဆိုရင် ကျွန်မက သေမှာမဟုတ်ဘူး"

ရှောင်ဖုန်း မျက်မှောင်ကြုတ်သွား၏။

"အဲဒီလူနှစ်ယောက်က ခင်ဗျားကို လာသတ်မလို့လား"

"ကျွန်မကို သတ်ရုံသာမက အပိုင်းပိုင်း ခုတ်သတ်မှာ၊ ဒါကြောင့် ကိုယ့်ဘာသာကိုယ် သေလိုက်တာကမှ သက်သာဦးမယ်"



"ဒါကြောင့် ခင်ဗျားက ခေါင်းထဲကို အရင်ဝင်ထားနှင့်တာပေါ့ ဟုတ်လား"

အမျိုးသမီးက ခေါင်းညိတ်လိုက်၏။

"ကျွန်မလည်း သေမှာကို စောင့်နေတာ၊ သူတို့ ရောက်လာတာနဲ့ ကျွန်မက အရင်သေလိုက်မှာ"

သူမက သက်ပြင်းချရင်း ဆက်ပြောသည်။

"ကျွန်မ သေသွားတာတောင် သူတို့က ကျွန်မကို ခေါင်းထဲကနေ ဆွဲထုတ်ဦးမှာပဲ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ခေါင်းထဲမှာ သေရတယ်လို့ပဲ မှတ်မယ်"

သူမသည် ထိုလူနှစ်ယောက်အကြောင်းကို ပြောပြနေပုံမှာ ကြားရသူအဖို့ ထိုလူနှစ်ယောက်၏ရက်စက်ယုတ်မာပုံကို မှန်းတီးကြလိမ့်မည် ဖြစ်၏။

ရှောင်ဖုန်းက မေးလိုက်ပြန်သည်။

"ခင်ဗျားမှာ သွားသေနိုင်မယ့်နေရာ အများကြီးရှိရက်နဲ့ ဘာဖြစ်လို့ ဒီကိုမှလာပြီး သေရတာလဲ"

"အစတုန်းက ကျွန်မက သေမှ မသေချင်ဘဲ၊ ဒါကြောင့် ဒီနေရာကို ထွက်ပြေးလာတာပေါ့"

ရှောင်ဖုန်း မျက်မှောင်ကြုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ကျွန်မ ဒီနေရာကို ထွက်ပြေးလာတာ လူတစ်ယောက်က ကျွန်မကို ကယ်လိမ့်မယ်လို့ ထင်နေမိလို့ပါ"

ရှောင်ဖုန်း စိတ်ဝင်စားသွားသည်။

"ခင်ဗျားကို ကယ်မယ့်သူက ဘယ်သူလဲ"

"တိန်းယန့်ယန့်"

ရှောင်ဖုန်း အနည်းငယ် အံ့အားသင့်သွားမိ၏။

ထိုအမည်ကို သူ အလွန်ရင်းနှီးခဲ့သည်ဟု ထင်မိလေသည်။

အမျိုးသမီးက ဆက်ပြောလိုက်၏။

"ကျွန်မ ဒီကိုရောက်လာတဲ့အခါ သူ့ကိုမတွေ့ရတော့ဘူး။ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာ သူက ရှင့်ကို အကူအညီပေးခိုင်းထားတယ်လို့ ထင်နေမိတာ"

"ခင်ဗျား မှားနေပြီ၊ သူ တကယ်ထွက်သွားမယ်လို့တောင် ကျုပ် မထင်မိဘူး"

သူသည် ယင်းသို့ပြောရင်း တိန်းယန့်ယန့်အား သတိရလာမိလေသည်။ ထိုမိန်းကလေးသည် သူ၏ရန်သူလည်းဖြစ်၊ ကယ်တင်ရှင်လည်း ဖြစ်နေ၏။ ယခုအခါတွင် သူမသည် မည်သည့်နေရာသို့ ရောက်သွားပါသနည်း။



အမျိုးသမီးက ခေါင်းထဲမှနေ၍ ခေါင်းထောင်ကြည့်လိုက်၏။

"ရှင်နဲ့ တိန်းယန့်ယန့်ဟာ ဘယ်လိုပတ်သက်နေသလဲ"

"ဘာမှမပတ်သက်ပါဘူး"

"ဒါဖြင့် ရှင်က ဘယ်လိုလုပ် ဒီကိုရောက်နေရတာလဲ"

ရှောင်ဖုန်းက စကားမပြောတော့ပါ။

သူသည် မျက်လုံးမှိတ်ထားပြီး မလှုပ်မယှက် ဆန့်ဆန့်ကြီး လဲလျောင်းနေလိုက်၏။

ယခုအခါ သူသည် တကယ့်လူသေအလောင်းနှင့်တူနေလေပြီ။

❄

အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးလွန်မြောက်သွား၏။

ရှောင်ဖုန်းသည် လက်ညှိုးကို ကိုက်ကြည့်စရာမလိုဘဲ မိမိ အသက်ရှင်နေသေးကြောင်း အတတ်သိလေ၏။

သူ အသက်ရှူနိုင်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



သေသောလူသည် အသက်ရှူနိုင်လိမ့်မည် မဟုတ်ပါ။ သို့သော် သူ သေချာစွာ နားစွင့်လိုက်သောအခါ သူ ကြားလိုက်ရသော အသက်ရှူသံသည် သူကိုယ်တိုင်၏အသက်ရှူသံ ဖြစ်နေသည်။

သူ၏နံဘေးရှိ ခေါင်းထဲ၌ လဲလျောင်းနေသော အမျိုးသမီးထံမှမူ အသက်ရှူသံ လုံးဝမကြားရတော့ပေ။

သူမသည် အမှန်တကယ်ပင် သေဆုံးသွားပြီလော။

ဆတ်ခနဲထပြီး သူ့နံဘေးရှိ ခေါင်းထဲသို့ ခေါင်းပြူးကြည့်လိုက်၏။

ဤတွင် ခေါင်းထဲ၌ အမျိုးသမီး မရှိတော့ပြီကို အံ့သြစွာ တွေ့မြင်လိုက်ရလေတော့သည်။

✳ ❇ ✳



အခန်း (၂၁)

မြို့စားလေးသည် သံမဏိခြေသို့လမ်းထဲမှ ထွက်လာလေသည်။

လမ်းထိပ်တွင် အလွန်ခန့်ညားထည်ဝါသော ရထားလုံးတစ်စင်း ရပ်ထားသည်။ မြို့စားလေးသည် လေးလံသောခြေလှမ်းဖြင့် လျှောက်သွားပြီး ရထားလုံး၏တံခါးကို ဆွဲဖွင့်၍ တက်လိုက်သည်။ ရထားလုံးထဲ၌ အမျိုးသမီးတစ်ယောက် ထိုင်နေ၏။

သူမသည် ရှောင်ဖုန်း၏နံဘေးရှိ ခေါင်းထဲ၌ လဲလျောင်းနေသော အမျိုးသမီးပင် ဖြစ်ပေသည်။

❇

အမျိုးသမီးသည် မြို့စားလေး ဝင်ရောက်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်လိုက်သည်နှင့် မဆိုင်းမတွဆီး၍ မေးလိုက်လေသည်။

"လုံးစုရဲကို တွေ့ခဲ့လား"

မြို့စားလေး၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်နေ၏။ သူက ခေါင်းအသာအယာ ညိတ်ပြလိုက်သည်။

ထိုအချိန်၌ ရထားလုံးက မောင်းနှင်ထွက်ခွာသွားလေပြီ။ အမျိုးသမီးက မြို့စားလေးအား တစ်ချက်ကြည့်လိုက်ပြီး ...

"ကျွန်မ ဒီကနေ ဆင်းတော့မယ်"

မြို့စားလေးက ဟန့်တားခြင်း မပြုပါ။

အမျိုးသမီးက တံခါးဖွင့်၍ ခုန်ချမည်အပြုတွင် မြို့စားလေးက သူမ၏လက်ကို ရုတ်တရက် ဖမ်းဆွဲထားလိုက်လေသည်။

"ငါ့ကိုပြောစမ်း ... မင်း ဘာဖြစ်လို့ သူ့ကို မသတ်လိုက်တာလဲ"

အမျိုးသမီးက ရယ်မောလိုက်သည်။

"ရှင် ချင်းချင်းကို တကယ်ချစ်တယ်ဆိုရင် ရှောင်ဖုန်းဟာ အသက်ရှင်နေမှ ဖြစ်မယ်၊ နို့မဟုတ်ရင် သူက ရှင့်ကို လက်လွှတ်လိုက်လိမ့်မယ်"

မြို့စားလေးက ခေါင်းခါလိုက်၏။

"ငါမယုံဘူး"



"ကျွန်မကို ယုံစရာမလိုဘူး ဒါပေမဲ့ ကျင်းချွမ်းရဲ့စကားကို တော့ ယုံသင့်တယ်"

"ဒီလူရဲ့စကားကို ငါကသာ မယုံသေးတယ်"

သူသည် ကျင်းချွမ်း၏စကားကို မယုံကြည်သည်မှာလည်း အံ့ဩစရာ မဟုတ်ပါချေ။

ကျင်းချွမ်း ပြောဆိုသည့်စကားအရ ချင်းချင်း၏ဘဝတစ်ခု လုံးမှာ လူတစ်ယောက်ကိုသာ ချစ်မိသည်။

ထိုလူမှာ ရှောင်ဖုန်းဖြစ်၏။ သို့သော် ရှောင်ဖုန်းက သူမ အား စွန့်ပစ်ခဲ့လေသည်။ ထို့ကြောင့် ချင်းချင်းက လက်စားချေရန် ဆုံးဖြတ်ထားသည်။

သူမသည် မြို့စားလေးထံသို့ ရောက်ရှိလာခြင်းမှာ သစ္စာ ဖောက်ခဲ့သော ရှောင်ဖုန်းအပေါ် လက်စားချေရန် ဖြစ်၏။

သို့သော် သူမ တကယ်ချစ်နေသူမှာ ရှောင်ဖုန်းသာလျှင် ဖြစ်လေသည်။

မြို့စားလေးသည် မာန်မာန အလွန်ကြီးသော လူတစ် ယောက်ဖြစ်၏။ မိမိ၏မျိုးရိုး၊ ရုပ်ရည်နှင့် သိုင်းပညာအဆင့် စသည် တို့မှာ ရှောင်ဖုန်းနှင့် နှိုင်းယှဉ်ပါက မိုးနှင့်မြေပမာ ကွာဟနေပါလျက် ချင်းချင်းက မိမိအပေါ် အဘယ်ကြောင့် မချစ်သည်ကို သူ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်ဘဲ ဖြစ်နေ၏။

အချက်တစ်ချက်ကား ရှိသည်။ ဤအချက်သည် အမျိုးသမီးက ရှောင်ဖုန်းနှင့် တွေ့ဆုံပြီးနောက်မှ ပြောပြသောအချက်ဖြစ်၏။

"ဒီလူက သူ့အသက်ကိုသူ လုံးဝအလေးမထားဘူး"

မြို့စားလေးသည် ချင်းချင်းက ရှောင်ဖုန်းအပေါ် ယင်းကဲ့သို့ နှစ်နှစ်ကာကာ ချစ်နေသည်မှာ ဤအချက်ကြောင့်လောဟု သံသယဖြစ်လာမိသည်။

ထို့ကြောင့် မြို့စားလေးက လုံးစုရဲထံ သူကိုယ်တိုင် သွားရောက်၍ စုံစမ်းမေးမြန်းခဲ့ခြင်း ဖြစ်လေသည်။

သူသည် လုံးစုရဲထံသို့ ရောက်ရှိသွားတော့မှ လုံးစုရဲပင် ရှောင်ဖုန်းအပေါ် ဤမျှ လေးစားကြည်ညိုနေလျှင် မိန်းကလေးများက သူ့အား နှစ်နှစ်ကာကာချစ်ကြမည်ကို ယုံမှားဖွယ်ရာမရှိတော့ပါ။

ထိုအမျိုးသမီးသည် မည်သည့်ယောကျ်ားကိုမျှ မချစ်ခဲ့ဖူးပါ။ ယောကျ်ားများ၏ ချစ်ခြင်းကိုလည်း မယုံကြည်ဖူးခဲ့ပါ။

သူမသည် လူကိုသာ သတ်၏။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ အသက်ကြီးသူဖြစ်စေ၊ အသက်ငယ်သူဖြစ်စေ သူမက အချိန်မရွေး၊ နေရာမရွေး သတ်သည်။



သူမ၏အသက်မွေးဝမ်းကျောင်းပညာမှာလည်း လူသတ်ခြင်းဖြင့် အဖိုးအခယူနေခြင်း ဖြစ်သည်။

ထို့ကြောင့် သိုင်းလောကသားများက သူမအား သွေးအေးမယ်တော်ဟု ခေါ်ဝေါ်ကြလေသည်။ ထို့ကြောင့် သူမ၏အမည်ရင်း ပျောက်၍ သွေးအေးမယ်တော်ဟု ကျော်ကြားလာခဲ့ခြင်း ဖြစ်သည်။

သူမသည် မြို့စားလေး၏တာဝန်ပေးချက်အရ ရှောင်ဖုန်းအား လိုက်လံရှာဖွေရ၏။

သူမသည် လုံးစုရဲထံမှ ရရှိသော သဲလွန်စကို ဝေဖန်သုံးသပ်လိုက်သောအခါ ရှောင်ဖုန်းအား ခေါ်ဆောင်သွားသူမှာ တိန်းယန့်ယန့်ဖြစ်သည်ဟု အတတ်သိလိုက်လေသည်။

သူမသည် တိန်းယန့်ယန့်ထံသို့ ရောက်ရှိသွားသောအခါ သူမ မရှိတော့ဘဲ ခုတင်ပေါ်၌ လဲလျောင်းနေသော ရှောင်ဖုန်းကိုသာ တွေ့မြင်လိုက်ရလေသည်။

ထိုအချိန်၌ ရှောင်ဖုန်းမှာ အိပ်မောကျနေသဖြင့် သူမက အလွယ်တကူ သတ်ပစ်နိုင်သော အခွင့်အလမ်း ရရှိခဲ့သည်။

သွေးအေးမယ်တော်သည် သူမ၏ဘဝတစ်လျှောက်လုံးတွင် လူသတ်ရာ၌ မည်သည့်အခါမျှ တွန့်ဆုတ်ခဲ့ခြင်း မရှိပါ။

ယခုတွင်မူ သူမက ရှောင်ဖုန်းအား သတ်မပစ်နိုင်ပေ။ ဤ

www.burmeseclassic.com

www.burmeseclassic.com



အချက်သည် မြို့စားလေးစိုးရိမ်သွားသော အချက်တစ်ချက်ဖြစ်၏။

ကြေးစားလူသတ်သမားတစ်ယောက်က ရှောင်ဖုန်းကိုပင် မသတ်မိခဲ့လျှင် ချင်းချင်း၏နှလုံးသားထဲ၌ ရှောင်ဖုန်းက နေရာအနှံ့ ပိုင်ဆိုင်ထားသည်မှာ သေချာနေလေပြီ။

မြို့စားလေးသည် စိုးရိမ်ပူပန်ခြင်း၊ သောကရောက်ခြင်း စသည့် လူ့ဒုက္ခအမျိုးမျိုးကို တစ်ကြိမ်မျှ မခံစားခဲ့ရဖူးပါ။

ယခုမှာမူ သူသည် စိုးရိမ်ပူပန်လာတတ်လေပြီ။

❀

ချင်းချင်းသည် ခေါင်းငုံ့ထားခြင်း မရှိတော့ပါ။

ယခု သူမက ခေါင်းမော့နေ၏။

သူမသည် မိမိ၏ကံကြမ္မာကို မိမိကိုယ်တိုင် ဆုပ်ကိုင်ထားနိုင်သည်သာမက သူများ၏ ကံကြမ္မာကိုပါ စိုးမိုးနိုင်ခဲ့ပြီ ဖြစ်သည်။

မြို့စားလေး၏ကံကြမ္မာသည် သူမ၏လက်ထဲတွင် ရောက်ရှိနေပြီ မဟုတ်ပါလော။

❀



❀

ညဉ့်နက်လှပြီဖြစ်၏။

တိတ်ဆိတ်သော သံမဏိခြသေ့်လမ်းထဲတွင် မှောင်မည်း၍ နေလေ၏။ အာမခံဌာန၏ညှိနှိုင်းခန်းထဲ၌ လုံးစုရဲနှင့် အိုယန့်ကျိုတို့ မျက်နှာချင်းဆိုင်ထိုင်၍ အရက်သောက်လျက် ရှိနေကြသည်။

သန်မာထွားကျိုင်းသော အဖွဲ့သားများသည် သူတို့အနီး၌ မတ်တတ်ရပ်၍ ဓားကိုယ်စီ အသင့်ပြင်ထားကြလေသည်။

ထိုအချိန်၌ အာမခံဌာန၏အိမ်တော်ထိန်း တုဖြူးက ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်ရောက်လာလေသည်။ သူသည် လုံးစုရဲရှေ့၌ ခြေလှမ်းရပ်၍ အရိုအသေပြုလိုက်၏။

"ဆရာကြီး ပေးထားတဲ့ တာဝန်အားလုံး အစီအစဉ်ချပြီးပါပြီ ခင်ဗျာ"

လုံးစုရဲက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ အခု လူဘယ်နှယောက် ကျန်သေးသလဲ"

"အိမ်ထောင်ရှိတဲ့လူကလွဲလို့ အားလုံးနေခဲ့မယ်လို့ ပြောပါတယ်"

"ငါပြောတဲ့အတိုင်း သေသေချာချာ ရှင်းမပြဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



တုဖြူးက ...

"ရှင်းပြပါတယ်၊ သူတို့က ဆရာကြီးနှင့် သေအတူရှင်အတူ နေခဲ့မယ်လို့ ပြောကြပါတယ်"

လုံးစုရဲက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်"

ထို့နောက် သူသည် ရုတ်တရက် မတ်တတ်ရပ်လိုက်၏။

သူ၏မျက်လုံးအစုံသည် ရပ်နေသော လူအားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်၏။ ပြီးမှ ...

"ညီအစ်ကိုတို့ မင်းရဲ့စေတနာကို ငါ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ဒါပေမဲ့ ငါ့အတွက်နဲ့တော့ မင်းတို့ကို ဒုက္ခမရောက်စေချင်ဘူး"

အိုယန့်ကျိုက စားပွဲကို လက်သီးဖြင့် ထုလိုက်သည်။

"သွေးမိုးဂိုဏ်းက ရောက်လာတော့မယ်၊ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ရတော့မှာပဲ၊ ဒီရန်ကြွေးကို အပြတ်ရှင်းလိုက်တာပဲ ကောင်းပါတယ်"

လုံးစုရဲက မျက်မှောင်ကြုတ်သွားလေသည်။

"ကနေ့ညဆိုရင် သွေးမိုးဂိုဏ်းဟာ ရှိသမျှအင်အားတွေစုပြီး လာကြမှာပဲ၊ ခက်တာက ငါတို့ဟာ နန်းတွင်းကိစ္စနဲ့ အပြင်ရောက် နေကြတယ်၊ ဒီမှာရှိတဲ့ အင်အားဟာ အတော့်ကို နည်းနေလို့ပဲ"



လုံးစုရဲသည် ကြောက်တတ်သော လူတစ်ယောက် မဟုတ်ပေ။ သူသည် သူ၏လက်အောက်ငယ်သားများ အကြောင်းမဲ့ သေဆုံးသွားရမည်ကို မလိုလားချေ။

သူတို့ စကားပြောနေစဉ် အပြင်ဘက်မှ စူးရှသော အော်သံများ ဆက်ကာ ဆက်ကာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုံးစုရဲ၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

"လာပြီဟေ့"

အဖွဲ့သားတစ်ယောက်က သူ၏လှံတံကို ကမန်းကတန်း လှမ်းပေးလိုက်သည်။ သူက လှံတံကို လှမ်းယူလိုက်စဉ် အိုယန့်ကျိုက ကျာပွတ်ကိုကိုင်၍ ပြေးထွက်သွားပြီဖြစ်၏။

လုံးစုရဲက လှမ်း၍ဟန့်တားလိုက်သည်။

"အိုယန့်ကျို"

သို့သော် အိုယန့်ကျိုမှာ အပြင်ဘက်သို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

❄

www.burmeseclassic.com

www.burmeseclassic.com



အိုယန့်ကျိုသည် အပြင်ဘက်သို့ ရောက်ရှိလာသောအခါ အဖွဲ့သား နှစ်ဆယ်ခန့်သည် ရောက်ရှိလာသော လူနှစ်ယောက်နှင့် ရင်ဆိုင်တိုက်ခိုက်လျက် ရှိနေသည်ကို တွေ့မြင်ရသည်။

အာမစ်ဓွာန အဖွဲ့သားနှစ်ဆယ်တို့သည် ဝင်ရောက်လာသော လူနှစ်ယောက်ကို ဟန့်တားနိုင်စွမ်းမရှိဘဲ ဖြစ်နေ၏။

ကျူးကျော်ရောက်ရှိလာသော လူနှစ်ယောက်မှာ မရဏထီးနှင့်မရဏဓားတို့ ဖြစ်လေသည်။

သူတို့သည် ခန်းမရှိရာသို့ တိုးဖောက်ဝင်ရောက်လာကြလေသည်။ အိုယန့်ကျိုက သူတို့ကို ဟန့်တားတိုက်ခိုတ်လိုက်၏။

မရဏထီးနှင့်မရဏဓားတို့က အိုယန့်ကျိုကို ညှပ်ပူးပိတ်တိုက်ခိုက်လိုက်ကြသည်။

လုံးစုရဲ အချိန်မီ ရောက်ရှိလာလေသည်။ မရဏထီးသည် လုံးစုရဲ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသဖြင့် ရယ်မောလိုက်လေသည်။

"လုံးစုရဲ ... ခင်ဗျား ဒီကနေ့ည သေဖို့ သေချာနေပြီ"

လုံးစုရဲသည် ရင်ထဲ၌ စိုးရိမ်ပူပန်သွား၏။ သူက ထိုလူနှစ်ယောက်အား မမှုပါ။



သို့သော် ကနေ့ည လာရောက်တိုက်ခိုက်သော လူများမှာ သူတို့နှစ်ယောက်တည်း မကပါ။

သွေးမိုးဂိုဏ်းမှ အားထားရသော လူသတ်သမားများ ပါဝင်လာမည်ကို သူက သိရှိထားခြင်းကြောင့် ဖြစ်လေသည်။

ထို့ကြောင့် သူက မရဏထီးအား မေးလိုက်၏။

"မင်းတို့နှစ်ယောက်တည်း မကဘူးထင်တယ်၊ ကနေ့ည ဘယ်သူများ ပါလာသေးသလဲ ထွက်ခဲ့ကြပါ"

မရဏထီးက မထီမဲ့မြင် ပြုံးလိုက်၏။

"မလိုပါဘူး၊ မင်းတို့ကို ငါ တစ်ယောက်တည်းနဲ့ နိုင်ပါတယ်"

သူသည် စကားဆုံးသွားသည်နှင့် လုံးစုရဲအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ ထိုအချိန်မှာပင် လူတစ်ယောက်၏အေးစိမ့်သောအသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ဘယ်လိုလဲဟ၊ မရဏသရဲငါးကောင်ဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားပါလျက် ဘာကြောင့် အသုံးမကျရတာလဲ"

အခြားအက်ကွဲသောအသံက ထွက်ပေါ်လာပြန်၏။

"မရဏသရဲငါးကောင်မှာ နှစ်ကောင်တည်း ကျန်တော့

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပိုတောင် အသုံးမကျသေးတယ်"

မရဏထီးနှင့် မရဏမားတို့သည် ထိုစကားကို ကြားလိုက်ရသောအခါ မျက်နှာတစ်ခုလုံး နီရဲသွားကြ၏။

အက်ကွဲသောအသံက ထပ်မံ ထွက်ပေါ်လာပြန်လေသည်။

"ကဲပါလေ … ပွဲကြည့်မနေပါနဲ့တော့၊ ဒီပွဲကို အမြန်ဆုံး အဆုံးသတ်လိုက်ပါတော့"

အခြားအသံတစ်ခုက …

"မင်း အရင်ဝင်မှာလား၊ ငါ အရင်ဝင်ရမှာလား"

အက်ကွဲသောအသံက …

"ကြီးစဉ်ငယ်လိုက်ပေါ့၊ ခင်ဗျားက အသက်ကြီးပါတယ်"

တခြားသောအသံက …

"ကောင်းပြီလေ … ကျုပ်ပဲ အရင်ဝင်လိုက်ပါ့မယ်"

စကားဆုံးသည်နှင့် အမှောင်ထုထဲမှ လူရိပ်တစ်ခု လျင်မြန်စွာ ရောက်ရှိလာလေသည်။

ထိုလူရိပ်သည် အင်္ကျီလက်နှစ်ဖက် ဝှေ့ယမ်းလိုက်သည်နှင့် အလင်းရောင် မီးပွင့်ကလေးများ လွင့်စဉ်ထွက်လာလေသည်။

လုံးစုရဲက ထိတ်လန့်စွာဖြင့် အော်လိုက်၏။

"သက်ခြွေကြေးပြားပါလား"



သူ၏အသံမဆုံးမီ ရူးရှသောအော်သံများသည် ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာလေသည်။

အာမပံ့ဌာန အဖွဲ့သား ဆယ်ယောက်တို့သည် မြေပေါ် အတုန်းအရုန်း လဲကျသေဆုံးကုန်ကြလေသည်။

အသက်ခြွေကြေးပြား နန်းကုန်းလျှံသည် သွေးမိုးဂိုဏ်းမှ ထိပ်တန်းလက်နက်ပုန်း သိုင်းသမားနှစ်ယောက်အနက် တစ်ယောက်ဖြစ်၏။

သူက ပွဲဦးထွက်လျှင်ထွက်ခြင်း တစ်ဖက်ရန်သူကို ထိတ်လန့်တုန်လှုပ်သွားစေခဲ့၏။

လုံးစုရဲမှာ ဒေါသခြောင်းခြောင်း ထွက်နေသည်။ သူသည် လှံတံဖြင့် တိုက်ခိုက်လိုက်၏။

သို့သော် အသက်ခြွေကြေးပြားက ရုတ်တရက် ရှောင်တိမ်းလိုက်ပြီး ခေါင်မိုးပေါ်သို့ ခုန်တက်သွားလေသည်။

လုံးစုရဲက လိုက်၍ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ သို့သော် သဲပွင့်ကလေးများက သူ့ထံသို့ ပက်ဖျန်းလာလေသည်။

အဆိပ်သဲဖြင့် ပက်ဖျန်းလိုက်သူမှာ သွေးမိုးဂိုဏ်း၏လက်နက်ပုန်း သိုင်းသမား ဇွေချိုဖြစ်သည်။

လုံးစုရဲမျက်နှာပေါ်တွင် တုံကျဉ်ပြီး စပ်ဖျဉ်းဖျဉ်းဖြစ်ကာ

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်သို့ လဲကျသွားလေသည်။

အိုယန့်ကျိုမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရလေတော့၏။

"လုံးစုရဲ"

သူက အော်ရင်း လုံးစုရဲထံသို့ ပြေးလွှားသွား၏။

ထိုအချိန်တွင် မရဏဓားက ဓားဖြင့်ခုတ်ချလိုက်ရာ အိုယန့်ကျို ညာဘက်လက်တစ်ဖက် တိခနဲပြတ်သွားပြီး မြေပေါ်သို့ လဲကျသွားလေသည်။

လုံးစုရဲနှင့်အိုယန့်ကျိုတို့ လဲကျသွားသည်နှင့် နန်းကုန်းလျှံနှင့် ဝေ့ချီတို့သည် ကျန်ရှိနေကြသော အဖွဲ့သားများကို ထင်ရာစိုင်း တိုက်ခိုက်ကြလေတော့သည်။

မရဏထီးက လုံးစုရဲနှင့် အိုယန့်ကျိုအား ထီးချွန်ဖြင့် အသေသတ်ရန် ဟန်ပြင်လိုက်ရာ ရုတ်တရက် လူတစ်ယောက်သည် အရှိန်ပြင်းစွာဖြင့် ပြေးဝင်လာပြီး မရဏထီးအား ခုန်အုပ်လိုက်၏။ အရှိန်က ပြင်းထန်လွန်းသဖြင့် မရဏထီးမှာ လက်ထဲမှထီး လွှတ်ကျသွားပြီး ပက်လက်လန် လဲကျသွားလေသည်။

ဤကဲ့သို့ ကိုယ့်အသက်ကို လုံးဝမမှုသောလူမှာ ရှောင်ဖုန်း ဖြစ်ရမည်ဟု သူက ချက်ချင်းပင် သိရှိလိုက်လေသည်။

သူသည် ဂနမ်းကတန်း ထရပ်၍ လှမ်းအော်လိုက်၏။



"လုံးဝူဆိုတာ သူပဲ"

နန်းကုန်းလျှံနှင့်ဝေ့ချီတို့သည် ထိုအသံ ကြားလိုက်သည်နှင့် နောက်ပြန် လှည့်ကြည့်လိုက်ပြီး မရဏထီးနှင့်အတူ ဗိုအနောက်ဆိုင် အနေအထားဖြင့် ရှောင်ဖုန်းအား ဝိုင်းရံထားလိုက်လေသည်။

မရဏထီးသည် နန်းကုန်းလျှံနှင့်ဝေ့ချီ ရောက်လာသည်ကို တွေ့ရသဖြင့် အားတက်သွားလေသည်။

"လုံးဝူ ... မင်းရောက်လာတာ အတော်ပဲ၊ ငါက မင်းကို လိုက်ရှာတော့မလို့"

ရှောင်ဖုန်းသည် ဒဏ်ရာပြင်းထန်စွာဖြင့် လဲကျနေသော လုံးစုရဲနှင့် အိုယန့်ကျိုကိုကြည့်ရင်း ရင်ထဲ၌ မချိအောင် ခံစားလိုက်ရ လေသည်။

သို့သော် ယခု သူသည် သူတို့အား မကယ်တင်နိုင်သေးပေ။ ရန်သူနှင့် သူသေကိုယ်သေ တိုက်ခိုက်ရဦးမည် မဟုတ်ပါလော။

သူသည် အဖြူရောင်အကျႌ ဝတ်ဆင်ထားသော အမျိုးသမီး၏ လက်ချက်ကြောင့် ဘုမသိ ဘမသိဖြင့် သေရမည့်အစား ယခုကဲ့သို့ ရင်ဆိုင်သတ်ပုတ်ပြီး သေရသည်က အကျိုးရှိမည်ဟု သဘောထားလိုက်လေသည်။

မရဏထီးက တိုက်ခိုက်ခြင်း မပြုပါ။ သူသည် နေရာသို့

www.burmeseclassic.com

www.burmeseclassic.com



ခြေတစ်လှမ်းဆုတ်၍ နန်းကုန်းလှုံနှင့်ဇေ့ချိတို့အား မျက်ရိပ်ပြလိုက်လေသည်။

"ကဲ ... ဒီလူကို ခင်ဗျားတို့လက်ထဲ အပ်လိုက်ပါပြီဗျာ"

ဇေ့ချိက နန်းကုန်းလှုံဘက်သို့ လှည့်ကြည့်လိုက်၏။

"ဒီတစ်ခါတော့ ကျုပ် အရင်ဝင်ပါရစေ"

နန်းကုန်းလှုံက ပြုံးလိုက်၏။

"ကောင်းပြီလေ"

ဇေ့ချိသည် တိုက်ခိုက်ရန် ပန်းတစ်ချက် လှုပ်ရှားလိုက်သည်။ သို့သော် သူတိုက်ခိုက်မှု မစတင်နိုင်မီမှာပင် ...

"အား"

ဇေ့ချိသည် ရုတ်တရက် အော်ဟစ်ပြီး လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်လိုက်လေတော့သည်။ ထို့နောက် မြေပေါ်သို့လဲကျကာ လူးလှိမ့်နေပေတော့သည်။

"ငါ့မျက်လုံး"

မမျှော်လင့်သောအဖြစ်အပျက်ကြောင့် နန်းကုန်းလှုံနှင့် မရဏထီးတို့မှာ ထိတ်လန့်အံ့ဩကုန်ကြလေသည်။

သူတို့ ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင် အုတ်နံရံပေါ်၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။



ညဏ်ဝိုးတဝါး အလင်းရောင်အောက်တွင် အဖြူရောင်အင်္ကျီဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်က နံရံပေါ်၌ ရပ်နေသည်ကို တွေ့လိုက်ရ၏။

"ခင်ဗျား သွေးအေးမယ်တော် မဟုတ်လား"

နန်းကုန်းလှုံက လှမ်းမေးလိုက်သည်။

သွေးအေးမယ်တော်၏အသံမှာ အေးစက်လှ၏။

"ရှင့်ရဲ့မျက်လုံး လျင်သားပဲ၊ ကျွန်မကို တိန်းယန်ယန်နဲ့ မမှားတာပဲ ချီးကျူးရမလို ဖြစ်နေပြီ"

သိုင်းလောကတွင် ကြောက်စရာအကောင်းဆုံးနှင့် အရက်စက်ဆုံးသော အမျိုးသမီးနှစ်ယောက် ရှိ၏။

တစ်ယောက်မှာ သွေးအေးမယ်တော်ဖြစ်ကာ ကျန်တစ်ယောက်မှာ တိန်းယန်ယန်ဖြစ်သည်။ သူတို့နှစ်ယောက်စလုံး အဖြူရောင်အင်္ကျီ ဝတ်ဆင်ခြင်းကို နှစ်သက်ကြလေသည်။

ထို့ကြောင့် ရှောင်ဖုန်းသည် သွေးအေးမယ်တော်အား ပထမဆုံးအကြိမ် မြင်တွေ့ခဲ့စဉ်က တိန်းယန်ယန်ဟု မှားခဲ့မိလေသည်။

နန်းကုန်းလှုံက ထိုအမျိုးသမီးအပေါ် အနည်းငယ် ထွန့်လှုပ်နေ၏။ သို့သော် သူက ဒေါသထွက်နေသော အသံဖြင့် အော်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့ကျုပ်တို့ ဘာရန်ငြိုးမှ မရှိဘဲနဲ့ ဘာကြောင့် ကျုပ်တို့လူ ဝေ့ချိုကို ရက်ရက်စက်စက် လုပ်လိုက်ရတာလဲ"

သွေးအေးမယ်တော်က နံရံပေါ်မှ ဆင်းလိုက်လေသည်။ ရှောင်ဖုန်းအား လက်ညှိုးထိုးပြလိုက်ရင်း ...

"ဒါပေမဲ့ ရှင် သူ့ကို တိုက်ခိုက်နေလို့"

"သူက ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

နန်းကုန်းလျှံက ပြန်မေးလိုက်၏။

သွေးအေးမယ်တော်က ...

"အကြီးအကျယ် ပတ်သက်နေတာပေါ့"

သို့သော် ရှောင်ဖုန်းက သူမနှင့် မပတ်သက်ချင်ပေ။ ယင်းကဲ့သို့ အမျိုးသမီးမျိုးကို သူက ဝေးဝေးရှောင်လို၏။

သူသည် တိန်းယန့်ယန့်နှင့်တွေ့ဆုံ ပတ်သက်ခဲ့ရသောကြောင့် အလွန်ဦးနှောက်စားခဲ့ရသည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် ဒုတိယ တိန်းယန့်ယန့်အား ထပ်မံမတွေ့လိုတော့ပါ။ ထိုအချိန်တွင် မရဏထီးက သွေးအေးမယ်တော်စကားပြောနေသည်ကို အခွင့်ကောင်းယူ၍ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သွေးအေးမယ်တော်က လှုပ်ပင်မလှုပ်ဘဲ လက်ညှိုးကလေး



ဖြင့် တောက်လိုက်ရာ စိမ်းဖန့်ဖန့် အလင်းရောင်တန်းတစ်ခု ပစ်လွင့်သွားသည်။

မရဏထီး အသုံးပြုသောထီးသည် သိုင်းလောကရှိ မည်သည့်လက်နက်ပုန်းမျိုးကိုမှ မကြောက်ပေ။

သို့သော် သွေးအေးမယ်တော်နှင့် ရင်ဆိုင်လိုက်ရသောအခါ သူ၏ထီးမှာ မည်သို့မျှ အသုံးမဝင်နိုင်ဘဲ ဖြစ်သွားလေတော့၏။

သွေးအေးမယ်တော်၏လက်နက်ပုန်းသည် သူ၏ထီးကို ထိုးဖောက်၍ မျက်နှာပေါ်သို့ တည့်မတ်စွာ ရောက်ရှိသွားလေသည်။

"အား"

သူသည် ဝေ့ချိုကဲ့သို့ လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ကာ မြေပေါ်သို့ လဲကျပြီး လူးလိမ့်နေပေတော့သည်။

မရဏ်စားသည် ခန်းမထဲသို့ ရောက်ရှိနေရာ မရဏထီး၏ အော်သံကို ကြားလိုက်သဖြင့် ပြေးထွက်လာသည်။

သူသည် မရဏထီး လဲကျနေသည်ကို တွေ့မြင်လိုက်ရသောအခါ နန်းကုန်းလျှံဘက်သို့ လှည့်ကြည့်လိုက်၏။

"ခင်ဗျား ဘာလုပ်နေတာလဲ၊ ပွဲကြည့်နေတာလား"

သူမ ယင်းသို့အော်ရင်း ဓားဖြင့် သွေးအေးမယ်တော်ထံသို့ ပြေးဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးအေးမယ်တော်က မလှုပ်မယှက်ပင် ရပ်နေသည်။

ရှောင်ဖုန်းက ကြားဖြတ်၍ မရဏာမားအား တင်းကျပ်စွာ သိုင်းဖက်ထားလိုက်လေသည်။

မရဏာမားသည် ရုန်းကန်၍နေသော်လည်း ရှောင်ဖုန်း၏ လက်နှစ်ဖက်မှာ သံမဏိညှပ်ပမာ သူ့အား တင်းကျပ်စွာ ညှပ်ထားသဖြင့် အသက်ရှူပင်ရပ်မတတ် ဖြစ်သွားလေသည်။

နန်းကုန်းလျှံက ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ သို့သော် သွေးအေးမယ်တော်က သူ့အား ကြည့်နေသည်ကို တွေ့လိုက်ရသဖြင့် မလှုပ်ရှားဝံ့ဘဲ ငြိမ်နေရလေသည်။

ထိုအချိန်တွင် နံရံပေါ်သို့ လူနှစ်ဆယ်ခန့် ရောက်ရှိလာသည်။

သွေးအေးမယ်တော်က လှည့်ကြည့်လိုက်ရာ ထိတ်ခနဲ ဖြစ်သွားရလေသည်။

သွေးအေးမယ်တော်အား ရင်ထိတ်စေနိုင်သောလူမှာ အလွန်ရှားပါးလှ၏။ ထိုလူများ၏ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အင်္ကျီများပေါ်၌ အဖြူရောင်အရိုးစုပုံများ ပါရှိလေသည်။

ထို့ကြောင့် ထိုလူများသည် သွေးမိုးဂိုဏ်းမှ ဂိုဏ်းချုပ်၏ ကိုယ်ရံတော်များဖြစ်ကြသည်မှာ အထူးပြောနေစရာ မလိုတော့ချေ။



ကနေ့ည သွေးမိုးဂိုဏ်း၏ဂိုဏ်းချုပ် စုကူးလိန့်သည် ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိလာလိမ့်မည်ဟု မည်သူမျှ မမျှော်လင့်ခဲ့ပေ။

နန်းကုန်းလျှံသည် သွေးအေးမယ်တော်က လှည့်ကြည့်နေသည်ကို အခွင့်ကောင်းယူ၍ လျှပ်တစ်ပြက် လက်နှစ်ဖက် ဝှေ့ယမ်းလိုက်သည်။

သက်ခြေကြေးပြား တစ်ဆယ့်နှစ်ပြားသည် မိုးသီးမိုးပေါက်ပမာ သွေးအေးမယ်တော်ထံသို့ ပစ်လွှင့်သွားလေသည်။

သွေးအေးမယ်တော်သည် အသံကြား၍ လှည့်ကြည့်မိသောအခါ ရှောင်တိမ်းရန်ပင် အချိန်မရတော့ပါ။

သူမမျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

ထိုတဒင်္ဂအချိန်၌ ရှောင်ဖုန်းသည် မရဏာမား၏ခန္ဓာကိုယ်ဖြင့် သွေးအေးမယ်တော်ရှေ့သို့ ခံပေးလိုက်ရာ သက်ခြေကြေးပြား တစ်ဆယ့်နှစ်ပြားစလုံး မရဏာမား၏ကိုယ်ပေါ်သို့ စိုက်ဝင်သွားလေတော့သည်။

သွေးအေးမယ်တော်မှာ စိတ်သက်သာရာ ရသွား၏။ သူမသည် နန်းကုန်းလျှံအား အေးစက်စွာ ကြည့်လိုက်သည်။

"အလာရှိရင် အသွားရှိရမယ်ဆိုတဲ့စကားကို ကြားဖူးသလား"

www.burmeseclassic.com

www.burmeseclassic.com



နန်းကုန်းလျှံ ထိတ်ခနဲ ဖြစ်သွား၏။

သူသေကိုယ်သေ ရှင်းရတော့မည်ဖြစ်ကြောင်း အလိုလို နားလည်လိုက်ပြီ ဖြစ်သည်။

ထိုအချိန်၌ နံရံပေါ်မှ လူတစ်ယောက်က အော်မေးလိုက်သည်။

“ရှောင်ဖုန်း သေသွားပြီလား”

ရှောင်ဖုန်း ပြန်ထူးလိုက်၏။

“ကျုပ် မသေသေးဘူး”

နံရံပေါ်မှလူက ...

“နန်းကုန်းလျှံ ... ဂိုဏ်းချုပ်က အမိန့်ရှိလိုက်တယ်၊ သူ့ကို လွှတ်လိုက်ပါ”

နန်းကုန်းလျှံက သဘာကျသွားလေသည်။

သူက သွေးအေးမယ်တော်အား လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်ဟန်ပြုကာ ...

“ဒါဖြင့် ကျုပ်သွားတော့မယ်”

နန်းကုန်းလျှံသည် နံရံရှိရာသို့ ပြေးလွှားသွား၏။

သွေးအေးမယ်တော်က ...

“ဒီလိုလုပ်လို့ ဘယ်ရမှာလဲ”



သူမသည် အဆိပ်အပ်ကလေးဖြင့် ပစ်လွှင့်လိုက်၏။

နန်းကုန်းလျှံက အခြေအနေမဟန်မှန်း သိလိုက်သည်။

သို့သော် သူသည် ရှောင်တိမ်းရန်ပင် အချိန်မရတော့ပေ။ အဆိပ်အပ်ကလေးများသည် သူ၏ကျောပြင်သို့ စိုက်ဝင်သွားလေသည်။

“အား”

နန်းကုန်းလျှံသည် ရူးရှူးရှဲ အော်ဟစ်ရင်း လဲကျသွားလေသည်။

သွေးအေးမယ်တော်သည် သူမ၏လုပ်ရပ်ကြောင့် နံရံပေါ်မှလူအားလုံး ဝင်ရောက်တိုက်ခိုက်လာလိမ့်မည်ဟု မျှော်လင့်ထင်မှတ်ထား၏။

သို့သော် သူမ ထင်မှတ်ထားသလို ဖြစ်မလာချေ။

နံရံပေါ်မှလူများသည် လုံးဝအရေးမစိုက်ဘဲ ထွက်ခွာပျောက်ကွယ်သွားကြ လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



သံမဏိခြေသို့လမ်းကလေး၏ထိပ်တွင် လူနှစ်ယောက်သည် အမှောင်ထုထဲ၌ ရပ်နေ၏။

သူတို့နှစ်ယောက်စလုံးမှာ စကားတစ်ခွန်းမျှ မပြောကြပါ။ အရိုးစုအင်္ကျီ ဝတ်ဆင်ထားကြသော လူများသည် သူတို့ထံ ပြေးလွှား ရောက်ရှိလာကြလေသည်။

သူတို့ထဲမှ လူတစ်ယောက်က အစီအသေပြုလိုက်လေသည်။

"ဗိုလ်ချုပ်ကို သတင်းပို့ပါတယ်၊ ရှောင်ဖုန်း မသေသေးပါဘူး"

အမှောင်ထုထဲ၌ ရပ်နေသော လူနှစ်ယောက်အနက် တစ်ယောက်မှာ သွေးမိုးဂိုဏ်းမှ စုထုလိန် ဖြစ်၏။

စုထုလိန်က ရယ်မောလိုက်လေသည်။

"ကောင်းပြီ၊ ငါတို့ ခွေးနွေးထားတဲ့ကိစ္စ အောင်မြင်ပါပြီလေ"

အမှောင်ထုထဲမှ အခြားလူတစ်ယောက်က ...

"ဝမ်းသာပါတယ်၊ သုံးရက်အတွင်းမှာ ခင်ဗျားလိုချင်တဲ့ ပစ္စည်းကို ကျုပ် အရောက်ပို့လိုက်ပါ့မယ်"

စုထုလိန်က ထိုလူနှင့် လက်ဝါးချင်း ရိုက်ချလိုက်လေသည်။



"ကောင်းပါပြီဗျာ ... ကတိတည်ပါစေ"

သူသည် မိမိ၏လူအား လှည့်၍ပင် မကြည့်ဘဲ သူ၏လက်အောက်ငယ်သားများအား ခေါ်ဆောင်၍ ထွက်ခွာသွားကြလေသည်။

အမှောင်ထုထဲ၌ ကျန်ရှိသော လူတစ်ယောက်က ထွက်ခွာမသွားသေးဘဲ ရပ်၍စောင့်နေ၏။

❄

တစ်ခဏအကြာတွင် လမ်းထဲမှ လူတစ်ယောက် ပြေးထွက်လာသည်။ အခြားသူ မဟုတ်ပါ။

သွေးအေးမယ်တော် ဖြစ်၏။ အမှောင်ထုထဲတွင် ရပ်နေသောလူက ကမန်းကတန်း ထွက်၍ ဆီးကြိုလိုက်၏။

"ရှောင်ဖုန်း တကယ်မသေသေးဘူးလား"

သွေးအေးမယ်တော်က ပြုံးလိုက်၏။

"သူ မသေနိုင်တော့ပါဘူး"

သူမက စကားဆက်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ စုထုလိန်ကို ရှင့်စကား နားထောင်အောင် ရှင် ဘယ်လိုလုပ်သလဲဆိုတာ ကျွန်မ နားမလည်ဘူး"

ထိုလူက အေးတိအေးစက်အသံဖြင့် ...

"ငါတို့က အရောင်းအဝယ်တစ်ခု လုပ်ခဲ့လို့ပါ"

"ဘာအရောင်းအဝယ်လဲ"

ထိုလူက ...

"ငါတို့ ဘိုးစဉ်ဘောင်ဆက် လက်ထက်က အမွေအနှစ်တစ်ခုဖြစ်တဲ့ ကျောက်စိမ်းပေထုပ်နဲ့ ရှောင်ဖုန်းအသက် တစ်ချောင်းကို ဖလှယ်လိုက်တယ်"

သွေးအေးမယ်တော်က ...

"အဖိုးအခတော့ အလွန်ကြီးမားလှပါတယ်၊ ရှောင်ဖုန်းကိုယ်တိုင်ကတောင် သူ့အသက်ဟာ ဒီလောက် တန်ဖိုးရှိလိမ့်မယ်လို့ ထင်မိမှာ မဟုတ်ဘူး"

"ဒါပေမဲ့ ငါက တန်တယ်ထင်လို့ ပေးလိုက်တာ"

သူက လက်ခုပ်တစ်ချက် တီးလိုက်ရာ အမှောင်ရိပ်တွင် ရပ်နေသော ရထားလုံးတစ်စင်းသည် သူတို့ဆီ ရောက်ရှိလာလေသည်။

သူတို့သည် ရထားလုံးပေါ်သို့ တက်လိုက်သည်နှင့် ရထား



လုံးက အရှိန်ပြင်းစွာဖြင့် မောင်းနှင်ထွက်ခွာသွားလေ၏။

ညဉ့်သည် ပို၍ တိတ်ဆိတ်လာလေသည်။

❀

ညဉ့်သည် ပို၍ နက်ရှိုင်းလာပြီဖြစ်၏။

အာမစ်ဌာနတွင် လူသေအလောင်းသုံးဆယ်ခန့် ဖြန့်ကြဲနေသည်။

အသက်ရှင်၍ ကျန်ရစ်ခဲ့သော လူဟူ၍ များများစားစား မရှိပါချေ။ လုံးစုရဲမှာ အသက်မသေသေးသော်လည်း သေလုမျောပါး ဖြစ်နေလေပြီ။

အိုယန်ကျိက လက်တစ်ဖက်ပြတ်သွားသော်လည်း အသက်ချမ်းသာရာ ရရှိသွားလေသည်။

ယခု သူသည် လှူးလိမ့်၍ မတ်တတ်ရပ်နိုင်ခဲ့လေပြီ။ ရှောင်ဖုန်းက လုံးစုရဲ၏အနီးတွင် ဒူးထောက်၍ ထိုင်နေ၏။

သူ၏နှုတ်မှလည်း တတွတ်တွတ် ညည်းညူရေရွတ်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အလာနောက်ကျသွားတယ်ဗျာ"

လုံးစုရဲက ကျေနပ်သော အပြုံးဖြင့် ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ... မင်း ရောက်အောင်လာခဲ့လို့ ငါ သေပျော်ပါပြီ"

ရှောင်ဖုန်းက မိမိကိုယ်မိမိ မကျေနပ်နိုင်အောင် ဖြစ်နေရ၏။

"ကျုပ် စောစောရောက်ရင် အကောင်းသား"

"ငါ့ညီရယ် ငါတို့ဟာ ညီအစ်ကိုတွေပါ၊ ငါသေမှ လာလည်း ငါ ကျေနပ်ပါပြီ"

ရှောင်ဖုန်းက ခေါင်းတညိတ်ညိတ်ဖြင့် ...

"ဟုတ်တယ်၊ ခင်ဗျားက လုံးစုရဲ၊ ကျုပ်က လုံးဂူ"

"ဟုတ်တာပေါ့၊ ငါတို့ဟာ ညီအစ်ကိုတွေပဲ"

သူက အားရပါးရ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား"

ရယ်မောသံများသည် တဖြည်းဖြည်း တိမ်ဝင်သွား၏။ နောက်ဆုံး ရယ်မောသံက ရပ်တန့်သွားလေသည်။

လုံးစုရဲကား သေဆုံးသွားပြီ ဖြစ်ပေသည်။ သို့သော် ... သူ၏မျက်နှာပေါ်၌ ကျေနပ်သောအပြုံး ယှက်သမ်းနေလေ၏။



ရှောင်ဖုန်း၏ရင်ထဲ၌ လှိုက်လှဲစွာ ခံစားလိုက်ရလေသည်။

"အစ်ကိုကြီး လုံးစုရဲ"

အိုယန်နဲ့ကျိုသည် အလွန်စိတ်ဓာတ်ခိုင်မာသော လူတစ်ယောက်ဖြစ်သည်။ ယခုမူ စိတ်ထိခိုက်မှုကို မည်သို့မျှ ထိန်းချုပ်နိုင်စွမ်း မရှိတော့ပေ။ သူသည် ရှောင်ဖုန်းကို လှမ်းကြည့်ကာ ...

"လုံးစုရဲနဲ့ ငါ့ညီတို့ အခုလို ညီအစ်ကိုဖြစ်တာ သူသေသွားတာတောင် သေပျော်ပါပြီ"

ရှောင်ဖုန်းက ငိုကြွေးနေရာမှ ရပ်တန့်လိုက်၏။

"သူတို့က သွေးမိုးဂိုဏ်းက လူတွေလား"

အိုယန်နဲ့ကျိုက ခေါင်းညိတ်လိုက်သည်။

ရှောင်ဖုန်းက ...

"ကောင်းပြီ၊ ကျုပ် သူတို့ကို သွားတွေ့ဦးမယ်"

"မင်း သွားတွေ့စရာမလိုပါဘူး၊ လုံးစုရဲက မင်းကို မျှော်နေတာ သူက လူတစ်ယောက်ကို သွားတွေ့ဖို့ ပြောပြမလို့"

ရှောင်ဖုန်းက ...

"ဘယ်သူလဲ၊ ချင်းချင်းလား"

အိုယန်နဲ့ကျိုက ခေါင်းခါယမ်းလိုက်၏။

"အဲဒီလူက ဒီကိုလာပြီး မင်းအကြောင်းကို စုံစမ်းခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



တမြားအမျိုးသမီးတစ်ယောက်ကလည်း လာစုံစမ်းတယ်၊ အဲဒီအမျိုးသမီးကတော့ မင်းကို လာပြီး ကူညီခဲ့တဲ့ အဖြူရောင်အင်္ကျီနဲ့ အမျိုးသမီးပါပဲ"

ရှောင်ဖုန်းက ...

"အဲဒီ အမျိုးသမီးကို သွားတွေ့ရမယ် ဟုတ်လား"

"မဟုတ်ဘူး"

ရှောင်ဖုန်း မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ဘယ်သူ့ကိုလဲ"

"မြို့စားလေး"

ရှောင်ဖုန်းမှာ ခေတ္တမျှ တွေဝေသွား၏။

"ကျုပ်က သူ့ကို ဘာဖြစ်လို့ သွားတွေ့ရမှာလဲ"

အိုယန့်ကျိုက ...

"မြို့စားလေးက ဘာကိစ္စနဲ့ မင်းကို တွေ့ချင်တယ်ဆိုတာ ငါလည်း မသိဘူး"

သို့သော် အိုယန့်ကျို နားလည်ထားသည်မှာ မြို့စားလေးသည် ပေါင်းသင့်ပေါင်းထိုက်သော မိတ်ဆွေကောင်းတစ်ယောက် ဖြစ်၏။

အကြောင်းမှာ မြို့စားလေးသည် ပေါင်းသင်းရန် မည်သို့မျှ



လွယ်ကူသည့်ပွဲစားမျိုး မဟုတ်ခြင်းကြောင့် ဖြစ်ပေသည်။

ယခု လုံးစုရဲက ရှောင်ဖုန်းအား မြို့စားလေးထံသို့ သွားရောက်တွေ့ဆုံရန် မှာကြားခဲ့သည်မှာ ရှောင်ဖုန်းနှင့် မြို့စားလေးတို့ မိတ်ဆွေကောင်းအဖြစ် ပေါင်းသင်းစေလိုသော စေတနာကြောင့် ဖြစ်ဟန်တူသည်။

သို့သော် ရှောင်ဖုန်းသည် မြို့စားလေးထံသို့ အရေးတကြီး သွားတွေ့လိုသော စိတ်မရှိပါ။

သူသည် အိုယန့်ကျိုနှင့်အတူ အာမစ်ဌာနမှ အဖွဲ့သားများနှင့် လုံးစုရဲ၏ဈာပနအခမ်းအနားကို ကူညီဆောင်ရွက်ပေးနေရလေသည်။

အလုပ်များ ရှုပ်ထွေးနေသဖြင့် ရှောင်ဖုန်းသည် မြို့စားလေးထံ သွားရောက်ရန်ပင် မေ့လျော့နေ၏။

ငါးရက်မြောက်သောနေ့တွင် မြို့စားလေးက ဖိတ်စာဖြင့် သူ့ထံ လာရောက်ဖိတ်ကြားတော့မှ သတိရလာလေသည်။

အိုယန့်ကျိုက ရှောင်ဖုန်းနှင့်အတူ မြို့စားလေး၏ဂေဟာသို့ လိုက်သွားလေသည်။

* ❋ *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ရှောင်ဖုန်းသည် မြို့စားလေးဆိုသည်မှာ အလွန်မာန်မာနကြီး၍ ကိန်းခန်းကြီးလိမ့်မည်ဟု ထင်ခဲ့မိသည်။

သို့သော် သူသည် မြို့စားဂေဟာသို့ ရောက်ရှိလာသောအခါ မြို့စားလေးက ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြိုဆို၍ ရင်းရင်းနှီးနှီး ဆက်ဆံပြောဆိုသည်ကို တွေ့ရှိရသဖြင့် မြို့စားလေးအပေါ် ခင်မင်လေးစားလာမိလေသည်။

မြို့စားလေးက သူတို့အား အထူးဧည့်သည်အဖြစ် ဧည့်ခံနေ၏။ ထမင်းစားသောက်ပြီးနောက် မြို့စားလေးက ရုတ်တရက် ဖိတ်ကြားလိုက်လေသည်။

"ကျုပ် မနက်ဖြန် လက်ထပ်တော့မယ်၊ ခင်ဗျားတို့နှစ်ယောက် ကြွရောက်ချီးမြှင့်ဖို့ ဖိတ်ကြားလိုက်ပါတယ်"

ရှောင်ဖုန်းက ခေါင်းခါလိုက်၏။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် ကနေ့ညပဲ ဒီနေရာက ထွက်



ခွာသွားတော့မှာမို့ပါ"

"တစ်ရက်နှစ်ရက်တောင် မစောင့်နိုင်တော့ဘူးလား"

ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်ပြန်၏။

အိုယန့်ကျိုက အားနာဟန်ဖြင့် ကြားဖြတ်ပြောလိုက်သည်။

"သူက လူတစ်ယောက်ကို အရေးတကြီး သွားတွေ့ရမှာမို့ပါ"

မြို့စားလေး မျက်မှောင်ကြုတ်သွားသည်။

"အဲဒီလူက ဘယ်မှာရှိနေလို့လဲ"

ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်လေသည်။

မြို့စားလေးက ...

"တွေ့ချင်တဲ့လူ ဘယ်မှာရှိမှန်းမှ မသိဘဲနဲ့ တစ်ရက်လောက် ဆိုင်းလိုက်ရင်လည်း အကြောင်းမထူးပါဘူး"

ရှောင်ဖုန်းမှာ ငြင်းပယ်၍မရသဖြင့် စိတ်မပါ့တပါဖြင့် လက်ခံလိုက်ရလေသည်။

❄

www.burmeseclassic.com

www.burmeseclassic.com



မြို့စားလေးသည် ဤကဲ့သို့ လုပ်ဆောင်ခြင်းမှာ အလွန်အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခု ဆုံးဖြတ်ရန် ဖြစ်၏။

သူ၏လုပ်ရပ်သည် ချွတ်ချော်သွားပါက သူရရှိမည့် ရလဒ်မှာ ပြောင်းပြန်ဖြစ်လာနိုင်သည်ကို သူကိုယ်တိုင် နားလည်ထားလေသည်။

သို့သော် သူသည် ဤကဲ့သို့ စမ်းသပ်ခြင်းမှာ အလွန်ကြီးမားသော ရလဒ်တစ်ခု ရလာနိုင်သည်ဟု သူက ခန့်မှန်းထား၏။

အကယ်၍ ချင်းချင်းသည် ရှောင်ဖုန်းအား နဖူးတွေ့ ဒူးတွေ့ မြင်လိုက်ပြီး မည်သို့မျှ စိတ်ပြောင်းလဲခြင်း မရှိပါက ...

သူမ၏ကိုယ်ခန္ဓာသာမက သူမ၏အသည်းနှလုံးကိုပါ သူက လုံးဝပိုင်ဆိုင်နိုင်မည် ဖြစ်၏။

ဤအကြောင်းနှင့် ပတ်သက်၍ သူသည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးထား၏။ ထို့ကြောင့် ယခုကဲ့သို့ စွန့်စားမှုတစ်ခု ပြုလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်ခြင်း ဖြစ်လေသည်။

❄



နောက်တစ်နေ့နံနက်တွင် ဖြစ်၏။

မြို့စားလေးဂေဟာတစ်ခုလုံး မင်္ဂလာအခမ်းအနားအတွက် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ပြင်ဆင်လျက် ရှိနေ၏။

ချင်းချင်းက ခေါင်းငုံ့ထား၏။ ကနေ့ကစပြီး သူမသည် မြို့စားလေး၏ဇနီး ဖြစ်တော့မည် ဖြစ်သည်။

ဤသည်မှာ အလွန်ဝမ်းသာဖွယ်ရာ ကောင်းသည်မဟုတ်ပါလော။ သို့သော် သူမရင်ထဲတွင် ချိတုံချတုံ ဖြစ်နေသေး၏။

ကျင်းချွမ်းပြောခဲ့သော စကားများသည် မှန်ကန်နေပြီလော။ သူမသည် တွေဝေနေစဉ် မြို့စားလေးက သူမအနီးသို့ ရောက်ရှိလာလေသည်။

"ချင်းချင်း"

ချင်းချင်းက ထိတ်ခနဲဖြစ်ကာ မော့ကြည့်လိုက်၏။

"ရှင် ဘယ်တုန်းက ရောက်လာတာလဲ"

မြို့စားလေးက သူမ၏ပခုံးပေါ်သို့ လက်တင်လိုက်၏။

"နင် ဘာတွေ စဉ်းစားနေတာလဲ၊ ရှောင်ဖုန်းကို သတိရနေတုန်းပဲလား"

မြို့စားလေး၏စကားကြောင့် ချင်းချင်း၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြောပြပြီးပါပြီ၊ ဒီလူကို ကျွန်မ မေ့ထားတာ ကြာပါပြီလို့"

"တကယ်ပြောတာလား"

ချင်းချင်းက ပြတ်သားစွာ ပြောလိုက်၏။

"တကယ်လို့များ ကျွန်မက စိတ်မပိုင်းဖြတ်ခဲ့ရင် ရှင့်ကို အကြောင်းစုံ ပြောပြမှာ မဟုတ်ဘူး"

မြို့စားလေးက ပြုံးလိုက်၏။

"ငါ ယုံပါတယ်၊ ဒါပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန် သူ့ကို ပြန်တွေ့ရင်ကော"

ချင်းချင်းက ခေါင်းသံပါလာလေသည်။

"ကျွန်မ ဒီတစ်သက်မှာ သူ့ကို မတွေ့ချင်တော့ပါဘူး"

"တကယ်လို့ သူ့ကိုတွေ့ရင်ကော"

ချင်းချင်းက စဉ်းစားခြင်းပင် မပြု။ တွေဝေတုံ့ဆိုင်းခြင်းလည်း မရှိခဲ့။

"သူ့ကို ကျွန်မ မသိဘူးပေါ့"

မြို့စားလေးက ကျေနပ်စွာဖြင့် ပြုံးလိုက်လေသည်။ သူ၏ ရည်မှန်းချက်မှာ အောင်မြင်နေပြီဟု တွေးကာ ကျေနပ်မိခြင်းဖြစ်သည်။



ချင်းချင်းက မျက်မှောင်ကြုတ်၍ သူ့အား မေးလိုက်သည်။

"ရှင်က ဘာစိတ်ကူးပေါက်ပြီး ဒီစကားကို မေးနေရတာလဲ"

မြို့စားလေးက ပြုံးလိုက်၏။

"ကျုပ်စိတ်ထဲမှာ အလိုလို တွေးမိလာလို့ပါ"

❊

မြို့စားကြီးသည် ဘုရင်၏အမိန့်တော်အရ တာဝန်တစ်ခု ထမ်းဆောင်ရင်း နယ်ထွက်သွားခြင်း ဖြစ်လေသည်။

မြို့စားကြီး ဆောင်ရွက်ရမည့် တာဝန်မှာ ခြောက်လအချိန် ကြာမည်ဖြစ်၏။

မြို့စားလေးသည် ချင်းချင်းအား လက်လွှတ်မခံလိုသဖြင့် မြို့စားကြီး ပြန်လာသည်အထိ မစောင့်နိုင်တော့ဘဲ ယခုကဲ့သို့ အမြန်ဆုံး လက်ထပ်ရန် စီစဉ်လိုက်ခြင်းပင် ဖြစ်၏။

မိဘ ပြန်ရောက်လာမှ မိဘအား အကျိုးအကြောင်း ပြော၍ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲ ထပ်မံကျင်းပရန် ရည်ရွယ်ထားသဖြင့် ယနေ့ကျင်းပသော မင်္ဂလာပွဲသည် မိတ်ဆွေသင်္ဂဟများကိုပင်

www.burmeseclassic.com

www.burmeseclassic.com



မဖိတ်တော့ဘဲ အကျဉ်းချုံးလိုက်ခြင်းပင် ဖြစ်လေသည်။

❄

ရှောင်ဖုန်းသည် ကတိပေးထားသည့်အတိုင်း မြို့စားဂေဟာသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

သူနှင့်အတူ လက်တစ်ဖက်ပြတ်သော အိုယန့်ကျိုလည်း ပါလာလေသည်။

မင်္ဂလာပွဲကို အကျဉ်းချုံး၍ ကျင်းပသည်ဟု ဆိုသော်လည်း ဧည့်သည်တစ်ရာခန့် ရောက်ရှိလာကြလေသည်။

မြို့စားလေးက ဧည့်သည်များကို ကြိုဆိုဧည့်ခံပြီးနောက် ထိုနေရာမှ ထွက်ခွာသွားလေသည်။

ရှောင်ဖုန်းသည် မြို့စားလေးက လာရောက်နှုတ်ဆက်ခြင်း မပြုသဖြင့် ဘဝင်မကျနိုင်အောင် ဖြစ်သွားရ၏။ ထိုစဉ်မှာပင် အိမ်ဖော်တစ်ယောက်က ရောက်ရှိလာလေသည်။

သူမသည် မြို့စားလေးက သူတစ်ယောက်တည်းအား သီးသန့် တွေ့လိုသဖြင့် ကြွရောက်ပါရန် ဖိတ်ခေါ်လိုက်ခြင်း ဖြစ်ကြောင်း



ပြောလိုက်လေသည်။

ရှောင်ဖုန်းက အိမ်ဖော်ခေါ်ဆောင်ရာသို့ လိုက်ပါသွား၏။ အိမ်ဖော်မလေးသည် သူ့အား အခန်းတစ်ခန်းရှေ့သို့ ခေါ်ဆောင်လာပြီးနောက် ...

"အထဲကို ကြွပါရှင်၊ မြို့စားလေး လာပါလိမ့်မယ်"

သူမက ပြောပြီး ပြန်လည်ထွက်ခွာသွား၏။

ရှောင်ဖုန်းက အခန်းထဲသို့ လှမ်းဝင်လိုက်သည်။ ထိုအခါမှ ဤအခန်းသည် မင်္ဂလာခန်းမဖြစ်သည်ကို တွေ့ရှိလိုက်ရလေသည်။

ခုတင်ပေါ်၌ သတို့သမီး အဝတ်အစား ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်က ခေါင်းငုံ့၍ ထိုင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားကာ အခန်းထဲမှ ပြန်ထွက်ရန် နောက်ဆုတ်လိုက်မိသည်။

ထိုအချိန်၌ သတို့သမီးက ခေါင်းမော့လိုက်၏။ မျက်နှာပေါ်တွင် ဖုံးထားသော အနီရောင်ပဝါက လျှောခနဲ ကျသွား၏။

ထိုမျက်နှာကို ရှောင်ဖုန်းက ကောင်းစွာမှတ်မိနေ၏။ အိပ်မက်ထဲ၌ပင် မမေ့နိုင်သောမျက်နှာ ဖြစ်သည်။

သူ့ဘဝတစ်ခုလုံးကို လွှမ်းမိုးနေသော ချင်းချင်း၏မျက်နှာ။

www.burmeseclassic.com

www.burmeseclassic.com



ချင်းချင်းကလည်း သူ့အား မှတ်မိလိုက်၏။ သူမသည် ငေးငိုင်စွာ ရပ်နေသော ရှောင်ဖုန်းကို လှမ်းကြည့်သည်။

သူတို့နှစ်ယောက်သည် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။ ထို့နောက် ရှောင်ဖုန်းက သူမထံသို့ ပြေးသွား၏။

သူ၏ရင်ထဲ၌ ဘာရယ်လောင်ဆူနေ၏။

"ချင်းချင်း"

ရင်ထဲမှ လှိုက်လှဲတုန်ယင်စွာ ခေါ်လိုက်မိသည်။

ချင်းချင်းကလည်း လွှတ်ခနဲ အသံထွက်သွားသည်။

"ရှင်"

သူမက ခေါင်းငုံ့လိုက်ပြီး မျက်ရည်များ စီးဆင်းကျလာလေသည်။

"အဟမ်း"

ချောင်းဟန့်သံတစ်ချက် ကြားလိုက်ရ၏။

သူတို့သည် ဖြိုင်တူ လှည့်ကြည့်လိုက်သောအခါ အခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့ရ၏။ မြို့စားလေး ဖြစ်သည်။

မြို့စားလေး၏မျက်နှာပေါ်၌ ဟန်မူရာ လုံးဝကင်းမဲ့နေ၏။ ခံစားချက် ဘာတစ်ခုမျှ ရှိဟန်မတူချေ။



"ခင်ဗျား လိုက်ရှာနေတဲ့သူက သူမဲလား"

ရှောင်ဖုန်းက ပါးစပ်ပိတ်ထား၏။

မည်သို့ ပြောရမှန်းမသိ ဖြစ်နေသည်။

ချင်းချင်းက ခေါင်းငုံ့ထားမြဲ ခေါင်းငုံ့ထား၏။

မြို့စားလေးက ...

"အခု ခင်ဗျား သူ့ကိုတွေ့လိုက်ပြီ၊ သူ့ကို ပြောစရာ ရှိသေးလား"

ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်၏။

သူက အခန်းထဲမှ လှည့်ထွက်မည် အပြုတွင် ချင်းချင်းက ရုတ်တရက် အော်ပြောလိုက်၏။

"မြို့စားလေး ရှင်က ဘာဖြစ်လို့ သူ့ကိုခေါ်ပြီး ကျွန်မကို လာတွေ့ခိုင်းရတာလဲ"

မြို့စားလေးက ...

"ကျုပ်က ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတစ်ခုကို တိတိကျကျ သိချင်နေလို့၊ အဲဒါက ဘာလဲဆိုရင် မင်း သူ့ကို ပြန်တွေ့တဲ့ အချိန်မှာ စိတ်ထား ပြောင်းလဲသွားမလားလို့ပါ"

ချင်းချင်းက ခေါင်းမော့လိုက်၏။

"ကျွန်မ သူ့အပေါ် စိတ်ကုန်နေပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



မြို့စားလေးက သူမအား စိုက်ကြည့်လိုက်၏။

"သူကော"

ချင်းချင်းက ...

"သူ့ရဲ့စိတ်ထဲမှာ ကျွန်မ မရှိပါဘူး"

ရှောင်ဖုန်းက နှုတ်ခမ်းကို ကိုက်ထား၏။

စကားတစ်ခွန်းမျှ မပြောပါ။ မြို့စားလေးက သူ့အား လှည့်ကြည့်လိုက်၏။

"ခင်ဗျား သွားနိုင်ပါပြီ"

ရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

ထို့နောက် စကားတစ်ခွန်းမျှ မပြောဘဲ အခန်းထဲမှ လှမ်းထွက်လိုက်လေသည်။ ချင်းချင်းက ရုတ်တရက် ထရပ်လိုက်၏။

"ခဏနေဦး ... ကျွန်မ ရှင့်ကို စကားတစ်ခွန်း မေးချင်လို့"

ရှောင်ဖုန်းက ခြေလှမ်းရပ်လိုက်၏။ နောက်သို့ လှည့်မကြည့်ပါ။ ချင်းချင်းက သူ့နောက်သို့ တစ်လှမ်းချင်း လျှောက်လာ၏။

"ရှင်က ဘာဖြစ်လို့ ကျွန်မကို လိုက်ရှာနေတာလဲ"

"ငါ မင်းကို လိုက်ရှာတာ စကားတစ်ခွန်းပြောချင်လို့ပါ"

ရှောင်ဖုန်းက အေးစက်စက်လေသံဖြင့် ပြောလိုက်၏။

ချင်းချင်းက ...



"ဘာပြောမလို့လဲ"

ရှောင်ဖုန်းက သက်ပြင်းမှုဲ့မှုဲ့ချရင်း ...

"အဲဒီနေ့က မင်းထွက်မသွားခဲ့ရင် ငါ့ရဲ့မိသားစုတစ်စုလုံး အသတ်ခံရသလို မင်းလည်း အသတ်ခံရလိမ့်မယ်ဆိုတာကို ပြောမလို့ပါ"

ချင်းချင်း အံ့အားသင့်သွားလေသည်။

"ရှင်က ဘာပြောလိုက်တယ်"

ရှောင်ဖုန်းက ...

"မင်း ငါ့ကို စကားတစ်ခွန်း မေးချင်တယ်လို့ ပြောတယ်၊ ငါလည်း ဖြေပြီးပြီ၊ တခြား ဘာပြောစရာ လိုအပ်သေးလို့လဲ"

ပြောပြီးနောက် ရှောင်ဖုန်းက ထွက်ခွာသွားရန် ခြေလှမ်း လှမ်းလိုက်သည်။

"ခင်ဗျား သူ့ကို အရေးတကြီးလိုက်ရှာနေတာဟာ ဒီစကား တစ်ခွန်းကို ပြောဖို့လား"

မြို့စားလေးက လှမ်းမေးလိုက်ခြင်း ဖြစ်သည်။ ရှောင်ဖုန်းက ခေါင်းညိတ်လိုက်၏။ မြို့စားလေးက ခေါင်းခါလိုက်သည်။

"မဟုတ်သေးဘူးထင်တယ်၊ တကယ်လို့ ကနေ့ည ခင်ဗျား သူ့ကို တွေ့တဲ့အခါ သူက ကျူပ်နဲ့ လက်ထပ်မှာကို မတွေ့ခဲ့ရရင်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တွေ့တဲ့အခါမှာ ဘာပြောမလဲ"

ရှောင်ဖုန်းက ...

"ကျုပ်က ဒီစကားပဲ ပြောမှာပါ"

မြို့စားလေးက ...

"ခင်ဗျားပြောတော့ မိသားစုတစ်စုလုံး အသတ်ခံရတယ်ဆို၊ အခု ခင်ဗျားက ဘာကြောင့် မသေဘဲ အသက်ရှင်နိုင်ရတာလဲ"

"ကျုပ် အသက်ရှင်နေတာက သူ့ကို စကားပြောပြနိုင်အောင် ဖြစ်နေသလားမသိဘူး"

ရှောင်ဖုန်းက ခပ်လေးလေးပြန်ပြောလိုက်ရာ ...

"ဟား ... ဟား ... ဟား ... ဟား"

မြို့စားလေးက ရုတ်တရက် ရယ်မောလိုက်လေသည်။

"ခင်ဗျား လူပေါင်းမှားသွားပြီ၊ တကယ်လို့ ကျုပ် ကျင်းချွမ်းထက်ဦးအောင် ခင်ဗျားနဲ့ သိကျွမ်းခဲ့ရင် ကျုပ်တို့က မိတ်ဆွေဖြစ်နိုင်တဲ့ အခွင့်အလမ်း ရှိသေးတယ်"

ရှောင်ဖုန်းက ...

"ကျုပ်မှာ မိတ်ဆွေတစ်ယောက်ပဲ ရှိတယ်၊ ဒါပေမဲ့ သူက သေသွားပြီ၊ နောင်ဆိုရင် ကျုပ်မှာ မိတ်ဆွေရှိမှာ မဟုတ်တော့ပါဘူး"

မြို့စားလေးက ...



"ခင်ဗျားရဲ့မိတ်ဆွေ လုံးစုရဲ ဟုတ်လား"

ရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။ သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ဝဲလာလေသည်။

မြို့စားလေးက ပြုံးလိုက်သည်။

"လုံးစုရဲကလွဲလို့ ခင်ဗျားရဲ့အသက် ကယ်ခဲ့တဲ့ လူကိုလည်း ခင်ဗျားက မိတ်ဆွေအဖြစ် အသိအမှတ်မပြုဘူးပေါ့"

"ကျုပ်ရဲ့အသက်က တန်ဖိုးမရှိပါဘူး၊ နောက်ပြီး ကျုပ်အသက်က ကျုပ်မပိုင်တော့ဘူး"

ရှောင်ဖုန်းက အေးတိအေးစက် ပြန်ပြောလိုက်သည်။

မြို့စားလေးက ...

"ခင်ဗျားရဲ့အသက်ဟာ တန်ဖိုးမရှိဘူးလို့ သိရရင် ကျုပ်တို့ရဲ့ ဘိုးစဉ်ဘောင်ဆက်က အမွေတစ်ခုဖြစ်တဲ့ ကျောက်စိမ်းပေထုပ်ကို အဆုံးမခံပါဘူးဗျာ"

ရှောင်ဖုန်းက သူ့အား လှည့်ကြည့်လိုက်သည်။

"ခင်ဗျား ဘာပြောလိုက်တာလဲ"

မြို့စားလေးက ...

"ကျုပ်ပြောပြပါတော့မယ်၊ အဲဒီညတုန်းက သွေးမိုးဂိုဏ်းက လုံးစုရဲဆီကို လက်စားချေဖို့ သွားကြတယ်၊ ကျုပ်တော့ ကျောတ်

www.burmeseclassic.com

www.burmeseclassic.com



စိမ်းပေထုပ်နဲ့ ခင်ဗျားရဲ့အသက်ကို လဲလိုက်တာဗျ"

ရှောင်ဖုန်းက မချိပြုံး ပြုံးလိုက်သည်။

"ကျုပ်က အသက်ရှင်ဖို့ သိပ်ပြီး အရေးမထားပါဘူး၊ ဒါပေမဲ့ ဘာဖြစ်လို့ ကျုပ်ရဲ့အသက်ကို ကယ်ချင်တဲ့လူတွေက အများကြီးဖြစ်နေရသလဲဆိုတာ စဉ်းစားလို့မရဘူး"

ချင်းချင်း ဒေါသထွက်လာသည်။

"ဒါဖြင့် ရှင် သွားသေလိုက်ပါလား"

ရှောင်ဖုန်း စကားဆက်မပြောတော့ပါ။ ချာခနဲလှည့်၍ ထွက်ခွာသွားလေသည်။ သူသည် ချင်းချင်းအား လိုက်ရှာနေသည်မှာ သူမအား ဘာကြောင့် မောင်းထုတ်ရသည်ဆိုခြင်းကို ရှင်းပြရန် ဖြစ်သည်။

ယခုမှာမူ ရှင်းပြရန် မလိုအပ်တော့ပါ။ သူသည် စကြံလမ်းအတိုင်း လျှောက်လာရာ မြို့စားလေး လိုက်လာသည့်ကို တွေ့ရသဖြင့် သူက ရပ်တန့်လိုက်လေသည်။

"ခင်ဗျား ဒီလိုပဲ သွားတော့မှာလား"

ရှောင်ဖုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

မြို့စားလေးက ...



"ခင်ဗျားရဲ့အသက်တန်ဖိုး မရှိမှန်းသိရင် ကျုပ်က ကျောက်စိမ်းပေထုပ်နဲ့ ဖလှယ်စရာ မလိုဘူး"

ရှောင်ဖုန်းက ခပ်သွက်သွက်ပင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ မလိုအပ်ပါဘူး"

မြို့စားလေးက ဆက်၍ ပြောလိုက်၏။

"ကျုပ်က ကျောက်စိမ်းပေထုပ်ကို မပိုင်ဖြစ်တော့ဘူး၊ ဒါပေမဲ့ ကျုပ်က သေွးမိုးဂိုဏ်းရဲ့ ဂိုဏ်းချုပ်အပေါ် ကတိဖျက်လို့ မဖြစ်ဘူး၊ ဒါကြောင့် ခင်ဗျားရဲ့အသက် သူ့ကို ပြန်အပ်လိုက်ရမယ်"

"ခင်ဗျား အပင်ပန်းခံပြီး ပို့စရာမလိုပါဘူး၊ ကျုပ်ကိုယ်တိုင် သွားပို့ပေးပါ့မယ်"

ရှောင်ဖုန်းက ခံစားချက် ကင်းမဲ့စွာဖြင့် အေးစက်စက် ပြောလိုက်၏။ မြို့စားလေးက မဲ့ပြုံး ပြုံးလိုက်သည်။ ရုတ်တရက် သူ၏ခါးတွင် ထိုးထားသော ဓားငယ်တစ်လက်ဖြင့် ရှောင်ဖုန်း၏နောက်ကျောသို့ ထိုးစိုက်လိုက်လေသည်။

ရှောင်ဖုန်းက ရှောင်တိမ်းလိုက်သည်။ လက်နောက်ပြန်၍ မြို့စားလေး၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလိုက်လေသည်။

"ခင်ဗျား"

မြို့စားလေးက လက်ကောက်ဝတ် အဖမ်းခံလိုက်ရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရှန်း၍မရဘဲ ဖြစ်နေ၏။

သူသည် ကျန်ရှိသော လက်တစ်ဖက်ဖြင့် ရှောင်ဖုန်း၏ ရင်ဘတ်ပေါ်ရှိ သွေးကြောနေရာအနှံ့အား ထောက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ ရက်စက်သည်။ ပြင်းထန်သည်။ ရှောင်ဖုန်းက ရှောင်တိမ်းလိုက်သည်။

ဝရန်တာပေါ်မှကျော်၍ ထွက်သွားလေသည်။ မြို့စားလေးက နောက်မှ လိုက်သွားသည်။

"မင်းက သေရမှာကို မကြောက်ဘူးဆို၊ အခု ဘာဖြစ်လို့ ထွက်ပြေးနေရတာလဲ"

"ကျုပ်က ခင်ဗျားရဲ့လက်ချက်နဲ့ မသေချင်ဘူး၊ ခင်ဗျားကိုလည်း မသတ်ချင်လို့"

ရှောင်ဖုန်းက ထုံးစံအတိုင်း အေးစက်စက်ပင် ပြန်ပြောသည်။ မြို့စားလေးက ရယ်မောရင်း ရှေ့သို့ ခြေလှမ်းလှမ်းလိုက်၏။

"မင်းကလား ငါ့ကို မသတ်ချင်ဘူးဆိုတာ"

"ကျုပ်က အမှားတစ်ခုကို ပြုပြီးတဲ့နောက် ထပ်ပြီး အမှားမခံချင်ဘူး"

"မင်းက ချင်းချင်းကို ပြောနေတာလား"

ရှောင်ဖုန်းက အဖြေမပေးပါ။



"ငါ ပြောပြမယ်၊ မင်းကို ငါ အသက်အရှင်မထားတာလည်း သူ့ကြောင့်ပဲ"

ရှောင်ဖုန်းက မျက်နှာထား ပြောင်းသွားသည်။

"တကယ်ပြောတာလား"

မြို့စားလေးက ...

"ကနေ့ည မင်းနဲ့သူနဲ့ တွေ့ဆုံဖို့ စီစဉ်တာက သူ့ရဲ့စိတ်ကို သိချင်လို့၊ အခု ငါနားလည်ပြီ၊ မင်း အသက်ရှည်နေသရွေ့ သူက ငါ့ကို ချစ်မှာမဟုတ်ဘူး"

"ကျုပ် သေသွားရင်ကော"

"မင်းသေရင် သူ့ကို ငါက တကယ်ပိုင်မှာ"

မြို့စားလေးက ပြန်ပြောလိုက်သည်။ ရှောင်ဖုန်းက ရယ်လိုက်သည်။

"ကောင်းပြီ၊ ခင်ဗျား ကျုပ်ကို သတ်လိုက်ပါတော့"

မြို့စားလေးက ရှေ့သို့ တိုးလာလေသည်။ သူသည် ဓားဖြင့် ရှောင်ဖုန်းထံသို့ ထိုးသွင်းလိုက်သည်။ သူ၏စိတ်ထဲတွင် ရှောင်ဖုန်းက ရှောင်တိမ်းလိမ့်မည်ဟု ယုံကြည်ထား၏။

ထို့ကြောင့် သူ၏ဓားချက်သည် အနည်းငယ် ဝဲဘက်သို့ဦးတည်လိုက်သည်။ သို့သော် ရှောင်ဖုန်းက လုံးဝရှောင်တိမ်းခြင်းမပြု

www.burmeseclassic.com

www.burmeseclassic.com



ဘဲ တားရိုးအထိ အဆုံးဝင်သွားလေသည်။

ရှောင်ဖုန်းက တုတ်တုတ်မျှမလှုပ်။ မြို့စားလေးက ဓားကို ဆွဲထုတ်လိုက်သည်။ သွေးများ ပန်းထွက်လာလေ၏။ မြို့စားလေးက ဓားဖြင့် ထပ်မံထိုးစိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ရှောင်ဖုန်း၏တည်ငြိမ်သော ဟန်မူရာကြောင့် ရုတ်တရက် ဆေးငိုင်သွားလေသည်။ သူသည် အံ့အားသင့်ဟန်ဖြင့် ရှောင်ဖုန်းကိုကြည့်ကာ ...

"မင်းက သေရမှာကို မကြောက်ဘူးလား"

ရှောင်ဖုန်းက လေသံအေးအေးဖြင့် ...

"ကျုပ် ကနေ့အထိ အသက်ရှင်နိုင်တာကိုက သိပ်ပြီး အံ့ဩဖို့ ကောင်းနေပါပြီ"

မြို့စားလေး၏ဒုတိယဓားချက်က ထပ်မံထိုးစိုက်လာပြန်လေသည်။ ဓားသွားသည် ရှောင်ဖုန်း၏ရင်ဘတ်ထဲသို့ စူးဝင်သွား၏။

ထိုအချိန်၌ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

"သူ့ကို မသတ်ပါနဲ့ မြို့စားလေး"

မြို့စားလေးက ရပ်တန့်လိုက်သည်။ ဓားမှာ ရှောင်ဖုန်း၏ ရင်ဘတ်တွင် တန်းလန်းကျန်ရစ်ခဲ့သည်။ ချင်းချင်းက ငိုကြွေးရင်း ပြေးဝင်လာသည်။



"သူ့ကို လွှတ်လိုက်ပါ မြို့စားလေး၊ ကျွန်မ တောင်းပန်ပါတယ်"

မြို့စားလေး၏မျက်နှာပေါ်တွင် ဟန်မူရာ ကင်းမဲ့နေ၏။

"သူသေတာကို မလိုလားဘူး ဟုတ်လား"

ချင်းချင်းက ...

"ကျွန်မက ဖြစ်ခဲ့တဲ့အကြောင်း အားလုံးပြောပြခဲ့ပါတယ်၊ ဒါပေမဲ့ တစ်ခု ဖုံးကွယ်ထားပါတယ်"

မြို့စားလေး မျက်မှောင်ကြုတ်သွားသည်။

"ဘာကို ဖုံးကွယ်ထားလို့လဲ"

ချင်းချင်းက ခေါင်းငုံ့သွားသည်။ တစ်ခဏအကြာတွင် သူမက ခေါင်းမော့လိုက်သည်။ ထိုအခါ သူမသည် တစ်စုံတစ်ခုအား ဆုံးဖြတ်လိုက်ပြီး ဖြစ်ပုံရလေသည်။

သူမက ရင်ကော့၍ အရဲစွန့်လိုက်သည်။

"ကျွန်မမှာ ကိုယ်ဝန်ရှိနေပါပြီ"

မြို့စားလေးက ရှောင်ဖုန်းကို တစ်ချက်ကြည့်လိုက်သည်။

"သူ့ကလေးလား"

ချင်းချင်းက ခေါင်းညိတ်လိုက်သည်။ ပြီးနောက် ခေါင်းငုံ့ထားလိုက်ပြန်လေသည်။ ရှောင်ဖုန်းက သူမအား ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာပေါ်တွင် ထူးခြားသောဟန်မူရာများ ဖြစ်ပေါ်လာလေသည်။ မြို့စားလေး၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

သို့သော် မျက်နှာပေါ်တွင်မူ ဟန်မူရာကင်းမဲ့လျက်ရှိ၏။ ခံစားမှု ဘာမျှမရှိသလိုပင် ...

“ဒါကို မင်း စောစောတုန်းက ပြောပြရမှာ ဘာကြောင့် အခုမှ ထုတ်ဖော်ပြောရတာလဲ”

ချင်းချင်းက ခေါင်းငုံ့ထားသည်။

“ကျွန်မ ... ကျွန်မကို ရှင်က စွန့်ပစ်သွားမှာကို ကြောက်လို့”

မြို့စားလေးမှာ အနည်းငယ် စိတ်ရှုပ်ထွေးဟန် ရှိ၏။

“ဒါဖြင့် အခု ဘာကြောင့်ထုတ်ဖော်ပြောပြရတာလဲ”

ချင်းချင်းက ခေါင်းငုံ့လျက်ပင် ရှိသည်။ မြို့စားလေးက ...

“အခု မင်းက အရေးမလုပ်တော့ဘူးပေါ့”

ချင်းချင်းက မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ငိုကြွေးလေတော့သည်။ မြို့စားလေးက စိတ်လျှော့လိုက်လေသည်။

“အင်း ... ငါဟာ စကတည်းက ကျင်းချွမ်းရဲ့စကားကို ယုံကြည့်သင့်တယ်”

❄



၈

“ချင်းချင်းရဲ့ ဘဝတစ်သက်တာမှာ လူတစ်ယောက်ကိုပဲ ချစ်ခဲ့တယ်၊ အဲဒီလူက ရှောင်ဖုန်းပါပဲ၊ ဒါပေမဲ့ သူ့ကို ရှောင်ဖုန်းက စွန့်ပစ်လိုက်တယ်”

မြို့စားလေးသည် ကျင်းချွမ်း၏စကားကို ပြန်လည်ကြားယောင်လာ၏။ ကောင်းစွာ ယုံကြည်လာလေသည်။ သူသည် သက်ပြင်းတစ်ချက် ဖြည်းလေးစွာ ချလိုက်လေသည်။

ထို့နောက် ရှောင်ဖုန်းအား ကြည့်လိုက်သည်။

“မင်း သူ့ကို ခေါ်သွားနိုင်ပြီ”

ရှောင်ဖုန်းက ချင်းချင်းအား ကြည့်လိုက်သည်။

“ကျုပ်မှာ အဲဒီအခွင့်အရေး မရှိတော့ပါဘူး”

ဤတွင် ချင်းချင်းက သူ့အား လှမ်းကြည့်ကာ ...

“ဒါပေမဲ့ ကျွန်မမှာ မေးဖို့အခွင့်အရေးရှိတယ်၊ ရှင်က ဘာဖြစ်လို့ ကျွန်မကို စွန့်ပစ်လိုက်ရတာလဲ”

မြို့စားလေးက ...

“သူ့မှာ ခိုင်လုံတဲ့ အကြောင်းရှိတယ်ဆိုတာ ကျုပ် ယုံကြည်တယ်၊ နောက်တော့ သူ့ရဲ့ဖြေရှင်းချက်စကားကို ကြားရလိမ့်မယ်”

www.burmeseclassic.com

www.burmeseclassic.com



ချင်းချင်းနှင့်ရှောင်ဖုန်းတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မည်သူကမျှ စကားမပြောကြတော့ပါ။

မြို့စားလေးက ...

"မင်းတို့ အမြန်ဆုံး သွားကြပါ၊ အကောင်းဆုံးကတော့ နောက်ဘက်တံခါးပေါက်ကနေ သွားကြပါ"

ရှောင်ဖုန်းက ချာခနဲလှည့်ကာ ထွက်သွားလေသည်။ ချင်းချင်းက မြို့စားလေးအား လှည့်ကြည့်လိုက်သည်။ မြို့စားလေးက သူမအား မြူးပြရင်း လက်ဝှေ့ယမ်းပြလိုက်၏။

ချင်းချင်းက ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်ပြီး ရှောင်ဖုန်းနောက်သို့ အပြေးကလေးဖြင့် လိုက်သွားလေတော့သည်။

❋

မြို့စားလေးသည် ချင်းချင်း ပျောက်ကွယ်သွားသည့်အထိ ငေးကြည့်နေမိ၏။ ပြီးမှ သက်ပြင်းတစ်ချက် ခပ်မှုန်းမှုန်းချလိုက်၏။

ရုတ်တရက် သူ့အနီးတွင် အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



"ရှင် ယုံကြည်ပြီ မဟုတ်လား"

မြို့စားလေးက လှည့်မကြည့်ပါ။

"ကျုပ် ယုံကြည်ပါပြီ"

အသံရှင် အမျိုးသမီးက ထပ်မံပြောလိုက်ပြန်၏။

"သူ့ကို လွှတ်လိုက်တာတော့ ဟုတ်ပါပြီ၊ ရှင်ဖိထားတဲ့ ဒေါသတွေကို ဘယ်လိုရင်ဆိုင်မှာလဲ"

မြို့စားလေးက ...

"မင်္ဂလာပွဲ ဆက်လက်ကျင်းပတာပေါ့"

အမျိုးသမီးမှာ ကြောင်အမ်းအမ်း ဖြစ်သွားပြီး ...

"ဒါပေမဲ့ ... သတို့သမီးက ..."

မြို့စားလေးက ချာခနဲ လှည့်လိုက်သည်။

"သတို့သမီးက မင်းပဲပေါ့"

သူ့နောက်တွင် သွေးအေးမယ်တော်က ရပ်နေခြင်းဖြစ်၏။ မြို့စားလေး၏စကားကြောင့် သွေးအေးမယ်တော်မှာ အံ့သြသွား၏။ ကြောင်အမ်းအမ်းဖြင့် မြို့စားလေးကို ကြည့်ကာ ...

"ရှင် ... ကျွန်မ ဟုတ်လား"

မြို့စားရေလးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ် မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ

www.burmeseclassic.com



ညွှသည်တွေက အခုထိ သတို့သမီး ဘယ်သူလဲဆိုတာ မသိကြသေးဘူး၊ မင်းကကော သဘောမတူဘူးလား”

သွေးအေးမယ်တော်က ...

“ကျွန်မ ... ဒါပေမဲ့”

သွေးအေးမယ်တော်မှာ ဘာပြောရမှန်း မသိအောင် ဖြစ်သွားသည်။ မြို့စားလေးက ရယ်မောလိုက်သည်။

“မင်းကိုယ်မင်း ရုပ်ဆိုးတယ်လို့ ပြောမလို့လား၊ ကျုပ်လက်ထပ်မယ့်မိန်းမဟာ အလှဆုံးမဟုတ်ရင် အကျည်းတန်ဆုံး ဖြစ်ရမယ်”

သွေးအေးမယ်တော်၏မျက်နှာတစ်ခုလုံးမှာ မည်သည့်အခါမှ မနီရဲဖူးခဲ့တဲ့ ယခုအခါ နီရဲလာလေသည်။ အမှန်တော့ ယခုအချိန်၌ မြို့စားလေး၏မျက်လုံးထဲတွင် သူမသည် အလွန်လှပချောမောသည်ဟု ခံစားနေရသည် မဟုတ်ပါလော။

ဝဏ္ဏအောင်

www.burmeseclassic.com